ပညာရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့
ပူးပေါင်းစီစဉ်သည်

# ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး

## ပညာပေးအစီအစဉ်

### အခြေခံပညာအလယ်တန်း

ဆရာကိုင်

၂၀၁၉

ပညာရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့
ပူးပေါင်းစီစဉ်သည်

# ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး
# ပညာပေးအစီအစဉ်

## အခြေခံပညာအလယ်တန်း

ဆရာကိုင်

၂၀၁၉

# မာတိကာ


၁ **အမှာ**

၂ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးသင်ခန်းစာများ ပြုစုခြင်းဆိုင်ရာ အကျဉ်းချုပ်ဖော်ပြချက်မှတ်စု ၁

**ဆဌမတန်း (G-6)** ၄

၃ ကိုယ်ကျိုးနှင့်အများအကျိုးကြားခွဲခြားတွေးတောခြင်း (အခြေခံအတွေးအခေါ်-၁) ...... ၄

၄ ကိုယ်ကျိုးနှင့်အများအကျိုးကြားခွဲခြားတွေးတောခြင်း (အခြေခံအတွေးအခေါ်-၂) ...... ၁၅

၅ ကျောင်းပညာရေးတွင်ဖြောင့်မတ်တည်ကြည်မှု ...... ၁၉

၆ ကျောင်းတွင်တာဝန်ထမ်းဆောင်ခြင်း ...... ၃၇

**သတ္တမတန်း (G-7)** ၄၃

၇ လူမှုတန်ဖိုးများကိုတည်ဆောက်ခြင်းနှင့်အသုံးချခြင်း ...... ၄၃

၈ မိမိကိုယ်တိုင်နှင့် အခြားသူ/ လူ့အဖွဲ့အစည်းအား တာဝန်ယူမှုရှိခြင်း ...... ၆၁

၉ နိုင်ငံသားဖြစ်ခြင်းနှင့်နိုင်ငံ့သားကောင်းတို့၏ တာဝန်ဝတ္တရားများ ...... ၇၅

**အဌမတန်း (G-8)** ၉၅

၁၀ စည်းမျဉ်း၊ စည်းကမ်း၊ သဘောတူညီချက်၊ ဥပဒေ ...... ၉၅

၁၁ လုံလောက်ခြင်း ...... ၁၀၅

**နဝမတန်း (G-9)** ၁၂၀

၁၂ အသိဉာဏ်နိုးကြားခြင်း ...... ၁၂၀

၁၃ အဂတိလိုက်စားခြင်း ...... ၁၃၂

၁၄ ကိုယ်ကျိုးအတွက်အသုံးချခြင်း ...... ၁၄၇

သီချင်း ၁၆၉

၁၅ ဖြောင့်မတ်တည်ကြည်မှုသည် တစ်ခုတည်းလမ်းဖြစ်သည် (သီချင်း) ...... ၁၆၉

၁၆ လေ့လာမှီငြမ်းပြုစာရင်း ၁၇၃

# အမှာ

၁။ ဤပြဋ္ဌာပေးအစီအစဉ်သည် လူငယ်တို့အတွင်း၌ စွဲမြဲစွာတည်ရှိနေသင့်သည့် ကောင်းမွန်သော ကိုယ်ကျင့်တရားများကို ပြန့်ပွားလာစေရန်အတွက် ရည်ရွယ်ပြုစုထားခြင်းဖြစ်ပါသည်။ အဂတိလိုက်စားခြင်း Corruption သည် ကိုယ်ကျင့်တရားပျက်ယွင်းခြင်းဖြစ်ပါသည်။ Anti - Corruption သည် ကိုယ်ကျင့်တရား ပျက်ယွင်းခြင်းကို ဆန့်ကျင်တိုက်ဖျက်ခြင်းဖြစ်ပြီး တစ်နည်းအားဖြင့် ကိုယ်ကျင့်တရားကောင်းမွန်အောင် ပြုပြင်ပေးခြင်းလည်းဖြစ်ပါသည်။ ကိုယ်ကျင့်တရားကောင်းအောင် ပြုပြင်ပေးရာတွင် ဖြောင့်မတ်တည်ကြည်မှုကို မြှင့်တင်ပေးရေးသည် မဖြစ်မနေလိုအပ်ပြီး လူငယ်တို့အား နိုင်ငံ့သားကောင်းများဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးသည့် ပြည်သူ့နီတိပညာရပ်နှင့်လည်း ဆက်စပ်လျက်ရှိနေပါသည်။

၂။ ယနေ့ကျောင်းသားကျောင်းသူလူငယ်တို့၏ ပခုံးထက်တွင် ပြည်သူတို့၏မျှော်လင့်ချက်များနှင့် နိုင်ငံကိုပိုမိုဖွံ့ဖြိုးတိုးတက်အောင် လက်ဆင့်ကမ်းထမ်းဆောင်ရမည့်တာဝန်များ တည်ရှိနေပါသည်။ သို့ပါ၍ ဆရာ / ဆရာမများ၏ မှန်ကန်သောနည်းလမ်းပြသပေးမှုဖြင့် ကျောင်းသားကျောင်းသူလူငယ်တို့သည် ကောင်းမွန်သောကိုယ်ကျင့်တရားနှင့် လူမှုတန်ဖိုးများကို နားလည်လိုက်နာကျင့်သုံးရန်၊ နာမည်ဂုဏ်သတင်းနှင့် အခွင့်အရေးကို ဦးစားမပေးဘဲ အများအကျိုးအတွက် အနစ်နာခံသည့် စိတ်ဓာတ်ရှိသော၊ တာဝန်သိစိတ်ရှိသော နိုင်ငံ့သားကောင်းများဖြစ်လာစေရန်၊ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် လူမှုကျင့်ဝတ်များကို လေးစားလိုက်နာကျင့်သုံးတတ်စေရန်၊ ခြိုးခြံချွေတာရန်၊ အဂတိလိုက်စားမှုကြောင့်ဖြစ်ပေါ်နိုင်သော အကျိုးဆက်များ ကိုယ်ကျင့်တရားပျက်ယွင်းရခြင်း၏ အကြောင်းရင်းများနှင့် အန္တရာယ်များကို သိရှိနားလည်ပြီး ပယ်ခွာရှောင်ရှားတတ်စေရန်၊ ကျောင်းနှင့်လူမှုပတ်ဝန်းကျင် နေ့စဉ်ဘဝတွင် အကောင်းအဆိုး အကြောင်းအကျိုးကို မှန်ကန်စွာဝေဖန်ပိုင်းခြားနိုင်ပြီး ဖြောင့်မတ်တည်ကြည်မှုကို ကိုယ်ပိုင်အသိတရားဖြင့် လက်တွေ့ကျင့်သုံးလာစေရန်၊ အခြေခံစည်းကမ်းမူဘောင်များ၊ ကျင့်ဝတ်များကို လိုက်နာခြင်းဖြင့် လူ့ဘောင်အဖွဲ့အစည်းအတွက် အကျိုးပြုသူများ ဖြစ်လာစေရန်နှင့် မိမိတို့လူ့အဖွဲ့အစည်းအပေါ် မှန်ကန်

ကောင်းမွန်သော အတွေးအမြင်များရရှိစေရန် ဤပညာပေးအစီအစဉ်ကို လက်ကိုင်ပြု အသုံးချသွားနိုင်ပါသည်။

၃။ ဤပညာပေးအစီအစဉ်ကို ပြုစုရာတွင် ထိုင်းနိုင်ငံတွင် အခြေခံပညာအလယ်တန်းအဆင့်၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ခြင်းဘာသာရပ်အဖြစ် သင်ကြားနေသည့် ပညာရေးသင်ရိုးညွှန်းတမ်းကို အဓိကအားဖြင့် မှီငြမ်းပြုခဲ့ပါသည်။ သို့ပါ၍ သင်ရိုးညွှန်းတမ်းများအား မျှဝေကူညီပေးခြင်းအတွက် ထိုင်းနိုင်ငံ အမျိုးသားအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

၄။ မြန်မာနိုင်ငံတွင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်း (Grade 1 မှ 12 အထိ) ကျောင်းသားကျောင်းသူများအား ဖြောင့်မတ်တည်ကြည်မှုမြင့်တင်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကျောင်းသင်ခန်းစာများကို သင်ကြားနိုင်ရန် ပုံမှန်သင်ရိုးညွှန်းတမ်းများပြုစုရေးလုပ်ငန်းစဉ်များအတွက် အချိန်များစွာလိုအပ်ဦးမည်ဖြစ်ပါသည်။ ယခုအခါ ဤပညာပေးအစီအစဉ်ကို ဆရာကိုင်စာအုပ်အဖြစ် အကျဉ်းချုပ်ပြုစုဖြန့်ဝေပေးခြင်းဖြင့် လေ့လာသင်ယူခွင့်ရရှိသော ကျောင်းသား/ကျောင်းသူများ၏ ကိုယ်ကျင့်တရားနှင့် ဖြောင့်မတ်တည်ကြည်မှုကို မြင့်တင်ပေးနိုင်မည့်အပြင် ဆရာဆရာမများအတွက်လည်း ကျယ်ပြန့်သောပုံမှန်သင်ရိုးညွှန်းတမ်းများ၊ သင်ခန်းစာများပြုစုရာတွင် ထားရှိအပ်သည့်တန်ဖိုးထားမှုများနှင့် အခြေခံရန်အချက်တချို့ကို ရရှိနိုင်လိမ့်မည်ဟုယုံကြည်ပါကြောင်း ဖော်ပြအပ်ပါသည်။

အောင်ကြည်
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

၂၀၁၉ ခုနှစ် ဧပြီ လ ၃ ရက်

## ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးသင်ခန်းစာများပြုစုခြင်းဆိုင်ရာ အကျဉ်းချုပ်ဖော်ပြချက်မှတ်စု

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိနှင့်လူ့အဖွဲ့အစည်းကို မည်သည့် **အဂတိလိုက်စားမှုကိုမျှလက်မခံသောလူ့အဖွဲ့အစည်း**အဖြစ် တည်ဆောက်နိုင်ရန် အရေးကြီးပါသည်။ ရည်ရွယ်သည်မှာ **လူ့အဖွဲ့အစည်းကိုယ်တိုင်က အဂတိလိုက်စားမှု ကြာရှည် မတည်ရှိနိုင်သောအခြေအနေသို့** ရောက်ရှိအောင် ဆောင်ရွက်ပေးရခြင်းဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် တစ်ဦးချင်းတစ်ယောက်ချင်းစီနှင့် အစုအဖွဲ့အလိုက် **အဂတိလိုက်စားမှုတိုက်ဖျက်ရေး စိတ်နေသဘောထား**ကို ပြုစုပျိုးထောင်ပေးရန် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး**ယဉ်ကျေးမှုတစ်ရပ်**တည်ဆောက်ရန်နှင့် ရိုးသား၍ဖြောင့်မတ်တည်ကြည်သော အကျင့် စရိုက်ရှိရန်အတွက် မူလတန်းအရွယ်မှစတင်ကာ အသက်အရွယ်အားလုံးကို လူမှုအဖွဲ့အစည်းဆိုင်ရာ ပညာပေးမှုအစီအစဉ်များတွင် ပါဝင်စေခြင်းဖြင့် စတင်ရမည်ဖြစ်ပါသည်။

၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်ခန်းစာများကို အခြေခံပညာ မူလတန်းအဆင့်မှ စတင်သင်ကြားနိုင်ရန်အတွက် သင်ရိုးညွှန်းတမ်းများ ရေးဆွဲခြင်းအပါအဝင် လုပ်ငန်း စဉ်များအဆင့်ဆင့်အတွက် အချိန်များစွာလိုအပ်မည်ဖြစ်ပါသည်။ သို့ပါ၍ အလွန်တိုတောင်းလှသောကာလ အတွင်းမှာပင် ပညာပေးအစီအစဉ်များ မဆိုင်းမတွစတင်နိုင်ရေးအတွက်ရည်ရွယ်ပြီး အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသားကျောင်းသူ လူငယ်များအတွက် ဤပညာပေး အစီအစဉ် ဆရာကိုင်စာအုပ်များကို ပြုစုရခြင်းဖြစ်ပါသည်။

၃။ မူလတန်းအရွယ် ကျောင်းသားကျောင်းသူလေးများအတွက် ပညာပေးအစီအစဉ်တွင်မူ ရိုးသား ရမည်၊ ဖြောင့်မတ်ရမည်ဟုနားလည်စေပြီး အမှားအမှန် တွေးခေါ်တတ်ရန်နှင့်ရိုးသားသန့်ရှင်းသော အခြေခံအပြုအမူ၊ လေးစားမှု၊ မျှတမှု၊ တာဝန်ယူမှု၊ ချစ်ခင်မှု၊ အများအကျိုးဆောင်ရွက်တတ်မှု၊ စည်းကမ်းလိုက်နာမှုစသော ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ ကိုယ်ကျင့်တရားတန်ဖိုးများကို စတင် ပျိုးထောင်ပေးရန် အားထုတ်ခဲ့ပါသည်။

၄။ ဤအလယ်တန်းအဆင့် ပညာပေးအစီအစဉ်တွင် တွေးခေါ်မှု၊ သိမြင်နားလည်မှု၊ ဝေဖန် ပိုင်းခြားနိုင်မှုနှင့် စိတ်ဆုံးဖြတ်နိုင်မှုများကို ပျိုးထောင်ရန်ရည်ရွယ်ထားပါသည်။ ပညာပေးအစီအစဉ် တစ်ခုချင်း၏ ရည်ရွယ်ချက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) အဂတိလိုက်စားမှုသည် ကိုယ်ကျိုးရှာသည့် စာရိတ္တပျက်စီးသော၊ ကိုယ်ကျင့်တရား ပျက်ယွင်းသော အပြုအမူတစ်ရပ် ဖြစ်သည့်အားလျော်စွာ ကျောင်းသားကျောင်းသူ လူငယ်လေးများအား မိမိတစ်ဦးတည်းအတွက် ကိုယ်ကျိုးရှာခြင်းနှင့် အများအကျိုး ဆောင်ရွက်ခြင်းကို အကျိုးဆက်များနှင့်တကွ ခွဲခြားသိမြင်နားလည်နိုင်ရန်၊ ခွဲခြား စိတ်ဖြာတွေးခေါ်နိုင်ရန်နှင့် ခွဲခြားသိမြင်နိုင်ခြင်းအကြောင်းကို ကောင်းစွာအသုံးချ

နိုင်ရန်အတွက် **အခြေခံအတွေးအခေါ်(၁) နှင့် (၂)**ဟူ၍ ပညာပေးအစီအစဉ်များကို ထည့်သွင်းထားပါသည်၊

(ခ) လူ့အဖွဲ့အစည်းတွင် ကိုယ်ကျိုးနှင့်အများအကျိုးကို ခွဲခြားသိမြင်၍ မိမိတာဝန်ကိုသိပြီး လူ့အဖွဲ့အစည်းအတွက် တာဝန်ယူမှုရှိရန်လိုအပ်ကြောင်း အသိအမြင်ရရှိနိုင်ရန် **"ကျောင်းတွင်တာဝန်ထမ်းဆောင်ခြင်း"**၊ **"မိမိကိုယ်တိုင်နှင့် အခြားသူ/ လူ့အဖွဲ့အစည်းအား တာဝန်ယူမှုရှိခြင်း"**၊ **"နိုင်ငံသားဖြစ်ခြင်းနှင့် နိုင်ငံ့သားကောင်းတို့၏တာဝန်ဝတ္တရားများ"** ပညာပေးအစီအစဉ်(၃)ခုကို ပြုစုထည့်သွင်းထားပါသည်။ "နိုင်ငံသားဖြစ်ခြင်းနှင့် နိုင်ငံ့သားကောင်းတို့၏ တာဝန်ဝတ္တရားများ" ပညာပေးအစီအစဉ်၌ လူတိုင်းတွင် အများနှင့်သက်ဆိုင်သော တာဝန်ဝတ္တရားများရှိပြီး ယင်းတာဝန်ဝတ္တရားများကို လိုက်နာနိုင်ရန်နှင့် လိုက်နာလျှင်ရရှိမည့် ရပိုင်ခွင့် အခွင့်အရေးများကို သိရှိရန် သင်ကြားပေးသည့် **ပြည်သူ့နီတိ** ပညာပေးအစီအစဉ်ကိုလည်း လူမှုအဖွဲ့အစည်းတွင် ကောင်းမွန်သော နိုင်ငံသားများကို ပျိုးထောင်ရန် ရည်ရွယ်ချက်ဖြင့် ထည့်သွင်း ပေးထားပါသည်၊

(ဂ) လူတိုင်းတွင် ကိုယ်ပိုင်တန်ဖိုးထားသောအရာများရှိပြီး ယင်းလူမှုတန်ဖိုးများသည် မည်သည်က အရေးကြီးသည်၊ မည်သည်က လုပ်သင့်လုပ်ထိုက်သည်၊ အကျိုးရှိသည်ကို ညွှန်ပြကြောင်း၊ ထိုတန်ဖိုးများသည် မိမိတို့၏ နေ့စဉ်အသက်ရှင်နေထိုင်မှုတွင် မိမိတို့၏ ရွေးချယ်ပြုမူဆောင်ရွက်ချက်များအပေါ် သက်ရောက်မှုရှိကြောင်း၊ ထိုတန်ဖိုးများသည် မိမိတို့၏ ကျင့်ဝတ်လိုက်နာမှု အခြေအနေများကို ထင်ဟပ်သည့် အခြေခံအချက်များဖြစ်ကြောင်း၊ မိမိတို့၏ လူမှုတန်ဖိုးများကိုတည်ဆောက်ရာတွင် မိမိတို့မိသားစု၊ ကျောင်း၊ လူမှုဝန်းကျင်၊ ယဉ်ကျေးမှု၊ မီဒီယာ စသည့်အချက်များက လွှမ်းမိုးမှုရှိနိုင်ကြောင်း၊ ကျင့်ဝတ်ဆိုင်ရာ စိန်ခေါ်မှုရှိသောကိစ္စရပ်များကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရာတွင်လည်းကောင်း၊ တာဝန်ယူမှုရှိသော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်လည်းကောင်း၊ အဆိုပါ လူမှုတန်ဖိုးများက အကျိုးသက်ရောက်မှုရှိကြောင်း၊ ကျင့်ဝတ်ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် နောက်ဆက်တွဲ အကျိုးဆက်များ၊ အခြားသူများအပေါ် သက်ရောက်မည့်ကိစ္စများကို ထည့်သွင်းစဉ်းစားသင့်ကြောင်း၊ ရိုးသားမှု၊ တာဝန်ယူမှု၊ တရားမျှတမှုအစရှိသော အပြုသဘောတန်ဖိုးများကို ကိုင်စွဲဆောင်ရွက်ကြရန်လိုကြောင်းပညာပေးရန် ရည်ရွယ်ချက်ဖြင့် **"လူမှုတန်ဖိုးများကိုတည်ဆောက်ခြင်းနှင့် အသုံးချခြင်း"** ပညာပေးအစီအစဉ်ကို ထည့်သွင်း ပေးထားပါသည်၊

(ဃ) စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများသည် လူသားတို့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် သတ်မှတ်ပြဋ္ဌာန်းထားခြင်းဖြစ်ပြီး လိုက်နာရန်နှင့် ရှောင်ကြဉ်ရန်အချက်များကို လက်ခံကျင့်သုံးရန်လိုအပ်ကြောင်း ပညာပေးအစီအစဉ်အဖြစ် **"စည်းမျဉ်း၊ စည်းကမ်း၊ သဘောတူညီချက်၊ ဥပဒေ"**ကို ထည့်သွင်းပေးထားပါသည်၊

(င) အဂတိလိုက်စားမှုကိုတိုက်ဖျက်ရန် အခြေခံအားဖြင့် လူအားလုံးသည် ရိုးသားမှုရှိခြင်း၊ ရောင့်ရဲတင်းတိမ်တတ်ခြင်းဖြင့် မိမိကိုယ်ကိုထိန်းသိမ်းရမည်ဖြစ်ကြောင်း သိရှိနိုင်ရန်၊ အလွန်အကျွံမဖြစ်သောလုံလောက်မှု၊ တွေးခေါ်မြော်မြင်မှု၊ ခံနိုင်ရည်ရှိမှုတို့ဖြင့် အသိပညာနှင့် အကျင့်သိက္ခာအပေါ်အခြေခံသည့် **လုံလောက်သောစီးပွားရေး အတွေးအခေါ်**ကို ဘဝနေထိုင်ရေးလမ်းညွှန်ချက်အဖြစ် လိုက်နာကျင့်သုံးခြင်းဖြင့် လုံခြုံစိတ်ချရသော ဘဝများရရှိပြီး ပျော်ရွှင်စွာနေထိုင်နိုင်ကြရန် ရည်ရွယ်၍ "**လုံလောက်ခြင်း**" ပညာပေးအစီအစဉ်ကို ထည့်သွင်းဖော်ပြပေးထားပါသည်။

(စ) အဂတိလိုက်စားခြင်းနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ခြင်းဆိုင်ရာ ကမ္ဘာအနှံ့ဖြစ်ပျက်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ အသိဉာဏ်နိုးကြားမှုရှိလာကာ အဂတိလိုက်စားမှုကို လူ့အဖွဲ့အစည်းတစ်ရပ်လုံးက ဆန့်ကျင်ခြင်းမှတစ်ဆင့် တိုက်ဖျက်နိုင်ရန် လက်တွဲလုပ်ဆောင်နိုင်ရေးအတွက် " **အသိဉာဏ်နိုးကြားခြင်း** " ပညာပေးအစီအစဉ်ကို ထည့်သွင်းပေးထားပါသည်၊

(ဆ) အဂတိလိုက်စားခြင်း အကြောင်းခြင်းရာနှင့် ကိုယ်ကျိုးအတွက် အသုံးချခြင်းပုံစံတို့ကို သိရှိနားလည်ပြီး အဂတိလိုက်စားမှုပြဿနာအား ဖြေရှင်းရန်အတွက် အတွေးအခေါ်ပြောင်းလဲခြင်းမှသည် အပြုအမူပြောင်းလဲခြင်း၊ လူ့အဖွဲ့အစည်း/ နိုင်ငံသားတို့၏ အပြုအမူပြောင်းလဲခြင်းနှင့် ကမ္ဘာကြီးပါပြောင်းလဲခြင်းအထိ ဆောင်ရွက်နိုင်ကြောင်း သိမြင်နားလည်စေမည့် "**အဂတိလိုက်စားခြင်း**" နှင့် "**ကိုယ်ကျိုးအတွက်အသုံးချခြင်း**" ပညာပေးအစီအစဉ်ကို ပြုစုထည့်သွင်းပေးထားပါသည်။

၅။ ဤပညာပေးအစီအစဉ်များပြုစုရာတွင် နိုင်ငံအချို့၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးနှင့် ရိုးသားဖြောင့်မတ်ရေးပညာပေးဆိုင်ရာ သတင်းအချက်အလက်များနှင့် သင်ခန်းစာများကိုလေ့လာခြင်း၊ ထိုင်းနိုင်ငံအမျိုးသားအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (National Anti - Corruption Commission - NACC)၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းများအနက်မှ အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်း၏ Grade 6,7,8,9 နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ၊ အဂတိလိုက်စားမှုဆန့်ကျင်ရေး လွတ်လပ်သောကော်မရှင် (Independent Commission Against Corruption - ICAC)၏ လူငယ်ပညာပေးသင်ခန်းစာများကို လေ့လာမှီငြမ်းပြုခြင်းများကို ထည့်သွင်းဆောင်ရွက်၍ အမျိုးမျိုးအဖုံဖုံသော အသိ၊ ရသ နှင့် အတွေးအမြင်များရရှိနိုင်ရန် ပြုစုထားပါသည်။

၆။ ဤပညာပေးသင်ခန်းစာ ဆရာကိုင်စာအုပ်ပြုစုခြင်းအချိန်ကာလသည် အလွန်တိုတောင်းလှသဖြင့် အရာခပ်သိမ်းပြီးပြည့်စုံမှုမရှိနိုင်သေးသော်လည်း ဆရာ၊ ဆရာမတို့၏ အားထုတ်သွန်သင်မှုဖြင့် မိမိတို့ရင်သွေးမျိုးဆက်သစ်များ၏ အနာဂတ်ဘဝ နှင့် နိုင်ငံ့လူ့အဖွဲ့အစည်းမှလူအများအတွက် ကောင်းကျိုးသုခရရှိရန် အထောက်အပံ့ဖြစ်စေနိုင်မည်ဟု ယုံကြည်ပါသည်။

# GRADE - 6

၁ ကိုယ်ကျိုးနှင့်အများအကျိုးကြားခွဲခြားတွေးတောခြင်း (အခြေခံအတွေးအခေါ် - ၁)

၂ ကိုယ်ကျိုးနှင့်အများအကျိုးကြားခွဲခြားတွေးတောခြင်း (အခြေခံအတွေးအခေါ် - ၂)

၃ ကျောင်းပညာရေးတွင်ဖြောင့်မတ်တည်ကြည်မှု

၄ ကျောင်းတွင်တာဝန်ထမ်းဆောင်ခြင်း

# ကိုယ်ကျိုးနှင့်အများအကျိုးကြားခွဲခြားတွေးတောခြင်း

### " အခြေခံအတွေးအခေါ် - ၁"

## ရည်ရွယ်ချက်

၁။ (က) ကိုယ်ကျိုးနှင့် အများအကျိုး၏ ကွဲပြားခြားနားချက်ကို ခွဲခြားသိမြင် နားလည်သဘောပေါက်ရန်၊

(ခ) ကိုယ်ကျိုးရှာခြင်းနှင့် အများအကျိုးဆောင်ရွက်ခြင်းတို့ကို ခွဲခြားစဉ်းစား တွေးခေါ်တတ်စေရန်၊

(ဂ) ကိုယ်ကျိုးနှင့် အများအကျိုးကို ခွဲခြားသိမြင်နိုင်ခြင်းအကြောင်းကို ကောင်းစွာအသုံးချနိုင်စေရန်။

## ပညာပေးအနှစ်သာရ

၂။ အသိပညာ။ ကိုယ်ကျိုး၏အဓိပ္ပာယ်မှာ မိမိအတွက်ပဲစဉ်းစားတတ်ခြင်း၊ မိမိ၏ လိုအပ်ချက်ကိုသာလျှင် စဉ်းစားတတ်ခြင်းဖြစ်ပြီး အများအကျိုး၏ အဓိပ္ပာယ်မှာ မိမိအကျိုးထက် အများအကျိုးအတွက်ကို ပို၍ စဉ်းစားတတ်ခြင်းဖြစ်ပါသည်။

## ပညာပေးလှုပ်ရှားမှုအဆင့်ဆင့်

၃။ ကျောင်းသားများကို အဖွဲ့(၅) ဖွဲ့ ဖွဲ့စေပြီး အောက်ပါမေးခွန်းများကို ၎င်းတို့၏ ပကတိမူလကိုယ်ပိုင်အတွေးအမြင်ဖြင့် ဝိုင်းဝန်းဆွေးနွေး အဖြေရှာပါစေ -

(က) ကျောင်းသားတို့၏ သူငယ်ချင်းတစ်ဦးတစ်ယောက်က သူ၏ကိုယ်ပိုင်ဖုန်းကို ကျောင်းတွင်ဘက်ထရီအားသွင်းထားသည်ကိုမြင်လျှင် မည်ကဲ့သို့ အတွေးအမြင် ဖြစ်ပေါ်လာပါသလဲ။ သင့်တော်သည်ဟု မြင်ပါသလား၊ မသင့်တော်ဘူးဟု မြင်ပါသလား၊ အဘယ်ကြောင့်သင့်တော်သည်၊ မသင့်တော်သည်ကို ရှင်းပြပါ၊

**အဖြေ**။---------------------------------------------------------------------------

---------------------------------------------------------------------------------

(ခ)ကျောင်းသားတို့၏ သူငယ်ချင်းများက စာမေးပွဲတွင်စာခိုးချခြင်း၊ အိမ်စာပေးလျှင် ကူးယူခြင်းများကို လုပ်ဆောင်နေသည်ကိုမြင်လျှင် မည်သို့ခံစားရသနည်း၊

**အဖြေ**။-----------------------------------------------------------------------------

-----------------------------------------------------------------------------

(ဂ)ကျောင်းမှရေနှင့် ကိုယ်ပိုင်စက်ဘီးအား ရေဆေးနေသည်ကို ကျောင်းသားတို့မြင်လျှင် ထိုအပြုအမူသည်သင့်တော်သည်ဟု ထင်ပါသလား (သို့) မသင့်တော်ဟုထင်ပါသလား။ ဘာကြောင့်လဲ၊

**အဖြေ**။-----------------------------------------------------------------------------

-----------------------------------------------------------------------------

(ဃ) ကျောင်းသားတို့သည် စာကြည့်တိုက်တွင် အချက်အလက်များ သွားရောက်ရှာဖွေရာတွင် စာအုပ်ငှားရန်ပျင်းသောကြောင့် လိုချင်သော စာရွက်အား ဆုတ်ဖြဲယူလာတတ်သော အပြုအမူကို မှန်သည်ဟု ထင်ပါသလား။ ဘာကြောင့်လဲ၊

**အဖြေ**။-----------------------------------------------------------------------------

-----------------------------------------------------------------------------

(င) ဈေးသည်များ ပလက်ဖောင်းပေါ်တွင် ဈေးရောင်းခြင်းသည် ပြုလုပ်သင့်သည်ဟု ထင်ပါသလား (သို့) မပြုလုပ်သင့်ဟု ထင်ပါသလား။ ဘာကြောင့်လဲ၊

**အဖြေ**။-----------------------------------------------------------------------------

-----------------------------------------------------------------------------

(စ) ကျောင်းသားတို့သည် အထူးသင်ကြားပေးမည့်ဆရာ (ကျူရှင်ဆရာ) အား ငှားရမ်းရခြင်းကို သဘောတူပါသလား၊

**အဖြေ**။-----------------------------------------------------------------------------

-----------------------------------------------------------------------------

(ဆ)ကျောင်းသားတစ်ဦးသည် စာစီစာကုံးကို ကိုယ်တိုင်မရေးဘဲ အခြားသူ ရေးသားထားမှုကို မိမိရေးသားသည့်စာစီစာကုံးကဲ့သို့ အသုံးပြုခြင်းကို သဘောတူပါသလား (သို့) သဘောမတူဘူးလား။ ဘာကြောင့်လဲ၊

**အဖြေ**။-----------------------------------------------------------------------------

-----------------------------------------------------------------------------

(ဇ) "ကျွန်မလုပ်မိသည့်အမှားအတွက် အမှားကိုလက်ခံဖို့အဆင်သင့်ပါပဲ"ဆိုသည့် စကားကို ကျောင်းသားတို့လက်ခံပါသလား။ ဘာကြောင့်လဲ၊

**အဖြေ**။-----------------------------------------------------------------------------

-----------------------------------------------------------------------------

(ဈ) “ကျွန်ုပ်တို့အတွက်အကျိုးရှိမည်ဆိုလျှင် အဂတိလိုက်စားလည်း ကိစ္စမရှိပါဘူး”ဆိုသည့် စကားကို ကျောင်းသားတို့ လက်ခံပါသလား။ ဘာကြောင့်လဲ။

**အဖြေ**။-------------------------------------------------------------------------------

-------------------------------------------------------------------------------

၄။ ဆရာက ကျောင်းသားများ ၎င်းတို့၏ ကိုယ်ပိုင်အတွေးအခေါ်ဖြင့် အဖြေထုတ်ထားမှုများကို အဖွဲ့လိုက်ဆွေးနွေးတင်ပြစေပြီး ၎င်းတို့၏ အတွေးအမြင် အခြေအနေကို သိရှိအောင် ဆောင်ရွက်ပါ။

၅။ မေးခွန်းတစ်ခုချင်းစီအတွက် စံပြအဖြေများကို ဆရာက ကျောင်းသားများ နားလည်သဘောပေါက်သည်အထိ ရှင်းပြပါ -

(က) ကျောင်းသားတို့၏ သူငယ်ချင်းတစ်ဦးတစ်ယောက်က သူ၏ကိုယ်ပိုင်ဖုန်းကို ကျောင်းတွင် ဘက်ထရီအားသွင်းထားသည်ကိုမြင်လျှင် မည်ကဲ့သို့ အတွေးအမြင် ဖြစ်ပေါ်လာပါသလဲ။ သင့်တော်သည်ဟုမြင်ပါသလား၊ မသင့်တော်ဘူးဟု မြင်ပါသလား၊ အဘယ်ကြောင့် သင့်တော်သည်၊ မသင့်တော်သည်ကို ရှင်းပြပါ၊

**အဖြေ**။ မသင့်တော်ပါ။ မိမိကိုယ်ကျိုးတစ်ခုအတွက် မိမိဖုန်းအား ကျောင်းသုံးလျှပ်စစ်ဓာတ်အားကိုသုံးစွဲ၍ ဘက်ထရီအားသွင်းခြင်းဖြင့် ကျောင်း၏ ကုန်ကျစရိတ်ကို တိုးလာစေပါသည်။ အများအကျိုးကို ထိခိုက်နစ်နာစေပါသည်။

(ခ) ကျောင်းသားတို့၏ သူငယ်ချင်းများက စာမေးပွဲတွင်စာခိုးချခြင်း၊ အိမ်စာပေးလျှင် ကူးယူခြင်းများကို လုပ်ဆောင်နေသည်ကိုမြင်လျှင် မည်သို့ခံစားရသနည်း၊

**အဖြေ**။ သဘောမတူပါ။ အခြားသူတို့အပေါ် တရားမျှတမှုမရှိသော အပြုအမူဖြစ်ပြီး ကိုယ်ပိုင်အသိ ကိုယ်ပိုင်စွမ်းရည်မဟုတ်ဘဲ ကိုယ်ကျိုးရှာသော ပုံစံဖြစ်သည်။ အသိပညာ၊ ဝီရိယ၊ လုံ့လနှင့် တာဝန်အပေါ် တာဝန်ယူမှုတို့ပျက်ကွက်စေသည်။

(ဂ) ကျောင်းမှရေနှင့် ကိုယ်ပိုင်စက်ဘီးအား ရေဆေးနေသည်ကို ကျောင်းသားတို့မြင်လျှင် ထိုအပြုအမူသည် သင့်တော်သည်ဟု ထင်ပါသလား (သို့) မသင့်တော်ဟု ထင်ပါသလား။ ဘာကြောင့်လဲ၊

**အဖြေ**။ မသင့်တော်ပါ။ ကျောင်းမှရေသည် အများအကျိုးအတွက် အသုံးပြုရန် ဖြစ်ပါသည်။ မိမိတစ်ဦးတည်း၏ ကိုယ်ကျိုးအတွက် ကျောင်းမှပစ္စည်းကို ယူသုံးခြင်း မပြုသင့်ပါ။ ကျောင်း၏ ကုန်ကျစရိတ် ပိုတိုးလာလိမ့်မည်။

(ဃ)ကျောင်းသားတို့သည် စာကြည့်တိုက်တွင်အချက်အလက်များ သွားရောက်ရှာဖွေရာတွင် စာအုပ်ငှားရန်ပျင်းသောကြောင့် လိုချင်သောစာရွက်အား ဆုတ်ဖြဲယူလာတတ်သော အပြုအမူကို မှန်သည်ဟုထင်ပါသလား။ ဘာကြောင့်လဲ၊

**အဖြေ**။ မမှန်ကန်ပါ။ ကျောင်း၏ပစ္စည်းများကို ဖျက်ဆီးသောအပြုအမူသာဖြစ်ပြီး ကျောင်း၏ပစ္စည်းသည် အများပိုင်ပစ္စည်းဖြစ်သည်။ ကိုယ်ကျိုးထက် အများအကျိုးကို ကြည့်သင့်သည်။ အခြားသူများသည်လည်း စာအုပ်မှရရှိမည့် အကျိုးကျေးဇူးကိုမရရှိဘဲ အများအကျိုး နစ်နာမှု ဖြစ်ပေါ်စေလိမ့်မည်။

( င ) ဈေးသည်များပလက်ဖောင်းပေါ်တွင် ဈေးရောင်းခြင်းသည် ပြုလုပ်သင့်သည်ဟု ထင်ပါသလား သို့မဟုတ် မပြုလုပ်သင့်ဟု ထင်ပါသလား။ ဘာကြောင့်လဲ၊

**အဖြေ**။ မပြုလုပ်သင့်ပါ။ ပလက်ဖောင်းသည် အများပိုင်လမ်းဖြစ်ပြီး အများပြည်သူတို့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရန် အတွက် အသုံးပြုရန် ဖြစ်ပါသည်။ ပလက်ဖောင်းတွင် ဈေးရောင်းနေ၍ အများပြည်သူများက ကားလမ်းမပေါ်တွင် လမ်းလျှောက်ရလျှင် အန္တရာယ်ကျရောက်နိုင်သည်။ အများအကျိုးကို ထိခိုက်စေပါ သည်။

( စ ) ကျောင်းသားတို့သည် အထူးသင်ကြားပေးမည့်ဆရာ(ကျူရှင်ဆရာ) အား ငှားရမ်းရခြင်းကို သဘောတူပါသလား၊

**အဖြေ**။ သဘောမတူပါ။ ဆရာမှကျောင်းသားတို့အပေါ် အထူးသင်ကြားခြင်း၊ မသင်ကြားခြင်း ဟူ၍ မရွေးချယ်သင့်ပါ။ အခကြေးငွေရသော ကိုယ်ကျိုးထက် အများနှင့်ဆိုင်သော ကျောင်းသားအကျိုးအတွက်သာ ကြည့်သင့်သည်။

(ဆ)ကျောင်းသားတစ်ဦးသည် စာစီစာကုံးကို ကိုယ်တိုင်မရေးဘဲ အခြားသူ ရေးသားထားမှုကို မိမိရေးသားသည့်စာစီစာကုံးကဲ့သို့ အသုံးပြုခြင်းကို သဘောတူပါသလား (သို့) သဘောမတူဘူးလား။ ဘာကြောင့်လဲ၊

**အဖြေ**။ သဘောမတူပါ။ ကျောင်းသား၏ အသိပညာ ဝီရိယစိုက်ထုတ်မှု၊ မိမိတာဝန်အား တာဝန်ယူမှုတို့ ပျက်ကွက်ခြင်းဖြစ်ပေါ်ပါသည်။ စာစီစာကုံးရေးခြင်းသည် ကျောင်းသား၏ တာဝန်ဖြစ်သောကြောင့် မိမိတာဝန်ကို ကိုယ်တိုင်တာဝန်ယူမှုရှိရမည်။ ၎င်းပြင် အခြားကျောင်းသားများအပေါ် မမျှတရာရောက်သည်။

( ဇ ) "ကျွန်မလုပ်မိသည့်အမှားအတွက် အမှားကိုလက်ခံဖို့အဆင်သင့်ပါပဲ"ဆိုသည့် စကားကို ကျောင်းသားတို့လက်ခံပါသလား။ ဘာကြောင့်လဲ၊

**အဖြေ**။ လက်ခံပါသည်။ တာဝန်ယူမှုကိုဖော်ပြနေပြီး၊ အမှားပြုလုပ်မိလျှင် စဉ်းစားရမည့်အချက်မှာ လူတိုင်းသည် အမှားပြုလုပ်မိနိုင်သည်။ အရေးကြီးသည်မှာ မိမိ အမှားကိုသိပြီး ၎င်းအမှားအားပြုပြင်ရန်ဖြစ်သည်။ မိမိအမှားကိုလက်မခံခြင်း၊ ဝန်မခံခြင်း၊ အခြားသူအားလွှဲချခြင်းအပြုအမူများသည် အများအကျိုးကိုထိခိုက်စေပါသည်။

(ဈ) "ကျွန်ုပ်တို့အတွက်အကျိုးရှိမည်ဆိုလျှင် အဂတိလိုက်စားလည်းကိစ္စမရှိပါဘူး" ဆိုသည့် စကားကို ကျောင်းသားတို့ လက်ခံပါသလား။ ဘာကြောင့်လဲ၊

**အဖြေ**။ လက်မခံပါ။ အဂတိလိုက်စားခြင်းသည် ဥပဒေနှင့် ဆန့်ကျင်သော အပြုအမူ ဖြစ်ပြီး အများအကျိုးကိုထိခိုက်စေပါသည်။ ဥပဒေသည်အများအကျိုးကို စောင့်ရှောက် ကာကွယ်ရန် ပြဋ္ဌာန်းထားခြင်းဖြစ်၍ ဥပဒေနှင့်ဆန့်ကျင်သော အပြုအမူများကို လက်မခံပါ။

၆။ ဆရာက အောက်ဖော်ပြပါ အလုပ်မှတ်တမ်းလွှာစာရွက်များကို ကျောင်းသား/ကျောင်းသူများ အား ဖြန့်ဝေပေးပြီး မည်သည့်အပြုအမူသည် မိမိကိုယ်ကျိုးအတွက်သာ စဉ်းစားခြင်းဖြစ်ပြီး၊ မည်သည့်အပြုအမူသည် မိမိကိုယ်ကျိုးထက် အများအကျိုးအတွက် ပိုပြီးစဉ်းစားခြင်းဖြစ်သည်၊ မည်သည့်အမူအကျင့်သည် မပြုမူသင့်၊ မည်သည့် အမူအကျင့်သည် ပြုမူသင့်သည်ကို တစ်ဦးချင်း ရွေးချယ်ဆုံးဖြတ် ဖြည့်သွင်းစေပါ။

**"အလုပ်မှတ်တမ်းလွှာ"**

| စဉ် | အပြုအမူ | ကိုယ်ကျိုး | အများအကျိုး | ပြုမူသင့် | မပြုမူသင့် |
|---|---|---|---|---|---|
| ၁ | မြို့တွင်းလမ်းများပေါ်စျေးရောင်းခြင်း | | | | |
| ၂ | အစားအစာကို စနစ်တကျ တန်းစီဝယ်ခြင်း | | | | |
| ၃ | မီးပွိုင့်များတွင် ပန်းရောင်းခြင်း | | | | |
| ၄ | အမှိုက်များကိုမပစ်ခင်ခွဲခြား၍ပစ်ခြင်း | | | | |
| ၅ | အများပြည်သူပိုင်နေရာတွင် စိုက်ပျိုးရေးလုပ်ခြင်း | | | | |
| ၆ | လမ်းဆေး ဝဲ/ယာများတွင် ပန်းစိုက်ခြင်း | | | | |
| ၇ | အများပြည်သူအပန်းဖြေသည့်ပန်းခြံမှ ပန်းခူး၍ မိမိအိမ် ဧည့်ခန်း ပန်းအိုးထိုးခြင်း | | | | |
| ၈ | ဘေးမဲ့တောများတွင် resort များဆောက်ခြင်း | | | | |
| ၉ | စက်ဘီးကို ခြေကျင်လျှောက်လမ်း၊ လူသွားလမ်းပေါ် ရပ်ခြင်း | | | | |
| ၁၀ | ကျောင်းပတ်ဝန်းကျင်တွင် သန့်ရှင်းသာယာရေး ဆောင်ရွက်ခြင်း | | | | |
| ၁၁ | အိမ်တွင်သုံးရန်အတွက် ကျောင်းမှတံမြက်စည်းကို ယူသွားခြင်း | | | | |

## ကိုယ်ကျိုးနှင့်အများအကျိုးကြားခွဲခြားတွေးတောခြင်း - ၁

| စဉ် | အပြုအမူ | ကိုယ်ကျိုး | အများအကျိုး | ပြုမှုသင့် | မပြုမှုသင့် |
|---|---|---|---|---|---|
| ၁၂ | ရေကိုအသုံးပြုပြီးလျှင် ရေပိုက်အားပြန်ပိတ်ခြင်း | | | | |
| ၁၃ | ဂတ်(စ်)သုံးပြီးနောက် အမြဲပိတ်ခြင်း | | | | |
| ၁၄ | ကျောင်းမှရေကိုသုံးပြီး မိမိထမင်းချိုင့်ကို ဆေးကြောခြင်း | | | | |
| ၁၅ | မိမိခဲတံကို မိမိယူမလာခြင်း | | | | |
| ၁၆ | အမှိုက်ပုံးထဲသို့ အမှိုက်ပစ်ခြင်း | | | | |
| ၁၇ | စာသင်ခန်းတွင် စာသင်ပြီးနောက် မီးပိတ်ခြင်း | | | | |
| ၁၈ | ကျောင်းမှစာရွက်ကို ကိုယ်ရေးကိုယ်တာကိစ္စတွင် သုံးခြင်း | | | | |
| ၁၉ | စာသင်ခန်းနံရံတွင် ရေးခြစ်မှုမပြုလုပ်ခြင်း | | | | |
| ၂၀ | ကစားပြီးလျှင် ကစားစရာပစ္စည်းကို မူလနေရာသို့ ပြန်လည်ထားသို သိမ်းဆည်းမှုပြုခြင်း | | | | |
| ၂၁ | မိမိပစ္စည်းကို ကျောင်းတွင် မျှဝေသုံးခြင်း | | | | |
| ၂၂ | သူငယ်ချင်းများ၏ပစ္စည်းအား မိမိပစ္စည်းအဖြစ် ယူငင်အသုံးပြုခြင်း | | | | |
| ၂၃ | နေ့စဉ်တာဝန်ကို ရှောင်ရှားရန်အတွက် ကျောင်းသို့ နောက်ကျမှလာခြင်း | | | | |
| ၂၄ | စာသင်ခုံအောက်တွင် အမှိုက်ချခြင်း | | | | |
| ၂၅ | ပန်ကာဖွင့်ထားပြီး မိမိတစ်ဖက်တည်းကို လှည့်ထားခြင်း | | | | |
| ၂၆ | သူငယ်ချင်း၏ ကြိုးစားအားထုတ်မှုရလဒ်ကို မိမိရလဒ်ဖြစ်အောင် ပြုလုပ်ခြင်း | | | | |
| ၂၇ | ဆရာ့ထံမှခွင့်ပြုချက်မတောင်းဘဲ ကျောင်းစာသင်ခန်းထဲမှ ကစားစရာကို အိမ်သို့ယူကစားခြင်း | | | | |
| ၂၈ | ဆရာ့ရှေ့စားပွဲတွင်အိမ်စာထပ်ရာ၌ တန်းမစီဘဲကျော်ထပ်ခြင်း | | | | |

## ကိုယ်ကျိုးနှင့်အများအကျိုးကြားခွဲခြားတွေးတောခြင်း - ၁

| စဉ် | အပြုအမူ | ကိုယ်ကျိုး | အများအကျိုး | ပြုမူသင့် | မပြုမူသင့် |
|---|---|---|---|---|---|
| ၂၉ | ကိုယ်ရေးကိုယ်တာ ကိစ္စရပ်များတွင် နိုင်ငံပိုင်ကားကို အသုံးပြုခြင်း | | | | |
| ၃၀ | ကိုယ်ရေးကိုယ်တာအကြောင်းကို နိုင်ငံပိုင်ဖုန်းဖြင့်ဆက်သွယ်ပြောဆိုခြင်း | | | | |
| ၃၁ | မိမိပိုင်လျှပ်စစ်ပစ္စည်းများကို အလုပ်လုပ်ရာနေရာသို့ယူဆောင်အားသွင်းမှု မပြုလုပ်ခြင်း | | | | |
| ၃၂ | နိုင်ငံပိုင်ပရိဘောဂများကို မိမိအိမ်သို့ ယူဆောင်အသုံးပြုခြင်း | | | | |

၇။ ကျောင်းသားတစ်ဦးချင်း ဖြည့်သွင်းထားသည့် အလုပ်မှတ်တမ်းလွှာအရ ၎င်းတို့၏ သိမြင်နားလည်နိုင်မှုအခြေအနေကို ဆရာက စိစစ်ပြီးနောက် အဖြေမှန်များကို ရှင်းပြပေးရန်ဖြစ်ပါသည်။ ၎င်းနောက် အသိပညာပေးစာစောင်ကို ဖြန့်ဝေဖတ်ရှုစေပြီး ထပ်ဆင့်ရှင်းပြပေးရန်မှာ ကိုယ်ကျိုး၏အဓိပ္ပာယ်မှာ မိမိအတွက်ပဲစဉ်းစားတတ်ခြင်း၊ မိမိ၏ လိုအပ်ချက်ကိုသာလျှင် စဉ်းစားတတ်ခြင်းဖြစ်ပြီး အများအကျိုး၏ အဓိပ္ပာယ်မှာ မိမိအကျိုးထက် အများအကျိုးအတွက်ကို ပို၍စဉ်းစားတတ်ခြင်းဖြစ်ကြောင်း၊ ဇယားပါ မည်သည့်အပြုအမူများသည် အများအကျိုးကို ပို၍အလေးထားခြင်းဖြစ်၍ ပြုမူသင့်ကြောင်း၊ မည်သည့်အပြုအမူများသည် ကိုယ်ကျိုးတစ်ခုတည်းကြည့်ပြီး အများအကျိုးကို ထိခိုက်စေမှုရှိ၍ မပြုမူသင့်ကြောင်း ရှင်းပြရန်ဖြစ်ပါသည်။

၈။ ကျောင်းသား/ ကျောင်းသူများအား အဖွဲ့လေးများဖွဲ့ပေးပြီး ကိုယ်ကျိုးအတွက်သာစဉ်းစားခြင်းနှင့် အများအကျိုးဆောင်ရွက်ခြင်း အပြုအမူ နမူနာ (၂) ခုစီကို တင်ပြဆွေးနွေးပါစေ။

၉။ ဆရာက ပြန်လှန်မေးမြန်း ဆွေးနွေးပေးပါ။

## အလုပ်မှတ်တမ်းလွှာအတွက် နမူနာပြအဖြေ

| စဉ် | အပြုအမူ | ကိုယ်ကျိုး | အများအကျိုး | ပြုမူသင့် | မပြုမူသင့် |
|---|---|---|---|---|---|
| ၁ | မြို့တွင်းလမ်းများပေါ်ဈေးရောင်းခြင်း | ✔ | | | ✔ |
| ၂ | အစားအစာကို စနစ်တကျ တန်းစီဝယ်ခြင်း | | ✔ | ✔ | |
| ၃ | မီးပွိုင့်များတွင် ပန်းရောင်းခြင်း | ✔ | | | ✔ |
| ၄ | အမှိုက်များကိုမပစ်ခင်ခွဲခြား၍ပစ်ခြင်း | | ✔ | ✔ | |
| ၅ | အများပြည်သူပိုင်နေရာတွင်စိုက်ပျိုးရေးလုပ်ခြင်း | ✔ | | | ✔ |
| ၆ | လမ်းဘေး ဝဲ/ယာများတွင် ပန်းစိုက်ခြင်း | | ✔ | ✔ | |
| ၇ | အများပြည်သူအပန်းဖြေသည့်ပန်းခြံမှ ပန်းခူး၍ မိမိအိမ်ဧည့်ခန်း ပန်းအိုးထိုးခြင်း | ✔ | | | ✔ |
| ၈ | ဘေးမဲ့တောများတွင် resort များဆောက်ခြင်း | ✔ | | | ✔ |
| ၉ | စက်ဘီးကို ခြေကျင်လျှောက်လမ်း၊ လူသွားလမ်းပေါ် ရပ်ခြင်း | ✔ | | | ✔ |
| ၁၀ | ကျောင်းပတ်ဝန်းကျင်တွင် သန့်ရှင်းသာယာရေး ဆောင်ရွက်ခြင်း | | ✔ | ✔ | |
| ၁၁ | အိမ်တွင်သုံးရန်အတွက် ကျောင်းမှတံမြက်စည်းကို ယူသွားခြင်း | ✔ | | | ✔ |
| ၁၂ | ရေကိုအသုံးပြုပြီးလျှင် ရေပိုက်အားပြန်ပိတ်ခြင်း | | ✔ | ✔ | |
| ၁၃ | ဂတ်(စ်)သုံးပြီးနောက် အမြဲပိတ်ခြင်း | | ✔ | ✔ | |
| ၁၄ | ကျောင်းမှရေကိုသုံးပြီး မိမိထမင်းချိုင့်ကို ဆေးကြောခြင်း | ✔ | | | ✔ |
| ၁၅ | မိမိခဲတံကို မိမိယူမလာခြင်း | ✔ | | | ✔ |
| ၁၆ | အမှိုက်ပုံးထဲသို့ အမှိုက်ပစ်ခြင်း | | ✔ | ✔ | |
| ၁၇ | စာသင်ခန်းတွင် စာသင်ပြီးနောက် မီးပိတ်ခြင်း | | ✔ | ✔ | |
| ၁၈ | ကျောင်းမှစာရွက်ကို ကိုယ်ရေးကိုယ်တာကိစ္စတွင် သုံးခြင်း | ✔ | | | ✔ |
| ၁၉ | စာသင်ခန်းနံရံတွင် ရေးခြစ်မှုမပြုလုပ်ခြင်း | | ✔ | ✔ | |
| ၂၀ | ကစားပြီးလျှင် ကစားစရာပစ္စည်းကို မူလနေရာသို့ ပြန်လည်ထားသိုသိမ်းဆည်းမှုပြုခြင်း | | ✔ | ✔ | |

| စဉ် | အပြုအမူ | ကိုယ်ကျိုး | အများအကျိုး | ပြုမူသင့် | မပြုမူသင့် |
|---|---|---|---|---|---|
| ၂၁ | မိမိပစ္စည်းကို ကျောင်းတွင် မျှဝေသုံးခြင်း | | ✔ | ✔ | |
| ၂၂ | သူငယ်ချင်းများ၏ပစ္စည်းကို မိမိပစ္စည်းအဖြစ် ယူငင်အသုံးပြုခြင်း | ✔ | | | ✔ |
| ၂၃ | နေ့စဉ်တာဝန်ကို ရှောင်ရှားရန်အတွက် ကျောင်းသို့ နောက်ကျမှလာခြင်း | ✔ | | | ✔ |
| ၂၄ | စာသင်ခုံအောက်တွင် အမှိုက်ချခြင်း | ✔ | | | ✔ |
| ၂၅ | ပန်ကာဖွင့်ထားပြီး မိမိတစ်ဖက်တည်းကို လှည့်ထားခြင်း | ✔ | | | ✔ |
| ၂၆ | သူငယ်ချင်း၏ကြိုးစားအားထုတ်မှုရလဒ်ကို မိမိရလဒ်ဖြစ်အောင် ပြုလုပ်ခြင်း | ✔ | | | ✔ |
| ၂၇ | ဆရာ့ထံမှ ခွင့်ပြုချက်မတောင်းဘဲ ကျောင်းစာသင်ခန်းထဲမှ ကစားစရာအား အိမ်သို့ယူကစားခြင်း | ✔ | | | ✔ |
| ၂၈ | ဆရာ့ရှေ့စားပွဲတွင်အိမ်စာထပ်ရာ၌ တန်းမစီဘဲကျော်ထပ်ခြင်း | ✔ | | | ✔ |
| ၂၉ | ကိုယ်ရေးကိုယ်တာ ကိစ္စရပ်များတွင် နိုင်ငံပိုင်ကားကို အသုံးပြုခြင်း | ✔ | | | ✔ |
| ၃၀ | ကိုယ်ရေးကိုယ်တာအကြောင်းကို နိုင်ငံပိုင်ဖုန်းဖြင့် ဆက်သွယ်ပြောဆိုခြင်း | ✔ | | | ✔ |
| ၃၁ | မိမိပိုင်လျှပ်စစ်ပစ္စည်းများကို အလုပ်လုပ်ရာနေရာသို့ ယူဆောင်အားသွင်းမှု မပြုလုပ်ခြင်း | | ✔ | ✔ | |
| ၃၂ | နိုင်ငံပိုင်ပရိဘောဂများကို မိမိအိမ်သို့ ယူဆောင် အသုံးပြုခြင်း | ✔ | | | ✔ |

## အသိပညာပေးစာစောင်


# ကိုယ်ကျိုးရှာခြင်းနှင့် အများအကျိုးဆောင်ရွက်ခြင်းကြား ကွဲပြားခြားနားခြင်း

၁။ ကိုယ်ကျိုး၏အဓိပ္ပာယ်မှာ မိမိအတွက်ပဲ စဉ်းစားတတ်ခြင်း မိမိ၏လိုအပ်ချက်ကိုသာလျှင် စဉ်းစားတတ်ခြင်းဖြစ်ပြီး အများအကျိုး၏အဓိပ္ပာယ်မှာ မိမိအကျိုးထက် အများအကျိုးအတွက်ကို ပို၍ စဉ်းစားတတ်ခြင်းဖြစ်ပါသည်။

၂။ ကိုယ်ကျိုးဆောင်ရွက်ခြင်းနှင့် အများအကျိုးမှာ ဆက်နွယ်မှုရှိပြီး ကျွန်ုပ်တို့၏ အကျိုးသည်လည်း အခြားသူများ၏အကျိုးနှင့် ပတ်သက်မှုရှိသည်။ ထို့ပြင် ကျွန်ုပ်တို့အတွက်သာ အကျိုးဖြစ်ပေါ်စေပြီး အခြားသူများအတွက် အကျိုးမဲ့စေခြင်းသည် အများအကျိုးပျက်စီးစေခြင်းပင် ဖြစ်၍ မပြုမူသင့်ပါ။

၃။ ဦးစွာနားလည်သဘောပေါက်ရမည့်အရာမှာ ကျွန်ုပ်တို့အကျိုးအတွက်ပြုလုပ်ရာတွင် အများအတွက် နစ်နာဆုတ်ယုတ်မှုဖြစ်ပေါ်စေပါသလား။ အကယ်၍ ကျွန်ုပ်တို့အကျိုးအတွက် ပြုလုပ်နေသောအရာသည် အများအတွက် အကျိုးနစ်နာဆုတ်ယုတ်မှုဖြစ်စေလျှင် မပြုလုပ်သင့်ပါ။ ထိုအရာသည် အောင်မြင်သည့် လမ်းကြောင်းမဖြစ်နိုင်ပါ။ သို့ရာတွင် ကျွန်ုပ်တို့အကျိုးအတွက် ပြုလုပ်နေသောအရာသည် အများအတွက် အကျိုးရှိခဲ့လျှင် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီခြင်းဖြင့် မိမိအကျိုးနှင့် အများအကျိုး နှစ်ခုစလုံးအတွက် အကျိုးရှိစေပါသည်။ အများအကျိုးအတွက် စိတ်ရင်းမှန်စွာဖြင့် စတင်သင့်သည်။ အများအကျိုးအား စိတ်ရင်းမှန်ကန်စွာ လုပ်ဆောင်ရာတွင် အခြားသူများ၏ အတွေးအမြင်ကိုလည်း လက်ခံနားထောင်ခြင်းပြုရပါမည်။ အများအတွက် အမှန်တကယ်အကျိုးရှိရန် မိမိအမြင်တစ်ခုတည်းဖြင့်လည်း မပြုလုပ်သင့်ပါ။

### အများအကျိုးထက် ကိုယ်ကျိုးအတွက်သာစဉ်းစားခြင်း



| အများအကျိုးအတွက်စဉ်းစားခြင်း | ကိုယ်ကျိုးအတွက်စဉ်းစားခြင်း |
| --- | --- |



အစားအစာကိုတန်းစီဝယ်ခြင်း




မြို့တွင်းလမ်းများပေါ်တွင် ဈေးရောင်းခြင်း



အမှိုက်ပုံးထဲသို့ အမှိုက်ပစ်ခြင်း



စာသင်ခုံအောက်တွင် အမှိုက်ချခြင်း



စာသင်ခန်းတွင်စာသင်ပြီးနောက်မီးပိတ်ခြင်း



မီးပွိုင့်များတွင်ပန်းရောင်းခြင်း

# ကိုယ်ကျိုးနှင့်အများအကျိုးကြားခွဲခြားတွေးတောခြင်း

**"အခြေခံအတွေးအခေါ်"-၂**

## ရည်ရွယ်ချက်

၁။ (က) ကိုယ်ကျိုးနှင့် အများအကျိုး၏ ကွဲပြားခြားနားချက်များကို ခွဲခြားသိမြင်၊ နားလည်သဘောပေါက်စေရန်၊

(ခ) ကိုယ်ကျိုးရှာခြင်းနှင့် အများအကျိုးဆောင်ရွက်ခြင်းတို့ကို ခွဲခြားစဉ်းစား တွေးခေါ်တတ်စေရန်၊

(ဂ) မိမိတစ်ဦးတည်း၏အကျိုးကို ရှေးရှုဆောင်ရွက်ခြင်းနှင့် အများအကျိုးကို ရှေးရှုဆောင်ရွက်ခြင်းတို့၏ အကျိုးဆက်များကို ခွဲခြားသိမြင်ရန်။

## ပညာပေးလှုပ်ရှားမှုအဆင့်ဆင့်

၂။ ဆရာက ကျောင်းသားများကို အဖွဲ့(၆) ဖွဲ့ခွဲပေးပြီး အောက်ဖော်ပြပါ အကြောင်းအရာများကို ဖြန့်ဝေပေးပါ။ တစ်ဖွဲ့ချင်း အကြောင်းအရာများကို ဖတ်ရှုသိရှိပြီးနောက် မည်သို့ဆက်လက်ဖြစ်ပေါ်လာနိုင်သည်ကို အဖွဲ့သားအားလုံး ဝိုင်းဝန်းစဉ်းစားတွေးတောစေရန်ဖြစ်သည်-

(က) **အဖွဲ့(၁) အတွက် အကြောင်းအရာ (၁)**

ကျောင်းတစ်ကျောင်းရှိ ဆဌမတန်းကျောင်းသားတစ်ယောက် နို့သောက်နေသည်ကို အခြားကျောင်းသားတစ်ယောက်ကမြင်ပြီး "ဒီနို့ကသက်တမ်းကုန်နေပြီ"ဟု ပြောလိုက်သည်ကို ကြားရသည်၊

(ခ) **အဖွဲ့(၂) အတွက် အကြောင်းအရာ (၂)**

ကျောင်းတစ်ကျောင်းရှိ ဆဌမတန်းကျောင်းသား/ကျောင်းသူ အဖွဲ့တစ်ဖွဲ့သည် စာမေးပွဲဖြေနေသော ပဥ္စမတန်းစာသင်ခန်းရှေ့မှ ဖြတ်လျှောက်သွားစဉ် ကျောင်းသားတစ်ဦး စာခိုးချနေသည်ကို မြင်လေသည်၊

(ဂ) **အဖွဲ့(၃) အတွက် အကြောင်းအရာ (၃)**

ကျောင်းသား/ကျောင်းသူအဖွဲ့ တစ်ဖွဲ့သည် ကျောင်းသို့သွားရန် ကျောင်းရှေ့နားမီးပွိုင့်လမ်းဆုံရှိ လူကူးမျဉ်းကျားကို ဖြတ်၍ လမ်းကူးနေစဉ် မီးနီဖြတ်ကူးလာသော ကားတစ်စင်းအား ယာဉ်ထိန်းရဲကတားလိုက်သည်ကို လှမ်းမြင်လိုက်သောကြောင့် ဆက်လက်စောင့်ကြည့်ရာ ကားဆရာက ယာဉ်ထိန်းရဲအား ပိုက်ဆံလှမ်းပေးသော်လည်း ယာဉ်ထိန်းရဲက လက်မခံဘဲ တာဝန်အရဆက်လက်ဆောင်ရွက်နေသည်ကို မြင်ရသည်။

(ဃ) **အဖွဲ့(၄) အတွက် အကြောင်းအရာ (၄)**

ဆိုင်တစ်ဆိုင်တွင် ကျောင်းသားအဖွဲ့တစ်ဖွဲ့ ဝင်ရောက်ဈေးဝယ်နေသည်။ ထိုဆိုင်သို့ မည်သူမျှ ဈေးဝယ်ရန်ထပ်မဝင်လာသောအခါ ကျောင်းသားတစ်ဦးက သူငယ်ချင်းဖြစ်သူအား ဆိုင်မှပစ္စည်းခိုးရန် အဖော်ညှိလေသည်၊

(င) **အဖွဲ့(၅) အတွက် အကြောင်းအရာ (၅)**

ကျောင်းသားတစ်ယောက်သည် သူ၏အိမ်သို့ သူငယ်ချင်းများကိုခေါ်ယူ၍ ပျော်ရွှင်စွာကစားနေသည်။ ထိုစဉ် ကျောင်းသား၏သူငယ်ချင်းတစ်ဦးကြောင့် တန်ဖိုးကြီးသောပန်းအိုးတစ်လုံးကွဲသွားခဲ့သည်။ ထိုသူငယ်ချင်းသည် သူ့ကြောင့်ကွဲသည်ကိုဝန်ခံခြင်းမရှိဘဲ အခြားသူငယ်ချင်းအပေါ် အပြစ်ပုံချကာ အိမ်သို့ ပြန်သွားလေသည်၊

(စ) **အဖွဲ့(၆) အတွက် အကြောင်းအရာ (၆)**

လမ်းဖြတ်ကူးသည့် တံတားတစ်စင်းအနီးတွင် ကျောင်းနောက်ကျနေသော ကျောင်းသားအဖွဲ့တစ်ဖွဲ့သည် ကျောင်းသို့မြန်မြန်သွားနေသည်။ ထိုစဉ် ကျောင်းသားများသည် ကျောင်းသို့မြန်မြန်ရောက်နိုင်ရန် ဆုံးဖြတ်လိုက်သည်မှာ လမ်းကူးတံတားပေါ်တက်၍ လမ်းဖြတ်ကူးရန် သို့မဟုတ် လမ်းကူးတံတားကို အသုံးမပြုဘဲ လမ်းကိုပြေးလွှားဖြတ်ကူးရန်နှင့် လမ်းလယ်ကျွန်းကိုခုန်ကျော်ရန် ဖြစ်သည်။

၃။ ဆရာက အထက်ဖော်ပြပါအကြောင်းအရာများနှင့် စပ်လျဉ်း၍ ကျောင်းသားများကို အောက်ပါအတိုင်း မေးမြန်း၍ ဆွေးနွေးကြရန်ဖြစ်သည်-

(က) ဘယ်လိုအဖြစ်အပျက်မျိုး ဖြစ်ပွားခဲ့လဲ၊

(ခ) အဆိုပါအဖြစ်အပျက်များမှ မည်သည့်အကျိုးဆက်များ ဖြစ်ပေါ်နိုင်သလဲ၊

(ဂ) ဖော်ပြပါအဖြစ်အပျက်များကဲ့သို့မဖြစ်ရအောင် မည်သို့ပြုပြင်ဆောင်ရွက်သင့်သလဲ။

၄။ အဖွဲ့(၆) ဖွဲ့လုံးက အဖွဲ့ဝင်အားလုံး ဝိုင်းဝန်းစဉ်းစားဆွေးနွေးကြပြီး ဖော်ပြခဲ့သောအဖြစ်အပျက်များကဲ့သို့ မဖြစ်ရအောင် မည်သို့ပြုပြင် ဆောင်ရွက်သင့်သည်ကို စာကြောင်း(၃)ကြောင်းထက် မပိုဘဲ ရေးသားကာ ခေါင်းဆောင်တစ်ဦးစီက အတန်းရှေ့တွင် တင်ပြဆွေးနွေးပါစေ။

၅။ ဆရာက ကျောင်းသားများကို ရှင်းပြပေးရန်အတွက် အချုပ်ဖော်ပြချက်မှာ -

(က) သက်တမ်းကုန်ဆုံးနေသောနို့ကိုရောင်းချခြင်း၊ ဝယ်ယူသောက်သုံးမိခြင်းဖြစ်ရပ်သည် ရောင်းချသူ၏ မတော်လောဘဖြင့် ကိုယ်ကျိုးရှာမှုနှင့် စားသောက်ကုန်အန္တရာယ်ကင်းရှင်းရေး စစ်ဆေးရန်တာဝန်ရှိသူ၏ စစ်ဆေးဖော်ထုတ် တားဆီးမှုမပြုရသေးခြင်းတို့ကြောင့်ဖြစ်ကြောင်း၊

အဂတိလိုက်စားမှုဆိုသည်မှာ အများပြည်သူအား အကျိုးဆောင်ရန်အတွက် ပေးအပ်ထားသည့် အာဏာနှင့်အခွင့်အရေးများကို ပုဂ္ဂလိကအကျိုးအမြတ်အတွက် အသုံးပြုခြင်းဖြစ်ကြောင်း၊ အကယ်၍ တာဝန်ရှိသူသည် အန္တရာယ်မကင်းသည့် စားသောက်ကုန်များကို အများပြည်သူစားသုံးရန်အတွက် ရောင်းချခြင်းမပြုရန် စစ်ဆေးတားမြစ်ရမည့်အစား တာဝန်ကိုထမ်းဆောင်ရန်ပျက်ကွက်ခြင်း၊ ကိုယ်ကျိုးရှာ၍ လျစ်လျူရှုခြင်းပြုခဲ့ပါက သက်တမ်းကုန်ဆုံးနေသောနို့ကို သောက်မိသော ကလေးများသည် ကျန်းမာရေးချို့တဲ့မှုဖြစ်ပေါ်လာနိုင်ကြောင်း၊ ထို့ကြောင့် အဂတိလိုက်စားမှုသည် လူ့အဖွဲ့အစည်းအတွင်းရှိလူများကို ဆိုးကျိုးများသက်ရောက်စေနိုင်ကြောင်း၊

(ခ) စာခိုးချခြင်းသည် ခိုးချသူက မိမိကိုယ်ကျိုးအတွက် မှားယွင်းသော နည်းလမ်းကိုကျင့်သုံးခြင်းပင်ဖြစ်ကြောင်း၊ အခြားသူထံမှ စာခိုးချသောကြောင့် အမှတ်ကောင်းရမည်ဖြစ်သော်လည်း အမှန်တကယ်ပညာမတတ်လျှင် ၎င်းအတွက်နှင့် တိုင်းပြည်အတွက်/ အများအတွက် အကျိုးယုတ်ကြောင်း၊ ကိုယ်ပိုင်အရည်အချင်းဖြင့် စာမေးပွဲဖြေဆိုသော အခြားကျောင်းသားများအပေါ်တွင်လည်း မှန်ကန်မျှတမှုကို ပျက်ပြားစေသည့် လုပ်ရပ်ဖြစ်ကြောင်း၊ အကျင့်စာရိတ္တပျက်ပြားသည့် အပြုအမူဖြစ်ကြောင်း၊ အဂတိလိုက်စားခြင်းသည် စာရိတ္တပျက်စီးခြင်း၊ အကျင့်ပျက်ခြင်းဖြစ်သဖြင့် စာမေးပွဲတွင် စာခိုးချသည့်အပြုအမူကို အဂတိလိုက်စားသည့်အပြုအမူအဖြစ် သတ်မှတ်ကြောင်း၊ ဤသို့မပြုမူဘဲ မိမိ၏ လုပ်ဆောင်ချက်အမှန်အတိုင်း ရိုးသားမှုရှိသင့်ကြောင်း၊

(ဂ) ယာဉ်စည်းကမ်းဖောက်ဖျက်မှုအတွက် ယာဉ်ထိန်းရဲအားလာဘ်ငွေပေးခြင်းကို အကယ်၍ယူမိပါက အဂတိလိုက်စားခြင်းပင်ဖြစ်ကြောင်း၊ လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းခံထားရသူတစ်ယောက်က သူတရားဝင်ရရှိထားသောအဆင့်၊ နေရာနှင့်ရာထူးဌာနန္တရကို သူ့ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုခြင်းပင်ဖြစ်ကြောင်း၊ ယာဉ်ထိန်းရဲက လာဘ်ငွေကိုလက်ခံပြီးယာဉ်စည်းကမ်း ဖောက်ဖျက်မှုကို ဥပဒေနှင့်အညီအပြစ်ပေးအရေးယူခြင်းမပြုဘဲ တာဝန်ပျက်ကွက်ပါက ယာဉ်စည်းကမ်းဖောက်ဖျက်မှုများကို မတားဆီးနိုင်တော့ဘဲ လူအများ၏အသက်အန္တရာယ်ကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ လူ့အဖွဲ့အစည်းတွင် အဂတိလိုက်စားမှုများလာပါက လူ့အဖွဲ့အစည်းအတွက် စိုးရိမ်စရာဖြစ်လာမည်ဖြစ်ကြောင်း၊ ထိုအခါလူ့အဖွဲ့အစည်းသည် ပျော့ရွှင်စရာရှိလာမည် မဟုတ်တော့ကြောင်း၊

(ဃ) မိမိကိုယ်ကျိုးအတွက် သူတစ်ပါးအကျိုးကိုထိခိုက်စေသော ပစ္စည်းခိုးယူသည့် မရိုးဖြောင့်သော အပြုအမူမျိုးမပြုသင့်ကြောင်း၊

(င) ပန်းအိုးကွဲအောင် ပြုလုပ်မိလျှင်လည်း သူတစ်ပါးကို အပြစ်မတင်ဘဲ၊ လွှဲမချဘဲ မိမိအမှားကို ဝန်ခံသင့်ကြောင်း၊ မိမိသည်ဖြောင့်မတ်တည်ကြည်မှုရှိသူဖြစ်အောင် ကြိုးစားရမည်ဖြစ်ကြောင်း၊

(စ) လမ်းကူးတံတားကို အသုံးမပြုဘဲ လမ်းဖြတ်ကူးခြင်းသည် ချမှတ်ထားသော ဥပဒေ စည်းမျဉ်းစည်းကမ်းကို မလိုက်နာခြင်းဖြစ်ကြောင်း၊ မိမိ၊ သူတစ်ပါး၊ ယာဉ်မောင်း၊ ယာဉ်စီးနင်းသူများ၏ အသက်အန္တရာယ်ကို ထိခိုက်စေနိုင်ကြောင်း၊ ထိုအကြောင်းအရာ များကိုမှတ်သား၍ ကျောင်းသား/ကျောင်းသူတို့ ကြီးပြင်းလာသောအခါ လူကြီးများမှ လူငယ်များထံသို့ လက်ဆင့်ကမ်းပြောပြရမည်။ မှန်ကန်သော နည်းနမူနာကောင်းများဖြင့် လမ်းပြလုပ်ဆောင်နိုင်မည်ဆိုလျှင် အဂတိလိုက်စားမှုကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ လူ့အဖွဲ့အစည်းအား ကိုယ်ကျင့်တရားပျက်ပြား၍ အဂတိလိုက်စားခြင်းမှ ကင်းဝေးအောင် စောင့်ရှောက်ရမည်။ သို့မှသာ လူ့အဖွဲ့အစည်းသည် ပျော်ရွှင်စရာကောင်းပြီး လူအချင်းချင်း ထိပါးနှောင့်ယှက်မှုများ ကင်းဝေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားရမည်။

၆။ ဆရာက ကိုယ်ကျိုးရှာခြင်းနှင့် အများအကျိုးဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသော အသိပညာပေး စာစောင်ကိုဝေငှပေးပြီး ကျောင်းသားများကို သိမြင်နားလည်နိုင်စေရန် ရှင်းပြပေးရန်ဖြစ်ပါသည်။

## အသိပညာပေးစာစောင်

## " ကိုယ်ကျိုးရှာခြင်းနှင့် အများအကျိုးဆောင်ရွက်ခြင်း "

နိုင်ငံ၏ တာဝန်ရှိပုဂ္ဂိုလ်သည် ရာထူးတာဝန်ဆိုင်ရာ အကြောင်းအရာများကို ခွဲခြားတွေးခေါ် နိုင်ရမည်ဖြစ်သည်။ ကိုယ်ရေးကိုယ်တာကိစ္စများကို ဖယ်ရှားပြီး အများအတွက် မည်သည့်အရာသည် မှန်ကန်၍ မည်သည့်အရာကမှားသည်၊ မည်သည့်အရာကို ဆောင်ရွက်သင့်သည် ဆောင်ရွက်နိုင်သည်၊ မည်သည့်အရာကို မဆောင်ရွက်သင့်ကြောင်း၊ မည်သည့် အရာသည် တစ်ဦးတစ်ယောက်အတွက်သာ အကျိုးရှိသည် သို့မဟုတ် အများအတွက်အကျိုးရှိသည်ကို ထင်ထင်ရှားရှား ခွဲခြားသိရှိပြီး၊ ရောထွေးပစ်ခြင်းမရှိရပါ။ မိမိအကျိုးအတွက် လုပ်ငန်းမှပစ္စည်းဥစ္စာတို့ကို အသုံးပြုခြင်း၊ မိမိတာဝန် ယူထားသော လုပ်ငန်းမှငွေများကို အလွဲသုံးစားပြုခြင်းမပြုရပါ။ ကိုယ်ကျိုးမငဲ့ဘဲ အများအကျိုးအတွက် ဆောင်ရွက်ရပါသည်။ လုပ်ငန်းမှလုပ်ပိုင်ခွင့်အာဏာကို ကိုယ်ကျိုးအတွက် အသုံးမပြုရပါ။ ပစ္စည်းဥစ္စာ၊ ငွေကြေးလာဘ်ပေးခြင်း၊ လာဘ်ယူခြင်းမပြုဘဲ လုပ်ငန်းတာဝန်ကိုကျေပွန်စွာဖြင့် အများအား အကျိုးပြုရပါသည်။ ကိုယ်ကျိုးရှာခြင်းနှင့် အများအကျိုးဆောင်ရွက်ခြင်း လုပ်ဆောင်ချက် (၂) ရပ် အနက် အများအကျိုးဆောင်ရွက်ခြင်းကသာ ရေရှည်တည်တံ့ အကျိုးရှိနိုင်ပါသည်။

# "ကျောင်းပညာရေးတွင်ဖြောင့်မတ်တည်ကြည်မှု"

## ရည်ရွယ်ချက်

၁။ (က) ကျောင်းပညာရေးတွင် ဖြောင့်မတ်တည်ကြည်မှုရှိရန်လိုအပ်ကြောင်း နားလည်သဘောပေါက်ရန်၊

( ခ ) အိမ်စာကူးချခြင်းသည် စာရိတ္တပျက်စီးခြင်းဖြစ်၍ အဂတိလိုက်စားသည့်အပြုအမူဖြစ်ကြောင်း နားလည်၊ ရှက်ရွံ့၊ ဆန့်ကျင်တတ်စေရန်။

## ပညာပေးအနှစ်သာရ/အသိပညာ

၂။ **ဤပညာပေး သင်ခန်းစာမှ ရရှိမည့်အသိပညာ**

(က) အိမ်စာဆိုသည်မှာ ဆရာက ကျောင်းသားများကို စာသင်ချိန်ပြင်ပတွင် အောင်မြင်ပြီးမြောက်အောင်လုပ်ဆောင်ရန် တာဝန်ပေးလိုက်သည့် ကျောင်းစာသင်ခန်းစာဖြစ်သည်။ အိမ်စာလုပ်ခြင်းဆိုသည်မှာ လေ့လာသင်ယူလာသော သင်ခန်းစာများကို ထပ်၍လေ့ကျင့်မှုပြုလုပ်ခြင်းဖြစ်သည်။ ရှက်ရွံ့ခြင်းဆိုသည်မှာ မလုပ်သင့်သောအလုပ်အား ပြုလုပ်ရန် ရှက်ရွံ့ခြင်းဖြစ်ပါသည်။ အိမ်စာကို ကိုယ်တိုင်မလုပ်ဘဲ အတန်းဖော်/သူငယ်ချင်းများထံမှ ကူးချခြင်းသည် မလုပ်သင့်သောအလုပ်ဖြစ်၍ ရှက်ရွံ့ဖွယ်ဖြစ်ပါသည်။ ထို့ကြောင့် အိမ်စာကူးချခြင်းကို ကာကွယ်ရန်အတွက် အသိပညာဖလှယ်ခြင်းများ ပြုလုပ်ရမည်။ အိမ်စာကူးချခြင်းသည် မမှန်ကန်သော၊ မရိုးဖြောင့်သောအပြုအမူဖြစ်ပြီး အဂတိလိုက်စားခြင်းအပြုအမူထဲတွင် ပါဝင်သည်။ မိမိကိုယ်တိုင်နှင့်အခြားသူများကိုပါ ပျက်စီးစေနိုင်ပါသည်၊

( ခ ) ကျောင်းပညာရေးတွင် ဖြောင့်မတ်တည်ကြည်မှုရှိရန် လိုအပ်ပါသည်။ လိမ်လည်ခြင်း၊ ခိုးယူကူးချခြင်း၊ ကျောင်းပညာရေးတွင် အခြားပုံစံအမျိုးမျိုးဖြင့် မရိုးမဖြောင့် လုပ်ဆောင်ခြင်းများကို ရှောင်ကြဉ်ရန်နှင့် ယင်းကဲ့သို့မပြုလုပ်ရန် တားမြစ်ထားသည့် ကျောင်းစည်းမျဉ်းစည်းကမ်းများကို နားလည်သဘောပေါက်လိုက်နာရန်လိုအပ်ပါသည်။ အခြားသူများဆောင်ရွက်လုပ်ကိုင်ထားသည်များကို မည်သို့သင့်တော်ကောင်းမွန်စွာ ရည်ညွှန်းကိုးကားနိုင်ကြောင်းကို လေ့လာသင်ယူရန်နှင့် အတန်းတိုင်း သတ်မှတ်စည်းမျဉ်းများကို နားလည်လိုက်နာရန်လိုအပ်ပါသည်။

## ပညာပေးလုပ်ရှားမှု အဆင့်ဆင့်

၃။ ဆရာက ကျောင်းသားတိုင်း ဘာသာရပ်တစ်ခုစီကို လက်ခံသင်ယူရာတွင် တွေ့ကြုံရသော အခက်အခဲများကို **"မိမိအတွက် ဘာသာရပ်တစ်ခုစီအတွက် အိမ်စာအခက်အခဲပြဿနာ"** ခေါင်းစဉ်ဖြင့် မှတ်စုကို ရေးသားပါစေ။(**လေ့ကျင့်ခန်း**)

၄။ ကျောင်းသားနှစ်ဦးလျှင် တစ်ဖွဲ့ဖွဲ့၍ မိမိကြုံတွေ့ရသော အိမ်စာကူးချရခြင်း၊ အိမ်စာထပ်ရန် နောက်ကျရခြင်း အခက်အခဲများကို ဖလှယ်ခြင်းဖြင့် ပြဿနာများတူညီသည်၊ မည်သို့ကွာခြားသည် ကို "**သူငယ်ချင်းအတွက် ဘာသာရပ်တစ်ခုစီအတွက် အိမ်စာအခက်အခဲပြဿနာ**" ခေါင်းစဉ်ဖြင့် မှတ်စုရေးသားပါစေ။**(လေ့ကျင့်ခန်း)**

၅။ ဆရာက ကျောင်းသားကိုယ်စားလှယ်အဖြစ် အဖွဲ့နှစ်ဖွဲ့ကို အတန်းရှေ့ခေါ်ပြီး ကိုယ်တွေ့ ပြဿနာများကို သူငယ်ချင်းများအား ပြောပြခိုင်းပါ။

၆။ ဆရာက ကျောင်းသားတို့အား အဖွဲ့(၃) ဖွဲ့မှ (၅) ဖွဲ့အထိခွဲ၍ ဘာသာရပ်တစ်ခုစီ၏ အခက်အခဲ ပြဿနာတွင် **အိမ်စာကူးချရခြင်း၊ အိမ်စာထပ်ရန်နောက်ကျရခြင်း** စသည့် ပြဿနာ များကို စာသင်ခန်းတွင်းလှုပ်ရှားမှုအနေဖြင့် အချင်းချင်းမည်သို့ကူညီဖြေရှင်းကြမည်ကို တိုင်ပင် ဆွေးနွေးစေပါ။ တစ်ဦးနားမလည်သည်ကို တစ်ဦးကရှင်းပြခြင်း၊ အခက်အခဲရှိသော ဘာသာရပ်ကို နားလည်မှတ်သားနိုင်ရေးအတွက် တစ်ဦးကိုတစ်ဦးက နည်းပေးလမ်းပြပြုလုပ်ခြင်း စသည်ဖြင့် နည်းလမ်းအသွယ်သွယ် အသုံးပြု၍ ကူညီဖြေရှင်းကြပါစေ။

၇။ ကျောင်းသားအဖွဲ့တိုင်းက မိမိတို့အသုံးပြုဖြေရှင်းသည့် နည်းလမ်းအသွယ်သွယ်ကို အဖွဲ့လိုက် ဆွေးနွေးတင်ပြကြရန်ဖြစ်သည်။

၈။ ဆရာက အိမ်စာ၏အဓိပ္ပာယ်၊ ရုက်ရွံ့ခြင်း၏အဓိပ္ပာယ်များနှင့် အိမ်စာကူးချခြင်း၏ ဆိုးကျိုး များကိုရှင်းပြပြီး ဆရာနှင့် ကျောင်းသားအားလုံးတို့ ပူးပေါင်း၍ အိမ်စာကူးချခြင်းသည် စာရိတ္တပျက်ပြားပြီး အဂတိလိုက်စားမှုပင်ဖြစ်ကြောင်း၊ မှန်ကန်သောလုပ်ရပ် မဟုတ်ကြောင်း မှတ်တမ်းတင်ရန်ဖြစ်ပါသည်။

၉။ အသိပညာပေးစာစောင် "**ဖြောင့်မတ်တည်ကြည်မှု**"ကို ကျောင်းသားများအား ဖြန့်ဝေပေးပါ။ ဆရာက ကျောင်းသားတို့အား အဖွဲ့(၂) ဖွဲ့ခွဲ၍ ကျောင်းပညာရေးတွင် ဖြောင့်မတ်တည်ကြည်မှုရှိရန် အတွက် လုပ်ဆောင်သင့်သည့်အချက်များကို တစ်ဖွဲ့ကလည်းကောင်း၊ မလုပ်ဆောင်သင့်သည့် အချက်များကို ကျန်တစ်ဖွဲ့ကလည်းကောင်း အတန်းရှေ့ထွက်၍ ဆွေးနွေးစေပါ။ ၎င်းနောက် ဆရာနှင့် ကျောင်းသားများအားလုံးပူးပေါင်း၍ကျောင်းပညာရေးတွင် ဖြောင့်မတ်တည်ကြည်မှုရှိရန်လိုအပ်ကြောင်း၊ လိမ်လည်ခြင်း၊ ခိုးယူကူးချခြင်း၊ အခြားပုံစံအမျိုးမျိုးဖြင့်မရိုးမဖြောင့်လုပ်ဆောင်ခြင်းများကို ရှောင်ကြဉ် ရန်နှင့် ယင်းသို့မပြုလုပ်ရန်တားမြစ်ထားသည့် ကျောင်းစည်းမျဉ်းစည်းကမ်းများကို နားလည် လိုက်နာရန်လိုအပ်ကြောင်း၊ အခြားသူများဆောင်ရွက်လုပ်ကိုင်ထားသည်များကို မည်သို့ သင့်တော် ကောင်းမွန်စွာ ရည်ညွှန်းကိုးကားနိုင်ကြောင်းကို လေ့လာသင်ယူရန်လိုအပ်ကြောင်းနှင့် အတန်းတိုင်း သတ်မှတ်စည်းမျဉ်းများကို နားလည်လိုက်နာရန်လိုအပ်ကြောင်း စုပေါင်းမှတ်တမ်းတင်ရန်ဖြစ်ပါသည်။

## လေ့ကျင့်ခန်း

# ဘာသာရပ်တစ်ခုစီအတွက် အခက်အခဲပြဿနာ

| မိမိအတွက် ဘာသာရပ်တစ်ခုစီအတွက် အိမ်စာအခက်အခဲပြဿနာ |
| --- |
| ------------------------------------------------------------ |
| ------------------------------------------------------------ |
| ------------------------------------------------------------ |
| ------------------------------------------------------------ |
| ------------------------------------------------------------ |
| ------------------------------------------------------------ |
| ------------------------------------------------------------ |
| ------------------------------------------------------------ |
| ------------------------------------------------------------ |
| ------------------------------------------------------------ |
| ------------------------------------------------------------ |

| သူငယ်ချင်းအတွက် ဘာသာရပ်တစ်ခုစီအတွက် အိမ်စာအခက်အခဲပြဿနာ |
| --- |
| ------------------------------------------------------------ |
| ------------------------------------------------------------ |
| ------------------------------------------------------------ |
| ------------------------------------------------------------ |
| ------------------------------------------------------------ |
| ------------------------------------------------------------ |
| ------------------------------------------------------------ |
| ------------------------------------------------------------ |
| ------------------------------------------------------------ |
| ------------------------------------------------------------ |
| ------------------------------------------------------------ |

အသိပညာပေးစာစောင် (Knowledge Sheet)

# ဖြောင့်မတ်တည်ကြည်မှု

# INTEGRITY



ဖြောင့် မတ် တည် ကြည် မှု ဆို တာ ဘာ လဲ

WHAT IS IT

တစ် ချက် လောက် သိ ပါ ရ စေ

## ရိုးသားစွာပြုမူဆောင်ရွက်ခြင်း


ACTING WITH HONESTY

* မည်သူမျှ ကြည့်မနေလျှင်တောင်မှ မှန်ကန်သည့် အရာကို ပြုလုပ်ခြင်းဖြစ်ပါတယ်

DOING THE RIGHT THING, EVEN WHEN NOBODY IS WATCHING



## DOING THE RIGHT THING, EVEN WHEN NOBODY IS WATCHING




ရှင်ပြုနားသအလှူတော်မင်္ဂလာ



အလှူပွဲတက်ရောက်စားသောက်




အလှူပွဲမှအပြန်




ဟိုကြည့်ဒီကြည့်






# ကျောင်းပညာရေးတွင် ဖြောင့်မတ်တည်ကြည်မှု

**ACADEMIC INTEGRITY**

## ပညာသင်ယူရာတွင် ရိုးသားမှု၊ မှန်ကန်မှု၊ တရားမျှတမှုနှင့် လေးစားလိုက်နာမှုရှိစွာ ပြုမူဆောင်ရွက်ခြင်း

**ACTING WITH: HONESTY, TRUTH, FAIRNESS AND RESPECT IN YOUR ACADEMIC WORK**

* ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်အလုပ်ကိုယ်တိုင်လုပ်ခြင်း
  **DOING YOUR OWN WORK**

* အခြားသူများ၏ လုပ်ကိုင်ဆောင်ရက်ထားချက်ကို အမြဲတမ်းရည်ညွှန်းကိုးကားဖော်ပြပေးခြင်း
  **ALWAYS REFERENCING THE WORK OF OTHERS**

## ကျောင်းပညာရေးတွင်မရိုးဖြောင့်မှု

**ACADEMIC DISHONESTY**

လိမ်လည်ခြင်း
**CHEATING**

ခိုးယူကူးချခြင်း
**PLAGIARISM**

# ကျောင်းစာသင်ယူမှုတွင် မရိုးဖြောင့်သော လုပ်ဆောင်မှု သာဓကအချို့

## LET'S LOOK AT SOME EXAMPLES OF ACADEMIC DISHONESTY

### သာဓက–၁











* အိမ်စာကူးချခြင်းသည် မမှန်ကန်သော မရိုးဖြောင့်သော အပြုအမူဖြစ်ပါသည်။
* စာရိတ္တပျက်ပြားပြီး အဂတိလိုက်စားခြင်း အပြုအမူထဲတွင် ပါဝင်ပါသည်။
* အခြားသူတို့အပေါ် တရားမျှတမှုမရှိသော အပြုအမူဖြစ်ပါသည်။
* ကိုယ်ပိုင်အသိ ကိုယ်ပိုင်စွမ်းရည်ကို အသုံး မပြုဘဲ ကိုယ်ကျိုးရှာသည့်ပုံစံဖြစ်ပါသည်။
* မိမိ၏အသိပညာ၊ ဝီရိယနှင့်လုံ့လကို မစိုက်ထုတ်ဘဲ တာဝန်ပေါ် တာဝန်ယူရန် ပျက်ကွက်ခြင်းဖြစ်ပါသည်။

**သာဓက-၂**


ဒီနေ့အိမ်စာကတော့
“ကျောင်းတွင်းလှုပ်ရှားမှုများ”
ခေါင်းစဉ်နဲ့ စာစီစာကုံး
ရေးခဲ့ကြပါတပည့်တို့


ဘယ်လိုရေးရပါ့မလဲ
ခက်လိုက်တာနော်


အိုး......အကြံရပြီ


ရော့.....မင်းအတွက်
စာစီစာကုံး
ရေးပေးထားတယ်
ကျေးဇူးတင်ပါတယ်ခင်ဗျ


သင်ခန်းစာ (၁)

# ခိုးယူကူးချမှု

## PLAGIARISM

**အခြားသူများလုပ်ကိုင်ဆောင်ရွက်ထားသည်များကို ကူးချပြီး မိမိကိုယ်တိုင် လုပ်ကိုင်ထားသယောင် တင်ပြခြင်း**

**COPYING THE WORK OF OTHERS AND PRESENTING IT AS YOUR OWN ORIGINAL WORK**



*** စာတမ်းများကိုON LINE မှ ဝယ်ယူခြင်း**

**BUYING PAPERS ONLINE**

*** အင်တာနက်မှကူးယူ၍ စာလုံးများနှင့် စာကြောင်းများကို အထားအသို ပြန်လည်ပြောင်းလဲစီစဉ်ခြင်း**

**COPYING & PASTING FROM THE INTERNET AND RE-ARRANGING WORDS AND SENTENCES**

*** မူလရေးသားသူကို ရည်ညွှန်းဖော်ပြခြင်းမရှိဘဲ ထိုသူ၏ အချက်အလက်များကို အသုံးပြုခြင်း**

**USING INFORMATION WITHOUT REFERENCING IT**

*** သင်၏ (အိမ်စာလုပ်ခြင်း၊ စာစီစာကုံး၊ စာတမ်းပြုစုခြင်းစသည့်) အလုပ်ကို ဆောင်ရွက်ပေးရန် အခြားသူအား အခကြေးငွေ ပေးခြင်း**

**PAYING OTHERS TO DO YOUR WORK**

*** အခြားသူ ဆောင်ရွက်ပြုစုထားသည်များကို ပြန်လည် အသုံးပြုခြင်း**

**RE-USING SOMEONE ELSE'S WORK**

**ခိုးယူကူးချမှု**

**PLAGIARISM**

# မှတ်သားထားပါ


**REMEMBER**

**သင်ရေးသားပြုစုရာတွင် အသုံးပြုထားသည့် သတင်းအချက်အလက်များသည် မည်သည့် သတင်းအရင်းအမြစ်မှဖြစ်ကြောင်းကို အမြဲတမ်း ရည်ညွှန်းဖော်ပြပေးရမည်။**

**INFORMATION YOU USE FROM ANY SOURCE MUST ALWAYS BE REFERENCED IN YOUR WORK**




**A FRIEND'S IDEA**




**A SENTENCE FROM THE INTERNET**




**A VERSE FROM MY FAVOURITE SONG**

အချို့သောယဉ်ကျေးမှုများ၌
အခြားစာရေးဆရာတစ်ဦး၏ စကားလုံးများ
ကူးချခြင်းကို ကျယ်ကျယ်ပြန့်ပြန့်လက်ခံပေး၍
ထိုစာရေးဆရာကို ချီးမွမ်းဂုဏ်ပြုသော
လုပ်ရပ်တစ်ခုအဖြစ်ပင်ယူဆကြသည်



**IN SOME CULTURES, COPYING ANOTHER AUTHOR'S WORDS IS WIDELY ACCEPTED AND EVEN CONSIDERED A COMPLIMENT TO THE AUTHOR**

**မည်သို့ပင်ဆိုစေ မူလစာရေးသူကို အမြဲရည်ညွှန်းဖော်ပြပေးခြင်းဖြင့် ထိုသူရေးသားပြုစုခဲ့မှုများကို လေးစားကြောင်းဖော်ပြရာရောက်ပါသည်**

**လေ့လာမှီငြမ်းပြုစာရင်း**

----------------------

----------------------

----------------------

----------------------



**Credit**

----------------------

----------------------

----------------------

----------------------

**ကျမ်းကိုးစာရင်း**

----------------------


----------------------

----------------------


----------------------

**YOU SHOW RESPECT FOR OTHER PEOPLE'S WORK BY ALWAYS REFERENCING THE AUTHOR OF THE WORK**

## သင်ခန်းစာ (၂)


လိမ်လည်ခြင်း
CHEATING
ခိုးချခြင်း
STEALING


ဒီသင်ခန်းစာ တော်တော်ခက်တာပဲ ‹×× ‹××××××
ဟုတ်ပြီ! ဒါမျိုးမေးလာရင် ခိုးချပြီး ဖြေလို့ရအောင် သေးသေးလေးကျုံ့ပြီး လုံလုံဝှက်ယူသွားရမယ်


2019
Final Exam


ဟာ...မိသွားပြီ



သင်ခန်းစာ (၃)

# အုပ်စုလိုက်ဆောင်ရွက်ရန်အလုပ်တာဝန်

GROUP WORK






## ကျောင်းစာလေ့ကျင့်ခန်း စုပေါင်းဆောင်ရွက်ခြင်း

GROUP WORK

**အဖြေရလဒ်များတူနေခဲ့လျှင်တောင်မှ လူတိုင်းလူတိုင်း ကိုယ်တိုင်လုပ်ဆောင်ရေးသား ပြုစုတင်ပြရမည်**

**EACH PERSON MUST SUBMIT THEIR OWN ORIGINAL WORK EVEN IF THE ANSWER IS THE SAME**

**လုပ်ဆောင်ရန် (DO:)**

အဖြေ(သို့မဟုတ်) သတင်းအချက်အလက်များကို အတူတူ ကူညီရှာဖွေပါ

**HELP EACH OTHER FIND THE ANSWER (OR) INFORMATION TOGETHER**

**ရှောင်ရန် (DON'T:)**

တစ်ဦးထံမှတစ်ဦး ကူးမချပါနဲ့

အားလုံးတူနေတဲ့အဖြေတွေကို မတင်ပြပါနဲ့

**DON'T COPY FROM EACH OTHER**

**DON'T SUBMIT THE SAME WORK**

# သင်ဘာလုပ်သင့်သလဲ

**WHAT SHOULD YOU DO?**

၁။ လိမ်လည်ခြင်း၊ ခိုးယူကူးချခြင်း၊ ကျောင်းပညာရေးတွင်အခြား ပုံစံအမျိုးမျိုးဖြင့် မရိုးမဖြောင့်လုပ်ဆောင်ခြင်းများကို မပြုလုပ်ရန် တားမြစ်ထားသည့် ကျောင်းစည်းမျဉ်းစည်းကမ်းများကို နားလည် သဘောပေါက်အောင် ပြုလုပ်ပါ

**UNDERSTAND THE RULES ON CHEATING, PLAGIARISM & OTHER FORMS OF ACADEMIC DISHONESTY**

၂။ အခြားသူများ ဆောင်ရက်လုပ်ကိုင်ထားသည်များကို မည်သို့ သင့်တော်ကောင်းမွန်စွာ ရည်ညွှန်းကိုးကားနိုင်ကြောင်းကို လေ့လာ သင်ယူပါ

**LEARN HOW TO REFERENCE THE WORK OF OTHERS PROPERLY**

၃။ အတန်းတိုင်း၊ အတန်းတိုင်း၊ သတ်မှတ်စည်းမျဉ်းများကို နားလည် သဘောပေါက်အောင် ပြုလုပ်ပါ

**UNDERSTAND THE RULES IN EACH CLASS**



**သင်ရိုးမာတိကာ**

**COURSE SYLLABUS**

ခိုးယူကူးချခြင်း : PLAGIARISM
လိမ်လည်ခြင်း : CHEATING
အုပ်စုလိုက်လုပ်ကိုင်ရန် အလုပ်တာဝန် : GROUP WORK

# သင့်တွင်ရွေးချယ်စရာများရှိသည်

**YOU HAVE CHOICES:**

## ကျောင်းရှိအရင်းအမြစ်များကို အသုံးချပါ

**USE CAMPUS RESOURCES**

## သင့်အချိန်ကို အမြော်အမြင်ရှိစွာ စီမံခန့်ခွဲပါ

**MANAGE YOUR TIME WISELY**

## သင်၏လမ်းညွှန်နည်းပြဆရာများထံ ဆွေးနွေးမေးမြန်းပါ

**TALK TO YOUR INSTRUCTORS**

## ကျောင်းစည်းမျဉ်းများကို လေ့လာ၍ လေးစားလိုက်နာပါ။

**LEARN AND RESPECT THE RULES**

**သင်၏ကျောင်းပညာသင်ယူမှုအလုပ်ကို ရိုးသားစွာလုပ်ဆောင်ခြင်းသည် သင်၏ကိုယ်ရေးကိုယ်တာဘဝနှင့် အနာဂတ်အတတ်ပညာကျွမ်းကျင်မှုဆိုင်ရာအလုပ်ခွင်တွင် အောင်မြင်မှုရရှိရန် အသင့်ပြင်ဆင်ထားခြင်းဖြစ်ပါသည်**

**ACTING HONESTLY IN YOUR ACADEMIC WORK WILL PREPARE YOU FOR SUCCESS IN YOUR PERSONAL AND PROFESSIONAL FUTURE**





# ကျောင်းတွင်တာဝန်ထမ်းဆောင်ခြင်း

## ရည်ရွယ်ချက်

၁။ (က) ကိုယ်ကျိုးနှင့် အများအကျိုး၏ ကွဲပြားခြားနားချက်ကို ခွဲခြားသိမြင်နားလည် သဘောပေါက်ရန်၊

(ခ) ကိုယ်ကျိုးရှာခြင်းနှင့် အများအကျိုးဆောင်ရွက်ခြင်းတို့ကို ခွဲခြားစဉ်းစားတွေးခေါ်တတ်စေရန်၊

(ဂ) နိုင်ငံသားတို့၏ တာဝန်အလိုက် ပြုမူဆောင်ရွက်တတ်စေရန်နှင့် လူ့အဖွဲ့အစည်းအတွက် တာဝန်ယူတတ်စေရန်။

## ပညာပေးအနှစ်သာရ/ အသိပညာ

၂။ နိုင်ငံသားဖြစ်သည်ဆိုသည်မှာ လူတို့၏ အဆင့်အတန်းတစ်ခုဖြစ်ပြီး နိုင်ငံ့ဥပဒေအရ အခိုင်အမာထောက်ခံချက်ရပြီးသော လူတို့အတွက် တာဝန်၊ အခွင့်အရေးနှင့်နေရာ ရှိကြသူများဖြစ်သည်။ အတူတကွစုပေါင်းနေထိုင်သော လူ့အဖွဲ့အစည်းတွင် မိမိ၏ တာဝန်ကိုသိပြီး တာဝန်ယူမှုရှိရန် များစွာလိုအပ်သည်ဖြစ်ရာ ကိုယ်ကျိုးရှာခြင်းနှင့် အများအကျိုးဆောင်ရွက်ခြင်းတို့ကို ခွဲခြားသိမြင်ပြီး လူ့အဖွဲ့အစည်းအပေါ် တာဝန်ယူကာ မိမိတန်ဖိုးကိုထိန်းသိမ်း၍ အများအကျိုးကိုစောင့်ရှောက်ရပါမည်။

## ပညာပေးလုပ်ရှားမှု အဆင့်ဆင့်

၃။ "**တံမြက်စည်း ဘယ်ပျောက်သွားလဲ**" ခေါင်းစဉ်ဖြင့် ဇာတ်လမ်းတိုကို ကျောင်းသားများအားလုံးဖတ်ရှုနိုင်အောင် စီစဉ်ပေးပါ။

၄။ ဆက်လက်၍ "**တံမြက်စည်းဘယ်ပျောက်သွားလဲ**" ခေါင်းစဉ်ဖြင့်ဇာတ်လမ်းတို၏ အဓိကဆိုလိုရင်းအချက်ကို ကျောင်းသားများအား ရေးသားစေပါ။ **(လေ့ကျင့်ခန်း- ၁)**

၅။ ဆရာက ကျောင်းသားအချို့ကို ကိုယ်စားလှယ်အဖြစ် ရွေးချယ်၍ ဇာတ်လမ်းတို၏ ဆိုလိုရင်းအချက်အပေါ် ထိုကျောင်းသားများ၏ ထင်မြင်ချက်ကို အတန်းရှေ့တွင် တင်ပြဆွေးနွေးပါစေ။

၆။ ဆရာက ကျောင်းသားများကို အဖွဲ့ (၆) ဖွဲ့ခွဲပါ။ အဖွဲ့တစ်ဖွဲ့စီအား ကျောင်းစာသင်ခန်း အသုံးအဆောင် တစ်မျိုးစီကိုယူလာစေပြီး တစ်မျိုးစီ၏ အသုံးပြုပုံ၊ ကြာရှည်သုံးနိုင်ရန် ထိန်းသိမ်းပုံတို့ကို အချက်အလက်များ စုပေါင်းဆွေးနွေးဖော်ထုတ်စေပြီး "**သုံးတတ်လျှင်သိမ်းတတ်ရမည်**" ခေါင်းစဉ်ဖြင့် အလုပ်မှတ်တမ်း ပြုစုစေပါ။ **(လေ့ကျင့်ခန်း-၂)**

၇။ ဆရာက ကျောင်းသားအဖွဲ့တစ်ဖွဲ့စီအား စာသင်ခန်းသန့်ရှင်းရေး ပြုလုပ်ရန် အောက်ပါအတိုင်း တာဝန်ပေးပြီး ပစ္စည်းအသုံးပြုခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ကို စောင့်ကြည့်ပါ-

(က) အဖွဲ့(၁)နှင့်(၂)သည် တံမြက်စည်းလှည်း၍ ကြမ်းတိုက်ရန်၊

(ခ) အဖွဲ့(၃)နှင့်(၄)သည် ဆရာစားပွဲဖုန်သုတ်ရန်၊ ပစ္စည်းတင်သည့်စင်နှင့် စာအုပ်စင်များကို ဖုန်သုတ်ပြီး စနစ်တကျပြန်စီထားရန်၊

(ဂ) အဖွဲ့(၅)နှင့်(၆)သည် စားပွဲ၊ ကုလားထိုင်များ ယိုင်နဲ့မှုရှိ/မရှိ စစ်ဆေး၍ စာရင်းပြုစုရန်။

၈။ သန့်ရှင်းရေးလုပ်ပြီးနောက် ဆရာနှင့်ကျောင်းသား အားလုံးစုပေါင်း၍ အပြီးသတ်ကောက်ချက်ချ ဆွေးနွေးကြရာတွင် စာသင်ခန်းတွင်ရှိသော ပစ္စည်းများသည် အားလုံးအတူတူသုံးစွဲကြသည်ဖြစ်သောကြောင့် အများပိုင်ပစ္စည်းဖြစ်ကြောင်း၊ မိမိတို့အားလုံးသည်လည်း ပစ္စည်းများ၏ ပိုင်ရှင်ဖြစ်ကြောင်း၊ ထို့ကြောင့်ပစ္စည်းများကို အသုံးပြုပြီးလျှင် စည်းကမ်းတကျ သိမ်းဆည်းရမည်ဖြစ်ကြောင်း၊ စားပွဲ၊ ကုလားထိုင်များပေါ်တွင် ရေးခြစ်ခြင်းမပြုဘဲ ကြာရှည်စွာ အသုံးပြုနိုင်ရန်အတွက် ထိန်းသိမ်းရန် တာဝန်ရှိကြောင်း စုပေါင်းကောက်ချက်ချဆွေးနွေးရပါမည်။

၉။ ဆက်လက်၍ နိုင်ငံသားဖြစ်သည်ဆိုသည်မှာ လူတို့၏အဆင့်အတန်းတစ်ခုဖြစ်ပြီး နိုင်ငံ့ဥပဒေအရ အခိုင်အမာထောက်ခံချက်ရပြီးသောလူတို့အတွက် တာဝန်၊ အခွင့်အရေးနှင့်နေရာရှိကြသူများဖြစ်ကြောင်း၊ အတူတကွစုပေါင်းနေထိုင်သော လူ့အဖွဲ့အစည်းတွင် မိမိ၏တာဝန်ကိုသိပြီး တာဝန်ယူမှုရှိရန် များစွာလိုအပ်သည်ဖြစ်ရာ ကိုယ်ကျိုးရှာခြင်းနှင့် အများအကျိုးဆောင်ရွက်ခြင်းတို့ကို ခွဲခြားသိမြင်ပြီး လူ့အဖွဲ့အစည်းအပေါ်တာဝန်ယူကာ မိမိတန်ဖိုးကိုထိန်းသိမ်း၍ အများအကျိုးကို စောင့်ရှောက်ရမည်ဖြစ်ကြောင်း ရှင်းပြပြီး အပြီးသတ်စုပေါင်းကောက်ချက်ချရမည်။

## လေ့လာရန် ဇာတ်လမ်းတို

**ခေါင်းစဉ် - " တံမြက်စည်း ဘယ်ပျောက်သွားလဲ"**

၁။ ယခုအပတ်တနင်္လာနေ့။ ဆဋ္ဌမတန်း အခန်း(၁)စာသင်ခန်းထဲတွင် ကြူကြူနှင့် သူငယ်ချင်းများ အဖွဲ့သည် အလှည့်ကျသန့်ရှင်းရေးတာဝန်ကို ထမ်းဆောင်ပြီး အိမ်ပြန်ရန် ပြင်ဆင်ကြသည်။

ခင်မ ။ ။"ငါတို့အိမ်မပြန်ခင် တံမြက်စည်း၊ ဂေါ်ပြားနဲ့ ကြမ်းတိုက်တံတွေကို သေသေချာချာ သိမ်းရအောင်"။

ကြူကြူ ။ ။ "အို.....ဘာဖြစ်လို့သိမ်းနေရမှာလဲ၊ ဒီမှာဒီအတိုင်းထားခဲ့လဲရသားနဲ့ မနက်ဖြန်ကျ သုံးရအုံးမှာပဲဟာ"။

မနော် ။ ။ "ဒီလိုလုပ်လို့မရဘူးနော် ဒါတွေက ငါတို့စာသင်ခန်းရဲ့ ပစ္စည်းတွေပဲ သုံးပြီးတိုင်း သေချာပြန်သိမ်းရမှာပေါ့"။

ကျော်အေး ။ ။"ဟုတ်တယ်။ ဒီမှာဒီအတိုင်းပစ်ထားခဲ့ရင် သူများတွေယူသွားလိမ့်မယ်။ ပျောက်သွားရင် ငါတို့ဘယ်ကနေ ယူပြီးသုံးရမလဲ"။

ကြူကြူ ။ ။"ဟုတ်ပါပြီ။ ဒါဆိုလည်းငါတို့ဒီပစ္စည်းတွေကို ပုံးထဲထည့်ပြီး သိမ်းထားခဲ့မယ်။ သုံးရမယ့်အချိန်ကျတော့ အဆင်ပြေပြေယူသုံးလို့ရတာပေါ့ဟာ"။

၂။ အင်္ဂါနေ့သည် မမြဇင်တို့အဖွဲ့ အလှည့်ကျတာဝန်ယူရသည့်နေ့ဖြစ်ပါသည်။ မမြဇင်နှင့် သူငယ်ချင်းများ သန့်ရှင်းရေးပစ္စည်းများကို သွားယူသောအခါ စနစ်တကျ စည်းကမ်းရှိစွာ သိမ်းထားသည်ကို မြင်တွေ့ရသည်။

မမြဇင် ။ ။"မနေ့ကတာဝန်ကျတဲ့အဖွဲ့က သန့်ရှင်းရေးပစ္စည်းတွေကို သိမ်းထားတာ စနစ်တကျနဲ့ စည်းကမ်းရှိလိုက်တာ ယူသုံးရတာလဲ အဆင်ပြေတယ်၊ ပျောက်လဲ ပျောက်မသွားဘူး"။

အောင်ကျော်။ ။"ကောင်းတယ်။ တံမြက်စည်းက အမျှင်နည်းနည်းပါးနေပေမယ့် အကြာကြီး သုံးလို့ ရနိုင်သေးတယ်"။

ဖြူပြာ ။ ။"ငါတို့က ကျောင်းစာသင်ခန်းသုံး ပစ္စည်းတွေကို မြတ်နိုးတန်ဖိုးထားတတ်ရ မယ်။ အသုံးမလိုသေးလဲ သိမ်းထားရင် မြန်မြန်မပျက်စီးတော့ဘူး"။

ဘိုဘို ။ ။"ဟုတ်တယ်၊ ဂေါ်ပြားနဲ့ ကြမ်းတိုက်တံတွေကို လွှတ်ချတာ၊ ဆောင့်ချတာတွေ မလုပ်သင့်ဘူး၊ ကျိုးသွားရင် သုံးစရာမရှိဖြစ်လိမ့်မယ်"။

မမြဇင်   ။   ။"ကောင်းတယ်။ တို့အားလုံး စုပေါင်းကူညီတာဝန်ထမ်းကြစို့ဟေ့၊ တံမြက်စည်းကို ပစ်မပေးနဲ့နော်။ ငါတို့ဒီပစ္စည်းတွေကို ကြာရှည်သုံးလို့ရအောင် စနစ်တကျ အသုံးပြုပြီး သေသေချာချာ သိမ်းဆည်းထားရမယ်"။

၃။ ဆရာဦးခင်မောင်လင်းသည် စာသင်ခန်းကိုဖြတ်လာစဉ် ကလေးများ တံမြက်စည်း၊ ဂေါ်ပြားနှင့် ကြမ်းတိုက်တံတို့ကို သေချာသိမ်းထားသည်ကို မြင်တွေ့လိုက်သောအခါ ချီးကျူးလေသည်။

၄။ သောကြာနေ့သည် မပုလဲတို့အဖွဲ့ သန့်ရှင်းရေးတာဝန် ယူရမည့်နေ့ ဖြစ်ပါသည်။ သို့ရာတွင် သန့်ရှင်းရေးသုံး တံမြက်စည်း၊ ဂေါ်ပြားနှင့် ကြမ်းတိုက်တံများ ရှာမတွေ့တော့ပါ။ ပျောက်ဆုံးနေပါသည်။

မပုလဲ   ။   ။"ဒီနေ့ငါတို့ သန့်ရှင်းရေးလုပ်ဖို့ တံမြက်စည်းနဲ့ကြမ်းတိုက်တံကို ရှာမတွေ့တော့ဘူး။ အိမ်ပြန်ကြရအောင်ဟာ......"။

မနန်းခင်   ။   ။"မဖြစ်ဘူးထင်တယ်။ မရှိလဲ လိုက်ရှာပြီး သန့်ရှင်းရေးလုပ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ တို့တာဝန်ကျတဲ့နေ့လေ"။

မခင်ထွေး   ။   ။"ဘယ်လိုလုပ်ပြီးလုပ်မှာလဲ။ ငါကတော့ အိမ်ကိုစောစောပြန်ကြတာ ကောင်းမယ်ထင်တယ်"။

ကိုထက်   ။   ။"ငါတို့ တခြားအခန်းကိုသွားပြီး ငှားပြီးလုပ်ကြမယ်လေ"။

မပုလဲ   ။   ။"ငါတို့ပစ္စည်းတွေ ဘယ်သူခိုးသွားတာလဲမသိဘူး၊ ငါတို့လဲ အခြားအခန်းကနေခိုးကြမယ်လေ။ ငါတို့ပျောက်သွားတဲ့ ပစ္စည်းတွေ အစားပြန်ရတာပေါ့"။

အားလုံး   ။   ။ !!!!!!!

## လေ့ကျင့်ခန်း (၁)

## တံမြက်စည်း ဘယ်ပျောက်သွားလဲ

၁။ ကျောင်းသား/ ကျောင်းသူများက "**တံမြက်စည်းဘယ်ပျောက်သွားလဲ**" ဇာတ်လမ်းတို့၏ အဓိက ဆိုလိုရင်းကို စိစစ်ဖော်ထုတ်ပါ။

--------------------------------------------------------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

၂။ အကယ်၍ ကျောင်းသား/ကျောင်းသူသည် ကြုံကြုံနေရာမှာဆိုလျှင် တံမြက်စည်းနှင့် ကြမ်းတိုက်တံကို သိမ်းဆည်းပါမည်လား။ မသိမ်းဆည်းဘဲပစ်ထားမည်လား။ မည်သည့်အကြောင်း ကြောင့် သိမ်းဆည်းသင့်သည်၊ မည်သည့်အကြောင်းကြောင့် မသိမ်းဆည်းသင့် ကြောင်းကို ဖော်ပြပေးပါ။

--------------------------------------------------------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

၃။ မပုလဲနှင့် သူငယ်ချင်းများသည် အခြားစာသင်ခန်းမှ တံမြက်စည်းနှင့် ကြမ်းတိုက်တံကို အသိမပေးဘဲ သွားယူသင့်သည်ဟု ထင်ပါသလား။ မယူသင့်ဘူးဟု ထင်ပါသလား။

--------------------------------------------------------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

လေ့ကျင့်ခန်း (၂)

## သုံးတတ်လျှင် သိမ်းတတ်ရမည်

**အဖွဲ့နံပါတ်** -------------------------

**အဖွဲ့ဝင်အမည်များ**

၁။ ----------------------

၂။ ----------------------

၃။ ----------------------

၄။ ----------------------

၅။ ----------------------

၁။ ယခုလက်ရှိစာသင်ခန်းအတွင်းရှိ အများပိုင်ပစ္စည်းများကိုဖော်ပြပေးပါ။ ယင်းအနက် ကျောင်းသားတို့ စောင့်ရှောက်ပေးနိုင်သော အများပိုင်ပစ္စည်းများကို ဖော်ပြပါ။

----------------------------------------------------------------------------------------------------

----------------------------------------------------------------------------------------------------

----------------------------------------------------------------------------------------------------

----------------------------------------------------------------------------------------------------

----------------------------------------------------------------------------------------------------

၂။ ထိုပစ္စည်းများကို အသုံးပြုနည်းမှန်ကန်စေရန်နှင့် ထိန်းသိမ်းရန် ပြုလုပ်ရမည့် အဓိကအချက်များကို ဖော်ပြပါ။

----------------------------------------------------------------------------------------------------

----------------------------------------------------------------------------------------------------

----------------------------------------------------------------------------------------------------

----------------------------------------------------------------------------------------------------

----------------------------------------------------------------------------------------------------

၃။ ကျောင်းသား/ကျောင်းသူများ တာဝန်ယူရမည့် ပြဿနာကဘာလဲ။ ဘယ်လိုပြဿနာ အခြေအနေမျိုးလဲ။

----------------------------------------------------------------------------------------------------

----------------------------------------------------------------------------------------------------

----------------------------------------------------------------------------------------------------

----------------------------------------------------------------------------------------------------

----------------------------------------------------------------------------------------------------

# GRADE - 7

၁ လူမှုတန်ဖိုးများကို တည်ဆောက်ခြင်းနှင့်အသုံးချခြင်း

၂ မိမိကိုယ်တိုင်နှင့် အခြားသူ/လူ့အဖွဲ့အစည်းအား တာဝန်ယူမှုရှိခြင်း

၃ နိုင်ငံသားဖြစ်ခြင်းနှင့် နိုင်ငံ့သားကောင်းတို့၏ တာဝန်ဝတ္တရားများ

# လူမှုတန်ဖိုးများကိုတည်ဆောက်ခြင်းနှင့် အသုံးချခြင်း

## ရည်ရွယ်ချက်

၁။ ဤသင်ခန်းစာကို သင်ယူပြီးနောက်တွင် ကျောင်းသားများသည် အောက်ပါတို့ကို ပြုလုပ်နိုင်ရန် မျှော်မှန်းပါသည်-

(က) လူတစ်ဦးချင်း၏ တန်ဖိုးထားမှုများကို သိနားလည်နိုင်ရန် အထောက်အကူပြုသည့် နည်းလမ်းများကို အသုံးချနိုင်ရန်နှင့် လူမှုတန်ဖိုးများအပေါ် အလေးအနက်စဉ်းစားဆင်ခြင်ရန်၊

(ခ) လူမှုတန်ဖိုးများတည်ဆောက်ရာတွင် သက်ရောက်မှုရှိသည့် အဓိကအကြောင်းအချက်များကို နားလည်ရန်၊

(ဂ) ကျင့်ဝတ်ဆိုင်ရာစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာ၌ ထည့်သွင်းစဉ်းစားမည့် အခြေခံသဘောတရားများကိုနားလည်ရန်နှင့် တာဝန်ယူမှုရှိသော ဆုံးဖြတ်ချက်များချမှတ်နိုင်ရန်။

## လေ့လာသင်ယူရန် အဓိကအချက်များ

၂။ (က) လူမှုတန်ဖိုးများ၏ ဆိုလိုရင်းအဓိပ္ပာယ်နှင့် အရေးကြီးမှု၊

(ခ) လူမှုတန်ဖိုးများတည်ဆောက်ခြင်းအပေါ် သက်ရောက်စေသည့် အဓိကအကြောင်းအချက်များ၊

(ဂ) လူတစ်ဦးချင်း၏ တန်ဖိုးထားမှုများကို သိနားလည်စေရေး အထောက်အကူရသည့် နည်းလမ်းများ၊

(ဃ) တာဝန်ယူနိုင်သော ဆုံးဖြတ်ချက်များ ချမှတ်ခြင်း။

## ခေါင်းစဉ်များ

၃။ **လူမှုတန်ဖိုးများတည်ဆောက်ခြင်းနှင့် အသုံးချခြင်း**

(က) အခြေခံအုတ်မြစ်အဖြစ်သင်ကြားရမည့်အပိုင်း(လူမှုတန်ဖိုးများတည်ဆောက်ဖွံ့ဖြိုးစေခြင်း)

(ခ) ဆက်လက်တိုးချဲ့သင်ကြားမည့်အပိုင်း (တာဝန်ယူနိုင်သော ဆုံးဖြတ်ချက်များချမှတ်ခြင်း)

## ပညာပေးလှုပ်ရှားမှုအဆင့်ဆင့်

| သင်ယူမှုအဆင့် | သင်ယူမှုနှင့်သင်ကြားမှုဆိုင်ရာအကြံပြုချက်များ | သင်ကြားမှုဆိုင်ရာအရင်းအမြစ်များ | အချိန်ကာလ |
|---|---|---|---|
| **သင်ခန်းစာနှင့်ရင်းနှီးမှုရရန် သွေးပူလေ့ကျင့်ခန်းများပြုလုပ်ခြင်း** | ဆရာ၊ ဆရာမသည် လုပ်ဆောင်ချက် (၁) သို့မဟုတ် (၂)ကို ရွေးချယ်ဆောင်ရွက်နိုင်သည်။<br>**(၁) လေလံပွဲတွင် ထားရှိရမည့် လူမှုတန်ဖိုးများ**<br>- ကျောင်းသားတစ်ဦးစီသည်သူ/သူမ နှစ်သက်သည့် လူမှုတန်ဖိုးတစ်ခုခုကိုလေလံဆွဲရန်ကျပ်၅၀၀၀၀စီ ရရှိထားသည် ဆိုပါစို့<br>- လေလံပွဲတွင် ရောင်းချမည့် လူမှုတန်ဖိုးများ၊ ဉပမာ- **ယုံကြည်မှု၊ ဉာဏ်ပညာ၊ ကမ္ဘာ့ငြိမ်းချမ်းရေး၊ မြင့်မားသောဂုဏ်အဆင့်အတန်း၊ ကောင်းမွန်သောကျန်းမာရေး**စသည်တို့ကိုကျောင်းသားများအား ပြသပါ။ ကျောင်းသားများသည် လက်ထောင်၍ ထိုတန်ဖိုးများအပေါ်တွင် စျေးပြိုင်ပေး၍ ယှဉ်ပြိုင်လေလံဆွဲရမည်ဖြစ်သည်။ လူမှုတန်ဖိုးတစ်ခုလျှင် ကျပ်၂၀၀၀ဖြင့် စျေးစဖွင့်ပါ။ ထိုအရာများကို စျေးအမြင့်ဆုံးပေးသူကို ရောင်းရန်ဖြစ်သည်။<br><br>ဆရာ၊ဆရာမသည်အောက်ပါမေးခွန်းများကိုကျောင်းသားများနှင့် ဆွေးနွေးရန်ဖြစ်သည်-<br>(၁)လေလံပွဲကာလအတွင်း မည်သည့်လူမှုတန်ဖိုး(များ)ကို သင်လေလံဆွဲခဲ့သလဲ? ထိုအရာများကို လေလံဆွဲရာ၌ အနိုင်ရခဲ့ပါသလား?<br>(၂)သင်၏အတန်းဖော်များကလည်း သင်လေလံဆွဲသည့် လူမှုတန်ဖိုးများကိုပင် လေလံဆွဲခဲ့ပါသလား? | လေလံဆွဲရမည့် လူမှုတန်ဖိုးများစာရင်း (နောက်ဆက်တွဲ-၁) | ၂၅ မိနစ် |

| | | | |
|---|---|---|---|
| | **မှတ်သားရန်အချက်/ ပြန်လည်ရှင်းလင်းဆွေးနွေးချက်**<br><br>**ကျောင်းသားတစ်ဦးသည် သူ/သူမအတွက် တန်ဖိုးအရှိဆုံး ဖြစ်သည့်အရာ(များ)ကို လေလံဆွဲခြင်းဖြစ်ပြီး ကျောင်းသားတိုင်းတွင် ယင်းတို့ကိုယ်ပိုင်တန်ဖိုးထားသော အရာများရှိကြသည်။** | | |
| | **(၂) သင်တန်ဖိုးထားသော အရာများနှင့် ကျွန်ုပ်တန်ဖိုးထားသော အရာများ တူပါသလား?**<br><br>-အရေးကြီးဆုံးဟု ကျောင်းသားများ ထင်မြင်ယူဆသည့် တန်ဖိုး၅ခုကို ကျောင်းသားများကို ချရေးခိုင်းပါ။(နောက်ဆက်တွဲ-၁တွင် ဖော်ပြထားသော ဥပမာများကို ကိုးကားနိုင်ပါသည်)<br><br>-ကျောင်းသားများကို ၅ဦးစီပါသော အုပ်စုများဖွဲ့ပေးပြီး အုပ်စုတစ်ခုစီ၏ အဖွဲ့ဝင်အားလုံး ဘုံသဘောတူသော အရေးကြီးဆုံး တန်ဖိုး ၅ခုကို ဆွေးနွေးရွေးချယ်ကြရန်ဖြစ်သည်။<br><br>-အုပ်စုတစ်ခုစီအလိုက် ရွေးချယ်ထားသော အရေးကြီးဆုံး တန်ဖိုး၅ခုကို သင်ပုန်းပေါ်တွင် ချရေးပါ။<br><br>-အတန်းတစ်တန်းလုံး ဘုံသဘောတူသော အရေးကြီးဆုံး တန်ဖိုးများကို ဖော်ထုတ်သတ်မှတ်ပါ။<br><br>ဆရာ၊ ဆရာမသည် အောက်ပါမေးခွန်းများကို ကျောင်းသားများနှင့် ဆွေးနွေးရန်ဖြစ်သည်။<br><br>(၁) သင်ရွေးချယ်ခဲ့သောတန်ဖိုးများသည် သင့်အတန်းဖော်များ ရွေးချယ်ခဲ့သော တန်ဖိုးများနှင့်တူသလား? သို့မဟုတ်ကွဲပြားခဲ့သလား?<br><br>(၂) မည်သည့်တန်ဖိုးများသည် သင့်အတွက် အရေးကြီးဆုံး ဖြစ်သည်ဆိုသည်ကို မည်သို့ဆုံးဖြတ်ခဲ့သနည်း? | | |

| | | | |
|---|---|---|---|
| | **မှတ်သားရန်အချက်/ပြန်လည်ရှင်းလင်းဆွေးနွေးချက်**<br>**- တန်ဖိုးများသည် မည်သည်ကအရေးကြီးသည်၊ မည်သည်က လုပ်သင့်လုပ်ထိုက်သည်၊ အကျိုးရှိသည် ဆိုသည်ကို ညွှန်ပြသည်။**<br>**- ထိုတန်ဖိုးများသည် မိမိတို့၏ နေ့စဉ်အသက်ရှင်နေထိုင်မှုတွင် မိမိတို့၏ရွေးချယ်ပြုမူ ဆောင်ရွက်ချက်များအပေါ် သက်ရောက်မှုရှိမည်ဖြစ်ပြီး ကျင့်ဝတ်လိုက်နာမှု အခြေအနေများကို ထင်ဟပ်ပေါ်လွင်နိုင်သည့် အခြေခံအချက်များဖြစ်သည်။** | | |
| **တည်ဆောက်ဖွံ့ဖြိုးစေခြင်းအဆင့်** | **(၁) တန်ဖိုးများတည်ဆောက်ခြင်း**<br>- လူငယ်များအလေးထားသည့် တန်ဖိုးများကို လေ့လာသည့် စစ်တမ်းတစ်ရပ်အရ တွေ့ရှိချက်များကို ကျောင်းသားများအား ဖတ်ရှုသိရှိနိုင်ရန် ဆောင်ရွက်ပေးပါ။<br>- ကျောင်းသားများကို အုပ်စုများခွဲပြီး လူငယ်၊ လူရွယ်များအကြား လူမှုတန်ဖိုးများတည်ဆောက်ခြင်းအပေါ် သက်ရောက်မှုရှိသည့် အဓိကအကြောင်းအချက်များကို ဆွေးနွေးတင်ပြစေပါ။<br>**မှတ်သားရန်အချက်/ပြန်လည်ရှင်းလင်းဆွေးနွေးချက်**<br>**- ကျွန်ုပ်တို့၏ လူမှုတန်ဖိုးများကို တည်ဆောက်ရာတွင် မိသားစု၊ ကျောင်း၊ လူမှုဝန်းကျင်၊ ယဉ်ကျေးမှုနှင့် မီဒီယာအစရှိသည့် အကြောင်းအချက်များက လွှမ်းမိုးမှုရှိနိုင်ပါသည်။**<br>**- ကျင့်ဝတ်ဆိုင်ရာ စိန်ခေါ်မှုများကို ထိရောက်စွာကိုင်တွယ် ဖြေရှင်းနိုင်ရန် ဆုံးဖြတ်ချက် ချမှတ်မှုအပေါ် လူမှုတန်ဖိုးများ၏ အကျိုးသက်ရောက်မှုကို လူတိုင်းနားလည် ထားသင့်သည်။** | လူငယ်များအလေးထားသောတန်ဖိုးများအပေါ်လေ့လာမှုစစ်တမ်း(နောက်ဆက်တွဲ-၂) | ၁၅ မိနစ် |

| | | | |
|---|---|---|---|
| | **(၂) ကျင့်ဝတ်ဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း**<br>- ကျောင်းသားများအား အုပ်စုများဖွဲ့ပေးပြီး ကျင့်ဝတ်ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှု ဇာတ်လမ်း ဇာတ်ကွက်တိုများကို သရုပ်ဆောင်စေရန်ဖြစ်သည်။<br>- ဥပမာ- အမှန်အတိုင်းတရားစီရင်မှုနှင့် သက်ညှာခွင့်လွှတ်မှု ဇာတ်လမ်းဇာတ်ကွက်၏ အဓိက သရုပ်ဆောင်များနေရာတွင် ကျောင်းသားများကို အသုံးဖြင့် သရုပ်ဆောင်ပါစေ။<br>- သရုပ်ဆောင်ပြီးနောက်တွင်ထိုအဓိက သရုပ်ဆောင်နေရာကပါဝင်သော ကျောင်းသားကို မည်ကဲ့သို့ ဆုံးဖြတ်ချက်များ ချမှတ်မည်ကိုမေးမြန်းပါ။ | ဆုံးဖြတ်ချက်ချမှတ်မှုဆိုင်ရာ ဇာတ်လမ်း ဇာတ်ကွက်များ (နောက်ဆက်တွဲ-၃) | ၃၀ မိနစ် |
| | **(၃) ကျင့်ဝတ်ဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာ၌ ထည့်သွင်းစဉ်းစားရမည့် အကြောင်းအချက်များ**<br>- ကျောင်းသားများကို အုပ်စုများခွဲပြီး အဓိက သရုပ်ဆောင်က ယင်း၏ဆုံးဖြတ်ချက်များ ချမှတ်ရာ၌ ထည့်သွင်းစဉ်းစားသည့် အဓိကအကြောင်းအချက်များ(အောက်ပါတို့အပါအဝင်)ကို ဆွေးနွေးပါစေ-<br>(၁) ဖြစ်နိုင်ခြေရှိသော နောက်ဆက်တွဲ အကျိုးဆက်များ<br>(၂) အခြားသူများအပေါ်တွင် သက်ရောက်မှုများ<br>(၃) အပြုသဘောတန်ဖိုးများကို ထိခိုက်ခံရခြင်း ရှိ၊မရှိ<br>-အုပ်စုလိုက် ဆွေးနွေးတင်ပြမှုများ ဆောင်ရွက်စေရန်နှင့်ဆရာက အကြံပြုအဖြေများကိုရှင်းလင်းပြောကြားပေးရန်ဖြစ်ပါသည်။ | ဆုံးဖြတ်ချက်ချမှတ်မှုဆိုင်ရာ အလုပ်မှတ်တမ်းလွှာ (နောက်ဆက်တွဲ-၄)<br><br>ဆုံးဖြတ်ချက်ချမှတ်မှုဆိုင်ရာ အလုပ်မှတ်တမ်းလွှာအတွက် အကြံပြုထားသော အဖြေများ (နောက်ဆက်တွဲ-၅) | ၄၀ မိနစ် |

| | | | |
|---|---|---|---|
| **ကောက်ချက်ချခြင်း** | - ဆုံးဖြတ်ချက်ချမှတ်သည့်အခါ တာဝန်ယူ တာဝန်ခံမှုများနှင့် နောက်ဆက်တွဲအကျိုးဆက်များကို ထည့်သွင်းစဉ်းစားသင့်သည်။<br><br>- အခြားသူများအပေါ် သက်ရောက်မည့်ကိစ္စများကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။<br><br>- ကျင့်ဝတ်ဆိုင်ရာစိန်ခေါ်မှုရှိသည့် အခြေအနေများတွင် အပြုသဘောဆောင်သည့် တန်ဖိုးများ ဖြစ်ကြသည့် ရိုးသားမှု၊ တာဝန်ယူမှုနှင့် တရားမျှတမှုတို့ကို ကိုင်စွဲထားသင့်သည်။<br><br>- အခန်းတွင်း လေ့ကျင့်မှုပြီးဆုံးလျှင် ထိုလေ့ကျင့်သင်ကြားမှုမှ"မည်သည်တို့ကို လေ့လာသင်ယူမိပြီး၊ ပြန်လည်အသုံးချမည်ဖြစ်ကြောင်းကို" စုစည်းဖော်ပြစေရန်ဖြစ်သည်။ | ဤသင်ကြားမှုမှ လေ့လာသင်ယူ ပြန်လည် အသုံးချမည့် အချက်များ ဖော်ပြသည့် အလုပ်မှတ်တမ်းလွှာ (နောက်ဆက်တွဲ-၆) | ၁၀ မိနစ် |

နောက်ဆက်တွဲ (၁)

## လေလံဆွဲရမည့် လူမှုတန်ဖိုးများစာရင်း

- ကျောင်းသားတစ်ဦးစီသည် သူနှစ်သက်တန်ဖိုးထားသည့် မည်သည့် လူမှုတန်ဖိုးကိုမဆို လေလံဆွဲရန် ကျပ် ၅၀၀၀၀ စီ ရရှိထားသည် ဆိုပါစို့။
- လေလံပွဲတွင် တင်ရောင်းမည့်အရာများဖြစ်ကြသည့် ဥပမာ- **ပျော်ရွှင်မှု၊ အသိပညာရှိမှု၊ ကမ္ဘာ့ငြိမ်းချမ်းရေး၊ မြင့်မားသောဂုဏ်အဆင့်အတန်း၊ ကောင်းမွန်သောကျန်းမာရေး** စသည်တို့ကို ကျောင်းသားများအား ပြသပါ။
- ထိုလူမှုတန်ဖိုးတစ်ခုစီအပေါ် ကျပ်၂၀၀၀စီဖြင့် ဈေးစဖွင့်မည်ဖြစ်ပြီး လေလံယှဉ်ပြိုင်ဆွဲရန် ကျောင်းသားများအနေနှင့် ၎င်းတို့ဝယ်ယူရန် အဆိုပြုမည့် ဈေးနှုန်းများကို လက်ထောင်၍ ဖော်ပြပြီး လေလံဆွဲရန်ဖြစ်သည်။ ဈေးအမြင့်ဆုံးပေးသည့် လေလံဆွဲသူကို ထိုလူမှုတန်ဖိုးကို ရောင်းချရန်ဖြစ်သည်။

| | |
|---|---|
| ၁။ ပျော်ရွှင်မှု | Happiness |
| ၂။ လွတ်လပ်မှု | Freedom |
| ၃။ ချမ်းသာကြွယ်ဝမှု | Wealth |
| ၄။ ပျော်ရွှင်သော မိသားစုတစ်ခု | A happy family |
| ၅။ မိတ်ဆွေစစ် | True friendship |
| ၆။ အသိပညာ | Wisdom |
| ၇။ ကောင်းမွန်သောကျန်းမာရေး | Good health |
| ၈။ တရားမျှတသော လူ့အသိုင်းအဝိုင်းတစ်ခုတွင် နေထိုင်ရခြင်း | Living in a fair society |
| ၉။ အဂတိလိုက်စားမှုကင်းစင်သော လူ့အသိုင်းအဝိုင်း တစ်ခုတွင် နေထိုင်ရခြင်း | Living in a corruption free society |
| ၁၀။ မေတ္တာစစ် | True love |
| ၁၁။ ရိုးသားသောသူတစ်ဦးဖြစ်ရခြင်း | Being an honest person |
| ၁၂။ ကမ္ဘာ့ငြိမ်းချမ်းရေး | World peace |
| ၁၃။ ဆွဲဆောင်မှုရှိသောရုပ်ရည်သွင်ပြင်လက္ခဏာ | Attractive apperance |
| ၁၄။ ဂုဏ်သတင်းကျော်ကြားမှု | Fame |
| ၁၅။ မြင့်မားသော ဂုဏ်အဆင့်အတန်း | High social status |
| ၁၆။ လုပ်ပိုင်ခွင့်အာဏာ | Power |

**နောက်ဆက်တွဲ (၂)**

## လူငယ်များ အလေးထားသော တန်ဖိုးများအပေါ် လေ့လာမှုစစ်တမ်း

နိုင်ငံအချို့၏ လူငယ်များအလေးထားသောတန်ဖိုးများအပေါ် လေ့လာမှုစစ်တမ်းများမှ ရလဒ်များကို လေ့လာကြည့်ရာတွင် လေ့လာမှုစစ်တမ်းတစ်ရပ်အရ မေးခွန်းလွှာများကို လူငယ်များက ဖြည့်သွင်းပေးပို့မှု စုစုပေါင်း ၅၂၃ခုအား ဆန်းစစ်ချက်ရလဒ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။ (ထိုမေးခွန်းလွှာ ဖြေဆိုသူများသည် ကျောင်း၃၂ကျောင်းမှ စတုတ္ထတန်းက ဆဋ္ဌမတန်းအထိ ကျောင်းသားများ ဖြစ်ကြသည်။)

| | |
|---|---|
| မေးခွန်းလွှာဖြေဆိုသူများ၏ ၉၃.၈%က | ဥပဒေကို မချိုးဖောက်သင့်ကြောင်း ဖော်ပြထားပါသည်။ |
| မေးခွန်းလွှာဖြေဆိုသူများ၏ ၆၆.၈%က | ကြိုးစားမှုသည် အောင်မြင်မှု၏သော့ချက်ဟု ဖော်ပြထားပါသည်။ |
| မေးခွန်းလွှာဖြေဆိုသူများ၏ ၆၃.၈%က | သူတို့သည် ငွေကြေးအတွက် ပူပန်နေရလိမ့်မည်ဟုမျှော်မှန်းထားကြောင်း ဖော်ပြထားပါသည်။ |
| မေးခွန်းလွှာဖြေဆိုသူများ၏ ၄၈.၂%က | သူတို့သည်ဖယ်ကြဉ်ခြင်းမခံရစေရန် အခြားသူများက စာရိတ္တပိုင်းဆိုင်ရာ လုပ်ဆောင်သည့်အတိုင်း လိုက်လုပ်ရန် ဖိအားပေးခြင်းခံရမည်ဟု မျှော်မှန်းထားပါသည်။ |
| မေးခွန်းလွှာဖြေဆိုသူများ၏ ၃၁.၈%က | သူတို့သည် ငွေကြေးကိုသုံးစွဲခြင်းအားဖြင့် ပျော်ရွှင်မှုရှာဖွေနိုင်သည်ဟု ထင်မြင်ကြသည်။ |
| မေးခွန်းလွှာဖြေဆိုသူများ၏ ၁၈.၉%က | ငွေရှာသည့်နည်းလမ်းများသည် အခြားသူအပေါ် ထိခိုက်အန္တရာယ် မဖြစ်သမျှကာလပတ်လုံး တရားဝင်သည်ဖြစ်စေ၊ တရားမဝင်သည် ဖြစ်စေ ကိစ္စမရှိပါဟုထင်မြင်ကြသည်။ |

**သတင်းရင်းမြစ်**

လူငယ်၊ လူရွယ်များ၏ ကျင့်ဝတ်စံနှုန်းများနှင့် လူမှုဆိုင်ရာ အပြုအမူကောင်းများနှင့်ဆိုင်သော လေ့လာဆန်းစစ်မှု အစီရင်ခံစာမှ ထုတ်နုတ်ဖော်ပြချက် (၂၀၁၁ခုနှစ်၊ ဟောင်ကောင်ဥပဒေ အသိုင်းအဝိုင်း)

နောက်ဆက်တွဲ (၃)

## ဆုံးဖြတ်ချက်ချမှတ်မှုဆိုင်ရာ ဇာတ်လမ်း ဇာတ်ကွက်များ

**ဇာတ်လမ်း ဇာတ်ကွက် (၁)**

**မဉ္ဇူမှာနှင့် သူမ၏ အတန်းဖော်များအား ဆရာမက ခရစ္စမတ်ပါတီပွဲအတွက် လက်ဆောင်များ ဝယ်ရန် တာဝန်ပေးခဲ့သည်။ သူမ၏ အတန်းဖော်များသည် ထိုလက်ဆောင်ပစ္စည်းများဝယ်ရာမှ မေတ္တာလက်ဆောင် အဖြစ် အခမဲ့ပေးလိုက်သော အပိုလက်ဆောင်များအားလုံးကို ယူထားကြပြီး ဆရာမအား ပြန်မပြောရန် မဉ္ဇူမှာအားပြောခဲ့သည်။**

ဇာတ်လမ်းဇာတ်ကွက်(၁)တွင် အောက်ပါနေရာအသီးသီး၌ ပါဝင်သရုပ်ဆောင်မည့် အဖွဲ့ဝင်များကို စီစဉ်နေရာချထားပါ။

အဖွဲ့ဝင် (၁): မဉ္ဇူမှာ

အဖွဲ့ဝင် (၂)နှင့်(၃): မဉ္ဇူမှာ၏ အတန်းဖော်များ မခင်ရူပနှင့် မမာလာအောင်

အဖွဲ့ဝင် (၄): အမှန်အတိုင်းပြောရန် မဉ္ဇူမှာကို ဆွဲဆောင်နေသည့် သူမ၏ အတွင်းစိတ်သဏ္ဍာန်

အဖွဲ့ဝင် (၅): အမှန်အတိုင်းမပြောရန် မဉ္ဇူမှာကို ဆွဲဆောင်နေသည့် သူမ၏ အတွင်းစိတ်သဏ္ဍာန်

---

**ဇာတ်လမ်း ဇာတ်ကွက် (၂)**

**မောင်ကောင်းထက်၏ အခင်ဆုံးသူငယ်ချင်းမောင်ရဲကျော်က မောင်ကောင်းထက်၏ အိမ်စာများကို မိတ္တူကူးခွင့်ပြုရန် မောင်ကောင်းထက်အား တောင်းဆိုသည်။ မောင်ရဲကျော်သည် သူ၏မိခင် ဆေးရုံတက်နေ၍ မိခင်အားပြုစုနေရပြီး အိမ်မှုကိစ္စများကိုလည်း လုပ်ကိုင်နေရသောကြောင့် အချိန်မရသဖြင့် အိမ်စာများကို ကိုယ်တိုင်မလုပ်နိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။**

ထိုဇာတ်လမ်းဇာတ်ကွက်(၂)တွင် အောက်ပါနေရာများ၌ပါဝင်သရုပ်ဆောင်ရန် အဖွဲ့ဝင်များကို စီစဉ်နေရာချထားပါ။

အဖွဲ့ဝင် (၁): မောင်ကောင်းထက်

အဖွဲ့ဝင် (၂): မောင်ကောင်းထက်၏ အခင်ဆုံးသူငယ်ချင်းမောင်ရဲကျော်

အဖွဲ့ဝင် (၃): မောင်ကောင်းထက်၏သက်ညှာခွင့်လွှတ်လိုသည့် အတွင်းစိတ်သဏ္ဍာန်

အဖွဲ့ဝင်(၄): မောင်ကောင်းထက်၏ အမှန်အတိုင်းတရားစီရင်ဆောင်ရွက်လိုသည့် အတွင်းစိတ်သဏ္ဍာန်

**ဇာတ်လမ်းဇာတ်ကွက် (၃)**

**မောင်ဖုန်းမြင့်သည် အတန်းကြီး ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်ပြီး သူ၏အခင်ဆုံးသူငယ်ချင်း မောင်အောင်ကိုသည် နေ့လယ်စာစားချိန်ပြီးနောက် ကျောင်းပြန်တက်သည့်အခါ ၃မိနစ် ကျောင်းတက်နောက်ကျသည်။ သူငယ်ချင်းမောင်အောင်ကိုက သူ၏နာမည်ကို ရေးမှတ်မထားရန်နှင့် ကျောင်းနောက်ကျသူစာရင်းပြုစုရာတွင် သူ့နာမည်ကို မဖော်ပြရန် မေတ္တာရပ်ခံသည်။**

ထိုဇာတ်လမ်းဇာတ်ကွက်တွင် အောက်ပါနေရာများ၌ ပါဝင်သရုပ်ဆောင်ရန် အဖွဲ့ဝင်များကို စီစဉ်နေရာ ချထားပါ။

အဖွဲ့ဝင် (၁): မောင်ဖုန်းမြင့်

အဖွဲ့ဝင် (၂): မောင်ဖုန်းဖြင့်၏ အခင်ဆုံးသူငယ်ချင်းမောင်အောင်ကို

အဖွဲ့ဝင် (၃): မောင်ဖုန်းမြင့်၏ သက်ညှာခွင့်လွှတ်လိုသည့် အတွင်းစိတ်သဏ္ဌာန်

အဖွဲ့ဝင် (၄): မောင်ဖုန်းမြင့်၏ အမှန်အတိုင်းတရားစီရင်ဆောင်ရွက်လိုသည့် အတွင်းစိတ်သဏ္ဌာန်

---

**ဇာတ်လမ်းဇာတ်ကွက် (၄)**

**မခင်သန္တာသည် အတန်းဖော် မမျိုးမျိုးအား သူမ၏ဖေဖေ နိုင်ငံခြားမှဝယ်လာသည့် နာမည်ကြီး ဒီဇိုင်နာက အရေအတွက် အနည်းငယ်မျှသာထုတ်သည့် လက်ကိုင်အိတ်သေးသေးလေးတစ်လုံးကို ကျပ်၃၀၀၀၀ဖြင့် ရောင်းချပေးရန် ကတိပေးထားပြီး ထိုအိတ်ကို မနက်ဖြန်တွင် မမျိုးမျိုးထံသို့ ပို့ပေးရန် စီစဉ်ထားသည်။ ထိုအကြောင်းကို သိရှိထားသည့် အတန်းဖော် မမေပုလဲက ကျပ်၅၀၀၀၀ ပေး၍ ဝယ်လိုကြောင်း ပြောလာသည်။ မခင်သန္တာသည် မည်သို့ပြုလုပ်ရမည်မသိ ဖြစ်နေသည်။**

ဇာတ်လမ်းဇာတ်ကွက်တွင် အောက်ပါနေရာအသီးသီး၌ ပါဝင်သရုပ်ဆောင်မည့် အဖွဲ့ဝင်များကို စီစဉ်နေရာ ချထားပါ။

အဖွဲ့ဝင် (၁): မခင်သန္တာ

အဖွဲ့ဝင် (၂)နှင့်(၃): မခင်သန္တာ၏ အတန်းဖော် မမျိုးမျိုးနှင့် အတန်းဖော် မမေပုလဲ

အဖွဲ့ဝင် (၄): ကတိတည်ရန် မခင်သန္တာကို ဆွဲဆောင်ပြောဆိုနေသည့် သူမ၏ အတွင်းစိတ်သဏ္ဌာန်

အဖွဲ့ဝင်(၅): ပိုမိုမြင့်မားသောဈေးဖြင့် အိတ်ကိုရောင်းချရန် မခင်သန္တာအားဆွဲဆောင်နေသည့် သူမ၏ အတွင်းစိတ်သဏ္ဌာန်

**ဇာတ်လမ်းဇာတ်ကွက် (၅)**

**မောင်မင်းကို၏ အားကစားအသင်းဝင်များက ကျောင်းတွင်းအားကစားပြိုင်ပွဲ၏ အစောပိုင်းပွဲစဉ်တွင် တမင်အရှုံးခံလိုက်ရန် မောင်မင်းကိုအား အဆိုပြုကြသည်။ ထိုသို့အရှုံးခံလျှင် ရှေ့ဆက်လာမည့် ပွဲစဉ်များတွင် ပိုမိုယှဉ်ပြိုင်ရလွယ်သောသူနှင့် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး၊ အားကောင်းသော ပြိုင်ဘက်များကို အစောပိုင်းပွဲစဉ်များတွင်မတွေ့ရန် ရှောင်ရှားနိုင်မည် ဖြစ်သည်။**

ဇာတ်လမ်းဇာတ်ကွက်တွင် အောက်ပါနေရာအသီးသီး၌ ပါဝင်သရုပ်ဆောင်မည့် အဖွဲ့ဝင်များကို စီစဉ်နေရာချထားပါ။

အဖွဲ့ဝင် (၁): မောင်မင်းကို

အဖွဲ့ဝင် (၂) နှင့်(၃): မောင်မင်းကို၏ အားကစားအသင်းသားများ

အဖွဲ့ဝင်(၄): အစောပိုင်းပွဲစဉ်တွင်အရှုံးခံရန် မောင်မင်းကိုအား ဆွဲဆောင်နေသည့် သူ၏အတွင်းစိတ်သဏ္ဌာန်

အဖွဲ့ဝင်(၅): ပြိုင်ပွဲတွင် အကောင်းဆုံးယှဉ်ပြိုင်ရန် မောင်မင်းကိုအားဆွဲဆောင်နေသည့် သူ၏ အတွင်းစိတ်သဏ္ဌာန်

နောက်ဆက်တွဲ(၄)

## ဆုံးဖြတ်ချက် ချမှတ်မှုဆိုင်ရာ အလုပ်မှတ်တမ်းလွှာ

**အုပ်စုလိုက်ဆောင်ရွက်မှု။** အထက်တွင်ဖော်ပြထားသော ဇာတ်လမ်းဇာတ်ကွက်များကိုအခြေခံ၍ အဓိက သရုပ်ဆောင်က ဆုံးဖြတ်ချက်များ ချမှတ်သည့်အခါ ထည့်သွင်းစဉ်းစားခဲ့သည့် အကြောင်းအချက်များကို စုပေါင်းဆွေးနွေးပြီး ကွက်လပ်ဖြည့်သွင်းပါ။

| | နည်းလမ်း (က)<br>( ) | နည်းလမ်း (ခ)<br>( ) |
|---|---|---|
| ဖြစ်နိုင်ခြေရှိသော နောက်ဆက်တွဲ အကျိုးဆက်များ/ကိစ္စများ | | |
| အခြားသူများအပေါ် သက်ရောက်မှုများ | | |
| အပြုသဘောတန်ဖိုးများကို ထိခိုက်မည်လား ? | | |

အထက်ပါ အကြောင်းအချက်များကို စဉ်းစားပြီးနောက်တွင် အဓိက သရုပ်ဆောင်အနေနှင့် ဆုံးဖြတ်ချက် ချမှတ်ရာတွင် သင်မည်သို့ အကြံပြုမည်နည်း ?

နောက်ဆက်တွဲ(၅)

## ဆုံးဖြတ်ချက်ချမှတ်မှုဆိုင်ရာ အလုပ်မှတ်တမ်းလွှာအတွက် အကြံပြုထားသည့် အဖြေများ

(ကိုးကားရန်အတွက်သာ)

ဇာတ်လမ်းဇာတ်ကွက် (၁)

| | နည်းလမ်း (က)<br>(အမှန်ပြောခြင်း) | နည်းလမ်း (ခ)<br>(အမှန်မပြောခြင်း) |
|---|---|---|
| ဖြစ်နိုင်ခြေရှိသော နောက်ဆက်တွဲ အကျိုးဆက်များ/ကိစ္စများ | • မဥမ္မာသည် ဆရာမကို အမှန်အတိုင်း ပြောပါက မရိုးသားသည့် အတန်းဖော်များသည် ဆရာမ၏အပြစ်တင်ခြင်းကို ခံရပြီး မဥမ္မာကို ဝေဖန်အပြစ်တင်လာနိုင်သည်။ | • မဥမ္မာသည် အတန်းဖော်များ၏ မမှန်မကန်လုပ်ဆောင်မှုကို ဖုံးကွယ်ပေးထားလျှင် အဖြစ်မှန်ကို သိရှိသွားချိန်၌ ဆရာမ၏ အပြစ်တင်မှုကို ခံရနိုင်သည်။ |
| အခြားသူများအပေါ် သက်ရောက်မှုများ | • လက်ဆောင်ပစ္စည်းများဝယ်ရန် တာဝန်ပေးခဲ့သော ဆရာမအပေါ် တာဝန်ခံသည်။<br>• လက်ဆောင်ပစ္စည်းများကို အတန်းပိုင်ငွေဖြင့် ဝယ်ခြင်းဖြစ်သောကြောင့် အခြားသော အတန်းဖော်များအပေါ်၌လည်း တရားမျှတမှုရှိရန် လိုသည်။ လက်ဆောင်ပစ္စည်းဝယ်ရာမှအခမဲ့မေတ္တာလက်ဆောင်ရရှိသော ပစ္စည်းများသည် အတန်းပိုင်ဖြစ်သင့်သည်။ | • မဥမ္မာနှင့် ဆရာမအကြားထားရှိသည့် ယုံကြည်မှုကို ချိုးဖောက်သည်။<br>• အခြား အတန်းဖော်များအပေါ် တရားမျှတမှုမရှိပါ။ |
| အပြုသဘောတန်ဖိုးများကို ထိခိုက်မည်လား? | • ရိုးသားမှု၊ တာဝန်ယူမှုနှင့် မျှတမှု စသည့် တန်ဖိုးများကို ဆက်လက်ကိုင်စွဲထားသည်။<br>(Honesty, responsibility and fairness) | • ရိုးသားမှု၊ တာဝန်ယူမှုနှင့် မျှတမှု စသည့် တန်ဖိုးများ ထိခိုက်ခံရသည်။ |

ဇာတ်လမ်းဇာတ်ကွက် (၂)

| | နည်းလမ်း (က) (သူငယ်ချင်း၏ တောင်းဆိုမှုကို ငြင်းပယ်ခြင်း) | နည်းလမ်း(ခ) (သူငယ်ချင်းကို စာနာခွင့်လွှတ်ပေးခြင်း) |
|---|---|---|
| ဖြစ်နိုင်ခြေရှိသော နောက်ဆက်တွဲ အကျိုးဆက်များ/ကိစ္စများ | • မောင်ကောင်းထက်သည်သူငယ်ချင်း၏ ဝေဖန်ပြစ်တင်ခြင်းကို ခံရနိုင်သည်။ | • ထိုဖြစ်ရပ်ကို သိရှိလျှင် ဆရာ၏ အပြစ်တင်မှုကိုမောင်ကောင်းထက် ခံရနိုင်သည်။ |
| အခြားသူများအပေါ် သက်ရောက်မှုများ | • သူ၏ သူငယ်ချင်းသည် အိမ်စာကို မတင်နိုင်လျှင် အပြစ်ပေးခံရနိုင်သည်။ | • ဆရာကိုလိမ်လည်လှည့်ဖြားသည်။<br>• အတန်းစည်းမျဉ်းများကို ချိုးဖောက်သည်။ |
| အပြုသဘော တန်ဖိုးများကို ထိခိုက်မည်လား? | • ရိုးသားမှုနှင့် တာဝန်ယူမှု စသည့် တန်ဖိုးများကို ဆက်လက် ကိုင်စွဲ ထားသည်။ | • ရိုးသားမှုနှင့် တာဝန်ယူမှု စသည့် တန်ဖိုးများကို ထိခိုက်ခံရသည်။ |

ဇာတ်လမ်းဇာတ်ကွက်(၃)

| | နည်းလမ်း (က) (အတန်းခေါင်းဆောင်၏ တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ခြင်းနှင့် ကျောင်းနောက်ကျသည့်သူငယ်ချင်း၏ အမည်ကို ရေးမှတ်ခြင်း) | နည်းလမ်း (ခ) (သူငယ်ချင်းကို စာနာခွင့်လွှတ်ပေးခြင်း) |
|---|---|---|
| ဖြစ်နိုင်ခြေရှိသော နောက်ဆက်တွဲ အကျိုးဆက်များ/ကိစ္စများ | • မောင်ဖုန်းမြင့်သည် သူငယ်ချင်း၏ ဝေဖန် ပြစ်တင်မှုကို ခံရနိုင်သည်။ | • ဆရာ သိရှိလျှင်မောင်ဖုန်းမြင့်သည် အပြစ်တင် ခံရနိုင်သည်။ |
| အခြားသူများအပေါ် သက်ရောက်မှုများ | • သူငယ်ချင်း၏ နေ့လယ်စာစားချိန် အပြီးကျောင်းတက်နောက်ကျသည့် ဖြစ်ရပ်ကို သတင်းပေးပို့ တင်ပြခံရ နိုင်သည်။ | • ဆရာ့အပေါ် တာဝန်ခံမှုမရှိပါ။<br>• အခြားသော အတန်းသားများ အပေါ် တရားမျှတမှုမရှိပါ။ |
| အပြုသဘော တန်ဖိုးများကို ထိခိုက်မည်လား? | • ရိုးသားမှု၊ တာဝန်ယူမှုနှင့် မျှတမှု စသည့်တန်ဖိုးများကို ဆက်လက်ကိုင်စွဲ ထားသည်။ | • ရိုးသားမှု၊ တာဝန်ယူမှုနှင့် မျှတမှု စသည့် တန်ဖိုးများကို ထိခိုက်ခံရ သည်။ |

ဇာတ်လမ်းဇာတ်ကွက် (၄)

| | **နည်းလမ်း (က)**<br>**(ကတိတည်ပြီး အိတ်ကို အတန်းဖော် မမျိုးမျိုးထံသို့ ရောင်းချခြင်း)** | **နည်းလမ်း(ခ)**<br>**(ကတိဖျက်ပြီး အိတ်ကို အတန်းဖော် မမေပုလဲထံသို့ ပိုမိုမြင့်မားသောဈေးနှုန်းဖြင့် ရောင်းချခြင်း)** |
|---|---|---|
| **ဖြစ်နိုင်ခြေရှိသော နောက်ဆက်တွဲ အကျိုးဆက်များ/ကိစ္စများ** | • အပိုငွေ မရနိုင်ခြင်း | • ငွေများ ပိုမိုရနိုင်ခြင်း |
| **အခြားသူများအပေါ် သက်ရောက်မှုများ** | • အတန်းဖော် မမေပုလဲသည် စိတ်ဆိုး စိတ်ပျက်သွားနိုင်ခြင်း | • အတန်းဖော် မမျိုးမျိုးအပေါ် တရားမျှတမှုမရှိခြင်း |
| **အပြုသဘောတန်ဖိုးများကို ထိခိုက်မည်လား?** | • ကတိထားရှိမှုနှင့် ကတိအတိုင်း ဆောင်ရွက်မှု စသည့်တန်ဖိုးများကို ဆက်လက်ကိုင်စွဲထားသည်။ | • ကတိထားရှိမှုနှင့် ကတိတည်မှု စသည့်တန်ဖိုးများ ထိခိုက် ခံရသည်။ |

ဇာတ်လမ်းဇာတ်ကွက် (၅)

| | **နည်းလမ်း (က)**<br>**(တတ်နိုင်သမျှ ကြိုးစားပြီး ပြိုင်ပွဲတွင် ကြိုးကြိုးစားစား ယှဉ်ပြိုင်ခြင်း)** | **နည်းလမ်း(ခ)**<br>**(အစောပိုင်းပွဲစဉ်တွင် တမင်အရှုံးပေးခြင်း)** |
|---|---|---|
| **ဖြစ်နိုင်ခြေရှိသော နောက်ဆက်တွဲ အကျိုးဆက်များ/ကိစ္စများ** | • အားကောင်းသော ပြိုင်ဘက်များကို စောစောတွေ့ပြီး ပြိုင်ပွဲတွင် ပိုမို ကြီးမားသော စိန်ခေါ်မှုများ ရင်ဆိုင်ရနိုင်ခြင်း | • ဒိုင်လူကြီးသိသွားလျှင် အရည်အချင်း မပြည့်ဝဟု သတ်မှတ် ခံရနိုင်ခြေ ရှိခြင်း |
| **အခြားသူများအပေါ် သက်ရောက်မှုများ** | • ပြိုင်ပွဲဝင်များနှင့် တရားမျှတသော ယှဉ်ပြိုင် မှုတစ်ရပ် ပြုလုပ်ခြင်း | • အခြားပြိုင်ပွဲဝင်များအပေါ် တရားမျှတမှုမရှိခြင်း<br>• ကျောင်းဂုဏ်သိက္ခာကို ထိခိုက်ခြင်း |
| **အပြုသဘောတန်ဖိုးများကို ထိခိုက်မည်လား?** | • ရိုးသားမှု၊ တာဝန်ယူမှုနှင့် မျှတမှု စသည့် တန်ဖိုးများကို ဆက်လက် ကိုင်စွဲထားသည်။ | • ရိုးသားမှု၊ တာဝန်ယူမှုနှင့် မျှတမှု စသည့်တန်ဖိုးများကို ထိခိုက်ခံရသည်။ |

အထက်ပါ အကြောင်းအချက်များကို စဉ်းစားပြီးနောက်တွင် အဓိကသရုပ်ဆောင်အနေနှင့် ဆုံးဖြတ်ချက် ချမှတ်ရာတွင် သင်မည်သို့အကြံပြုမည်နည်း။

ဆရာ၊ ဆရာမသည် ကျောင်းသားများအနေနှင့် ကျင့်ဝတ်ဆိုင်ရာ စိန်ခေါ်မှုများရှိသော ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရာတွင်လည်းကောင်း တာဝန်ယူမှုရှိသောဆုံးဖြတ်ချက်များချမှတ်ရာတွင် လည်းကောင်း ရိုးသားမှု၊ တာဝန်ယူမှုနှင့် တရားမျှတမှု အစရှိသော အပြုသဘောတန်ဖိုးများကို ကိုင်စွဲဆောင်ရွက်ကြရန် တိုက်တွန်းရမည် ဖြစ်သည်။

နောက်ဆက်တွဲ (၆)

## ဤသင်ကြားမှုမှ လေ့လာသင်ယူ ပြန်လည်အသုံးချမည့် အချက်များ ဖော်ပြသည့် အလုပ်မှတ်တမ်းလွှာ

၁။ သင်၏ဘဝတွင် အရေးအကြီးဆုံးသတ်မှတ်လုပ်ဆောင်မည့် တန်ဖိုး၅ခုကို ရွေးချယ်ပါ။ ထိုတန်ဖိုးများကို တည်ဆောက်ရာ၌ မည်သည့်အကြောင်းအချက်များ (ဥပမာ - **မိသားစု၊ ကျောင်း၊ လူမှုအသိုင်းအဝိုင်း၊ ယဉ်ကျေးမှု၊ မီဒီယာ** စသည့် )၏ သက်ရောက်မှုရှိသည်ကို ဖော်ပြရေးသားပါ။

| တန်ဖိုးများ | | မိမိ၏ ရွေးချယ်မှု | ထိုတန်ဖိုးများ မည်သည့်နေရာမှ လာသနည်း ? |
|---|---|---|---|
| ဥပမာ- ဖြောင့်မတ်တည်ကြည်မှု | | ✓ | မိမိတို့ မူလတန်းကျောင်း၏ ဆောင်ပုဒ်မှာ "ဖြောင့်မတ်တည်ကြည်မှု"ဖြစ်ပြီး မိမိတွင် ဖြောင့်မတ် တည်ကြည်မှုရှိစေရန် ဆရာ၊ ဆရာမများက တွန်းအားပေးခြင်း ခံခဲ့ရသည်။ |
| ဖြောင့်မတ်တည်ကြည်မှု | Integrity | | |
| လွတ်လပ်မှု | Freedom | | |
| မှန်ကန်မှု | Righteousness | | |
| သာတူညီမျှရှိမှု | Equality | | |
| သမာဓိရှိမှု | Probity | | |
| ပျော်ရွှင်မှု | Happiness | | |
| လုပ်ပိုင်ခွင့်အာဏာ | Power | | |
| ချမ်းသာကြွယ်ဝမှု | Wealth | | |
| ဗဟုသုတ | Knowledge | | |
| ဂုဏ်အဆင့်အတန်း | Status | | |
| ချစ်ခြင်းမေတ္တာ | Love | | |
| သာယာကြည်နူးမှု | Enjoyment | | |
| ကျန်းမာရေး | Health | | |
| ဒီမိုကရေစီ | Democracy | | |
| လေးစားမှု | Respect | | |
| ဟန်ချက်ညီမှု | Harmony | | |
| အခြားအရာများရှိလျှင် ဖော်ပြပါ။ | Others | | |

၂။ ကျင့်ဝတ်ဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း

ရင်းနှီးသော သူငယ်ချင်းတစ်ယောက်က (မြန်မာနိုင်ငံတွင်ထုတ်ပြန်ခြင်းမပြုသော သို့မဟုတ် လူငယ်များ ကြည့်ရှုခွင့်မပြုသော) ပြည်ပမှဇာတ်ကားတစ်ခုကို ဒေါင်းလုတ်ဆွဲယူထားပြီး သင့်အားကြည့်ရှုရန် ပြောသည်။ သင်သည် ထိုဇာတ်ကားကို ကြည့်ရှုမှာလား?

**စဉ်းစားရန် အကြောင်းအချက်များ**

၁။ ဖြစ်နိုင်ခြေရှိသော နောက်ဆက်တွဲအကျိုးအဆက်များ

-----------------------------------------------------------------------------------------------

-----------------------------------------------------------------------------------------------

-----------------------------------------------------------------------------------------------

-----------------------------------------------------------------------------------------------

၂။ အခြားသူများအပေါ် သက်ရောက်မှုများ

-----------------------------------------------------------------------------------------------

-----------------------------------------------------------------------------------------------

-----------------------------------------------------------------------------------------------

-----------------------------------------------------------------------------------------------

၃။ အပြုသဘောတန်ဖိုးများကို ထိခိုက်ခံရမလား?

-----------------------------------------------------------------------------------------------

-----------------------------------------------------------------------------------------------

-----------------------------------------------------------------------------------------------

-----------------------------------------------------------------------------------------------

**အထက်ပါ အကြောင်းအချက်များကို စဉ်းစားပြီးနောက်တွင် သင်၏ဆုံးဖြတ်ချက်က ဘာလဲ? ကျင့်ဝတ်ဆိုင်ရာ စိန်ခေါ်မှုများရှိသည့် ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင်လည်းကောင်း တာဝန်ယူမှုရှိသော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်လည်းကောင်း အပြုသဘောတန်ဖိုးများကို သင်မည်သို့ ပိုင်ဆိုင်ထားသနည်း?**

-----------------------------------------------------------------------------------------------

-----------------------------------------------------------------------------------------------

-----------------------------------------------------------------------------------------------

-----------------------------------------------------------------------------------------------

# “ မိမိကိုယ်တိုင်နှင့် အခြားသူ/လူ့အဖွဲ့အစည်းအား တာဝန်ယူမှုရှိခြင်း ”

## ရည်ရွယ်ချက်

၁။ (က) တာဝန်ယူမှုရှိခြင်းဟူသော စကား၏အဓိပ္ပာယ်ကို သိရှိနားလည်ရန်၊

(ခ) မိမိကိုယ်တိုင်နှင့် အခြားသူတို့အား တာဝန်ယူမှုရှိခြင်းအကြောင်း နားလည်သဘောပေါက်စေရန်၊

(ဂ) မိမိကိုယ်တိုင်နှင့် အခြားသူတို့အား တာဝန်ယူမှုရှိခြင်းသည် ကောင်းသောအပြုမူအလေ့အကျင့်ဖြစ်ကြောင်း သိရှိရန်။

## ပညာပေးလှုပ်ရှားမှုအဆင့်ဆင့်

၂။ ဆရာမှ ကျောင်းသားတို့အား **အသိပညာပေးစာစောင်(၁) “အလုပ်တွက်ကတ်သောယုန်ကလေးအကြောင်း”** ပုံပြင်ကို ပြောပြပြီး တာဝန်ယူတတ်ခြင်းနှင့်ပတ်သက်၍ ရှိသင့်သည့် အလေ့အကျင့်များကို သိရှိနားလည် လိုက်နာလိုစိတ်ရှိလာစေရန် ပြောပြရမည်။

၃။ ဆရာက ပုံပြင်ပြောပြပြီးနောက် ကျောင်းသားတို့ကို မေးခွန်းမေးရန်

- “ကျောင်းသားတို့သည် ယုန်ကလေး၏နေရာတွင် မည်သို့ပြုမူမည်နည်း”။
- “ ယုန်ကလေးများနည်းတူ ပြဿနာမဖြစ်အောင် မည်ကဲ့သို့ ဆောင်ရွက်မည်နည်း” ဟူ၍ မေးရန်ဖြစ်ပါသည်။

၄။ ကျောင်းသားတို့အား အဖွဲ့(၃) ဖွဲ့ခွဲပါ။ **အသိပညာပေးစာစောင် (၂)“တာဝန်ယူခြင်းဆိုသည်မှာ အဘယ်နည်း”**အား ဝေငှပါ။ ကျောင်းသားတို့အား အသိပညာပေး စာစောင်ကို ဖတ်ရှုစေပြီးနောက် စာရွက်လွတ်ပေါ်တွင် အကျဉ်းချုပ်ရေးသားစေပြီး အတန်းရှေ့တွင် အဖွဲ့တစ်ဖွဲ့ချင်း၏ ကိုယ်စားလှယ်အသီးသီးမှ ဆွေးနွေးတင်ပြကြစေရန် ဖြစ်ပါသည်။

၅။ ဆရာနှင့်ကျောင်းသားတို့ စုပေါင်းပြီး အကျဉ်းချုပ် ပြုလုပ်ဖော်ပြရန်မှာ "ပေးအပ်ခြင်းခံရသော တာဝန်အားမေ့လျော့ပျက်ကွက်ခြင်း၊ လျစ်လျူရှုခြင်းမပြုဘဲ တာဝန်ထမ်းဆောင်ရန်ဖြစ်သည်။ တာဝန်ယူခြင်းဟုဆိုရာတွင် မိမိကိုယ်ကိုတာဝန်ယူခြင်းနှင့် အခြားသူများနှင့် လူ့အဖွဲ့အစည်းအား တာဝန်ယူခြင်းဟူ၍ရှိပါသည်။ လူ့အဖွဲ့အစည်းမှ လူတိုင်းသည် မိမိတာဝန်အား တာဝန်ယူကြမည်ဆိုလျှင် နိုင်ငံသည် တိုးတက်နေမည်ဖြစ်ပြီး နိုင်ငံသားတို့လည်း ငြိမ်းချမ်းသာယာမှုများ ရရှိလိမ့်မည်ဖြစ်သည်"။

၆။ ကျောင်းသားတို့အား အုပ်စု(၂) စုခွဲပါ။ အုပ်စု (၂) စု၏ အဖွဲ့ခေါင်းဆောင်တစ်ဦးစီက အောက်ပါ ခေါင်းစဉ် (၂)ခုကို မဲနှိုက်၍ ရွေးချယ်ပါ။

ခေါင်းစဉ်များမှာ-

- မိမိကိုယ်ကိုတာဝန်ယူခြင်း
- လူအဖွဲ့အစည်းမှ အခြားသူတို့အား တာဝန်ယူခြင်း

၇။ ကျောင်းသားအဖွဲ့(၂) ဖွဲ့မှ မိမိတို့ရွေးချယ်ရရှိသော ခေါင်းစဉ်အလိုက် မိမိတို့၏ နေ့စဉ် လူနေမှု ဘဝတွင် မည်သည့်ကိစ္စရပ်များအား မည်သို့တာဝန်ယူမည်ကို အဖွဲ့အလိုက် ဝိုင်းဝန်းစဉ်းစား၍ တွေးတောထင်မြင်ချက်များကို ရေးချပါစေ။

၈။ အဖွဲ့(၂) ဖွဲ့မှ တစ်လှည့်စီ အတန်းရှေ့ထွက်၍ ဆွေးနွေးတင်ပြပါ။

၉။ အသိပညာပေးစာစောင်(၃) **နိုင်ငံနှင့်လူ့အဖွဲ့အစည်းမှလူငယ်တို့၏ တာဝန်နှင့်ဝတ္တရားများ**ကို ကျောင်းသားတို့အား ဖြန့်ဝေဖတ်ရှုပါစေ။ ထို့နောက်အုပ်စု (၅) စုခွဲ၍ အောက်ပါခေါင်းစဉ် အသီးသီး အနက် ခေါင်းစဉ်တစ်ခုစီကို အုပ်စုတစ်ခုစီ၏ ကိုယ်စားလှယ်ကျောင်းသားများမှ အတန်းရှေ့တွင် အကျဉ်းချုပ်ဆွေးနွေးတင်ပြပါစေ-

(က) လူငယ်လူကောင်းတို့၏ လက္ခဏာပုံစံများ၊

( ခ) လူငယ်နှင့်မိသားစုဝင်ကောင်းဖြစ်ခြင်း၊

( ဂ) လူငယ်နှင့်ကျောင်းသားကောင်းဖြစ်ခြင်း၊

(ဃ) လူငယ်နှင့်အဖွဲ့အစည်း၏ အဖွဲ့ဝင်ကောင်းဖြစ်ခြင်း၊

( င) လူငယ်နှင့် နိုင်ငံ့သားကောင်းအဖွဲ့ဝင်ဖြစ်ခြင်း။

၁၀။ ဆရာနှင့်ကျောင်းသားတို့ စုပေါင်းပြီး အထက်ပါခေါင်းစဉ်များနှင့် ပတ်သက်၍ အကျဉ်းချုပ် ဆွေးနွေးပြောဆိုကြရန်ဖြစ်သည်။

## အသိပညာပေးစာစောင် (၁)

## တာဝန်ယူတတ်သောအကျင့်ရှိရန်ပုံပြင်

**ခေါင်းစဉ် -** **အလုပ်တွက်ကတ်သောယုန်ကလေး**

၁။ ယုန်မိသားစုတစ်စုသည် တောအုပ်ကြီးတစ်ခုအတွင်း စမ်းချောင်းဘေးရှိ သစ်ခေါင်းကြီးတစ်ခုအား အမှီပြု၍နေထိုင်ကြသည်။ ယုန်ဖေဖေသည် တောအုပ်ဘုရင် ခြင်္သေ့မင်း၏ ကျန်းမာရေးအတိုင်ပင်ခံဖြစ်ပြီး ယုန်မေမေမှာလည်း တောတွင်းရှိ အိမ်ရှင်မတို့နှင့် အမျိုးသမီးရေးရာ ဆွေးနွေးရန်ကိစ္စများအတွက် အစည်းအဝေးများသို့သွားရသည်။ ထို့ကြောင့် ယုန်ဖေဖေနှင့် ယုန်မေမေသည် အလုပ်လုပ်ရန်အတွက် နေ့တိုင်းအပြင်ထွက်ကြရပြီး သားနှင့်သမီးဖြစ်သော ယုန်ကလေးနှစ်ကောင်အား သစ်ခေါင်းအသိုက်ထဲတွင် ထားခဲ့ရသည်။

၂။ တစ်နေ့သောအခါ ယုန်ဖေဖေနှင့်မေမေတို့သည် ၎င်းတို့နေထိုင်သောနေရာသည် စနစ်တကျမရှိဘဲ ဖရိုဖရဲ ဖြစ်နေသည်ဟု မြင်ကြသောကြောင့် အိပ်ရာဝင်ခါနီး စကားပြောဆိုကြရာတွင်-

ဖေ။ “ မေကြီးရေ ခု တို့အိမ်ဟာ ဟိုတုန်းကလောက် စနစ်တကျ သေသပ်မှု မရှိတော့ဘူးနော်”

မေ။ “အိုး… ဟုတ်တယ်၊ အခုတလော အလုပ်တွေများနေလို့ အိမ်ကို စောင့်ရှောက်ဖို့ အချိန်မရလို့ပါ။ နောက်ဆိုရင် ကျွန်မတို့ အိမ်ကလေးကို ပိုကောင်းအောင် ပြုပြင်ပါ့မယ်ရှင်..”ဟု ရှက်စိတ်ဖြင့် ပြန်ပြောလေသည်။

ဖေ။ “ ဖေကြီးက မေကြီးကို အပြစ်ပြောနေတာ မဟုတ်ပါဘူး။ တကယ်တော့ အိမ်အလုပ်ကလဲ ပင်ပန်းတဲ့အလုပ်ပါပဲ။ ဖေကြီးကိုယ်တိုင်လဲ အိမ်အလုပ်တွေကို ပျက်ကွက်ခဲ့လို့ ရှက်မိပါတယ်၊ မေကြီးကလဲ အလုပ်များတယ်ဆိုတော့ ဖေကြီး စဉ်းစားမိတာရှိတယ်။ တို့ကလေးတွေကို အိမ်ကို စောင့်ရှောက်ခိုင်းရမယ်။ သူတို့လေးတွေလဲကြီးလာကြပြီ။ တို့ကလေးတွေကို အခြားသူတွေအကျိုးအတွက် အလုပ်လုပ်ဖို့ မသင်ပေးရသေးဘူးလေ။ ဖေကြီးကတော့ ဒီလိုသင်ပေးသင့်တယ်လို့ထင်တယ်။ တို့ရဲ့ အိမ်အလုပ်ကစပြီးတော့ သင်ပေးရမယ်။”ဟု ယုန်ဖေဖေကြီးက သူ၏အယူအဆကိုပြောပြသည်။

မေ။ “ဒါကသိပ်ကောင်းတဲ့အတွေးပဲ။ သို့ပေမဲ့ ကျွန်မတို့ကလေးတွေက အလုပ်မလုပ်ဖူးသေးလို့ သူတို့ ကောင်းကောင်းလုပ်နိုင်ပါ့မလားရှင်”…။

ဖေ။ “ ပထမတော့ သူတို့ ကောင်းကောင်း မလုပ်နိုင်လောက်သေးဘူး။ သူတို့အတွက် ပင်ပန်းမှာပေါ့။ ဒါကြောင့် သူတို့နဲ့သင့်တော်တာလေးတွေကို အရင်တာဝန်ပေးရမယ်။ မှန်ကန်အောင် လုပ်တတ်ဖို့သင်ပေးရမယ်။ အခုချိန်ကတည်းက မစတင်ရင် သူတို့ ဘာမှမလုပ်တတ်ဘဲနေမယ်။ ကြီးလာတဲ့အခါ ဘာမှမလုပ်တတ်တဲ့သူကို လူ့အသိုင်းအဝိုင်းက နှစ်သက်မှာမဟုတ်ဘူး၊ လက်ခံချင်မှာမဟုတ်ဘူး။ ဟုတ်တယ် မဟုတ်လား” ဟု ယုန်ဖေဖေကပြောသည်။

၃။ မနက်နိုးထလာသောအခါ ယုန်မေမေက ကလေးနှစ်ယောက်ကိုခေါ်၍ ပြောကြားသည်မှာ “မောင်နှမနှစ်ယောက်လုံး အိမ်အလုပ်တွေကို တစ်ခါမှမလုပ်ဖူးသေးဘူး။ အလုပ်လုပ်ရင် ပင်ပန်းမှုတော့ ရှိတယ်။ ဒါပေမဲ့ကလေးတို့က အိမ်အလုပ်တွေကိုကူလုပ်မယ်ဆိုရင် အိမ်မှာစနစ်တကျနဲ့ ပိုကောင်းလာလိမ့်မယ်”ဟု ပြောလိုက်သောအခါ ကလေးနှစ်ယောက်က မေမေဖေဖေတို့ကိုယ်စား အိမ်အလုပ်တွေကို ကူညီလုပ်ပေးပါမည်ဟု ကတိပြုကြလေသည်။

၄။ ယုန်မေမေက ကလေးများ တဖြည်းဖြည်းနှင့် တစ်ခုချင်းလုပ်တတ်လာစေရန် ပထမဆုံး အလုပ်အဖြစ် ပန်းကန်ဆေးခြင်းနှင့် မီးဖိုချောင်သန့်ရှင်းရေး အလုပ်ကို တာဝန်ပေးအပ်လေသည်။

၅။ ယုန်မောင်နှမနှစ်ယောက်သည် မေမေပေးသောအလုပ်အား ကူညီ၍လုပ်ကြရာ သုံးရက် မြောက်သောအခါ "ကိုယ်ကသူ့ထက် ပိုလုပ်ရသည်ဟူသော တွက်ကတ်သည့်စိတ်များ" ကိုယ်စီ ဖြစ်ပေါ်လာသည်။

၆။ နောက်ဆုံးတွင် အစ်မဖြစ်သူယုန်မလေးက အလုပ်အားလုံးအား အတိအကျခွဲဝေရန် အကြံပြုပြီး မောင်ဖြစ်သူကလဲ သဘောတူသည်။ မောင်နှမနှစ်ယောက်လုံး မည်သူက မည်သည့်အလုပ်ဟူ၍ တာဝန်ခွဲကြသည်။

၇။ တာဝန်ခွဲဝေပုံမှာ ဉပမာအားဖြင့် အစ်မဖြစ်သူက ထမင်းစားပွဲပြင်ဆင်ရန် တာဝန်ယူပြီး မောင်ဖြစ်သူက စားပွဲသိမ်းဆည်းရန် တာဝန်ယူလိုက်သည်။ အစ်မဖြစ်သူ ပန်းကန်ဆေးလျှင် မောင်ဖြစ်သူက ပန်းကန်များကိုသုတ်ရန်နှင့် ပန်းကန်စင်တွင် သိမ်းဆည်းရန်ဖြစ်သည်။ ထို့နောက် အိမ်မှုကိစ္စများကို မောင်နှမနှစ်ယောက် ခွဲဝေလုပ်ကိုင်ကြသည်။

၈။ ထိုကဲ့သို့ တာဝန်ခွဲ၍ အလုပ်လုပ်သည်မှာ ကောင်းသော်လည်း တကယ်တမ်းတွင်မူ အလုပ်ပြီးသင့်သည့်အချိန်တွင် အလုပ်ပြီးမြောက်ခြင်းမရှိပါ။ အကြောင်းရင်းမှာ နှစ်ယောက်လုံးက တစ်ဦးကို တစ်ဦး စောင့်ကြည့်နေကြပြီး မိမိအလုပ်ကို မြန်မြန်ပြီးစီးအောင် မလုပ်နိုင်ကြသောကြောင့် ဖြစ်သည်။

၉။ တစ်နေ့သောအခါ အစ်မဖြစ်သူက ယုန်မေမေကို တိုင်ကြားလေသည်။

မမ။ “မေမေရေ… စားပွဲပေါ်မှာ ပန်းကန်ပြားတွေကျန်နေသေးတယ်၊ မောင်လေးက ဆေးဖို့ယူပြီး လာမပေးသေးဘူး။ ဒါဆို သမီးက ဘယ်လိုလုပ်ဆေးရမလဲ စောင့်နေရတယ် ။”

၁၀။ ယုန်မေမေက အရေးမကြီးသည့်ပုံစံဖြင့် "ဒါဆိုလဲ ကိုယ့်ဘာသာသွားယူပြီး ဆေးလိုက်ပေါ့ သမီးရယ်..."ဟု ဆိုလေသည်။

မမ။ "အိုး... မေမေကလဲ အဲဒီအလုပ်က သမီးနဲ့မဆိုင်ဘူးလေ၊ အဲဒါ မောင်လေးလုပ်ရမယ့် အလုပ်ပါ။ သမီးတို့ တာဝန်တွေခွဲထားပြီးသားလေ၊ သဘောတူထားတဲ့အတိုင်း သူလုပ်ရမှာပေါ့..."ဟု ပြန်ပြောသည်။

၁၁။ ထို့နောက် ယုန်မောင်လေးမှ ထမင်းစားပွဲသိမ်းဆည်းပြီး၍ ပန်းကန်ဆေးသည့် နေရာသို့ လာထားသည့်တိုင်အောင် စောင့်နေသည်။ ပန်းကန်အားလုံး ဆေးသည့်နေရာသို့ ရောက်လာသည့် အချိန်တွင် ဆေးရမည့်ပန်းကန်မှာများသောကြောင့် အချိန်အတော်ကြာကြာ ဆေးရလေသည်။ ထို့ကြောင့် ယုန်မောင်လေးမှာလည်း ပန်းကန်သုတ်ရန် အစ်မဖြစ်သူ ပန်းကန်ဆေးပြီးသည်အထိ စောင့်ရလေသည်။ အစ်မဖြစ်သူ ပန်းကန်ဆေးပြီးမှ ပန်းကန်သုတ်၍ စင်ပေါ်သွားထားရသည့်အတွက် ညနေခင်းရောက်သည်အထိ အချိန်ကြာမြင့်စွာ အလုပ်လုပ်ပြီးမှ အလုပ်များ ပြီးစီးလေသည်။

၁၂။ အစ်မဖြစ်သူကလဲ အလုပ်တွက်ကတ်ပြီး မောင်ဖြစ်သူကလဲ အလုပ်တွက်ကတ်သည်။ မောင်လေးသည် မီးဖိုချောင်တွင် တံမြက်စည်းလှည်းနေစဉ် ပန်းကန်ဆေးရာမှ ထမင်းနှင့် ဟင်းများ ဖိတ်ကျနေသည်ကို မြင်သော်လဲ အစ်မဖြစ်သူ၏ တာဝန်ဖြစ်သောကြောင့် မမြင်ချင်ယောင်ဆောင်နေလိုက်သည်။ ထမင်း၊ ဟင်းစက် အမှိုက်ကျသည့်နေရာတွင် ပိတ်ဆို့မှုဖြစ်သောကြောင့် ယုန်ဖေဖေမှ ခဏခဏသွား၍ ပြင်ဆင်ပေးနေရသည်။

၁၃။ ကလေးနှစ်ယောက်မှာ အလုပ်တွက်ကတ်နေသောကြောင့် ယုန်မေမေနှင့်ဖေဖေသည် ကလေးတို့ အပြုအမူ အခြေအနေကို အချိန်တစ်ခုပေး၍ စောင့်ကြည့်နေရသည်။ အခြေအနေ တိုးတက်ရန် မမြင်တော့သည့်အခါ ယုန်ဖေဖေက ယုန်မေမေအား တစ်ခုခုစီစဉ်ဖို့ အချိန်ရောက်ပြီဟု အသိပေးလေသည်။

၁၄။ တစ်နေ့သောအခါ ယုန်မေမေက ကလေးနှစ်ယောက်ကိုခေါ်၍ ပြောပြရသည်မှာ-

" ကလေးတို့ အလုပ်ခွဲလုပ်တာကောင်းပေမယ့် အခုလုပ်နေတဲ့နည်းလမ်းကတော့ မဟုတ်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ မေမေတို့က မိသားစုတွေဖြစ်တယ်ကွဲ့၊ ကိုယ့်မိသားစုကို ချစ်ရမယ်၊ အပြန်အလှန်ကူညီရမယ်။ တစ်ဦးကိုတစ်ဦး အလုပ်ခွဲပြီး လှည့်မကြည့်ဘဲလုပ်တာတော့ မဟုတ်သေးဘူး။ သားနဲ့သမီးက ဒီလိုသာဆက်လုပ်နေမယ်ဆိုရင် မကြာခင် မေမေတို့ ရှေ့နေငှားပြီး ဘယ်သူက ဘာလုပ်ရမယ်၊ ဘယ်အချိန်မှာလုပ်ရမယ်၊ သူလုပ်တာမဟုတ်ရင် သူ့ကိုအပြစ်ပေးရမယ်လို့ အဆုံးအဖြတ်ပေးရတဲ့အခြေအနေကို ရောက်သွားလိမ့်မယ်။ တကယ်တော့ ဒါကမေမေတို့အိမ်ဖြစ်တယ်။ သမီးနဲ့ သားက ဖေဖေမေမေတို့ရဲ့ သားသမီးတွေဖြစ်တယ်။ မောင်နှမတွေဖြစ်တယ်။ မေမေတို့မိသားစုချင်း ချစ်ခင်ကြတဲ့အတွက် မေမေတို့ တစ်ယောက်ကိုတစ်ယောက် ကူညီကြရင် မကောင်းဘူးလား"

မောင်လေး။ “ဒီလိုသာဆိုရင် မမက သားလိုမတွေးဘဲ ဘာမှမလုပ်တော့ဘဲနေရင် သားတစ်ယောက်တည်း ဒါတွေကိုလုပ်ရမှာလား မေမေ”ဟု မောင်လေးဖြစ်သူက ညည်းညူလေ သည်။

မေမေ။ “ ဒီလိုလဲမဟုတ်သေးဘူးလေ...၊ သားက အားလုံးကိုလုပ်ဖို့မလိုပါဘူး။ မမကသားကို ချစ်ပါတယ်။ သားတစ်ယောက်တည်း ပင်ပန်းအောင် အလုပ်မခိုင်းပါဘူး။ သားကလဲ မမကို ကူညီရမယ်၊ မမကလဲသားကိုကူညီရမယ်။ ဘယ်သူက ဘယ်သူ့ထက် ပိုလုပ်နေရတယ် ဆိုပြီး မစဉ်းစားရဘူး။ သမီးနဲ့သားစဉ်းစားရမှာက **ဘယ်လိုလုပ်လိုက်ရင် အလုပ်ကို ကူညီရာရောက်သလဲ။ အလုပ်ပေါ့သွားစေမလဲ** ဆိုတာပဲဖြစ်တယ်။ သမီးနဲ့ သားတို့ရဲ့ သဘောထားနဲ့ ခံယူချက်တွေကို ပြောင်းမယ်ဆိုရင် နှစ်ယောက်လုံးရဲ့ အလုပ်ဟာ စည်းစနစ်တကျနဲ့ မြန်မြန်ဆန်ဆန်ပြီးသွားလိမ့်မယ်။

၁၅။ ယုန်မောင်နှမသည် တစ်ဦးမျက်နှာတစ်ဦးကြည့်ပြီး ခဏတွင် ယုန်မမက ပြောလာသည်မှာ-

မမ။ “ရပါတယ်မေမေ၊ သမီးကြိုးစားပြီး လုပ်ကြည့်ပါမယ်။ သမီးက မောင်လေးနဲ့လဲ ရန်မဖြစ်ချင်ပါဘူး”

၁၆။ ယုန်မေမေက သားဖြစ်သူဘက် လှည့်ကြည့်လိုက်သည်။ ယုန်မောင်လေးက “သားလဲ စမ်းကြည့်ပါ့မယ် မေမေ...”ဟု ပြန်ပြောလေသည်။

၁၇။ ယုန်မေမေက ကလေးနှစ်ယောက်အား ရင်ခွင်ထဲထည့်ကာ ပွေ့ဖက်ထားလိုက်ပြီး “ကောင်းပါပြီ သမီးနဲ့သားတို့ရယ်...”ဟု ပြောလေသည်။ “တို့အားလုံး ဒီနည်းလမ်းအသစ်နဲ့ အလုပ်လုပ်ကြမယ်။ တစ်ယောက်အလုပ်ကို တစ်ယောက်က ကူညီကြမယ်။ ဖိအားပေး ခိုင်းစေတာမျိုး မဟုတ်ဘဲ ချစ်ခြင်း မေတ္တာနဲ့ကူညီရမယ်။ တို့မိသားစုအတွက် အလိုအပ်ဆုံးအရာကတော့ ချစ်ခြင်းမေတ္တာသာဖြစ်တယ်။ ကလေးတို့မှတ်ထားကြရမယ်နော်...”ဟု ရယ်မောပြောဆိုလိုက်သည်။ ကလေးများကလဲ သဘောပေါက် နားလည်ကြကာ မိသားစုအားလုံး ပြိုင်တူရယ်မောလိုက်ကြလေသည်။

၁၈။ ထို့နောက်တွင် မောင်နှမနှစ်ယောက်လုံး ယုန်မေမေပေးသောနည်းလမ်းအတိုင်း လိုက်နာပြီး လုပ်ကြသည်။ ထိုနည်းလမ်းအားဖြင့် ၎င်းတို့အလုပ်လုပ်ရာတွင် စနစ်တကျ မြန်မြန်ဆန်ဆန် ပြီးစီးပြီး မိသားစုတွင်လည်း ပျော်ပျော်ရွှင်ရွှင်ဖြစ်လာတော့သည်။

## ပုံပြင်လေးမှရယူရမည့် သင်ခန်းစာ

၁၉။ အလုပ်လုပ်ကြရာတွင် လုပ်ငန်းတာဝန်ခွဲဝေ၍ လုပ်ကိုင်ခြင်းသည် ကောင်းမွန်သည့် လုပ်ရပ် ဖြစ်သည်။ သို့ရာတွင် မိမိ၏အလုပ်အား မိမိကိုယ်တိုင်တာဝန်ယူမှုရှိရမည်။ အခြားသူတို့အား တွက်ကတ်ခြင်းဖြင့် လုပ်ငန်းကြီးတစ်ခုလုံးကို ခက်ခဲနှောင့်နှေးပျက်စီးအောင် မပြုလုပ်သင့်ပါ။

အလုပ်တွက်ကတ်ခြင်းသည် စိတ်သဘောထားသေးသိမ်မှုကို ဖော်ပြရာရောက်သည်။ မိမိအတွက်လည်း အလုပ်လုပ်ရင်းရရှိနိုင်သော အတွေ့အကြုံ၊ အသိအမြင်၊ ဗဟုသုတတိုးတက်မည့် အခွင့်အလမ်းနှင့် အလုပ်ပြီးမြောက်မှုတို့ကို မိမိကိုယ်တိုင် ပိတ်ပင်ရာရောက်သည်။ အလုပ်တာဝန်များကို တစ်ဆင့်ပြီးတစ်ဆင့် ကောင်းစွာလုပ်ဆောင်ခြင်းမှ မိမိအတွက် အကျိုးရလဒ်ကောင်း ရရှိမည်မှာ အသေအချာဖြစ်သည်။ တစ်ဆင့်တိုး၍ စဉ်းစားကြည့်သောအခါ အခြားသူတို့ထံမှ အကူအညီမယူဘဲ မိမိ အလုပ်အားကောင်းအောင် အဘယ်မျှပြုလုပ်နိုင်ပါစေ မိမိမလုပ်နိုင်သော အခြားကိစ္စရပ်များလည်း ရှိနေနိုင်ပါသည်။ စုပေါင်းလုပ်ဆောင်ခြင်းမှ ရလဒ်ကောင်းများ ရရှိနိုင်ပြီး ထိုသို့လုပ်ဆောင်ခြင်းဖြင့် မိမိအတွက် ဆုံးရှုံးသွားခြင်း မရှိပေ။

၂၀။ အချုပ်အားဖြင့် မိမိတွင် အခြားသူတို့အား အချိန်တိုင်းတွင် ကူညီရန်အတွက် စိတ်ခွန်အား၊ လူအင်အားရှိရမည်။ ဆိုလိုသည်မှာ မိမိ၏အလုပ်ကို အကောင်းဆုံး လုပ်ဆောင်ပြီး တာဝန်ကျေပွန်ရမည်။ အခြားသူတို့ထံမှ အကူအညီယူနိုင်ပြီး သူတို့အမှန်တကယ်လိုအပ်သည့် အချိန်တွင် ပြန်လည်ကူညီနိုင်ရမည်။ အရေးကြီးဆုံးမှာ မိမိ၏ အကူအညီသည် ကူညီလိုစိတ်ကြောင့်သာ ဖြစ်ရမည်။ ကြောက်၍ကူညီခြင်း၊ မိမိအား ပြန်မကူညီမှာစိုး၍ ကူညီခြင်းမျိုးမဖြစ်သင့်ပါ။ မိမိ၏ တာဝန်ကျေပွန်အောင် အမြဲတမ်း ကြိုးစားနေလျှင် အခြားသူများကလည်း မိမိအားဤကဲ့သို့ပင် ကူညီလိမ့်မည်။ မိမိတွင်လည်း အတွေ့အကြုံများမှတစ်ဆင့် အောင်မြင်မှုများရရှိကာ အခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်သည်။

## အသိပညာပေးစာစောင် (၂)

## တာဝန်ယူခြင်းဆိုသည်မှာအဘယ်နည်း

၁။ တာဝန်ယူခြင်းဆိုသည်မှာ ပေးအပ်လာသော တာဝန်ကို မေ့လျော့၊ လျစ်လျူရှုခြင်း မရှိဘဲ ကျေပွန်အောင်ထမ်းဆောင်ခြင်းဖြစ်ပါသည်။

၂။ တာဝန်ယူခြင်းကို အဓိပ္ပာယ်ဖွင့်ဆို ပုံဖော်ရာတွင် တာဝန်ယူခြင်းအမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) မိမိကိုယ်ကို တာဝန်ယူမှုရှိခြင်း၊

(၂) လူ့အဖွဲ့အစည်းနှင့် အခြားသူတို့အပေါ် တာဝန်ယူမှုရှိခြင်း။

၃။ အမျိုးအစားတစ်ခုစီအတွက် အသေးစိတ်အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မိမိကိုယ်ကိုတာဝန်ယူမှုရှိခြင်း

၄။ လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် မိမိ၏ တာဝန်အဆင့်အတန်းတစ်ခုအား လက်ခံဆောင်ရွက်ခြင်းဖြစ်ပြီး မိမိကိုယ်ကိုမိမိ တာဝန်ယူနိုင်သော အခြေအနေ ဖြစ်ရမည်။ လူတို့သည် မည်သည်က မှန်သည်၊ မှားသည်၊ သင့်လျော်သည်၊ မသင့်လျော်သည်ကို ဆန်းစစ်နိုင်ပြီး လူ့အဖွဲ့အစည်းမှ လက်ခံနိုင်သော အရာများကို ရွေးချယ် ဆုံးဖြတ်နိုင်စွမ်းရှိရမည်။ မိမိကိုယ်ကိုတာဝန်ယူမှုရှိခြင်း အား ခွဲခြားရာတွင်-

(က) **မိမိ၏ ကျန်းမာရေးကို စောင့်ရှောက်တာဝန်ယူမှုရှိခြင်း**

မိမိကျန်းမာရေးကို ဂရုစိုက်ခြင်း၊ သတိထားရှိခြင်းတို့အပြင် အမြဲတမ်း ကြံ့ခိုင်ကျန်းမာ နေရမည်။

(ခ) **စွမ်းအားရှိခြင်း ဉာဏ်ပညာရှိခြင်းအား တာဝန်ယူမှုရှိခြင်း**

ဗဟုသုတအမျိုးမျိုးရှာဖွေရန်စိတ်ပါဝင်စားစွာ လေ့လာသင်ယူခြင်းနှင့် အတွေ့အကြုံ မျိုးစုံကို ကိုယ်တိုင်သင်ယူလေ့ကျင့်ခြင်းဖြစ်သည်။

(ဂ) **အပြုအမူကို တာဝန်ယူခြင်း**

ရှိသင့်သော အပြုအမူများဖြစ်သည့် ကိုယ်ကျင့်သိက္ခာကောင်းမွန်၍ ဖြောင့်မတ်တည်ကြည်မှု ရှိပြီး စည်းကမ်းရှိသောသူဖြစ်ရန်၊ လူ့ကျင့်ဝတ်ရှိရန် ဆောင်ရွက်ခြင်းဖြစ်သည်။

(ဃ) **ပေါင်းသင်းဆက်ဆံရေးတွင် တာဝန်ယူမှုရှိခြင်း**

လူ့အဖွဲ့အစည်းတွင် သင့်တင့်စွာစုပေါင်းနေထိုင်နိုင်ရန် မိမိကိုယ်ကိုပြုပြင်ရမည်ဟု သိရှိ ဆောင်ရွက်ခြင်းဖြစ်သည်။

(င) **စားသုံးကုန်နှင့် လူသုံးကုန်များကို တာဝန်ယူမှုရှိခြင်း**

အသုံးပြုသော ပစ္စည်းများအား စနစ်တကျ ရှာဖွေထိန်းသိမ်းစောင့်ရှောက်ရမည်။

(စ) **ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအား တာဝန်ယူမှုရှိခြင်း**

လူငယ်များအနေဖြင့် ခြိုးခြံချွေတာ၍ မိမိ၏အသုံးစရိတ်ပမာဏကို စနစ်တကျ စီစဉ်သုံးစွဲခြင်း ဖြစ်သည်။

(ဆ) **အလုပ်တွင် တာဝန်ယူမှုရှိခြင်း**

မိမိအား ပေးအပ်ထားသော အလုပ်တာဝန်ကို သတ်မှတ်ချိန်အတွင်း မှန်မှန်ကန်ကန် ပြီးစီးအောင်လုပ်ခြင်းဖြစ်သည်။

(ဇ) **မိမိ၏လုပ်ဆောင်ချက်အပေါ်တာဝန်ယူမှုရှိခြင်း**

မိမိလုပ်ဆောင်ချက်ကြောင့် ဖြစ်ပေါ်လာသော ကောင်းခြင်း၊ ဆိုးခြင်းရလဒ် အား လက်ခံနိုင်ခြင်းဖြစ်သည်။

## လူ့အဖွဲ့အစည်းနှင့် အခြားသူတို့အား တာဝန်ယူမှုရှိခြင်း

၅။ လူတို့၏ တာဝန်နှင့်ဝတ္တရားမှာ လူ့အဖွဲ့အစည်းမှ အဖွဲ့ဝင်တစ်ယောက်အနေဖြင့် အများနှင့်ဆိုင်သော အာမခံချက်ရှိရမည်ဖြစ်သည်။ လူတိုင်းသည် လူ့အဖွဲ့အစည်းတွင် ပါဝင်သည်ဟုဆိုရာတွင် သေးငယ်သော လူ့အဖွဲ့အစည်းမှသည် ကြီးမားသော လူ့အဖွဲ့အစည်းအထိ ပါဝင်ဆက်နွယ်လျက်ရှိသည်။ လူ့အဖွဲ့အစည်းဟုဆိုရာတွင် မိသားစု၊ စာသင်ခန်း၊ ကျောင်း၊ အဖွဲ့အစည်းနှင့် နိုင်ငံ စသည်ဖြင့် အစဉ်အလိုက် ပါဝင်နေသည်။ လူတစ်ဦးတစ်ယောက်၏ အပြုအမူသည် လူ့အဖွဲ့အစည်းအား လုံခြုံမှုပေးနိုင်ခြင်းသည် တာဝန်ယူမှုနှင့် သက်ဆိုင်သည်။

၆။ လူတို့၏ လူ့အဖွဲ့အစည်းနှင့် အခြားသူတို့အား တာဝန်ယူမှုရှိခြင်းနှင့် တာဝန်ရှိခြင်းကို ယေဘုယျအားဖြင့် အောက်ပါအတိုင်း အပိုင်း(၅) ပိုင်း ခွဲခြားဖော်ပြပါသည်-

(က) **မိသားစုနှင့် မိမိကိုယ်ကို တာဝန်ယူမှုရှိခြင်း**

မိမိဆောင်ရွက်နိုင်သည့်ကိစ္စရပ်များကို အပြည့်အဝကူညီဆောင်ရွက်ခြင်း၊ ယုံကြည်မှုရှိခြင်း၊ လေးစားမှုရှိခြင်းတို့သည် လူကောင်းတို့၏အပြုအမူဖြစ်သည်။ ပညာကို စိတ်ပါဝင်စားစွာ သင်ယူခြင်း၊ မိသားစုကို ဒုက္ခမပေးခြင်း၊ ကူညီထိန်းသိမ်းခြင်းတို့လည်း ပါဝင်သည်။

(ခ) **သူငယ်ချင်းများနှင့်စပ်လျဉ်း၍ တာဝန်ယူမှုရှိခြင်း**

သူငယ်ချင်းများအား မောင်နှမရင်းချာကဲ့သို့ ချစ်ခင်ခြင်း၊ သူငယ်ချင်းများ လမ်းမှားရောက်နေလျှင် လမ်းမှန်သို့ရောက်အောင် လမ်းပြပေးခြင်း၊ သူငယ်ချင်းများကို သင့်တော်မှန်ကန်သည့်နည်းဖြင့်သာ ကူညီခြင်း၊ အမှားလုပ်မိခဲ့လျှင် သည်းခံခွင့်လွှတ်တတ်ပြီး စကားအရာလိမ္မာခြင်းသည် သူငယ်ချင်းများနှင့်စပ်လျဉ်း၍ တာဝန်ယူမှုရှိခြင်းဖြစ်သည်။

(ဂ) **စာသင်ကျောင်းတွင် တာဝန်ယူမှုရှိခြင်း**

သင်ကြားသင်ယူမှုကိုစိတ်ပါဝင်စားခြင်း၊ ကျောင်းမပျက်ကွက်ခြင်း၊ လေးစားမှုရှိခြင်း၊ ယုံကြည်လက်ခံနားထောင်တတ်ခြင်း၊ ကျောင်းလှုပ်ရှားမှုများတွင် ပါဝင်ကူညီခြင်း၊ သန့်ရှင်းမှုထိန်းသိမ်းခြင်း၊ ကျောင်း၏သင်ကြားရေး၊ သင်ထောက်ကူပစ္စည်းများကို မဖျက်ဆီးခြင်း၊ ကျောင်း၏ဂုဏ်သတင်းအား ထိန်းသိမ်းခြင်းတို့သည် စာသင်ကျောင်း၌ တာဝန်ယူမှုရှိသည့် အပြုအမူများဖြစ်သည်။

(ဃ) **အဖွဲ့အစည်းအား တာဝန်ယူမှုရှိခြင်း**

အဖွဲ့အစည်း၏ အဖွဲ့ဝင်တိုင်းသည် အဖွဲ့အစည်းအား တာဝန်ယူမှုရှိရသည်။ လေးစားမှုရှိခြင်း၊ သတ်မှတ်စည်းကမ်းများကိုလိုက်နာခြင်း၊ မိမိတို့အဖွဲ့အစည်း၏ ရိုးရာယဉ်ကျေးမှုအား ထိန်းသိမ်းခြင်း၊ အဖွဲ့အစည်း၏ လုပ်ငန်းတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊ အများအကျိုးဆောင်ရွက်ခြင်း စသည်တို့သည် အဖွဲ့အစည်း၏ အဖွဲ့ဝင်အဖြစ် တာဝန်ယူမှုရှိခြင်းဖြစ်သည်။

(င) **နိုင်ငံတော်ကို တာဝန်ယူမှုရှိခြင်း**

ဥပဒေ၊ စည်းမျဉ်းများကိုလိုက်နာခြင်း၊ နိုင်ငံသားတို့၏အကျိုး၊ အများအကျိုးကို လက်တွဲဆောင်ရွက်ခြင်း၊ နိုင်ငံသားတို့ အသီးသီးယုံကြည်ကိုးကွယ်သော ဘာသာသာသနာအား အသီးသီးစောင့်ရှောက်ထိန်းသိမ်းခြင်း၊ စည်းလုံးညီညွတ်မှုရှိခြင်း၊ ရိုးရာယဉ်ကျေးမှုအားထိန်းသိမ်းခြင်း၊ နိုင်ငံသားဖြစ်မှုကို ထိန်းသိမ်းခြင်း စသည်တို့သည် နိုင်ငံတော်ကို တာဝန်ယူမှုရှိခြင်းဖြစ်သည်။

## တာဝန်ယူမှုရှိခြင်း၏ အရေးကြီးသောအချက်များ

၇။ တာဝန်ယူမှုရှိခြင်းသည် အရည်အချင်းကောင်းတစ်ခုဖြစ်ပြီး လူငယ်လူရွယ်နှင့် ကလေးများအား ထိုအရည်အချင်းရှိရန်အတွက် မွေးမြူပေးရန်လိုအပ်သည်။ ၎င်းအပြင် စည်းကမ်းရှိခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ ကြိုးစားမှုရှိခြင်းတို့လည်းရှိရမည်။ နိုင်ငံ့သားကောင်းတို့၏ လက္ခဏာပုံစံတွင် အကျင့်စာရိတ္တကောင်းသည့် အခြေခံအပြုအမူနှင့် ဥပဒေအရ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ ဘာသာသာသနာ၏ သတ်မှတ်စည်းမျဉ်းများကို လိုက်နာရန် အချက်လည်းပါဝင်သည်။ မိမိ၏ အခွင့်အရေး ခံစားခွင့်ထက် အများအကျိုးကို စဉ်းစားပေးရမည်။ တာဝန်ယူမှုရှိခြင်းသည် အရေးကြီးသည့် နည်းဗျူဟာဖြစ်ပြီး သတ်မှတ် စည်းမျဉ်း၊ စည်းကမ်းတို့အားလိုက်နာစေရန် တွန်းအားတစ်ခုလည်းဖြစ်သည်။ အခြားသူတို့အား လေးစားမှုရှိခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ လူ့အဖွဲ့အစည်းအတွင်းမှ အဖွဲ့ဝင်လူသားတို့အားကူညီခြင်း၊ လက်တွဲဆောင်ရွက်ခြင်းရှိရမည်။ ယနေ့ခေတ် လူ့အဖွဲ့အစည်းတွင် ကတိပျက်ကွက်ခြင်းများ ကြုံတွေ့နေရပြီး လူ့အဖွဲ့အစည်းသည် တာဝန်ယူမှုမရှိသော သူများကြောင့် ငြိမ်းချမ်းသာယာမှု ပျက်စီးနိုင်သည်။ လူ့အဖွဲ့အစည်းအတွင်းမှ လူတိုင်းသည် ဖြစ်ပေါ်လာသည့် ပြဿနာများအပေါ် မိမိတာဝန်ကို မိမိတို့ယူခြင်းသာရှိခဲ့မည်ဆိုလျှင် လူ့အဖွဲ့အစည်း ငြိမ်းချမ်းသာယာလိမ့်မည်။

## မိမိကိုယ်တိုင်နှင့် အခြားသူ/လူ့အဖွဲ့အစည်းအား တာဝန်ယူမှုရှိခြင်း

**မိမိကိုယ်ကိုတာဝန်ယူမှုရှိခြင်းနှင့် လူ့အဖွဲ့အစည်းမှ အခြားသူများအပေါ်တာဝန်ယူမှုရှိခြင်းအတွက် ဥပမာပုံများ**

| မိမိကိုယ်ကိုတာဝန်ယူမှုရှိခြင်း | လူ့အဖွဲ့အစည်းမှ အခြားသူများအပေါ် တာဝန်ယူမှုရှိခြင်း |
|---|---|



လေ့ကျင့်ခန်းလုပ်ခြင်း



သက်ကြီးရွယ်အိုဘိုးဘွားများအားစောင့်ရှောက်ခြင်း



အိမ်စာလုပ်ခြင်း



ဆရာကန်တော့ခြင်း



ငွေစုခြင်း



ကြက်ခြေနီလူငယ်

## အသိပညာပေးစာစောင် (၃)

# နိုင်ငံနှင့်လူ့အဖွဲ့အစည်းမှလူငယ်တို့၏ တာဝန်နှင့်ဝတ္တရားများ

၁။ လူငယ်တို့သည် လူ့အဖွဲ့အစည်း၏ အဖွဲ့ဝင်ကောင်းများဖြစ်သည်။ လူငယ်ဆိုသည်မှာ အနာဂတ်တွင် တိုင်းပြည်တိုးတက်စေရန်အတွက် အကျိုးပြုလုပ်ငန်းများလုပ်ဆောင်ရာတွင် အကူအညီပေးနိုင်သည့် လွန်စွာအရေးပါသော စွမ်းအားရှိသည့် ငယ်ရွယ်နုပျိုသော နိုင်ငံ့သားကောင်းရတနာများ ဖြစ်သည်။

## ကောင်းမွန်သော လူငယ် / လူတော် ၊ လူကောင်း

၂။ (က) ဘဝအတွက် လူ့ကျင့်ဝတ်၊ အကျင့်သိက္ခာရှိသောသူ၊

(ခ) အခြားသူတို့ကို လေးစားမှုပေးတတ်သူ၊

(ဂ) ပေးအပ်ထားသောတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်သူ၊

(ဃ) အခြားသူတို့၏ ထင်မြင်ချက်များကိုနားထောင်ပြီး အကျိုးအကြောင်းဆင်ခြင်တတ်သူ၊

(င) ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းလိုက်နာသူ၊

(စ) အဖွဲ့အစည်း၏ သတ်မှတ်ချက်များကို လိုက်နာသူ၊

(ဆ) အဖွဲ့အစည်း၏ တိုးတက်ရေးနှင့် ပေါ်ပေါက်လာသောပြဿနာကို တက်ကြွစွာ ဖြေရှင်းတတ်သူ ဖြစ်သည်။

## လူငယ်လူကောင်းတို့၏ လက္ခဏာပုံစံများ

၃။ လူငယ်လူကောင်းတို့သည် အကျင့်သိက္ခာ၊ လူ့ကျင့်ဝတ်များရှိရမည်။ တရားမျှတမှုရှိရမည်။ လူငယ်လူကောင်းတို့၏ လက္ခဏာပုံစံများမှာ-

(က) **အများအကျိုးအတွက် ကိုယ်ကျိုးစွန့်ခြင်း။** အများအကျိုးအတွက် ကိုယ်ကျိုးစွန့်ခြင်းသည် ရှေ့ဆက်ရမည့်ခြေလှမ်းများအတွက် ကူညီပေးသောကိုယ်ကျင့်တရားဖြစ်သည်။ လူ့အဖွဲ့အစည်းအတွင်းမှ လူအားလုံးသည် အများအကျိုးကိုသာကြည့်၍ ကိုယ်ကျိုးစွန့်ကြမည်ဆိုလျှင် လူ့အဖွဲ့အစည်းသည် လျင်မြန်စွာ တိုးတက်သာယာလိမ့်မည်။

(ခ) **စည်းကမ်းရှိခြင်းနှင့်တာဝန်ယူမှုရှိခြင်း။** စည်းကမ်းရှိခြင်းနှင့် တာဝန်ယူမှုရှိခြင်းသည် လူ့အဖွဲ့အစည်းအား ကျင့်ဝတ်ထိန်းသိမ်းခြင်းဖြင့် ကူညီခြင်းဖြစ်သည်။ လူ့အဖွဲ့အစည်းအတွင်းမှ အဖွဲ့ဝင်တို့သည် စည်းကမ်းလိုက်နာကာ မိမိတို့လုပ်ပိုင်ခွင့်ကို သိရှိနားလည်ပြီး အခြားသူတို့ လုပ်ပိုင်ခွင့်အား နှောင့်ယှက်ခြင်း မပြုဘဲ လုပ်ငန်းတာဝန်အပေါ် စိတ်ပါဝင်စားမှုရှိပါက ထိုလူ့အဖွဲ့အစည်းသာယာတိုးတက်မည် ဖြစ်သည်။

(ဂ) **ရိုးသားဖြောင့်မတ်မှုရှိခြင်း။** ရိုးသားဖြောင့်မတ်မှုရှိခြင်းသည် အရေးကြီးသော ကိုယ်ကျင့်သိက္ခာဖြစ်သည်။ လူ့အဖွဲ့အစည်းအတွင်းမှ အဖွဲ့ဝင်တို့သည် ရိုးသားဖြောင့်မတ်ကြမည်ဆိုလျှင် အခြားသူတို့ပိုင်ဆိုင်သော ပစ္စည်းများအား ဖျက်ဆီးခြင်း၊ ခိုးယူခြင်း မပြုပါက လူ့အဖွဲ့အစည်း တိုးတက်ဖွံ့ဖြိုးလာပြီး နိုင်ငံသားအားလုံးတို့သည် စိတ်ချမ်းသာကြမည်ဖြစ်ပါသည်။

(ဃ) **အများအကျိုးအတွက် သင့်သင့်မြတ်မြတ်အတူတကွလက်တွဲဆောင်ရွက်ခြင်း။** အများအကျိုးအတွက် သင့်သင့်မြတ်မြတ် အတူတကွလက်တွဲဆောင်ရွက်ခြင်းဖြင့် စည်းလုံးညီညွတ်၍အင်အားရှိသော လူ့အဖွဲ့အစည်းအား ဖြစ်ပေါ်စေသည်။ အကယ်၍ လူ့အဖွဲ့အစည်းအတွင်းရှိ လူတို့သည် အတွေးအခေါ်လုပ်ဆောင်ချက်များ မတူကွဲပြားမှုကြီးမားနေလျှင် လူ့အဖွဲ့အစည်းသည် အင်အားယုတ်လျော့ပြိုလဲနိုင်သည်။

(င) **ဟီရိသြတ္တပ္ပဟူသော မကောင်းမှုပြုလုပ်ခြင်းအား ရှက်ရွံ့ကြောက်လန့်ခြင်း။** ဟီရိသြတ္တပ္ပဟူသော မကောင်းမှုပြုလုပ်ခြင်းအား ရှက်ရွံ့ကြောက်လန့်ခြင်းရှိလျှင် လူ့အဖွဲ့အစည်းသည် ဖွံ့ဖြိုးသာယာမည်ဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံ့တာဝန်ထမ်းဆောင်သူတို့သည် လာဘ်စားခြင်းကင်းပြီး ရိုးသားဖြောင့်မတ်ခြင်း၊ မိမိနှင့်ဆွေမျိုးမိတ်ဆွေအသိုင်းအဝိုင်းတို့၏ အကျိုးတစ်ခုတည်းကိုသာမကြည့်ဘဲ နိုင်ငံသားတို့၏အကျိုးကသာ အရေးကြီးဆုံးကိစ္စဖြစ်သည်ဟုမြင်ခြင်းဖြင့် ဟီရိသြတ္တပ္ပတရားရှိစွာဖြင့် မကောင်းမှုပြုလုပ်ခြင်းအား ရှောင်ကြဉ်မည်ဆိုလျှင် လူ့အဖွဲ့အစည်းသည် ဖွံ့ဖြိုးသာယာမည်ဖြစ်သည်။

## တာဝန်နှင့်ဝတ္တရားအရ လူငယ်လူကောင်းတို့လုပ်ဆောင်ရန်အချက်များ

၄။ အဆင့်အတန်းရှိသော လူငယ်ဖြစ်ရန် ကြိုးစားလုပ်ဆောင်သင့်သည့် လူငယ်တို့၏ တာဝန်ဝတ္တရားများကို အောက်တွင်ဆက်လက်ဖော်ပြပါသည်။

## လူငယ်နှင့် မိသားစုဝင်ကောင်းဖြစ်ခြင်း

၅။ (က) မိဘစကားနားထောင်ပြီး လေးစားမှုရှိခြင်း၊

(ခ) လုပ်ပေးနိုင်သော အရာတိုင်းအားလုပ်ပေးခြင်းဖြင့် မိဘတို့အားကူညီခြင်း၊

(ဂ) အသုံးစရိတ်ချွေတာတတ်ခြင်း၊

(ဃ) စာကို စိတ်ပါဝင်စားစွာလေ့လာခြင်း။

## လူငယ်နှင့် ကျောင်းသားကောင်းဖြစ်ခြင်း

၆။ (က) ကျောင်းသားတို့ ထမ်းဆောင်ရမည့်တာဝန်အား တာဝန်ယူခြင်း (ဆိုလိုသည်မှာ ကျောင်းပညာရေးတွင် စိတ်ပါဝင်စားမှုရှိရမည်။ လူတော်လူကောင်းတို့၏ အမူအကျင့်ရှိရမည်။)

(ခ) ဆရာတို့၏ လေ့ကျင့်သင်ကြားမှုကို ယုံကြည်စွာ နားထောင်ခြင်း၊

(ဂ) ဆရာသမားတို့၏ကျေးဇူးကို သိရှိနားလည်ခြင်း၊

(ဃ) ကျောင်းနေဖက် သူငယ်ချင်းများကို ချစ်ခင်ခြင်း၊

(င) မှန်ကန်သောလမ်းကြောင်းဖြင့် သူငယ်ချင်းတို့၏ဘဝကို မြှင့်တင်ပေးခြင်း။

## လူငယ်နှင့် အဖွဲ့အစည်း၏ အဖွဲ့ဝင်ကောင်းဖြစ်ခြင်း

၇။ လူငယ်များအတွက် အဖွဲ့အစည်းဆိုသည်မှာ အရွယ်အစားအားဖြင့် သေးငယ်သော လူ့အဖွဲ့အစည်းကိုဆိုလိုသည်။ (ဥပမာ- ရပ်ကွက်/ကျေးရွာတွင် ရပ်ကွက်သူရပ်ကွက်သားဖြစ်ခြင်း၊ ရွာသူရွာသားဖြစ်ခြင်း) လူငယ်များဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းများအတွက် လိုက်နာလုပ်ဆောင်ရမည့် တာဝန်ဝတ္တရားမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သန့်ရှင်းမှုကိုထိန်းသိမ်းခြင်း၊( ဥပမာ- စနစ်တကျအမှိုက်ပစ်ခြင်း၊ အညစ်အကြေးများကို ကူညီသန့်ရှင်းပေးခြင်း)

(ခ) ပတ်ဝန်းကျင်ကိုထိန်းသိမ်းခြင်း၊(ဥပမာ- အများပိုင်ပစ္စည်းများကို ကူညီစောင့်ရှောက်ခြင်း၊ ရှေးဟောင်းပစ္စည်းများကို မပျောက်ပျက်အောင် ထိန်းသိမ်းခြင်း)

(ဂ) အဖွဲ့အစည်းများ၏ အများအကျိုးအတွက် စုပေါင်းလှုပ်ရှားမှုများတွင်ပါဝင်ခြင်း။

## လူငယ်နှင့် နိုင်ငံသားကောင်းအဖွဲ့ဝင်ဖြစ်ခြင်း

၈။ (က) ၁၂နှစ်ကာလ အခြေခံပညာရေးကို သင်ယူခြင်း၊

(ခ) စည်းမျဉ်းဥပဒေကိုလိုက်နာခြင်း၊

(ဂ) သဘာဝအရင်းအမြစ်များကို တန်ဖိုးထား၍ အသုံးပြုခြင်း၊

(ဃ) နိုင်ငံတော်မှ စီစဉ်သော လှုပ်ရှားမှုများတွင် ကူညီခြင်း၊

(င) အသက်မွေးဝမ်းကျောင်းမှုအတွက် ရိုးသားကြိုးစားခြင်း၊

(စ) ငြိမ်းချမ်းစွာ နေထိုင်ခြင်း၊

(ဆ) သတ်မှတ်ထားသော အသက်ပြည့်သူအနေဖြင့် ရွေးချယ်တင်မြှောက်ပွဲတွင် မဲပေးခြင်း။

# နိုင်ငံသားဖြစ်ခြင်းနှင့် နိုင်ငံ့သားကောင်းတို့၏တာဝန်ဝတ္တရားများ

## ရည်ရွယ်ချက်

၁။ (က) နိုင်ငံသားဖြစ်ခြင်းနှင့် တာဝန်ယူတတ်သောလူ့အဖွဲ့အစည်းနှင့်ပတ်သက်၍ နားလည်သဘောပေါက်ရန်၊

(ခ) နိုင်ငံ့သားကောင်းဖြစ်ရန် စံပြအနေဖြင့်ပြုမူလုပ်ဆောင်ရန်၊

(ဂ) နိုင်ငံ့သားကောင်းတို့၏တာဝန်များနှင့်ယင်းတာဝန်များကို လိုက်နာမှုမရှိပါက ဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးများကို သိမြင်ရန်၊

(ဃ) နိုင်ငံ့သားကောင်းဖြစ်ရန် လူငယ်တို့၏တာဝန်ဝတ္တရားနှင့် လူငယ်လူကောင်းတို့၏ အရေးပါမှုကို သိမြင်ရန်။

## ပညာပေးလုပ်ရှားမှုအဆင့်ဆင့်

၂။ ဆရာက ကျောင်းသားများကို "**နိုင်ငံ့သားကောင်း၏အပြုအမူများကို ရွေးချယ်ပါ**" ခေါင်းစဉ်ဖြင့် **အလုပ်မှတ်တမ်း(၁)** ကို ဖြန့်ဝေပေးပါ။ ကျောင်းသားတစ်ဦးချင်းက မိမိ၏အခြေခံအသိအမြင် အတွေးအခေါ်ဖြင့် မိမိတို့မည်သည့်အပြုအမူကိုရွေးချယ်သည်ကို တင်ပြကြပါစေ။

၃။ ဆရာက မည်သည့်အပြုအမူသည် နိုင်ငံ့သားကောင်းပီသသည့်အပြုအမူဖြစ်သည်၊ မည်သည့် အပြုအမူသည် နိုင်ငံ့သားကောင်းမဟုတ်သူများ၏ အပြုအမူဖြစ်သည်ကို ရှင်းပြဖြေဆိုပေးပြီး ကျောင်းသားများအား အဖွဲ့(၁၀) ဖွဲ့ ဖွဲ့ပေးပါ။ တစ်ဖွဲ့ချင်းက အပြုအမူတစ်ခုချင်း၏ ကောင်းကျိုး/ ဆိုးကျိုးများကို ဝိုင်းဝန်းစဉ်းစားပြီးဖြေဆိုပါစေ။ ကျောင်းသားများ၏ဖြေဆိုမှုကို ဆရာက ဖြည့်စွက် တည့်မတ်ပေးပြီး နိုင်ငံ့သားကောင်း၏ အဓိပ္ပာယ်နှင့်တာဝန်များကို ရှင်းပြပေးပါ။

၄။ အနှစ်ချုပ်မှာ "**နိုင်ငံ့သားကောင်း၏အဓိပ္ပာယ်မှာ မိမိလုပ်ဆောင်သင့်သည့် အမှုကိစ္စ၊ တာဝန်အားလုံးကို ကျေပွန်အောင်လုပ်ဆောင်သော နိုင်ငံသားများကိုဆိုလိုသည်။ လုပ်ဆောင်သင့်သည့်တာဝန်ဆိုသည်မှာ လုပ်ဆောင်ရန်သတ်မှတ်ထားသည့်အရာကို ထမ်းရွက်ခြင်း သို့မဟုတ် တားမြစ်သည့်အရာကို ရှောင်ကြဉ်ခြင်းဖြစ်ပါသည်**"။ အများနှင့်ဆိုင်သော သတ်မှတ်ချက်များကို မလိုက်နာ၊ မပြုမူပါက ချမှတ်ထားသောပြစ်ဒဏ်များကို ရင်ဆိုင်ရမည်ဖြစ်သည်။ နိုင်ငံ့သားကောင်း မပီသသူသည် လူ့အဖွဲ့အစည်းအား ဆိုးကျိုးများသက်ရောက်စေမည်ဖြစ်ကြောင်း ရှင်းပြပါ။

၅။ ဆရာက ကျောင်းသားများအား အောက်ပါအသိပညာပေးစာစောင်များကို ဖြန့်ဝေပေးပါ -

(က) အသိပညာပေးစာစောင် (၁) **နိုင်ငံသားဖြစ်ခြင်းနှင့် နိုင်ငံ့သားကောင်းပီသခြင်း၊**

(ခ) အသိပညာပေးစာစောင် (၂) **ပြည်သူ**

(ဂ) အသိပညာပေးစာစောင် (၃) **နိုင်ငံသားတို့၏ တာဝန်နှင့် ဝတ္တရားများ၊**

(ဃ) အသိပညာပေးစာစောင် (၄) **နိုင်ငံ့သားကောင်းဖြစ်ရန်လူငယ်တို့၏ တာဝန်ဝတ္တရား၊**

(င) အသိပညာပေးစာစောင် (၅) **ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် နိုင်ငံ့သားကောင်းဖြစ်ခြင်း။**

၆။ အသိပညာပေးစာစောင်ပါဖော်ပြချက်များကို ကျောင်းသားများ ပိုမိုရှင်းလင်းစွာ နားလည်နိုင်ရန်အတွက် ဆရာက ကူညီရှင်းပြပေးပါ။

၇။ **"မည်သို့ပြုမူကြသလဲ"ခေါင်းစဉ်ဖြင့် အလုပ်မှတ်တမ်း(၂)** ကို ကျောင်းသားများအား ဖြန့်ဝေပေးပါ။ အလုပ်မှတ်တမ်း(၂) ပါ ပုံများကိုကြည့်၍ မေးခွန်းများအား ကွက်လပ်ဖြည့်သွင်း ဖြေဆိုပါစေ။

၈။ ကျောင်းသားများ၏ ဖြေဆိုမှုကို စိစစ်ပေးပြီး ဆရာကပြန်လည်၍ ပြည့်စုံမှန်ကန်အောင် ရှင်းလင်းဆွေးနွေးပေးပါ။

၉။ **နိုင်ငံ့သားကောင်းတို့၏ တာဝန်ဝတ္တရားများခေါင်းစဉ်ဖြင့် အလုပ်မှတ်တမ်း (၃)** ကို ကျောင်းသားများအား ဖြန့်ဝေပေးပြီး အသိပညာပေးစာစောင်ကိုအခြေပြု၍ အလုပ်မှတ်တမ်းကို ဖြည့်သွင်းပါစေ။ ဆရာက ကျောင်းသားများ၏ ဖြည့်သွင်းမှုကိုစိစစ်ပေးပြီး ပြန်လည်၍ ရှင်းလင်း ဆွေးနွေးပေးပါ။

## အလုပ်မှတ်တမ်း(၁)
## နိုင်ငံ့သားကောင်း၏ အပြုအမူများကို ရွေးချယ်ပါ

ဦးထုပ်မပါဘဲ ဆိုင်ကယ်
စီးနင်းခြင်း

စာကြိုးစားခြင်း

ကျောင်းသန့်ရှင်းရေး
စုပေါင်းဆောင်ရွက်ခြင်း

မီးနီဖြတ်ကျော်
မောင်းနှင်ခြင်း




လူကူးမျဉ်းကျားမှ
လမ်းဖြတ်ကူးခြင်း

စရိတ်သက်သာရေး
ရထားခိုးစီးခြင်း

ရပ်ကွက်အတွင်း
ရေဆိုးမြောင်းများ
စုပေါင်းဆယ်ယူခြင်း

ငွေပေးချေချိန်တွင် ပြေစာ၌
အခွန်တံဆိပ်ခေါင်း ကပ်ထားခြင်း
ရှိ မရှိ စစ်ဆေးခြင်း

သုတစာပေများကို
ဖတ်ရှုလေ့လာ
မှတ်သားခြင်း

အမှိုက်များကို ကြုံရာ
နေရာတွင်ပစ်ခြင်း

## အသိပညာပေးစာစောင်(၁)

## နိုင်ငံသားဖြစ်ခြင်းနှင့် နိုင်ငံ့သားကောင်းပီသခြင်း

၁။ နိုင်ငံတစ်နိုင်ငံတွင် လူတစ်ယောက်မွေးဖွားလာခဲ့လျှင် ထိုနိုင်ငံ၏ နိုင်ငံသားအလိုအလျောက် ဖြစ်သည်ဟု လူအများက အလွယ်တွေးထင်ခဲ့ကြသည်။ အမှန်တကယ်မှာမူ **နိုင်ငံသားဆိုသည်မှာ** ထိုမျှမကဘဲ **နိုင်ငံ၏ရိုးရာဓလေ့၊ အစဉ်အလာနှင့် ဥပဒေကို လေးစားလိုက်နာသူ၊ နိုင်ငံတော်၏ တာဝန်များကို ဝေပုံကျထမ်းဆောင်ပြီး နိုင်ငံသားများခံစားရမည့် မူလအခွင့်အရေးများကို ခံစားပိုင်ခွင့်ရှိသူဖြစ်သည်**။ နိုင်ငံသားတိုင်းတွင် နိုင်ငံတော်၏တာဝန်များကိုထမ်းဆောင်ရမည့် တာဝန်နှင့် နိုင်ငံတော်ကပေးသည့် အခွင့်အရေးမှန်သမျှကို ခံစားရယူဖို့ အခွင့်အရေးများရှိပါသည်။

၂။ နိုင်ငံသားတို့၏ တာဝန်များမှာ နိုင်ငံ၏ဥပဒေကို လိုက်နာရန်၊ အခွန်ထမ်းဆောင်ရန်၊ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စစ်ပညာသင်ကြားရန်၊ စစ်မှုထမ်းရန်အစရှိသော တာဝန်များရှိပြီး နိုင်ငံသားတို့၏ အခွင့်အရေးများမှာ ရွေးကောက်တင်မြှောက်ခွင့်၊ ဥပဒေအရာတွင် တန်းတူညီမျှခွင့်၊ ဥပဒေ၏ အကာအကွယ်ကိုရပိုင်ခွင့်၊ နိုင်ငံတော်အတွင်း အခြေစိုက်နေထိုင်ခွင့်၊ ပညာသင်ကြားပိုင်ခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူခွင့်၊ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် စပ်လျဉ်း၍ ဥပဒေအရ အကာအကွယ်ရရှိခွင့်စသည့် အခွင့်အရေးများရရှိသည်။

၃။ **နိုင်ငံသားဖြစ်ခွင့်ဆိုသည်မှာ** တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူညီပါ။ **မြန်မာနိုင်ငံတွင် နိုင်ငံသားဖြစ်ခြင်းကို တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူ၊ အခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူများကို နိုင်ငံသားဖြစ်သည်ဟု သတ်မှတ်ပါသည်**။ နိုင်ငံသားဖြစ်ပြီးသူများသည် နိုင်ငံ့သားကောင်းပီသစေရန်အတွက်ရှိသင့်သည့် ဂုဏ်အင်္ဂါ အရည်အချင်းများကို နားလည်ရန် လိုအပ်ပါသည်။ **နိုင်ငံ့သားကောင်းပီသစေရန်အတွက် ပြည့်စုံရမည့်အရည်အချင်းများ**အနက် အဓိကကျသော အရည်အချင်းအချို့မှာ-

(က) အသိဉာဏ်နှင့် ပြည့်စုံခြင်း၊

(ခ) အများအကျိုးအတွက်စိတ်ရောကိုယ်ပါဆောင်ရွက်ခြင်း၊

(ဂ) မိမိကိုယ်မိမိ ထိန်းသိမ်းစောင့်စည်းခြင်း( ဖြောင့်မတ်တည်ကြည်ခြင်း)၊

(ဃ) တရားဥပဒေလိုက်နာခြင်း၊

(င) အသိဉာဏ်နှင့်ယှဉ်ပြီး ရိုးသားဖြောင့်မတ်စွာ ဆန္ဒမဲပေးခြင်း

(စ) တိုင်းပြည်တိုးတက်ရေးအတွက် မိမိစွမ်းဆောင်နိုင်သည့်နေရာက ဝင်ရောက်ဆောင်ရွက်ခြင်း

(ဆ) အခွန်ငွေကို ဥပဒေနှင့်အညီ အပြေအကြေထမ်းဆောင်ခြင်း စသည်တို့ဖြစ်ပါသည်။

၄။ ဒီမိုကရေစီခေတ်တွင် နိုင်ငံသားများ၏ ဆန္ဒသဘောထားသည် အရေးကြီးဆုံးအစိတ်အပိုင်း တစ်ခုဖြစ်သည်။ နိုင်ငံ၏ ကောင်းကျိုးဆိုးကျိုးသည် နိုင်ငံသားများ၏ အသိဉာဏ်အပေါ်တွင် မူတည်ပါသည်။ ထို့ကြောင့်နိုင်ငံ့သားကောင်းပီသစေရန် ပြည့်စုံရမည့်အရေးကြီးဆုံး အင်္ဂါရပ်မှာ "အသိဉာဏ်နှင့်ပြည့်စုံခြင်း"ပင်ဖြစ်ပါသည်။ အသိဉာဏ်နှင့်ပြည့်စုံစေရန်အတွက် **အခြေခံပညာ**နှင့် **အတွေ့အကြုံဗဟုသုတ** လိုအပ်ပါသည်။ သို့မှသာ နိုင်ငံတော်၏ အကျိုးအတွက်ကျရာနေရာများတွင် ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို ပိုင်ဆိုင်သူများသည် နိုင်ငံသားများဖြစ်သဖြင့် နိုင်ငံသားများသည် နိုင်ငံသားအရည်အချင်းနှင့် ပြည့်စုံသူများဖြစ်ဖို့လိုပါသည်။ နိုင်ငံတစ်နိုင်ငံတွင် အသိအလိမ္မာ၊ ဉာဏ်ပညာချို့တဲ့ပြီး ဗဟုသုတ အတွေ့အကြုံမရှိသောသူများ၊ အမှားအမှန်ကို မဝေဖန် မပိုင်းခြားနိုင်သူများ၊ စဉ်းစားဉာဏ်နည်းပါးပြီး အခြားသူများပြောသမျှကိုလက်ခံပြီး နောက်ယောင်ခံလိုက်တတ်သူများ၊ ကြံစည်တီထွင်တတ်သော စွမ်းရည်မရှိသည့် နိုင်ငံသားများနှင့် ပြည့်နှက်နေပါက ထိုနိုင်ငံသည် လျင်မြန်စွာတိုးတက်နေသော ကမ္ဘာနှင့် မည်သို့မျှ ရင်ပေါင်တန်းနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် အသိဉာဏ်နှင့်ပြည့်စုံခြင်းသည် နိုင်ငံသားတိုင်း အဓိက လိုအပ်သည့် အရည်အချင်းဖြစ်ပါသည်။ အသိဉာဏ်နှင့်ပြည့်စုံရန်အတွက် ကျောင်းသင်ဘာသာရပ်များကို သိနားလည်ရုံမျှမက ပညာရပ်များကို ဆက်လက်၍ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုမှု၊ မိမိကိုယ်တိုင်စဉ်းစားဆင်ခြင်ဝေဖန်သုံးသပ်မှု၊ ကိုယ်တိုင်ကြုံတွေ့ရသည့် အတွေ့အကြုံမှရသည့် ဗဟုသုတရှိမှု၊ အမှားအမှန်ဝေဖန်ပိုင်းခြားတတ်မှု၊ စဉ်းစားဆင်ခြင်တတ်မှုများနှင့် ပြည့်စုံမှသာလျှင် အသိဉာဏ်ပညာ ဗဟုသုတနှင့် ပြည့်စုံသည့် နိုင်ငံ့သားကောင်းများဖြစ်ပါမည်။

၅။ နိုင်ငံ့သားကောင်းများ၏ အခြားအရည်အချင်းတစ်ခုမှာ အများအကျိုးအတွက် စိတ်ရောကိုယ်ပါ ဆောင်ရွက်တတ်ခြင်းဖြစ်ပါသည်။ အများနှင့်နေသူမှန်သမျှ အများအကျိုးကို ကြည့်ရမည်ဖြစ်ပါသည်။ ကိုယ်ကျိုးစီးပွားကိုသာ ကြည့်တတ်သည့် အတ္တဟိတအမြင်ဖြင့် မိမိအကျိုးစီးပွားကို ဆောင်ရွက်ရာတွင် အများအကျိုးစီးပွားကို လျစ်လျူရှုခြင်း၊ ဆန့်ကျင်သလိုဖြစ်ခြင်း၊ ထိခိုက်စေခြင်းများကို ရှောင်ကြဉ်သင့်ပါသည်။ အများအကျိုးကို ဆောင်ရွက်ရာတွင် မိမိအကျိုးစီးပွားလည်း အလိုအလျောက်ပါဝင်သွားတတ်သည့်သဘောကို ကောင်းစွာနားလည်သဘောပေါက်ရန်လိုပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကိုယ်ကျိုးအတွက်၊ ကိုယ့်ဆွေမျိုးအတွက်လောက်သာ အလေးထားပြီးလုပ်ဆောင်ခြင်းသည် နိုင်ငံ့သားကောင်းပီသသည့် လုပ်ဆောင်မှုမျိုးမဟုတ်ပါ။ မိမိ၏အကျိုးစီးပွားဖြစ်ထွန်းမည်မှာ သေချာသော်လည်း အများအကျိုးနှင့် ဆန့်ကျင်သည့်အလုပ်၊ အများထိခိုက်နစ်နာစေမည့် အလုပ်များကို ရှောင်ကြဉ်သင့်ပါသည်။

၆။ နိုင်ငံ့သားကောင်းများတွင် မိမိကိုယ်မိမိ ထိန်းသိမ်းစောင့်စည်းတတ်သည့်သဘောရှိရပါမည်။ ကျင့်ဝတ်သိက္ခာ၊ ဖြောင့်မတ်တည်ကြည်မှု၊လူ့ကျင့်ဝတ်ရှိခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်း၊ စိတ်သဘောထားကြီးခြင်း၊ လေးစားတတ်ခြင်းစသည့် အရည်အချင်းများရှိရန် အထူးအရေးကြီးပါသည်။ စဉ်းစားဆင်ခြင်မှုကင်းပြီး မိမိ၏စိတ်တွင်ရှိသည့်အတိုင်း ဆင်ကန်းတောတိုးလုပ်လိုသည့်သဘောသည် နိုင်ငံ့သားကောင်း

ပီသသည့် သဘောနှင့်ဆန့်ကျင်ပါသည်။ နိုင်ငံ့သားကောင်းများသည် စကားပြောဆိုရာတွင် ဆင်ခြင်စဉ်းစားပြီးမှ ပြောဆိုရပါသည်။ လုပ်ကိုင်ရာတွင်လည်း ဆင်ခြင်စဉ်းစားပြီးမှ လုပ်သင့်လုပ်ထိုက်သည်ကို လုပ်ကိုင်ရပါသည်။ လူတစ်ဦးတစ်ယောက်၏ ဆင်ခြင်စဉ်းစားမှုမရှိသည့် ပြောဆိုပြုမူမှုများသည် လူအများအတွက် နစ်နာပျက်စီးမှုများကို ဖြစ်စေတတ်ပါသည်။ အပြောအဆို မဆင်ခြင်၍ မမှန်ကန်သဖြင့် လူတစ်ဦးနှင့်တစ်ဦး မသင့်မတင့်ဖြစ်ရာမှ လူအများ ပဋိပက္ခအထိဖြစ်သွားနိုင်ပါသည်။

၇။ မိမိ၏တာဝန်ဝတ္တရားကို တာဝန်ယူမှုအပြည့်ရှိခြင်း၊ တရားဥပဒေကို လေးစားလိုက်နာခြင်း၊ နိုင်ငံတော်ကိုကြည်ညိုလေးစားခြင်း၊ အသိဉာဏ်နှင့်ယှဉ်ပြီး ရိုးသားဖြောင့်မတ်စွာဖြင့် မဲဆန္ဒပေးခြင်း၊ အခြားသူတို့၏လွတ်လပ်ခွင့်ကို လေးစားခြင်း၊ အခွန်ငွေကို အပြေအကြေပေးဆောင်ခြင်းများသည် နိုင်ငံ့သားကောင်းများ၏ နိုင်ငံသားတာဝန်ကို သိနားလည်သည့် သဘောဖြစ်ပါသည်။

၈။ နိုင်ငံသားတိုင်းသည် မိမိနိုင်ငံတိုးတက်ရေးအတွက် မိမိစွမ်းဆောင်နိုင်သည့်နေရာကဝင်ပြီး ဆောင်ရွက်မည်ဆိုသည့် သဘောမျိုးရှိသင့်ပါသည်။ စေတနာ့ဝန်ထမ်း ပရဟိတအလုပ်များတွင် ကိုယ်ထိလက်ရောက်ပါဝင်ဆောင်ရွက်ခြင်း၊ ဖြစ်ပေါ်လာသောပြဿနာများကို စုပေါင်းဖြေရှင်းခြင်းများသည် နိုင်ငံ၏ကောင်းကျိုး၊ အများကောင်းကျိုးဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။ မိမိလုပ်နိုင်သည့် အလုပ်ကို တမင်ခေါင်းရှောင်ခြင်း၊ ဆန္ဒမဲပေးပွဲများတွင် မဲမပေးဘဲနေခြင်း၊ အစိုးရလုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် ကိုယ်ကျိုးရှာအဂတိလိုက်စားခြင်းများသည် နိုင်ငံသားတာဝန်ကို မသိနားမလည်သည့်သဘော၊ နိုင်ငံ့သားကောင်းမပီသသည့်သဘောများပင်ဖြစ်ပါသည်။

၉။ အရေးကိစ္စများစွာသည် အများနှင့်ပူးပေါင်းဆောင်ရွက်ပါက အကျိုးဖြစ်ထွန်းအောင်မြင်နိုင်ပါသည်။ အများနှင့်ပူးပေါင်းဆောင်ရွက်ရာတွင် စိတ်သဘောထားသေးသိမ်မှု၊ တစ်ဦးနှင့်တစ်ဦး မယုံကြည်မှု၊ မနာလိုဝန်တိုမှု၊ မရိုးသားမဖြောင့်မတ်မှုများသည် ပူးပေါင်းဆောင်ရွက်မှုကို ပျက်ပြားစေသည့်အချက်များဖြစ်သည်ကို နိုင်ငံ့သားကောင်းများအနေဖြင့် သိနားလည်ပြီး ထိုအချက်ကို ဖယ်ရှား၍ အများနှင့် ယုံယုံကြည်ကြည် ပူးပေါင်းဆောင်ရွက်သင့်ပါသည်။ မိမိနေထိုင်သော လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်း၏ တာဝန်များကို အကောင်းဆုံးအရည်အသွေးရရှိအောင် တွေးခေါ် ဆောင်ရွက်နိုင်ရပါသည်။

## အသိပညာပေးစာစောင် (၂)

# ပြည်သူ

၁။ ပြည်သူ (subject) ဆိုသည်မှာ အုပ်ချုပ်သူမဟုတ်သော သာမန်ပြည်သူပြည်သားဖြစ်သည်။ နိုင်ငံအတွင်း၌ နေထိုင်လျက်ရှိကြသော အုပ်ချုပ်ခံလူပုဂ္ဂိုလ်များဖြစ်သည်။

၂။ လူထု (people) နှင့် ပြည်သူဟူသောအဓိပ္ပာယ်မှာ တူညီလုနီးပါးရှိသည်။ သို့ရာတွင် ပြည်သူတို့သည် တိုင်းပြည်၏ပိုင်ရှင်များဟု အဓိပ္ပာယ်သက်ရောက်သည်။ ပြည်သူသည် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်တွင် လူထု အသုံးအနှုန်းထက်သာလွန်သည်။

၃။ နိုင်ငံသား (citizen) ဆိုသည်မှာ ပြည်သူပြည်သားပင်ဖြစ်သည်။ အခွန်ဆောင်ခြင်းနှင့် တိုင်းပြည်ဥပဒေအား လိုက်နာခြင်းအပြင် နိုင်ငံရေးတာဝန်လည်းရှိသည်။ ဆိုလိုသည်မှာ အနည်းဆုံးတာဝန်အနေဖြင့် ရွေးကောက်ပွဲများတွင် မဲပေးပိုင်ခွင့်ရှိသည်။ နိုင်ငံသားဆိုသည်မှာ တိုင်းပြည်တစ်ခု၏ လူ့အစုအဖွဲ့၊ တိုင်းပြည်၏အင်အား ဖြစ်သည်။ နိုင်ငံသားတို့သည် အုပ်ချုပ်သူတို့၏ အာဏာကို အထောက်အပံ့ပေးသူများဖြစ်သည့်အပြင် အုပ်ချုပ်သူတို့၏ စောင့်ရှောက်ကာကွယ်မှုကို ခံယူနေသောသူများလည်းဖြစ်သည်။

**နိုင်ငံသားဖြစ်ခြင်းနှင့် ပြည်သူ၊ လူထုဖြစ်ခြင်းကြား ကွဲပြားခြားနားချက်**

| နိုင်ငံသား | ပြည်သူ၊ လူထု |
|---|---|
| •ဥပဒေလိုက်နာခြင်းနှင့် အခွန်ပေးဆောင်ခြင်းအပြင် နိုင်ငံ့အရေးအတွက်ပါ ထည့်သွင်းစဉ်းစားသည်။ အနည်းဆုံးလုပ်ပိုင်ခွင့်အနေဖြင့် ရွေးကောက်ပွဲတွင် မဲပေးခြင်းနှင့် ထိုထက်ပိုသော လုပ်ပိုင်ခွင့်များရရှိသည်။ မိမိနိုင်ငံနှင့်ပတ်သက်၍ ထင်မြင်ချက်များပေးခွင့်၊ နိုင်ငံ၏လုပ်ရှားမှုများတွင် စုပေါင်းပါဝင်လှုပ်ရှားခွင့်တို့ ရှိသည်။ | • တာဝန်ဝတ္တရားများအား လိုက်နာဆောင်ရွက်သည်။ ဥပမာအားဖြင့် အခွန်ဆောင်ခြင်း၊ ဥပဒေလိုက်နာခြင်း |
| •မိမိကိုယ်တိုင်နှင့် အခြားသူများကိုလည်း လေးစားခွင့်ရှိသည့်အပြင် မိမိဘဝကို မိမိပိုင်သည်။ | • အစိုးရ အုပ်ချုပ်မှုအောက်တွင်ရှိပြီး အုပ်ချုပ်မှုအား လက်ခံသည်။ မိမိကိုယ်ကို လက်အောက်ငယ်သားအဖြစ် စဉ်းစားသည်။ |
| •လူတိုင်းလွတ်လပ်ခွင့်နှင့် ကျော်ကြားခွင့်တို့အား အခြားသူများနည်းတူ ရရှိသည့်အပြင် နိုင်ငံရေးနှင့် တာဝန်ဝတ္တရားများတွင်လည်း စိတ်ပါဝင်စားစွာ ပါဝင်ခွင့်ပေးထားသည်။ | • နိုင်ငံရေးပိုင်းဆိုင်ရာနှင့် အများစုပေါင်းလှုပ်ရှားမှုများတွင် ဦးဆောင်ရန်တာဝန်မရှိဟု စဉ်းစားသည်။ |
| •အစိုးရ၏လုပ်ငန်းများနှင့် ပတ်သက်၍ ထင်မြင်ယူဆချက်ပေးခြင်း၊ ဂရုစိုက်ဝေဖန်ခြင်း၊ စစ်ဆေးခြင်း၊ တောင်းဆိုခြင်းများ ဆောင်ရွက်သည်။<br>•အစိုးရမှ ဖြေရှင်းပေးသည်အထိ မစောင့်ဘဲ ပြဿနာမကြီးခင် ကိုယ်တိုင်တတ်နိုင်သမျှ ဖြေရှင်းနိုင်သည်။ | • နိုင်ငံ၏ မူဝါဒ၊ ဥပဒေများကို လိုက်နာသည်။ |

## အသိပညာပေးစာစောင် (၃)

## နိုင်ငံသားတို့၏ တာဝန်နှင့်ဝတ္တရားများ

### နိုင်ငံတော်၏ တရားဥပဒေများကို ရိုသေလေးစားခြင်း

၁။ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားများအတွက် နိုင်ငံတော်၏ ဥပဒေကို ရိုသေလေးစားပြီး လိုက်နာရန်တာဝန်သည် အရေးကြီးသည့်တာဝန်တစ်ရပ်ဖြစ်ပါသည်။ နိုင်ငံတော်၏ တရားဥပဒေကို လူတစ်ဦးတစ်ယောက်က သူ၏ဆန္ဒသဘောတစ်ခုတည်းဖြင့် ပြဋ္ဌာန်းပိုင်ခွင့်မရှိပါ။ နိုင်ငံသားများက ကြည်ကြည်ဖြူဖြူဖြင့် ရွေးကောက်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များ ပါဝင်သည့် ဥပဒေပြုလွှတ်တော်ကသာ အတည်ပြုပြဋ္ဌာန်းရတာဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များရရှိထားသည့် ဥပဒေပြုအာဏာသည်လည်း နိုင်ငံသားပြည်သူများ၏ ဆန္ဒသဘောထားမှ ဆင်းသက်လာခြင်းဖြစ်၍ ထိုတရားဥပဒေများသည်လည်း နိုင်ငံသားများကိုယ်တိုင် ပြုလုပ်ထားသည့် ဥပဒေများပင်ဖြစ်ပါသည်။ ထို့ကြောင့်တရားဥပဒေကို နိုင်ငံသားတိုင်းက လိုလိုချင်ချင်နှင့် စောင့်ထိန်းရန်တာဝန်ရှိပါသည်။ သို့ရာတွင် ဥပဒေတစ်ရပ်သည် နိုင်ငံသားများ၏အကျိုးစီးပွားနှင့် ဆန့်ကျင်သောသဘောရှိပြီး လိုက်နာကျင့်သုံးရန်မသင့်တော့သည့် အခြေအနေရောက်ရှိပါက ထိုဥပဒေကို ပြင်ဆင်ရန် သို့မဟုတ် ဖျက်သိမ်းရန်အတွက် လွှတ်တော်အတွင်းမှဖြစ်စေ၊ လွှတ်တော်အပြင်မှဖြစ်စေ အများအကျိုးရည်ရွယ်ချက်ဖြင့် ပွင့်ပွင့်လင်းလင်း ထောက်ပြနိုင်သည့် အခွင့်အရေးများရှိပါသည်။ ယင်းသို့ဝေဖန်ပြောဆိုထောက်ပြရာတွင် စိတ်လိုက်မာန်ပါ အပြုအမူမျိုး လုံးဝမပြုလုပ်သင့်ပါ။

၂။ နိုင်ငံတော်၏ တရားဥပဒေများကို ကိုယ်တိုင်က ရိုသေလေးစားပြီး လိုက်နာရုံမျှမက၊ အခြားသူများကိုလည်း ရိုသေလေးစားလိုက်နာရန် တိုက်တွန်းပြောဆိုရမည့် တာဝန်သည်လည်း နိုင်ငံ့သားကောင်းများ၏ တာဝန်တစ်ရပ်ဖြစ်ပါသည်။

### နိုင်ငံတော်၏ အခွန်များကိုထမ်းဆောင်ခြင်း

၃။ လူထု၏ဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်ထားသည့် အစိုးရတစ်ရပ်တွင် နိုင်ငံသားများ၏ အကျိုးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များစွာရှိပါသည်။ ထိုလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန်နှင့် အောင်မြင်စေရန် အစိုးရသည် ငွေကြေးပမာဏများစွာလိုအပ်ပါသည်။ ထို့ကြောင့် အစိုးရတစ်ရပ်သည် နိုင်ငံသားပြည်သူများထံမှ အခွန်ငွေများကို ဥပဒေနှင့်အညီကောက်ခံရန် တာဝန်ရှိလာပါသည်။ သို့ရာတွင် အစိုးရကကောက်ခံသည့် အခွန်ငွေများသည် တရားမျှတမှု ရှိ မရှိ၊ အကျိုးသက်ရောက်မှု ရှိ မရှိကို မှန်မှန်ကန်ကန်ဝေဖန်နိုင်သည့် အခွင့်အရေးလည်း နိုင်ငံသားတိုင်းတွင်ရှိပါသည်။ ရရှိလာသောအခွန်ငွေများကို အစိုးရက မည်ကဲ့သို့ခွဲဝေသုံးစွဲသည်ကိုလည်း နိုင်ငံသားတိုင်းက သိခွင့်ရှိပါသည်။ နိုင်ငံသားများသည် အခွန်ငွေအပြင် ဒေသဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များက ကောက်ခံသည့်အခွန်ငွေကိုပေးဆောင်ရမည့် တာဝန်လည်းရှိပါသည်။

## ဆန္ဒမဲပေးခြင်း

၄။ ဒီမိုကရေစီနိုင်ငံများတွင် နိုင်ငံသားတစ်ဦး လုပ်ဆောင်ရမည့် တာဝန်များအနက် အရိုးရှင်းဆုံးနှင့် အခြေခံအကျဆုံးအဆင့် အနေဖြင့် လုပ်ဆောင်ရမည့်တာဝန်တစ်ရပ်မှာ ဆန္ဒမဲပေးခြင်းဖြစ်ပါသည်။ အရွယ်ရောက်ပြီးသည့် နိုင်ငံသားတိုင်းတွင် လွှတ်တော်ကိုယ်စားလှယ်များကို ဆန္ဒမဲပေးပြီး ရွေးချယ်နိုင်သည့် အခွင့်အရေးရှိပါသည်။ ထိုဆန္ဒမဲပေးနိုင်သည့် အခွင့်အရေးကို ကိုယ်ပိုင်ဉာဏ်ပညာဖြင့် အကောင်းဆုံးနှင့် တန်ဖိုးအရှိဆုံးဖြစ်အောင် အသုံးချတတ်ရန်လိုအပ်ပါသည်။ အရွယ်ရောက်ပြီးသည့် နိုင်ငံသားတိုင်းသည် မိမိ၏ဆန္ဒမဲကို ဓမ္မဓိဋ္ဌာန်ကျကျ ရိုးရိုးသားသား အသုံးချတတ်ရပါမည်။ မိမိ၏ ဆန္ဒမဲကို အကျိုးအမြတ်ယူ၍ အဂတိလိုက်စားပြီး ဆန္ဒမဲပေးခြင်းသည် နိုင်ငံသားများ၏ တာဝန်အား အလွဲသုံးစားပြုခြင်းဖြစ်ပါသည်။ နိုင်ငံသားအချို့သည် မအားလပ်၍လည်းကောင်း၊ ကြောက်၍ လည်းကောင်း၊ အကြောင်းကြောင်းကြောင့် ဆန္ဒမဲမပေးဘဲ ရှောင်လွှဲနေခြင်းသည် နိုင်ငံသားတာဝန် မကျေပွန်ခြင်း ဖြစ်ပါသည်။ ဆန္ဒမဲပေးခြင်းသည် ဒီမိုကရေစီစနစ်၏ အသက်ဖြစ်ပါသည်။ မဲပေးရန် အခွင့်အရေးရတိုင်း မဲပေးခွင့်စာရင်းတွင် မိမိအမည်ပါဝင်ခြင်း ရှိ မရှိ ကိုယ်တိုင်သွားကြည့်ပြီး မပါဝင်ပါက ပါဝင်အောင် လုပ်ထုံးလုပ်နည်းနှင့်အညီ ကိုယ်တိုင်ကြိုးစားရပါမည်။ ဆန္ဒမဲပေးခြင်းကို ကောင်းစွာအသုံးချတတ်ပါက အရည်အချင်းရှိပြီး ကောင်းမွန်သည့် ကိုယ်စားလှယ်များ ရရှိမည် ဖြစ်သည်။ အသုံးမချတတ်ပါက ကိုယ်စားလှယ်များ၏ အရည်အသွေးညံ့ဖျင်းခဲ့လျှင် အရည်အချင်း ရှိပြီး ကောင်းမွန်သည့်အစိုးရ၊ ကောင်းမွန်သည့်အုပ်ချုပ်မှုကို မရရှိနိုင်တော့ပါ။ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုအားနည်းလျှင် တိုင်းပြည်၊ နိုင်ငံ၊ နိုင်ငံသား၊ လူမျိုးများကိုပါ ထိခိုက်လာစေနိုင်ပါသည်။ ထို့ကြောင့် တိုင်းပြည်၊ နိုင်ငံတစ်ခု၏ တိုးတက်မှု၊ ဆုတ်ယုတ်မှုသည် နိုင်ငံသား ပြည်သူလူထု၏ မဲပေးပုံပေးနည်း အပေါ်တွင်လဲမူတည်ပါသည်။

## အခြေခံပညာပြည့်စုံလုံလောက်ခြင်း

၅။ ဒီမိုကရေစီစနစ်ကျင့်သုံးသည့် နိုင်ငံများတွင် နိုင်ငံသားတိုင်း အသိဉာဏ်ပညာနှင့် ပြည့်စုံရန် အလွန်အရေးကြီးပါသည်။ နိုင်ငံသားပြည်သူလူထုတစ်ရပ်လုံး အသိဉာဏ်ပညာရှိမှသာလျှင် ကောင်းမွန်သော အစိုးရတစ်ရပ် ဖြစ်ပေါ်လာအောင်ရွေးကောက်တင်မြှောက်နိုင်မည်ဖြစ်သည်။ နိုင်ငံသားတိုင်း တွင် လုံလောက်သည့် အခြေခံပညာနှင့် ပြည့်စုံဖို့ တာဝန်ရှိပါသည်။ ပြည်သူလူထုတစ်ရပ်လုံး ပညာ တတ်မြောက်မှသာလျှင် ကိုယ်ပိုင်ဉာဏ်ပညာအရည်အချင်းများနှင့် တိုးတက်ကောင်းမွန်သော ဘဝ အခြေအနေများကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။ ပညာသင်ကြားရခြင်း၏ ရည်ရွယ်ချက်များတွင် ပတ်ဝန်းကျင် လူ့လောကနှင့် သင့်တင့်စွာနေထိုင်ပေါင်းသင်းတတ်ရန်နှင့် ကြီးပွားတိုးတက်အောင် ဆောင်ရွက်နိုင်ရန်လည်းပါဝင်ပါသည်။ ထို့ကြောင့်ပညာသင်ကြားရခြင်းသည် အသက်မွေးဝမ်းကျောင်းရန် တစ်ခုတည်းကိုသာ ရည်ရွယ်ခြင်းမဟုတ်ကြောင်းလည်း သိရှိနားလည်ထားရန် လိုအပ်ပါသည်။ နိုင်ငံသားများ၏အသိဉာဏ်အားနည်းသော နိုင်ငံများတွင် စစ်မှန်သည့် ဒီမိုကရေစီသဘောတရား များကို မရရှိမခံစားနိုင်ပါ။

## နိုင်ငံ့ဝန်ထမ်း/ အစိုးရဝန်ထမ်းလုပ်ခြင်း၊ စေတနာ့ဝန်ထမ်းလုပ်ခြင်း

၆။ ဝန်ထမ်းလုပ်ငန်းများသည် နိုင်ငံသားတိုင်းနှင့် သက်ဆိုင်သည့် နောက်တာဝန်တစ်ရပ်ဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းများသည် အရည်အချင်းပြည့်ဝ၍ ပြည်သူများအပေါ်စေတနာကောင်းထားပြီး တာဝန်ကျေပွန်ပါက တိုင်းပြည်တိုးတက်၍ ပြည်သူပြည်သားအားလုံးကောင်းကျိုးခံစားရပြီး နိုင်ငံ့ဝန်ထမ်းများအနေနှင့်လည်း ဝန်ထမ်းကောင်းအဖြစ် အသိအမှတ်ပြုခံရမည်ဖြစ်ပြီး ဂုဏ်အဆင့်အတန်းများကို အလိုအလျောက်ရရှိလာမည်ဖြစ်ပါသည်။ စေတနာ့ဝန်ထမ်း လူမှုရေးလုပ်ငန်းကို လုပ်ဆောင်သူများသည်လည်း မွန်မြတ်သည့်ရည်ရွယ်ချက်နှင့် ကိုယ်ကျိုးမဖက်ဘဲ ပရဟိတလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းဖြစ်သဖြင့် ထူးမြတ်သည့်ဂုဏ်ကျက်သရေနှင့် ပြည့်စုံမည်ဖြစ်ပါသည်။ နိုင်ငံသားမှန်သမျှ မိမိကျွမ်းကျင်သည့်ပညာဖြင့် တိုင်းပြည်ကြီးပွားရေးအတွက် ရည်ရွယ်၍ မိမိနှင့်သင့်တော်သည့် နေရာများတွင် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းအတွက် တူညီသောအခွင့်အလမ်းများလည်း ရရှိစေရမည်ဖြစ်ပါသည်။ နိုင်ငံတော်၏ကျေးဇူးသစ္စာကိုလည်း စောင့်ထိန်းရပါမည်။

၇။ အထက်ဖော်ပြပါ နိုင်ငံသားများ၏ အရေးကြီးသောတာဝန်များအနက် နိုင်ငံသားတိုင်း "**အခြေခံပညာနှင့် ဗဟုသုတရှိရန်**"သည် အရေးကြီးဆုံးအချက်ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးနေပြီဖြစ်သော မြန်မာနိုင်ငံတွင် လူတိုင်းလူတိုင်း အသိဉာဏ်ပညာ အမြော်အမြင်နှင့် ပြည့်စုံရန်လိုအပ်ခြင်းသည် လောလောဆယ် အရေးကြီးဆုံးဖြစ်ပါသည်။ မည်သည့်နိုင်ငံတွင်မဆို ဆိုးသွမ်းသူများရှိတတ်ကြပါသည်။ ထိုသူတို့သည် အားနည်းသောသူများ၏ အခွင့်အရေးကို မထောက်ထား၊ နိုင်ငံတော်က ပြဋ္ဌာန်းသည့် ဥပဒေများကိုလည်း မရိုသေမလေးစားဘဲ မိမိအကျိုးစီးပွားအတွက် သူတစ်ပါးအကျိုးကို ထိခိုက်အောင် ပြုမူတတ်ကြပါသည်။ သူတစ်ပါး၏ အသက်အိုးအိမ်ကိုပင်ရန်ရှာတတ်ကြပါသည်။ ထိုသူများနှင့် မပူးပေါင်းရန်မှာ နိုင်ငံ့သားကောင်းများ၏ တာဝန်တစ်ရပ်လည်းဖြစ်ပါသည်။

## အသိပညာပေးစာစောင်(၄)

## နိုင်ငံ့သားကောင်းဖြစ်ရန် လူငယ်တို့၏တာဝန်ဝတ္တရား

၁။ လူ့အဖွဲ့အစည်းမှ အဖွဲ့ဝင်တိုင်းသည် မိမိ၏အခြေအနေအရ ထမ်းဆောင်ရသော **တာဝန်ဝတ္တရားများ**ကို လက်ခံရမည်။ အဖွဲ့ဝင်တိုင်းက ထမ်းဆောင်ရမည့် တာဝန်များကို **မှန်မှန်ကန်ကန်လုပ်ဆောင်**ခဲ့လျှင် တိုင်းပြည်၏ နိုင်ငံ့သားကောင်းအဖြစ် ယုံကြည်နိုင်ပြီး တိုင်းပြည်တိုးတက်၊ တည်တံ့ခိုင်မြဲရေးအား အထောက်အကူပြုလိမ့်မည်။ ထို့ကြောင့် လူ့အဖွဲ့အစည်းမှ လူတိုင်း (အထူးသဖြင့်) လူငယ်တို့အား နိုင်ငံ၏ အနာဂတ်အဖြစ် ယုံကြည်ရမည်။ ထို့ကြောင့် လူငယ်တို့သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအား ဆက်လက်ကူညီနိုင်ရန်အတွက် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများအားလက်ခံလိုက်နာ၍ မှန်မှန်ကန်ကန်လုပ်ဆောင်ပြီး၊ အသိပညာပြည့်စုံမှု ရှိနေရန်လိုအပ်သည်။

### လူငယ်လူကောင်းတို့၏ လက္ခဏာပုံစံများ(ထပ်မံဖော်ပြခြင်း)

၂။ လူငယ်လူကောင်းတို့သည် အကျင့်သိက္ခာ၊ လူ့ကျင့်ဝတ်များရှိရမည်။ တရားမျှတမှုရှိရမည်။ လူငယ်လူကောင်းတို့၏ လက္ခဏာပုံစံများမှာ-

(က) **အများအကျိုးအတွက် ကိုယ်ကျိုးစွန့်ခြင်း။** အများအကျိုးအတွက်ကိုယ်ကျိုးစွန့်ခြင်းသည် ရှေ့ဆက်ရမည့်ခြေလှမ်းများအတွက် ကူညီပေးသောကိုယ်ကျင့်တရားဖြစ်သည်။ လူ့အဖွဲ့အစည်းအတွင်းမှ လူအားလုံးသည် အများအကျိုးကိုသာကြည့်၍ ကိုယ်ကျိုးစွန့်ကြမည်ဆိုလျှင် လူ့အဖွဲ့အစည်း၏ တိုးတက်မှုမှာ ပိုမိုလျင်မြန်လာလိမ့်မည်။

( ခ) **စည်းကမ်းရှိခြင်းနှင့်တာဝန်ယူမှုရှိခြင်း**။ စည်းကမ်းရှိခြင်းနှင့် တာဝန်ယူမှုရှိခြင်းသည် လူ့အဖွဲ့အစည်းအား ကျင့်ဝတ်ထိန်းသိမ်းခြင်းဖြင့် ကူညီခြင်းဖြစ်သည်။ လူ့အဖွဲ့အစည်းအတွင်းမှ အဖွဲ့ဝင်တို့သည် စည်းကမ်းလိုက်နာကာ မိမိတို့လုပ်ပိုင်ခွင့်ကို သိရှိနားလည်ပြီး အခြားသူတို့ လုပ်ပိုင်ခွင့်အား နှောင့်ယှက်ခြင်းမပြုဘဲ လုပ်ငန်းတာဝန်အပေါ် စိတ်ပါဝင်စားမှုရှိပါက လူ့အဖွဲ့အစည်း သာယာတိုးတက်မည် ဖြစ်သည်။

( ဂ) **ရိုးသားဖြောင့်မတ်မှုရှိခြင်း။** ရိုးသားဖြောင့်မတ်ခြင်းသည် အရေးကြီးသောကိုယ်ကျင့်သိက္ခာဖြစ်သည်။ လူ့အဖွဲ့အစည်းအတွင်းမှ အဖွဲ့ဝင်တို့သည် ရိုးသားဖြောင့်မတ်ကြမည်ဆိုလျှင် အခြားသူတို့ပိုင်ဆိုင်သော ပစ္စည်းများအား ဖျက်ဆီးခြင်း၊ ခိုးယူခြင်းမပြုပါက လူ့အဖွဲ့အစည်း တိုးတက်ဖွံ့ဖြိုးလာပြီး နိုင်ငံသားအားလုံးတို့သည် စိတ်ချမ်းသာကြမည်ဖြစ်ပါသည်။

(ဃ) **အများအကျိုးအတွက် သင့်သင့်မြတ်မြတ်ဖြင့်အတူတကွလက်တွဲဆောင်ရွက်ခြင်း။** အများအကျိုးအတွက် သင့်သင့်မြတ်မြတ်ဖြင့် အတူတကွလက်တွဲဆောင်ရွက်ခြင်းသည် စည်းလုံးညီညွတ်၍အင်အားရှိသော လူ့အဖွဲ့အစည်းကို ဖြစ်ပေါ်စေသည်။ အကယ်၍ လူ့အဖွဲ့အစည်းအတွင်းရှိ လူတို့သည် အတွေးအခေါ် လုပ်ဆောင်ချက်များ မတူကွဲပြားမှုကြီးမားနေလျှင် လူ့အဖွဲ့အစည်းသည် အင်အားယုတ်လျော့ပြိုလဲနိုင်သည်။

(င) **ဟီရိဩတ္တပ္ပဟူသော မကောင်းမှုပြုလုပ်ခြင်းအား ရှက်ရွံ့ကြောက်လန့်ခြင်း။** ဟီရိဩတ္တပ္ပဟူသော မကောင်းမှုပြုလုပ်ခြင်းအား ရှက်ရွံ့ကြောက်လန့်ခြင်းရှိလျှင် လူ့အဖွဲ့အစည်းသည် ဖွံ့ဖြိုးသာယာမည်ဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံ့တာဝန်ထမ်းဆောင်သူတို့သည် အဂတိလိုက်စားခြင်းကင်းပြီး ရိုးသားဖြောင့်မတ်ခြင်း၊ မိမိနှင့်ဆွေမျိုးမိတ်ဆွေ အသိုင်းအဝိုင်းတို့၏ အကျိုးတစ်ခုတည်းကိုသာမကြည့်ဘဲ နိုင်ငံသားတို့၏အကျိုးကသာ အရေးကြီးဆုံးကိစ္စဖြစ်သည်ဟုမြင်ခြင်းဖြင့် ဟီရိဩတ္တပ္ပတရားရှိစွာ မကောင်းမှုပြုလုပ်ခြင်းအား ရှောင်ကြဉ်မည်ဆိုလျှင် လူ့အဖွဲ့အစည်းသည် ဖွံ့ဖြိုးသာယာမည်ဖြစ်သည်။

## လူငယ်လူကောင်းတို့၏ အရေးပါမှု

၃။ မိမိကိုယ်တိုင် လူငယ်လူကောင်းဖြစ်စေရန်အတွက် အရေးကြီးဆုံးမှာ လူ့ကျင့်ဝတ်သိက္ခာရှိသောသူ/ ဖြောင့်မတ်တည်ကြည်မှုရှိသောသူ ဖြစ်ရန်လိုအပ်သည်။ လူ့ဘဝတွင် မိမိအကျိုး၊ သူတစ်ပါးအကျိုးကို ဆောင်ရွက်ရာတွင် လူ့ကျင့်ဝတ်နှင့်လျော်ညီစွာ အတွေးကောင်း၊ အပြုအမူကောင်းဖြင့် ပေးအပ်ခံရသော တာဝန်ဝတ္တရားကို ကျေပွန်စွာထမ်းဆောင်ခြင်းသည် ကိုယ်ကျန်းမာစိတ်ချမ်းသာပြီး ပတ်ဝန်းကျင်ရှိ လူများ၏ ချစ်ခင်မှုကို ရရှိမည်ဖြစ်သည်။

၄။ လူငယ်များအား လူငယ်လူကောင်းများဖြစ်စေရန် အကျင့်ကောင်းများ မွေးမြူပေးပြီးသောအခါ အများအကျိုးအတွက် နောက်ထပ်အရေးကြီးသောအရာမှာ အနာဂတ်၏ နိုင်ငံ့သားကောင်းများဖြစ်လာစေရန်ပင်ဖြစ်သည်။ နိုင်ငံတွင် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရန် နိုင်ငံသားတို့သည် လူ့အဖွဲ့အစည်း၏ စည်းမျဉ်း၊ စည်းကမ်း၊ သဘောတူညီချက်၊ ဥပဒေတို့ကို လိုက်နာရမည်ဖြစ်သည်။ မိမိအတွက် သတ်မှတ်ပေးထားသော တာဝန်ဝတ္တရားများကို ဒီမိုကရေစီနည်းလမ်းအတိုင်း လုပ်ဆောင်ပြီး လူ့အဖွဲ့အစည်းနှင့်အတူတကွ စုပေါင်းနေထိုင်ခြင်းကို လက်ခံလျှင် လူ့အဖွဲ့အစည်းသည် ငြိမ်းချမ်းသာယာလိမ့်မည်။

၅။ ထို့ကြောင့် လူ့အဖွဲ့အစည်းတွင် လူငယ်လူကောင်းများရှိပြီးသောအခါ အနာဂတ် နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာစေရန် အရေးကြီးပါသည်။ နိုင်ငံ့သားကောင်းများရှိမှသာလျှင် တိုင်းပြည်သည်လည်း တိုးတက်ဖွံ့ဖြိုးသော ခေါင်းလမ်းများဖြင့် လျင်မြန်စွာ လျှောက်လှမ်းနိုင်မည်ဖြစ်သည်။

## အသိပညာပေးစာစောင်(၅)

## ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် နိုင်ငံ့သားကောင်းဖြစ်ခြင်း

### ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် နိုင်ငံ့သားကောင်းဖြစ်ခြင်း၏ အဓိပ္ပာယ်နှင့် အတွေးအခေါ်များ

၁။ (က) **ဒီမိုကရေစီလမ်းကြောင်းပေါ်မှ နိုင်ငံ့သားကောင်း။** နိုင်ငံ့သားကောင်းတို့၏ အရေးကြီးသောလက္ခဏာပုံစံအဖြစ် အကျင့်သိက္ခာ၊ လူ့ကျင့်ဝတ်တို့ကို ထိန်းသိမ်းပြီး လုပ်ဆောင်မှုများသည် ဒီမိုကရေစီအခြေခံသဘောတရားရှိသည်။ ဒီမိုကရေစီသည် တိုင်းပြည်၏ စစ်မှန်သော အခြေခံသဘောတရားဖြစ်ပြီး ဥပဒေသည် လူ့အဖွဲ့အစည်း အကျိုးအတွက်၊ လူ့အဖွဲ့အစည်းနှင့် ပြည်သူပြည်သားတို့ တိုးတက်ဖွံ့ဖြိုးရေး အတွက် ဖြစ်သည်၊

(ခ) **ဒီမိုကရေစီ၏ အာဏာ။** နိုင်ငံသားတို့သည် တိုင်းပြည်အုပ်ချုပ်ရေးတွင် အမြင့်ဆုံး အာဏာရှိသူများဖြစ်ကြသည်။ ဒီမိုကရေစီ၏ အာဏာသည် ပြည်သူလူထုထံတွင်သာ ရှိသည်၊

(ဂ) **ဘက်မလိုက်ခြင်း။** ဒီမိုကရေစီလူ့အဖွဲ့အစည်းသည် တန်းတူညီမျှမှုရှိသည်။ လူတိုင်း အတွက် မွေးဖွားလာကတည်းက တန်းတူညီမျှမှုရှိသည်။ (၎င်းတို့မှာ လွတ်လပ်ခွင့်ရှိခြင်း၊ ဘက်လိုက်မှုမရှိခြင်း၊ လူတစ်ဦးနှင့်တစ်ဦးအမျိုးအစားခွဲခြားမှုမရှိခြင်း၊ ငြိမ်းချမ်းစွာ စုပေါင်းနေထိုင်ခြင်း၊ အားနည်းသူတို့ကို အနိုင်ကျင့်မှုမရှိခြင်း)၊

(ဃ) **စည်းမျဉ်းဥပဒေ။** လူ့အဖွဲ့အစည်းငြိမ်းချမ်းသာယာစေရန်အတွက် စုပေါင်း နေထိုင်ရာတွင် စည်းမျဉ်းစည်းကမ်းများထားရှိအသုံးပြုရသည်၊

(င) **အကြောင်းအရာ။** လူ့အဖွဲ့အစည်းအတွင်းမှ ပြဿနာများကို ဆုံးဖြတ်ရာတွင် မှန်ကန်သောအဖြစ်အပျက်များကို အခြေခံရသည်၊

(စ) **အများစု၏ ယုံကြည်မှု။** အများစု၏ အသံအားလက်ခံခြင်း၊ အများစု၏ ယုံကြည်မှုဖြင့် ငြိမ်းချမ်းမှုကိုဖော်ဆောင်ခြင်း၊ ကွဲလွဲသောအဓိကအချက်အလက်များကို မဲခွဲခြင်းဖြင့် ဆုံးဖြတ်ခြင်းကို လက်ခံနိုင်ခြင်းဖြစ်သည်၊

(ဆ) **အပေးအယူလုပ်ခြင်း။** အရေးကြီးဆုံးမှာ အများအကျိုးအတွက် လက်တွဲ ဆောင်ရွက်ရန် ဖြေလျှော့သင့်သည်ကို ဖြေလျှော့ပေးခြင်းဖြင့် ဆန့်ကျင်မှုကို လျော့ကျ စေခြင်းဖြစ်သည်။ ဒီမိုကရေစီ၏ အခြေခံသဘောတရားတွင် အရေးကြီးဆုံးမှာ လူ့အဖွဲ့အစည်းတွင် ငြိမ်းချမ်းမှုဖြစ်ပေါ်စေရန် စီမံဆောင်ရွက်ခြင်းပင်ဖြစ်သည်။

## ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် နိုင်ငံ့သားကောင်းတို့၏ လုပ်ဆောင်ရမည့်နည်းလမ်းများ

၂။ (က) **လူ့အဖွဲ့အစည်းနှင့်ဆိုင်သော အချက်များ**

(၁) တွေးတောထင်မြင်ချက်အားလုံးတွင် အကြောင်းရင်းရှိခြင်း၊

(၂) အခြားသူများ၏ ထင်မြင်ချက်များကို နားထောင်ခြင်း၊

(၃) အခြားသူတို့တွင် ပိုမိုကောင်းမွန်သောအကြောင်းအရာရှိသောအခါ လက်ခံတတ်ခြင်း၊

(၄) စိတ်ခံစားမှုထက် လက်တွေ့အကြောင်းအရာဖြင့်သာ ဆုံးဖြတ်ချက်ချခြင်း၊

(၅) လူ့အဖွဲ့အစည်း၏ သတ်မှတ်ချက်များအပေါ် လေးစားမှုရှိခြင်း၊

(၆) အများအကျိုးဆောင်ရွက်လိုစိတ်ရှိခြင်း၊

( ခ ) **စီးပွားရေးနှင့်ဆိုင်သောအချက်များ**

(၁) မိသားစုတွင် ခြိုးခြံချွေတာမှုရှိခြင်း၊

(၂) မိမိ၏ အသက်မွေးဝမ်းကျောင်းမှုမှာ ရိုးသားမှုရှိခြင်း၊

(၃) ရေရှည် အသက်မွေးလုပ်ငန်းအား တိုးတက်စေခြင်း၊

(၄) အချိန်ရလျှင်ရသလို မိမိကိုယ်တိုင်နှင့် လူ့အဖွဲ့အစည်းအတွက် အချိန်ကိုအသုံးချခြင်း၊

(၅) ကမ္ဘာ့လူ့အဖွဲ့အစည်းနှင့် မိမိနိုင်ငံလူ့အဖွဲ့အစည်းတို့အား အကျိုးရှိစေရန်အတွက် ဆန်းသစ်တီထွင်မှုများ ပြုလုပ်ခြင်း၊

(၆) ထုတ်လုပ်သူနှင့် စားသုံးသူတို့အကြား နှစ်ဦးနှစ်ဖက် ရိုးသားမှုရှိခြင်း၊

( ဂ ) **အုပ်ချုပ်ရေး၊ နိုင်ငံရေးဆိုင်ရာအချက်များ**

(၁) ဥပဒေအားလိုက်နာခြင်း၊

(၂) မိမိကိုဆန့်ကျင်မှုဖြစ်ခဲ့လျှင် သည်းခံခြင်းဖြင့် လူတိုင်း၏ထင်မြင်ချက်ကို နားထောင်ခြင်း၊

(၃) ပိုမိုကောင်းမွန်သော အကြောင်းအရာကို လက်ခံခြင်း၊

(၄) အများအကျိုးအတွက် ထင်မြင်ချက်ကို တင်ပြခြင်း၊

(၅) ကိုယ်ကျိုးမကြည့်ဘဲ လုပ်ငန်းတာဝန်အပေါ်ရိုးသားမှုရှိခြင်း၊

(၆) အချိန်ပြည့်၊ စွမ်းအင်ပြည့် အလုပ်လုပ်ခြင်း။

## နိုင်ငံ့သားကောင်းတို့၏ ကျင့်ဝတ်များ

၃။ နိုင်ငံ့သားကောင်းတို့၏ ကျင့်ဝတ်ဆိုသည်မှာ သင့်တော်သည့် အပြုအမူကောင်း၊ အမူအကျင့်ကောင်းတို့ကို ပြုမူခြင်းဖြင့် ကျင့်ဝတ်သိက္ခာအားမြှင့်တင်ခြင်းကို ဆိုလိုပါသည်။ နိုင်ငံ့သားကောင်းတို့၏ ကျင့်ဝတ်များမှာ-

(က) **သစ္စာစောင့်သိခြင်း။** နိုင်ငံတော်အပေါ် သစ္စာစောင့်သိခြင်း၊

(ခ) **စည်းကမ်းရှိခြင်း။** လူ့အဖွဲ့အစည်းအတွင်း စနစ်တကျ စည်းကမ်းရှိစေရန်အတွက် စုပေါင်း၍ စည်းကမ်းထိန်းသိမ်းခြင်းဖြစ်သည်၊

(ဂ) **ကိုယ်ကျင့်တရားရဲရင့်ခြင်း။** မှန်ကန်သည့်အလုပ်အား ရဲဝံ့စွာလုပ်ဆောင်ခြင်းဖြစ်သည်၊

(ဃ) **တာဝန်ယူမှုရှိခြင်း။** မိမိပြောသမျှ၊ လုပ်သမျှ တာဝန်ယူမှုရှိခြင်း၊ ပြောသည့်အတိုင်းလုပ်၍ လုပ်သည့်အတိုင်းပြောရန်ဖြစ်သည်၊

(င) **အနစ်နာခံခြင်း။** အများအကျိုးအတွက် ကိုယ်ကျိုးစွန့်ခြင်း သို့မဟုတ် မိမိ၏ လုပ်ဆောင်မှုဖြင့် အများကောင်းကျိုးရရှိစေခြင်းဖြစ်သည်၊

(စ) **အချိန်မှန်ခြင်း။** ပေးအပ်သောတာဝန်ကို သတ်မှတ်ချိန်အတွင်း ကျေပွန်စွာလုပ်ဆောင်ခြင်းဖြစ်သည်။

## တစ်ပါးသူများကိုလည်း နိုင်ငံ့သားကောင်းဖြစ်ရန် မြှင့်တင်ပေးခြင်း

၄။ ဒီမိုကရေစီနည်းလမ်းအရ နိုင်ငံ့သားကောင်းဖြစ်သူသည် တစ်ပါးသူများကိုလည်း ဒီမိုကရေစီနည်းလမ်းအရ နိုင်ငံ့သားကောင်းဖြစ်စေရန် မြှင့်တင်ပေးရာတွင် ကူညီထောက်ပံ့မှုပြုရသည်။ လုပ်ဆောင်ရန်နည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မိမိ၏ဘဝ ပတ်ဝန်းကျင်ကောင်းရရှိရန်အတွက် နေ့စဉ်မိမိလှုပ်ရှားဖြတ်သန်းနေထိုင်ရာနေရာတိုင်းတွင် ဒီမိုကရေစီအခြေခံနည်းလမ်းကို ကျင့်သုံးရမည်၊

(ခ) နေ့စဉ်ဖြတ်သန်းသောဘဝတွင် ဒီမိုကရေစီနည်းလမ်းအား အသုံးချတတ်ရန်အတွက် မိမိနှင့်နီးစပ်ရာလူ့အဖွဲ့အစည်းရှိ လူများ၊ မိတ်ဆွေများ၊ မိသားစုအတွင်းမှ လူများကို လေ့ကျင့် သင်ကြားပေးရမည်၊

(ဂ) သတင်းမီဒီယာဖြန့်ကြက်မှုတွင်ပါဝင်၍ နိုင်ငံ့သားကောင်းဖြစ်ရေး သတင်းဆောင်းပါးများ၊ အတွေးအမြင်များရေးသားပြောဆိုခြင်းဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ဒီမိုကရေစီနည်းလမ်းနှင့်အညီ ဥပဒေလိုက်နာပြီး မှန်ကန်စွာလုပ်ဆောင်တတ်ရန် အထောက်အပံ့ ဖြစ်ရမည်၊

(ဃ) အဖွဲ့အစည်းများအလိုက် အများနှင့်ဆိုင်သောအကျိုးကို ဆောင်ရွက်ရမည်၊

(င) အစိုးရ၏ မျက်စိနှင့်နား ဖြစ်ရမည်။ အစိုးရလုပ်ငန်းဌာနတွင် လူကောင်းများကို အားပေးထောက်ခံရမည်။ အဂတိလိုက်စားသူများကို ဖော်ထုတ်ပေးရမည်။ စစ်မှန်သည့် ဒီမိုကရေစီပေါ်ထွန်းလာရေးအတွက် သတိပြုလုပ်ဆောင်သင့်သည့် အချက်မှာ တစ်ပါးသူများအားလည်း ဒီမိုကရေစီနည်းလမ်းအရ နိုင်ငံ့သားကောင်းဖြစ်ရန် လုပ်ဆောင်ခြင်းပင်ဖြစ်သည်။

## အလုပ်မှတ်တမ်း(၂)

## မည်သို့ပြုမူကြသလဲ

အမည် ----------------- အတန်း --------------------- ကျောင်းသားနံပါတ် -------------------

**ရှင်းလင်းချက်။** ပုံကိုကြည့်၍ဖြစ်ပေါ်လာသော ခံစားချက်ကို ပုံ၏ဘေးတွင်ရေးသားပါ ပုံအောက်တွင်ဖော်ပြထားသော မေးခွန်းများကို ဖြေဆိုပါ။



**မိမိ၏ခံစားချက်**

-----------------------------------------------

-----------------------------------------------

-----------------------------------------------

-----------------------------------------------

-----------------------------------------------

- ပုံတွင်ပြထားသော လှုပ်ရှားမှုအမျိုးအစားကို ဖော်ပြပါ။ ---------------------------------------
  -------------------------------------------------------------------------------------------
- ပုံတွင်ပါဝင်သောသူများသည် မည်သည့်လူအမျိုးအစားများဖြစ်ပါသလဲ။ ----------------------
  -------------------------------------------------------------------------------------------
- ပုံမှအပြုအမူများသည် လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများအတွက် မည်သို့သော အကျိုးဆက်များ ဖြစ်ထွန်းစေနိုင်ပါသလဲ။ -----------------------------------------------------------------
  -------------------------------------------------------------------------------------------

‹×××××××××××××



**မိမိ၏ခံစားချက်**

-----------------------------------------------

-----------------------------------------------

-----------------------------------------------

-----------------------------------------------

-----------------------------------------------

- ပုံတွင်ပြထားသော အပြုအမူအမျိုးအစားကို ဖော်ပြပါ။ ---------------------------------------

  ------------------------------------------------------------------------------------------
- ပုံတွင်ဖော်ပြထားသော အဖြစ်အပျက်ကို (တရားမဝင်)ပြုမူဆောင်ရွက်သူသည် မည်သည့် လူအမျိုးအစားဖြစ်ပါသလဲ။ ------------------------------------------------------------

  ------------------------------------------------------------------------------------------
- ယင်းအပြုအမူသည် လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများအတွက် မည်သို့သော အကျိုးဆက်များ ဖြစ်ပေါ်စေနိုင်ပါသလဲ။ --------------------------------------------------------------------

  ------------------------------------------------------------------------------------------

‹××××××××××××



**မိမိ၏ခံစားချက်**

------------------------------------------------

------------------------------------------------

------------------------------------------------

------------------------------------------------

------------------------------------------------

- ပုံတွင်ပြထားသော လှုပ်ရှားမှုအမျိုးအစားကို ဖော်ပြပါ။---------------------------------------

  ------------------------------------------------------------------------------------------
- ပုံတွင်ပါဝင်သောသူများသည် မည်သည့်လူအမျိုးအစားများဖြစ်ပါသလဲ။----------------------

  ------------------------------------------------------------------------------------------
- ပုံမှအပြုအမူများသည် လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများအတွက် မည်သို့သော အကျိုးဆက်များ ဖြစ်ထွန်းစေနိုင်ပါသလဲ။ -------------------------------------------------------------

  ------------------------------------------------------------------------------------------



**မိမိ၏ခံစားချက်**

-----------------------------------------------

-----------------------------------------------

-----------------------------------------------

-----------------------------------------------

-----------------------------------------------

- ပုံတွင်ဖော်ပြထားသော အပြုအမူ၊ အဖြစ်အပျက်အမျိုးအစားကို ဖော်ပြပါ။ --------------------
------------------------------------------------------------------------------------------
- ပုံတွင်ဖော်ပြထားသော အဖြစ်အပျက်ကို ပြုမူဆောင်ရွက်သူသည် မည်သည့် လူအမျိုးအစား ဖြစ်ပါသလဲ။ ---------------------------------------------------------------------------
------------------------------------------------------------------------------------------
- ယင်းအပြုအမူသည် လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများအတွက် မည်သို့သော အကျိုးဆက်များ ဖြစ်ပေါ်စေနိုင်ပါသလဲ။ --------------------------------------------------------------------
------------------------------------------------------------------------------------------

<××××××××××××



**မိမိ၏ခံစားချက်**

-----------------------------------------------

-----------------------------------------------

-----------------------------------------------

-----------------------------------------------


-----------------------------------------------

- ပုံတွင်ဖော်ပြထားသော အပြုအမူ၊ အဖြစ်အပျက်အမျိုးအစားကို ဖော်ပြပါ။ --------------------
------------------------------------------------------------------------------------------
- ပုံတွင်ဖော်ပြထားသော အဖြစ်အပျက်ကို ပြုမူဆောင်ရွက်သူသည် မည်သည့် လူအမျိုးအစား ဖြစ်ပါသလဲ။ ---------------------------------------------------------------------------
------------------------------------------------------------------------------------------
- ယင်းအပြုအမူသည် လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများအတွက် မည်သို့သော အကျိုးဆက်များ ဖြစ်ပေါ်စေနိုင်ပါသလဲ။ -------------------------------------------------------------------
------------------------------------------------------------------------------------------

## အလုပ်မှတ်တမ်း(၃)

**ခေါင်းစဉ် -** **နိုင်ငံ့သားကောင်းတို့၏ တာဝန်ဝတ္တရားများ**

ရှင်းလင်းချက်။ ။နိုင်ငံသားများနှင့် နိုင်ငံ့သားကောင်းတို့၏ တာဝန်ဝတ္တရားများကို ဖြည့်စွက်ရေးသားပါ။



# GRADE - 8

၁ စည်းမျဉ်း၊ စည်းကမ်း၊ သဘောတူညီချက်၊ ဥပဒေ

၂ လုံလောက်ခြင်း

# စည်းမျဉ်း၊ စည်းကမ်း၊ သဘောတူညီချက်၊ ဥပဒေ

## ရည်ရွယ်ချက်

၁။ (က) စည်းမျဉ်း၊ စည်းကမ်း၊ သဘောတူညီချက်၊ ဥပဒေများအကြောင်းကို သိရှိနားလည်ရန်၊

(ခ) စည်းမျဉ်း၊ စည်းကမ်း၊ သဘောတူညီချက်၊ ဥပဒေများသည် လူသားတို့ဘဝဘေးကင်းလုံခြုံသာယာရေးအတွက် အလွန်အရေးကြီးကြောင်းသိမြင်နားလည်ရန်၊

(ဂ) စည်းမျဉ်းစည်းကမ်းများ၊ သဘောတူညီချက်များနှင့် ဥပဒေများကို လိုလားစွာလိုက်နာသည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရန်။

## ပညာပေးလှုပ်ရှားမှုအဆင့်ဆင့်

၂။ ဆရာမှ ကျောင်းသားများအား အဖွဲ့(၃) ဖွဲ့ခွဲ၍ အောက်ပါစည်းကမ်းများကို ကျောင်းသားများ မှတ်မိသိရှိသမျှ စုပေါင်းတိုင်ပင်၍ ရေးသားစေပြီး အဖွဲ့တစ်ဖွဲ့ချင်း၏ ကိုယ်စားလှယ်များက စည်းကမ်းတစ်မျိုးစီ၏ သတ်မှတ်ချက်များကို တင်ပြဆွေးနွေးကြစေရန်-

(က) စာမေးပွဲစည်းကမ်း၊

(ခ) စာကြည့်တိုက်စည်းကမ်း၊

(ဂ) ကလေးကစားကွင်းစည်းကမ်း။

၃။ ယင်းစည်းကမ်းများကို လိုက်နာလုပ်ဆောင်ခြင်းဖြင့်ရရှိသည့် ကောင်းကျိုးများနှင့် စည်းကမ်းများကို လိုက်နာလုပ်ဆောင်ခြင်းမပြုပါက ဖြစ်ပေါ်နိုင်သည့်ဆိုးကျိုးများကို အဖွဲ့တစ်ဖွဲ့ချင်းစီက စုပေါင်းတိုင်ပင်ကြပြီးနောက် တင်ပြစေပါ။

၄။ ဆက်လက်၍ "**စည်းကမ်းလိုက်နာပါ**"ခေါင်းစဉ်ဖြင့်ပြုစုထားသော **အသိပညာပေးစာစောင် (၁)** ကို ကျောင်းသားများအားဖြန့်ဝေ ဖတ်ရှုစေပြီး ဆရာမှကူညီ၍ ရှင်းပြပေးပါ။

၅။ ကျောင်းသားများအား **အသိပညာပေးစာစောင်(၂)** "**စည်းမျဉ်း၊ စည်းကမ်း၊ သဘောတူညီချက်**"နှင့် **အသိပညာပေးစာစောင် (၃)** "**ဥပဒေအကြောင်းတစေ့တစောင်းလေ့လာကြပါစို့**"ကို ဖြန့်ဝေပေးပြီး အားလုံးဖတ်ရှုနိုင်အောင် စီစဉ်ပေးပါ။ ထို့နောက် ဆရာကရှင်းပြပေးပါ။

၆။ ဆရာက ကျောင်းသားများအား စာသင်ခန်းအတွင်း မည်သည့်သဘောတူညီချက်မျိုး ထားရှိလိုပါသလဲဟု မေးမြန်းပါ။ ကျောင်းသားများတင်ပြသည့်အချက်များကို ဆရာက အချုပ်ရေးသား မှတ်တမ်းတင်ပေးပြီး "**စာသင်ခန်းအတွင်းသဘောတူညီချက်**"ကို စုပေါင်းရေးဆွဲပါ။

၇။ **လေ့ကျင့်ခန်း**သာဓကအဖြစ် ဖော်ပြပေးထားသော "**စာသင်ခန်းအတွင်းသဘောတူညီချက်ထားရှိရန်အစီအစဉ်**"နှင့် ယခုရေးဆွဲထားသည့် သဘောတူညီချက်တို့ကို နှိုင်းယှဉ်စိစစ် ညှိနှိုင်းဆွေးနွေးကြပြီးနောက်၊ ကျောင်းသားအားလုံး သဘောတူညီသည့် "**စာသင်ခန်းအတွင်းသဘောတူညီချက်**"ကို အပြီးသတ် ရေးဆွဲအတည်ပြုပါ။

၈။ ဆရာနှင့်ကျောင်းသားတို့စုပေါင်းပြီး အကျဉ်းချုပ်ပြုလုပ်ရန်မှာ "လူကောင်းတစ်ယောက်ဖြစ်ရန်အတွက် လူ့အဖွဲ့အစည်း၏ သတ်မှတ်စည်းမျဉ်း၊ စည်းကမ်း၊ သဘောတူညီချက်များကို လိုက်နာရမည်။ စည်းကမ်းရှိသောလူ့အဖွဲ့အစည်းသည် ငြိမ်းချမ်းသာယာမည်။ လူ့အဖွဲ့အစည်း၏ စည်းမျဉ်း၊ စည်းကမ်း၊ သဘောတူညီချက်များကို မလိုက်နာသောလူများ ရှိခဲ့မည်ဆိုလျှင် လူ့အဖွဲ့အစည်းသည် ဆင်းရဲဒုက္ခများစွာ၊ အကျပ်အတည်းများစွာ၊ ပြဿနာများစွာဖြစ်ပေါ်လျက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဝေးကွာမည်ဖြစ်ပြီး လူယဉ်ကျေးနိုင်ငံလည်း ဖြစ်လာနိုင်မည်မဟုတ်ပေ။ နိုင်ငံသားအားလုံးစိတ်ချမ်းသာပျော်ရွှင်စေရန် လူတိုင်းက စည်းမျဉ်း၊ စည်းကမ်း၊ သဘောတူညီချက်၊ ဥပဒေများကိုလိုက်နာရမည် ဖြစ်သည်"။



## အသိပညာပေးစာစောင်(၁)

**ဇာတ်လမ်းတို -** **"စည်းကမ်းလိုက်နာပါ"**

၁။ ယနေ့အဌမတန်းကျောင်းသားကျောင်းသူများ၏ FINAL EXAM ဒုတိယနေ့ဖြစ်ပါသည်။ နံနက်ပိုင်း ကျောင်းမသွားမီတစ်နာရီခန့်အလိုတွင် မောင်မြတ်ခိုင်သည် ယနေ့ဖြေဆိုရမည့်ဘာသာရပ်အတွက် မိမိဖတ်မှတ်ရန်စီစဉ်ထားသည့်အတိုင်း သင်ခန်းစာတစ်ခုပြီးတစ်ခု ဖတ်မှတ်နေရာမှ ကျောင်းမှတ်စု စာအုပ်တစ်အုပ်ရှာမတွေ့သဖြင့် ...........

| | |
|---|---|
| မောင်မြတ်ခိုင် | "မေမေရေ...သားရဲ့ဒီလိုမျိုးစာအုပ်တစ်အုပ် ဘယ်မှာတွေ့မိလဲ....သားစားပွဲပေါ်မှာရော စာအုပ်စင်မှာရော ရှာမတွေ့လို့ပါ"။ |
| မေမေ | "ဟုတ်လား.....အေး...အေး....တခြားနေရာတွေမှာ မေမေကူရှာပေးမယ်"။ "ခုထိမတွေ့ပါလား....သားရေ၊ စာကြည့်စားပွဲနဲ့စာအုပ်စင်မှာ တစ်ခန်းလုံးသေချာထပ်ရှာပါအုံး"။ |
| မောင်မြတ်ခိုင် | "ရှာနေတာမတွေ့ဘူးမေမေရဲ့၊ စာကျက်ချိန်တွေလွတ်ကုန်ပါပြီ"။ |
| မေမေ | "ဒါကြောင့်သားကိုစည်းကမ်းရှိပါလို့ မေမေပြောခဲ့တာပေါ့"။ |
| | "သားကျောင်းစာအုပ်က သားစာကြည့်စားပွဲနဲ့စာအုပ်စင်ပေါ်မှာပဲ ရှိရမှာလေ၊ ရောက်ရာနေရာမှာ စည်းမဲ့ကမ်းမဲ့မထားခဲ့ရဘူး၊ သတ်မှတ်ထားတဲ့နေရာမှာ ပြန်ထားရတယ်"။ |
| မောင်မြတ်ခိုင် | "ကိုကိုလဲကူရှာပေးပါအုံး"။ |
| ကိုကို | "ရှာနေတယ်ညီလေး၊ ကျောင်းသွားချိန်နီးနေပြီ အကြီလဲတော့"။ |
| မောင်မြတ်ခိုင် | "ဒုက္ခပါပဲ...."။ |

၂။ မောင်မြတ်ခိုင်သည် စာမေးပွဲဖြေဆိုမည့်ဘာသာအတွက် စာဆက်မဖတ်ရတော့ဘဲ ကျောင်းသွားရန်ပြင်ဆင်ပြီး ဆိုင်ကယ်နှင့်ပို့ပေးမည့်ကိုကို့ကို လှမ်းအခေါ်.....

| | |
|---|---|
| ကိုကို | "မေမေရေ...ဆိုင်ကယ်သော့ဘယ်နားထားမိလဲမသိဘူး....ရှာပေးပါအုံး"။ |
| မေမေ | "အိုး....ဒုက္ခပဲ၊ စာမေးပွဲကိုအချိန်မီရောက်မှဖြစ်မှာ....ကဲကဲ...ရှာလိုက်အုံးမယ်"။ |

| | |
|---|---|
| မောင်မြတ်ခိုင် | "တွေ့လား....ကိုကို၊ သော့တွေကိုချိတ်ပြီးသိမ်းဆည်းဖို့ ဖေဖေက စနစ်တကျ သံရိုက်ပေးထားတာ၊ အဲဒီနေရာမှာချိတ်ပြီးသိမ်းဖို့လဲ စည်းကမ်းသတ်မှတ်ထားတယ်။ အဲဒီလိုမသိမ်းထားဘူးလား။" |
| ကိုကို | "မသိမ်းမိဘူး၊ ဘယ်နားချမိလဲမမှတ်မိတော့ဘူး၊ ဖေဖေပြန်လာရင် စည်းကမ်းမရှိလို့ဆူတော့မှာပဲ။" |
| မေမေ | "ဖေဖေဆူတာကနောက်မှ၊ အခုသားငယ်စာမေးပွဲအချိန်မီဖို့က အရေးကြီးနေတာ၊ သားတို့ကအိမ်မှာ ဖေဖေသတ်မှတ်ထားတဲ့စည်းကမ်းတွေကို လိုက်နာပြီး ပစ္စည်းတွေစနစ်တကျထားကြရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး။" |
| ကိုကို | "ဘယ်လိုလုပ်ရပါ့မလဲ၊ ဘေးအိမ်ကဦးလေးကျော်ကို လိုက်ပို့ပေးဖို့ အကူအညီတောင်းရတော့မယ်။" |

၃။ မောင်မြတ်ခိုင်တို့နှင့်အိမ်နီးချင်းဖြစ်သူဦးကျော်သည် မောင်မြတ်ခိုင်ကို သူ၏ဆိုင်ကယ်နှင့် တင်၍မောင်းနှင်ပြီး ကျောင်းသို့ခပ်မြန်မြန်လေးပို့ပေးနေစဉ်.......

| | |
|---|---|
| ယာဉ်ထိန်းရဲ | "ရှီ.....ရှီ...." |
| ဦးကျော် | "ဟာ.....တို့ဆိုင်ကယ်ဦးထုပ်မဆောင်းခဲ့မိဘူး ဒီအချိန်ကျမှရှောင်ထွက်သွားလို့လည်းမရ။" |
| မောင်မြတ်ခိုင် | "အော်.......ဖေဖေနဲ့မေမေအမြဲပြောတဲ့ စည်းကမ်းလိုက်နာပါဆိုတာ.......ဒါပါလား!!!!!!" |

**ဇာတ်လမ်းတိုမှ ကျောင်းသားများရယူရမည့် သင်ခန်းစာ**

၁။ ဇာတ်လမ်းတိုလေးကို ကြည့်ခြင်းအားဖြင့် လောကတွင် "**စနစ်**"ရှိဖို့၊ "**စည်းစနစ်တကျ**" လိုက်နာပြုမူနေထိုင်ကြဖို့၊ စည်းကမ်းနှင့်အညီနေထိုင်ဖို့ မည်မျှအရေးပါသည်ကို တွေ့မြင်ရမည် ဖြစ်သည်။ လမ်းမကြီးပေါ်တွင် ဆိုင်ကယ်စီးနင်းသွားလာရာတွင် ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန် စည်းကမ်းသတ်မှတ်ချက်ရှိပါသည်။ ထိုစည်းကမ်းကို မလိုက်နာပါက မတော်တဆမှုဖြစ်ပွားခဲ့လျှင် မိမိ၏အသက်နှင့်ခန္ဓာကိုယ်အပေါ် ကြီးမားသည့်အန္တရာယ်ကျရောက်နိုင်ပြီး မိမိနှင့် မိမိမိသားစု၊ အခြားဆက်စပ်ပတ်သက်သည့် မိသားစုများအပေါ် နောက်ဆက်တွဲဆိုးကျိုးများစွာ ကျရောက်ခံစား ရနိုင်ပါသည်။ စည်းကမ်းလိုက်နာခြင်းဖြင့် ကြီးမားသောဆိုးကျိုးအန္တရာယ်ကို လျော့နည်း/ ပပျောက်အောင် အကာအကွယ်ရရှိနိုင်ပါသည်။ အလားတူ မော်တော်ယာဉ်မောင်းနှင်သူများသည်လည်း မော်တော်ယာဉ် သွားလာမှုစည်းကမ်းများကို လိုက်နာပါက၊ ယာဉ်စီးနင်းသူများ၊ လမ်းသွားလမ်းလာများအားလုံး အန္တရာယ်ကင်းရှင်းမည်ဖြစ်ပါသည်။ ထို့ကြောင့် စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေသည် လူသားတို့၏

အသက်အိုးအိမ်စည်းစိမ်ဥစ္စာပစ္စည်းများကို ပျက်စီးပျောက်ဆုံးမှု မရှိစေရန်ကာကွယ်ဖို့အတွက် သတ်မှတ်ထားသည့်အရာ ဖြစ်ပါသည်။ လူသားတို့အကျိုးအတွက် သတ်မှတ်ပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။

၂။ နေ့စဉ်နေထိုင်မှုဘဝတွင်လည်း အိမ်တွင် အိမ်စည်းကမ်း၊ လမ်းတွင် လမ်းစည်းကမ်း၊ ကျောင်းတွင် ကျောင်းစည်းကမ်း၊ ကစားကွင်းများတွင်လည်း လိုက်နာရန်စည်းကမ်းများစသည်တို့ကို စနစ်တကျသတ်မှတ်ပြဋ္ဌာန်းထားရန်လိုပြီး၊ လေးစားလိုက်နာကြရန်လိုပါသည်။ လူတိုင်းသည် ဘဝတစ်လျှောက်လုံးတွင် ဘဝလမ်းအရှည်ကြီးကို လျှောက်လှမ်းကြရာ၌ အခက်အခဲအတားအဆီးများစွာကို တွေ့ကြရမည်ဖြစ်ပါသည်။ ထိုအတားအဆီးများကိုကျော်ဖြတ်ရန် ပညာနှင့်သတ္တိလိုပါသည်။ အလားတူအရေးပါသည့်အချက်မှာ ထိုလမ်းတစ်လျှောက်ရှိ စည်းကမ်းများကို သိရှိလိုက်နာရန် ဖြစ်သည်။ စည်းကမ်းများကို လိုက်နာပါမှ လူ့ဘဝလမ်းကြောင်းတွင်ပို၍ ပေါ့ပါးမြန်ဆန်စွာ လျှောက်လှမ်းနိုင်မည်ဖြစ်သည်။ ဥပဒေဆိုသည်မှာ လူ့လောကအတွက် အခြေခံသတ်မှတ်ချက်ဖြစ်ပါသည်။ အခြေခံသတ်မှတ်ချက်ရှိမှ လူတစ်ဦးတစ်ယောက်၏ အပြုအမူသည် အခြားသူအပေါ်ဘေးမဖြစ်စေမှာဖြစ်သည်။ အလားတူအခြားသူကလည်း မိမိအပေါ်ဘေးမဖြစ်စေမှာဖြစ်သည်။ ထို့ကြောင့်ဥပဒေကိုသိမည်၊ ဥပဒေကိုလိုက်နာမည်ဆိုလျှင် မိမိတို့ဘဝ ပို၍ပျော်ရွှင်ငြိမ်းချမ်းစွာ ရှေ့ဆက်၍ လျှောက်လှမ်းနိုင်မည် ဖြစ်သည်။

## ဥပဒေကိုသိ၊ ဥပဒေကိုလိုက်နာ၊ မိမိကိုယ်ကိုသတိပေး၊ မိမိကိုယ်တိုင်လိုက်နာ

၁။ လူသားတိုင်းအတွက် မိမိပတ်ဝန်းကျင်တွင် အရေးကြီးသည့် အချက်နှစ်ချက်ရှိပါသည်။ တစ်ချက်က "**ဥပဒေ**"ဖြစ်ပြီး၊ တစ်ချက်က "**ကျင့်ဝတ်**"ဖြစ်ပါသည်။ လောကကြီးတွင် လူတစ်ယောက် ရှင်သန်၊ တိုးတက်နေထိုင်ရန်အတွက် ထိုနှစ်ချက်ကို လိုက်နာရန်လိုအပ်ပါသည်။ ထိုနှစ်ချက်သည် လောကကြီးတစ်ခုလုံး စနစ်တကျရှိရန်အတွက် ရှေးဦးလိုအပ်ချက်ဖြစ်ပြီး **အာမခံချက်**လည်း ဖြစ်ပါသည်။ ထိုအချက်များကိုဖောက်ဖျက်လိုက်သည်နှင့်တစ်ပြိုင်နက် အခြားသူကို နာကျင်ထိခိုက်စေမည် ဖြစ်ပြီး မိမိလည်းနာကျင်ထိခိုက်မည်ဖြစ်သည်။ ထို့ကြောင့် လူတစ်ဦးချင်း၏ အခွင့်အရေးကို ကာကွယ်သည့်အနေဖြင့် ဥပဒေကို မသိသူ၊ နားမလည်သူ၊ မလိုက်နာသူကို လောကကြီးတစ်ခုလုံးက ပစ်ပယ်ထားမည့်အပြင် ပြစ်ဒဏ်ပေးခြင်းလည်းခံရမည်ဖြစ်သည်။ ဥပဒေဆိုသည်မှာ ကြိုးတစ်ချောင်း ဖြစ်ပါသည်။ ထိုကြိုးကိုကျစ်ပြီး ချောင်းကိုဖြတ်ကူးရန် တံတားတစ်စင်းအဖြစ် ဖန်တီးအသုံးပြုနိုင် သလို အပြစ်သားများကို တုပ်နှောင်သည့် ဒဏ်ပေးသောပစ္စည်းတစ်ခုလည်း ဖြစ်နိုင်ပါသည်။

၂။ နိုင်ငံတစ်နိုင်ငံထူထောင်ရာတွင် ဥပဒေသည် အခြေခံအုတ်မြစ်တစ်ခုဖြစ်ပါသည်။ ဥပဒေနှင့် တိုင်းပြည်ကို အုပ်ချုပ်ခြင်းဖြစ်ပါသည်။ လောကကြီးကို အုပ်ချုပ်ရန်အတွက် မဖြစ်မနေလိုအပ်သည့် ပေါ်လစီဖြစ်ပါသည်။ လူငယ်များသည် တိုင်းပြည်၏အနာဂတ်၊ တိုင်းသူပြည်သား၊ နိုင်ငံသားများ၏ မျှော်လင့်ချက်ဖြစ်၍ ဥပဒေကိုသိရန်၊ ဥပဒေကိုလိုက်နာရန်လိုအပ်ပါသည်။ ဥပဒေကိုလိုက်နာရုံသာမက ဥပဒေကိုအသုံးချပြီး မိမိကိုယ်ကိုကာကွယ်နိုင်ရန်လည်း သင်ယူတတ်မြောက်ရမည်ဖြစ်ပါသည်။

## အသိပညာပေးစာစောင်(၂)

## စည်းမျဉ်း၊ စည်းကမ်း၊ သဘောတူညီချက်

၁။ **စည်းမျဉ်း**ဆိုသည်မှာ လိုက်နာရန်သတ်မှတ်ချက်များဖြစ်ပြီး၊ အသက်အိုးအိမ် စည်းစိမ်ဥစ္စာ ပစ္စည်းများ ပျောက်ဆုံးပျက်စီးခြင်း မရှိစေရန်အတွက် သတ်မှတ်ထားသည့်အရာဖြစ်သည်။

၂။ **စည်းကမ်း**ဆိုသည်မှာ စနစ်တကျသတ်မှတ်ထားသော စီမံမှုတစ်ရပ် သို့မဟုတ် အမိန့်တစ်ရပ် ဖြစ်သည်။ ယင်းအမိန့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။ စည်းကမ်းရှိခြင်းဆိုသည်မှာ (မိမိဆောင်ရွက်ရမည့်အချက်)တာဝန်ကို သိရှိလိုက်နာခြင်းဖြစ်သည်။ **စည်းကမ်း**ရှိခြင်းသည် ဘဝအတွက် အရေးကြီးသော အရည်အချင်းဖြစ်ပြီး မိမိ၏အပြုအမူ၊ စိတ်ခံစားချက်များကို ထိန်းချုပ်နိုင်သည်။ လူတို့သည် အသိတရားဖြင့် စည်းကမ်းလိုက်နာနေထိုင်ခြင်းအားဖြင့် မိမိမျှော်မှန်းထားသည့်အတိုင်း၊ ရည်ရွယ်ချက်အတိုင်းဖြစ်လာနိုင်သည်။ မပြုလုပ်သင့်သည့် အပြုအမူအမျိုးမျိုးကိုပြုလုပ်မိပါက မိမိ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း အခြားသူများအတွက်လည်းကောင်း အခက်အခဲများ ဖြစ်ပေါ်နိုင်သည်။

၃။ ထို့ကြောင့် **စည်းမျဉ်းစည်းကမ်း**ဆိုသည့်အရာသည် လူသားတိုင်းအတွက် အမှန်တကယ် အရေးကြီးလှပါသည်။ စည်းမျဉ်းစည်းကမ်းသည် ကျောင်းသား၊ကျောင်းသူများအပါအဝင် ပြည်သူပြည်သား အားလုံးအတွက်ဖြစ်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် များစွာအထောက်အကူဖြစ်စေသည်။ ကိုယ်တိုင် စည်းကမ်းသတ်မှတ်ချက်ရှိသူသည် မိမိကိုယ်ကိုထိန်းချုပ်နိုင်ပြီး အများနှင့်ဆိုင်သည့် လူ့အဖွဲ့အစည်း၏ စည်းကမ်းများကိုလည်း လိုက်နာလုပ်ဆောင်နိုင်သည်။

၄။ အစုအဖွဲ့နှင့်နေထိုင်ပြီး **စည်းကမ်း**သတ်မှတ်ချက်များကို လိုက်နာခြင်းမရှိလျှင် မိမိဖြစ်ချင်သောအရာကိုသာ ပြုလုပ်လျက် သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာပြီး အချင်းချင်းတိုက်ခိုက်ဆန့်ကျင်မှုများ ပေါ်ပေါက်လာနိုင်သည်။ အချိန်ကြာလာသည်နှင့်အမျှ ပြဿနာကြီးထွားလာပြီး ငြိမ်းချမ်းသာယာမှုများ ပျောက်ဆုံးကာ ပျက်စီးဆုံးရှုံးမှုများသာ ကျန်ရှိတတ်ပါသည်။

### သဘောတူညီချက်

၅။ လူမှုဗေဒအရ လူတို့သည် အခြားသတ္တဝါများကဲ့သို့ အုပ်စုဖွဲ့လျက် မြို့၊ ရွာ၊ တိုင်းပြည်များ တည်ထောင်ကာ နေထိုင်လာကြပြီး လူသားသည် သတ္တဝါအုပ်စုဝင်များဖြစ်သည်။ သို့ရာတွင် ကိုယ်ကျင့်သိက္ခာအရ လူနှင့်တိရစ္ဆာန်တို့ ကွဲပြားခြားနားသည်။ အဓိကကွဲပြားခြားနားချက်မှာ-

(က) **ခန္ဓာကိုယ်ပိုင်းဆိုင်ရာ**။ လူတို့၏ခန္ဓာဖွဲ့စည်းတည်ဆောက်ပုံသည် မြင့်မားပြီး မြေပြင်နှင့် ဒေါင်လိုက်အနေအထားဖြစ်လျက် တိရစ္ဆာန်တို့မှာ မြေပြင်နှင့်အလျားလိုက် အနေအထားဖြစ်သည်။ တိရစ္ဆာန်၏ အဓိပ္ပာယ်မှာ ကန့်လန့်ဖြတ်သွားသော သတ္တဝါဟု အဓိပ္ပာယ်ရပြီး ဆိုးသွမ်းသောသူများအား ဆဲရေးတိုင်းထွာသည့်အခါ တိရစ္ဆာန်ကောင်ဟုပင်

ပြောဆိုတတ်ကြသည်။ လူဆိုး/လူမိုက်များကို ကမ္ဘာမြေကြီး၏ ကန့်လန့်တိုက်သူများအဖြစ် ဆိုကြပြီး အဓိပ္ပာယ်မှာ ထိုသူတို့ကို တိရစ္ဆာန်အဖြစ် သတ်မှတ်ခြင်းပင်ဖြစ်သည်။

(ခ) **စိတ်ပိုင်းဆိုင်ရာ။** လူတို့သည်အကြောင်းအကျိုးကို သုံးသပ်ခွဲခြားနိုင်ပြီး ကိုယ်ကျင့်တရားနှင့် လူ့ကျင့်ဝတ်အရ စောင့်ထိန်းရမည့် အပြုအမူ ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ကို ထိန်းချုပ်နိုင်သည်။ တိရစ္ဆာန်တို့မှာ လူသားတို့ကဲ့သို့ ကိုယ်နှုတ် အမူအရာတို့ကို ထိန်းချုပ်နိုင်ခြင်းမရှိပေ။ လူနှင့်တိရစ္ဆာန်တို့ ကွာခြားသည့်အချက်မှာ စိတ်ပိုင်းဆိုင်ရာဖြစ်သည်။ လူတို့သည် လူ့အဖွဲ့အစည်းကို အဆက်ဆက်မှတိုးတက်စေရန် စွမ်းဆောင်နိုင်သည်။ အထူးသဖြင့် လူ့အဖွဲ့အစည်းမှ လူတို့၏အပြုအမူကို ထိန်းချုပ်ရန် သဘောတူညီမှုများသတ်မှတ်ထားရှိ၍ စုပေါင်းနေထိုင်ရာတွင် အေးအေးချမ်းချမ်းရှိစေရန် ပြုလုပ်ကြသည်။ လူ့အဖွဲ့အစည်းအပေါ် လူတို့၏ စုပေါင်းယုံကြည်မှုရရှိစေရန် သဘောတူညီချက်များဖြင့် စတင်ထူထောင်ကြရသည်။

၆။ **သဘောတူညီချက်၏ အဓိပ္ပာယ်မှာ သဘောတူညီကြပြီးနောက် ပြုလုပ်သော စည်းမျဉ်းဥပဒေဖြစ်သည်။** ဘက်ပေါင်းစုံတွင် တရားမျှတမှုဖြစ်ပေါ်စေရန်အတွက် စည်းမျဉ်းစည်းကမ်းများကို လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုခြင်းဖြစ်သည်။ သဘောတူညီချက်ပြုလုပ်ရာတွင် ယေဘုယျအားဖြင့်အဖွဲ့ (၂) ဖွဲ့နှင့်အထက်ရှိရမည်။ ဥပမာအားဖြင့် ဘောလုံးကစားရာတွင် သဘောတူညီချက်များရှိရသည်။

၇။ ကစားပွဲများတွင် သဘောတူညီချက်များရှိပြီး ယင်းသဘောတူညီချက်အရ အောင်နိုင်ခြင်း၊ ရှုံးနိမ့်ခြင်းတို့ကို သဘောတူလက်ခံကြရသည်။ ရှုံးနိမ့်သူသည် ရှုံးရခြင်းအကြောင်းကို လက်ခံနိုင်ရသည်။ အပြစ်ပေးခြင်း သို့မဟုတ် သဘောတူညီချက်အရ ဒဏ်ကြေးဆောင်ရခြင်းများနှင့်ပတ်သက်၍ သာဓကအဖြစ်ဖော်ပြရလျှင် ဘောလုံးကစားသမားတစ်ယောက်သည် ဘောလုံးအား ယှဉ်ပြိုင်လုကြရင်း မတော်တဆသော်လည်းကောင်း၊ တမင်သက်သက်ရည်ရွယ်၍သော်လည်းကောင်း အခြားသူအား အနာတရဖြစ်စေခဲ့လျှင် အဝါကတ်ပြခံရခြင်း သို့မဟုတ် အနီကတ်ပြခံရခြင်းများရှိမည်။ အနီကတ်ပြခံရလျှင် ကစားပွဲမှ ထွက်ခွာရမည်ဖြစ်သည်။ ဘောလုံးပွဲအားပေးသူများသည် မိမိအားပေးသည့်အဖွဲ့မှရှုံးခဲ့လျှင် အရှုံးကိုလက်ခံရသည်။ အရှုံးကိုလက်ခံခြင်းမရှိသောသူများသည် သဘောတူညီချက်အား ငြင်းပယ်ဆန့်ကျင်သူများဖြစ်သည်ဟု လူ့အဖွဲ့အစည်းက သတ်မှတ်သည်။ ထိုကဲ့သို့ အပြုအမူကို လူ့အဖွဲ့အစည်းမှ လူမိုက်အဖြစ်သတ်မှတ်သည်။ သဘောတူညီချက်သည် လူ့အဖွဲ့အစည်းမှ လူတို့အား ပူးပေါင်းဆောင်ရွက်နိုင်ရန် အကူအညီပေးသည်။ စည်းကမ်းတကျ ဖြစ်စေသည်။ လူတိုင်းအား စုပေါင်းနေထိုင်ရာတွင် ပျော်ရွှင်မှုကို ရရှိနိုင်စေသည်။

## အသိပညာပေးစာစောင် (၃)

## ဥပဒေအကြောင်းတစေ့တစောင်းလေ့လာကြပါစို့

### ဥပဒေဆိုတာဘာလဲ

၁။ ဥပဒေဆိုသည်မှာ စည်းမျဉ်းစည်းကမ်းများဖြစ်ပြီး လူ့အဖွဲ့အစည်းအတွင်းမှလူတို့၏အပြုအမူအား ထိန်းချုပ်ရာတွင် အသုံးပြုသည့်စံသတ်မှတ်ချက်ဖြစ်သည်။ ဥပဒေတွင် **အမိန့်ပေးသည့်ပုံစံ၊ တားမြစ်ချက်ပုံစံ**တို့ရှိပြီး ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဥပဒေပြုခြင်းကို လွှတ်တော်အစည်းအဝေးများကျင်းပ၍ ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းများ ဆောင်ရွက်သည်။ ဥပဒေချိုးဖောက်သူသည် သူ့တွင်အပြစ်ရှိကြောင်း လက်ခံရမည်ဖြစ်ပြီး ၎င်းကို ဥပဒေအတိုင်းစီမံရသည်။

၂။ လူတို့သည် လူ့အဖွဲ့အစည်း၏သတ္တဝါများဖြစ်ပြီး လူ့အဖွဲ့အစည်းငြိမ်းချမ်းသာယာစေရန် ဥပဒေအမျိုးမျိုးသတ်မှတ်ထားသည်။ ထိုသတ်မှတ်ချက်များကို လူ့အဖွဲ့အစည်း၏ စံသတ်မှတ်ချက်များ (Social norms)ဟုခေါ်သည်။ ၎င်းတို့မှာ -

(က) **Folkways ။** ရိုးရာယဉ်ကျေးမှုဆိုင်ရာအပြုအမူပုံစံများအတွက် စည်းကမ်းသတ်မှတ်ချက်ဖြစ်သည်။ ထိုသတ်မှတ်ချက်အား လိုက်နာခြင်း မရှိသောသူသည် လူ့အဖွဲ့အစည်း၏ ရှုတ်ချ၊ အပြစ်တင်ခြင်းကိုခံရသည်။ သာဓကအားဖြင့် "**ဝတ်စားဆင်ယင်ခြင်း**"၊ "**လူ့အဖွဲ့အစည်းမှယဉ်ကျေးသော အပြုအမူအမျိုးမျိုး**" စသည်တို့အတွက် စည်းကမ်းသတ်မှတ်ချက်များဖြစ်သည်။

( ခ) **Mores ။** ကောင်းခြင်း ဆိုးခြင်း စသည့်အပြုအမူတို့ကိုထိန်းသိမ်းသည့် စည်းမျဉ်းဖြစ်သည်။ (လူ့အသိုင်းအဝိုင်းတစ်ရပ်၏ ) စွဲမြဲသောဓလေ့ဖြစ်သည်။ သာသနာရေးဆိုင်ရာ သတ်မှတ်ချက်များတွင် ခံစားသိမြင်နိုင်သည်မှာ မည်သည်ကမှားသည်၊ မှန်သည် စသည်တို့ဖြစ်ပြီး အဆိုပါသတ်မှတ်ချက်များကို ချိုးဖောက်သူအား လူ့အဖွဲ့အစည်း အတွင်းရှိလူတို့က ဆန့်ကျင်ကြပါသည်။ ရှောင်ကြဉ်ကြပါသည်။ သာဓကအားဖြင့် မိဘအား ရိုသေလေးစားမှုမရှိခြင်း၊ ခိုးဝှက်ခြင်းစသည့် အပြုအမူများကို ဆိုးသည့်အပြုအမူများ အဖြစ်သတ်မှတ်ပြီး ထိုသို့ပြုမူသူများကို လူ့အဖွဲ့အစည်းက ရှောင်ကြဉ် ကြပါသည်။

( ဂ) **Laws ။** ဥပဒေစည်းမျဉ်းစည်းကမ်းဖြစ်ပြီး ပြုမူလုပ်ဆောင်ရန် သတ်မှတ်ချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များကို ထင်ရှားသေချာစွာ ပြသထားသည်။ မည်သည့်အပြုအမူက မှန်သည်/မှားသည်၊ မည်သို့ပြုမူရမည်၊ မည်သည်ကိုလက်ခံရမည် အစရှိသည်တို့ကို ဖော်ပြထားသည်။ သာဓကအားဖြင့် အခြားသူတို့အား သတ်ဖြတ်သည့်အမှုကို ကျူးလွန်လျှင် ပြင်းထန်သောအပြစ်ဒဏ်ကျခံရမည်ဖြစ်သည်။

၃။ ဖော်ပြပါအမူအကျင့်များ၏ ဥပဒေ (၃) ရပ်အနက် ပထမ (၂) ခုမှာထင်ရှားပြတ်သားစွာ ပြဋ္ဌာန်းထားခြင်း မရှိသည့်အပြင် ဥပဒေချိုးဖောက်သူအား အပြစ်ပေးလျှင်လည်း ပြင်းထန်ခြင်းမရှိပေ။ တတိယဖော်ပြချက် Laws သည် အရေးကြီးဆုံးဖြစ်ပြီး လူတို့၏ အပြုအမူအား ထိန်းချုပ်ရန်အတွက် အကျိုးရှိဆုံး ဖြစ်သည်။ ထို့ကြောင့် လူ့အဖွဲ့အစည်းတိုင်းအတွက် ဥပဒေရှိရန်လိုအပ်သည်။ လူ့အဖွဲ့အစည်းရှိသော နေရာတိုင်းတွင် ဥပဒေရှိရမည်။

၄။ ရှေးမြန်မာမင်းများလက်ထက်က မြန်မာဘုရင်များသည် မြန်မာနိုင်ငံ၏ တရားဥပဒေ အခြေခံ များဖြစ်သည့် ရာဇသတ်၊ ဓမ္မသတ်နှင့် ဖြတ်ထုံးများအားဖြင့် စီမံခန့်ခွဲခြင်း နှင့် တရားစီရင်ခြင်းတို့ကို ပြုခဲ့ကြပါသည်။ ရာဇသတ်ကို ရှင်ဘုရင်များကပြဋ္ဌာန်းပါသည်။ ဘုရင်က လူပညာရှိများနှင့် ညှိနှိုင်း တိုင်ပင်ကာ အမိန့်များထုတ်ပြန်ပြီး တိုင်းပြည်ငြိမ်ဝပ်ပိပြားမှုအတွက် ပြဋ္ဌာန်းဆောင်ရွက်ခဲ့ပါသည်။ ဓမ္မသတ်ကို လူပညာရှိနှင့် ရဟန်းပညာရှိများက ရေးသားပြုစုပြီး အများပြည်သူ၏ လက်ခံမှုဖြင့် ကျင့်သုံးခဲ့ကြပါသည်။ ဓမ္မသတ်တွင် မိဘ၊ ခင်ပွန်း၊ ဇနီး၊ သားသမီးကျင့်ဝတ်များ၊ မြန်မာ့ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများ၊ လူမှုဆက်ဆံရေး၊ ပစ္စည်းခွဲဝေရေး၊ အမွေခွဲဝေပေးခြင်း၊ လက်ထပ်ခြင်း၊ အလုပ်ရှင်နှင့် အလုပ်သမားဆက်ဆံရေး၊ အခွန်အတုတ်ကိစ္စ အစရှိသောအချက်များအပေါ် အခြေခံ၍ ဓမ္မသတ်များကို ရေးသားပြုစုခဲ့ကြပါသည်။ ဖြတ်ထုံးဆိုသည်မှာ တရားရုံးတော်များ၊ ခုံတော်များနှင့် ဘုရင့်လွှတ်တော်က ဆုံးဖြတ်ခဲ့သည့် တရားစီရင်ထုံးများကို စုစည်းထားခြင်းဖြစ်ပါသည်။ မြန်မာမင်းအုပ်ချုပ်မှုစနစ်တွင် ပြစ်မှု နှင့် တရားမစီရင်ပိုင်ခွင့်အာဏာများကို ခွဲခြားထားရှိပါသည်။ ပြည်သူများ၏ လုံခြုံမှုကိုထိခိုက် စေသည့် ပြုလုပ်မှုများ၊ ရပ်ရွာအေးချမ်းတည်ငြိမ်မှုကို နှောင့်ယှက်သည့်ပြုလုပ်မှုများကိုပြစ်ဒဏ်ပေးခြင်း၊ မဖြစ်စေရန်ကာကွယ်ခြင်းများသည် အုပ်ချုပ်ရေးယန္တရားနှင့်သက်ဆိုင်သည်ဟု သတ်မှတ်ထားသည့် အတွက် ပြစ်မှုများကို အုပ်ချုပ်ရသည့်အရာရှိများ (ဥပမာ၊ မြို့စားများ) က စီရင်ဆုံးဖြတ်ကြပါသည်။ တရားမမှုများကိုမူ ဘုရင်ကိုယ်တိုင် သို့မဟုတ် ဘုရင်ကခန့်အပ်သည့် တရားသူကြီးများ သို့မဟုတ် အမှုနှင့်ပတ်သက်နေသူများက သဘောတူရွေးချယ်ထားသည့် ခုံသမာဓိလူကြီးများကစီရင်ပါသည်။ တရားမမှုများတွင် ဓမ္မသတ်များကအဓိကကျပါသည်။

၅။ ယနေ့ခေတ်တွင် ဥပဒေကို အောက်ပါအတိုင်းအမျိုးအစား (၃) မျိုး အဓိကအားဖြင့် ပိုင်းခြား ထားပါသည် -

(က) ရာဇဝတ်ဥပဒေ

(ခ) တရားမဥပဒေ

(ဂ) အထူးနှင့်အထွေထွေဥပဒေ။

၆။ အချုပ်အားဖြင့် ဥပဒေ၏ အဓိပ္ပာယ်မှာ နိုင်ငံ၏ စည်းမျဉ်းဖြစ်ပြီး နိုင်ငံအတွင်းရှိလူတို့၏ အပြုအမူကို ထိန်းချုပ်နိုင်ရန်အတွက်ပြဋ္ဌာန်းထားသော သတ်မှတ်ချက်များဖြစ်သည်။ နိုင်ငံစီမံခန့်ခွဲရေးတွင်အသုံးပြုရန် သတ်မှတ် ပြဋ္ဌာန်းချက်ဖြစ်သည်။ ပြစ်မှုကျူးလွန်မိလျှင် မှားကြောင်းလက်ခံပြီး ပြန်ပေးဆပ်ရမည် ဖြစ်သည်။

## လေ့ကျင့်ခန်း

## စာသင်ခန်းအတွင်း သဘောတူညီချက်ထားရှိရန် အစီအစဉ်

**စာသင်ခန်းအတွင်း သဘောတူညီချက်**

၁။ မှန်ကန်စွာဝတ်ဆင်ပြီး စည်းကမ်းလိုက်နာခြင်း

၂။ စာသင်ခန်းမှထွက်ခွာလိုလျှင် ဆရာ/ဆရာမထံ ခွင့်တောင်းခြင်း

၃။ စာသင်ခန်းအတွင်းသို့ အစားအသောက်များ ယူဆောင်လာမှုမပြုခြင်း

၄။ စာသင်ခန်းအတွင်း ပြေးလွှားဆော့ကစားမှုမပြုခြင်း

၅။ စားပွဲနှင့်နံရံများပေါ်တွင် ရေးခြစ်မှုမပြုခြင်း

၆။ အခြားသူများ၏ပစ္စည်းများကို ခိုးယူမှုမပြုခြင်း

၇။ စာသင်ခန်းအတွင်း ဆူညံမှုမပြုခြင်း

၈။ အများနှင့်အတူ သန့်ရှင်းရေးပြုလုပ်ခြင်း

# လုံလောက်ခြင်း

## ရည်ရွယ်ချက်

၁။ (က) ရောင့်ရဲတင်းတိမ်ခြင်း၊ လုံလောက်ခြင်းအကြောင်းကို စဉ်းစားတွေးခေါ်နိုင်ရန်၊

(ခ) လုံလောက်သောစီးပွားရေး အတွေးအခေါ်နှင့် ယင်းကိုမှန်ကန်စွာကျင့်သုံးနေသည့် နေ့စဉ်ဘဝမှ လူတို့၏ အပြုအမူတို့ ဆက်စပ်မှုကို သိရှိစေရန်၊

(ဂ) ပစ္စည်းများကို အသုံးပြုရာတွင် လိုအပ်သလောက်သာသုံး၍ ရောင့်ရဲတင်းတိမ်မှုရှိရန်၊

(ဃ) လုံလောက်ခြင်းအယူအဆသည် အဂတိလိုက်စားမှုကို တိုက်ဖျက်နိုင်ကြောင်း တွေးခေါ်နိုင်ရန်။

## ပညာပေးလှုပ်ရှားမှုအဆင့်ဆင့်

၂။ ဆရာမှ ကျောင်းသားတို့အား **"ဘိုးဘိုးငြိမ်းကျင့်သုံးသည့်လုံလောက်သောစီးပွားရေး ဒဿန"** **ဇာတ်လမ်းတို ပါဝင်သည့် အသိပညာပေးစာစောင် (၁)** ၊ **"အဂတိလိုက်စားမှုဖြင့်စွဲချက်တင်သွားမည့် သတင်းဖော်ပြချက်" ခေါင်းစဉ်ဖြင့် အသိပညာပေးစာစောင် (၂) နှင့် "လုံလောက်သောစီးပွားရေး ဆိုင်ရာ ဒဿန" ခေါင်းစဉ်ဖြင့် အသိပညာပေးစာစောင် (၃)** တို့ကို ဖြန့်ဝေပေးပြီး ဖတ်ရှုပါစေ။

၃။ ကျောင်းသားများအား အောက်ပါမေးခွန်းများကို စုပေါင်းတိုင်ပင်ကြပြီး ဖြေဆိုပါစေ-

(က) ကျောင်းသားတို့မှလုံလောက်ခြင်း၏ အဓိပ္ပာယ်ကို ဖော်ပြပါ၊

(ခ) ကျောင်းသားတို့မှ နေ့စဉ်ဘဝတွင် လုံလောက်မှုရှိခြင်းနှင့် ပတ်သက်၍ ဥပမာ တစ်ခုစီ စဉ်းစားတင်ပြပေးပါရန်၊

(ဂ) ကျောင်းသားတို့၏ ဘဝအတွက် မလုံလောက်ခြင်းအပြုအမူက ဘယ်လိုလဲ၊

(ဃ) ပညာပေးစာစောင် (၂) **အဂတိလိုက်စားမှုဖြင့် စွဲချက်တင်သွားမည့် သတင်းဖော်ပြချက်**ကို ဖတ်ရှုပြီးသောအခါ ထိုသို့အဂတိလိုက်စားသည့် အဖြစ်အပျက်များဖြစ်ရခြင်း အကြောင်းရင်းများကို စဉ်းစား၍ မည်သည့် အကြောင်းရင်းကြောင့် ဖြစ်သည်ဟု ထင်ပါသလဲ၊

(င) ယင်းအပြုအမူများသည် မှန်ကန်ပါသည်ဟု သင်ထင်ပါသလား၊

(စ) **"အဂတိလိုက်စားမှုအားတိုက်ဖျက်ရန် အခြေခံအားဖြင့် လူ့အဖွဲ့အစည်းမှ လူအားလုံး သည် ရိုးသားမှုရှိခြင်း၊ ရောင့်ရဲတင်းတိမ်တတ်ခြင်းဖြင့် မိမိကိုယ်ကိုထိန်းသိမ်းရမည်"** ဆိုသည့် အချက်ကို သင်မည်သို့ယူဆပါသလဲ၊ မှန်သည်ဟုထင်ပါသလား၊ မှားသည် ဟု ထင်ပါသလား၊ ဘာ့ကြောင့်လဲ၊

(ဆ) **လုံလောက်ခြင်းအယူအဆသည် အဂတိလိုက်စားခြင်းကို တိုက်ဖျက်နိုင်ကြောင်း** ကျောင်းသားများစုပေါင်း၍ ဆောင်ပုဒ်(၃) ခု ပြုလုပ်တင်ပြပါ၊

(ဇ) ကျွန်ုပ်တို့သည် လုံလောက်စွာနေထိုင်ခြင်းအား လိုက်နာကျင့်သုံးနိုင်သောအခါ မိမိကိုယ်တိုင်၊ အခြားသူနှင့်နိုင်ငံသားတို့အပေါ် ဘယ်လိုအကျိုးကျေးဇူးများ ရှိလာမလဲ။

၄။ ဆရာမှ ကျောင်းသားတို့အား အဂတိလိုက်စားခြင်းကို ခုခံတိုက်ဖျက်ရန်အတွက် အဓိက လုပ်ဆောင်ရမည့်အချက်များအဖြစ် အောက်ပါအချက်များကို ရှင်းလင်းဆွေးနွေးပေးပါ-

(က) အဘက်ဘက်မှ အသုံးစရိတ်ကိုချွေတာရန်သတ်မှတ်ပြီး ဘဝအတွက် အသုံးအဖြုန်းကြီးမှု တစ်ခုစီတိုင်းကို လျှော့ချပါ၊

(ခ) ဘဝကို ရိုးသားမှန်ကန်စွာ ဖြတ်သန်းပါ၊

(ဂ) ကိုယ်ကျိုးတစ်ခုတည်းအတွက် ယှဉ်ပြိုင်ခြင်းမပြုဘဲ စီးပွားရေးတွင်သာ မျှတမှန်ကန်စွာ ယှဉ်ပြိုင်ပါ၊

(ဃ) အသိပညာဗဟုသုတများ ရှာမှီးပြီး ဘဝဒုက္ခအခက်အခဲများမှ လွတ်မြောက်ရန် နည်းလမ်းရှာပါ၊

(င) ကိုယ်ကျင့်တရား အလေးထားပါ။

၅။ ဆရာနှင့်ကျောင်းသားများအားလုံး စုပေါင်းပြီး ကောက်ချက်ချရန်မှာ " **ကျွန်ုပ်တို့အားလုံးတွင် ရောင့်ရဲတင်းတိမ်သည့် စိတ်ရှိမည်ဆိုလျှင် လောဘကင်းမည်ဖြစ်ပြီး လောဘကင်းလျှင် အဂတိလိုက်စားခြင်းရှိတော့မည် မဟုတ်ကြောင်း**" ကောက်ချက်ချရန် ဖြစ်ပါသည်။

၆။ ဆရာနှင့်ကျောင်းသားများ စုပေါင်း၍ အနှစ်ချုပ်ဆောင်ရွက်ရန်မှာ "**ကျွန်ုပ်တို့သည် လုံလောက်သော စီးပွားရေးအတွေးအခေါ်အား လက်တွေ့ဘဝတွင် လူ့အဖွဲ့အစည်းအတွင်းရှိ အဖွဲ့အစည်းများ တိုးတက်စေရန်၊ နိုင်ငံသားတို့ တိုးတက်စေရန် ဘယ်လိုအသုံးချနိုင်လဲ၊ ဘယ်လို အကျိုးရှိလဲ**" ဟူ၍ ဖြစ်သည်။

## အသိပညာပေးစာစောင် (၁)

**ခေါင်းစဉ်** - **ဘိုးဘိုးငြိမ်းကျင့်သုံးသည့် လုံလောက်သောစီးပွားရေး ဒဿန**

၁။ ဖြူဖြူသည် ညကတစ်ညလုံးအိပ်မရဘဲ အတွေးအာရုံထဲတွင် နေ့လယ်က Super Market ၌ ဝယ်ချင်စိတ်ဖြင့်ကြည့်ခဲ့သော ပြည်ပနာမည်ကြီးတံဆိပ်အင်္ကျီလေးကိုသာ မြင်ယောင်နေသည်။ ဒီဇိုင်းအဆင့်မြင့်၍ အင်္ကျီသားလေးကအိနေပြီး လည်ပင်းဝိုက်ပုံအလွန်အချိုးကျသဖြင့် လက်ကပင် မချချင်ခဲ့ပါ။ နောက်အပတ်တနင်္ဂနွေနေ့တွင် သူငယ်ချင်းမမြလှဖြူ၏မွေးနေ့ပွဲကို အဆင့်မြင့်ဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ သူငယ်ချင်းအားလုံး အပြိုင်အဆိုင်လှလှပပဝတ်စား၍ တက်ရောက်ကြမည်ဖြစ်ပြီး မွေးနေ့လက်ဆောင်များလည်း သူ့ထက်ငါသာပေးကြမည်ကို ဖြူဖြူကြိုမြင်နေပါသည်။

၂။ ဖြူဖြူ့ဖေဖေမှာ အစိုးရဌာနမှုအရာရှိငယ်အဆင့် ဝန်ထမ်းတစ်ဦးဖြစ်ပြီး ဖြူဖြူတို့မောင်နှမ (၃)ဦး၏ ကျောင်းပညာသင်စရိတ်၊ မိသားစုစားဝတ်နေထိုင်စရိတ်များကာမိစေရန် မေမေက အိမ်ရှေ့တွင် ကုန်စုံဆိုင်လေးဖွင့်ထားရပါသည်။ ပိုလျှံငွေမရှိသောအခြေအနေတွင် ဖြူဖြူ့အဖို့ တန်ဖိုးကြီးအင်္ကျီလေးကို မဝယ်နိုင်ဘဲ တစ်ညလုံးထိုအင်္ကျီလေးကိုဝတ်ချင်စိတ်ဖြင့် အိပ်ရာထဲတွင် တလူးလူးတလိမ့်လိမ့် ဖြစ်နေခဲ့ပါသည်။ မနက်မိုးလင်းသောအခါ ဖြူဖြူသည် ကိုကိုနှင့်မမတို့အား ၎င်းတို့၏မုန့်ဖိုးစုငွေ ဘယ်လောက်စီရှိကြလဲဟုမေးလိုက်ရာ.....

ကိုကို...က "ကိုကို့မှာစုငွေမရှိဘူးဖြူဖြူရဲ့။ မနေ့မနက်က ကိုကိုတို့သူငယ်ချင်း (၅) ယောက် "ရွှေတောင်ကြီး" ခေါက်ဆွဲဆိုင်မှာ နံရိုးပေါင်းခေါက်ဆွဲစားတာ တစ်သောင်းကျော် ကုန်သွားတယ်။ ညနေကလဲ "ကာရာအိုကေ"မှာ တော်တော်ကုန်သွားလို့ ဒီလမုန့်ဖိုးငွေ မကျန်တော့ဘူး၊ ဒီအပတ်ကလဲ ကိုကိုငွေရှင်းရတဲ့အလှည့်ကျလို့ပါ။ sorryပဲ ညီမလေးရယ်"ဟု ပြန်ဖြေပါသည်။

မမ...က "စုထားတာတော့ရှိတယ်ညီမလေး။ မနက်တိုင်းမမက အိမ်မှာထမင်းနဲ့ပဲပြုတ်၊ ဘူးသီးကြော်၊ ငါးပိကြော်တို့နဲ့စားပြီးစုထားတာ။ ပြီးတော့ မိတ်ကပ်နဲ့ အသားလှ Cream ဖိုး၊ နှုတ်ခမ်းဆိုးဆေး လက်သည်းဆိုးဆေးဖိုးတွေမသုံးဘဲ သနပ်ခါးပဲလိမ်းပြီး၊ ဆံပင်ကိုလဲ ဆိုင်မှာမလျှော်ဘဲ အိမ်မှာတရော်ကင်ပွန်းသီးနဲ့လျှော်တော့ ဒီလိုနေ့စဉ် ချွေတာစုဆောင်းထားတာလေးတွေ နည်းနည်းရှိတယ်။ တို့မိသားစုမှာ အရေးအကြောင်း ရှိရင် ကြွေးမတင်အောင်စုထားတာကွဲ့။ ဒါပေမဲ့ ညီမလေးသိပ်လိုချင်နေရင်တော့ မမပေးပါ့မယ်။ ကဲ...ကဲ...စိတ်မညစ်ပါနဲ့တော့ကွယ်"ဟု ပြန်ဖြေလိုက်ပါသည်။

၃။ ထိုချိန်တွင် ဖြူဖြူတို့မောင်နှမ (၃) ယောက် အပြန်အလှန်ပြောဆိုနေကြသည်ကို မေမေနှင့် ဘေးအိမ်မှ ကြက်ဥလာဝယ်သောကြီးကြီးမြိုင်တို့ကြားသွားပြီး မေမေနှင့်ကြီးကြီးမြိုင်တို့ ခေတ္တမျှ အပြန်အလှန်ပြောဆိုကြပြီးနောက် ကြီးကြီးမြိုင်က လှမ်းပြောလိုက်သည်မှာ ---

ကြီးကြီးမြိုင် "ဖြူဖြူ...အင်္ကျီဝယ်ဖို့ငွေလိုသေးရင် ကြီးကြီးမြိုင်ခဏချေးပေးမယ်လေ။ အတိုးမယူပါဘူး။ လာ...လာ...အိမ်မှာလိုက်ယူလိုက်..."ဟု ပြောလေသည်။

၄။ မေမေ့ထံမှဟန့်တားစကားမကြားရသဖြင့် ဖြူဖြူသည်အကြွေးယူရကောင်းမလား... မယူဘဲနေရကောင်းမလား... တွေးရင်း...ကြီးကြီးမြိုင်၏အိမ်သို့ လိုက်ပါသွားတော့သည်။

၅။ ကြီးကြီးမြိုင်တို့အိမ်သည် ရပ်ကွက်ထဲတွင် အိမ်ကြီးအိမ်ကောင်းတစ်လုံးဖြစ်ပြီး ခြံမြေအသင့်အတင့်ကျယ်၍ အုတ်တံတိုင်းမြင့်မြင့်ကာရံထားပါသည်။ ဆလွန်းကားတစ်စီးရှိပြီး ကြီးကြီးမြိုင်၏ ခင်ပွန်းမှာ ကြီးကြီးမြိုင်၏ဖခင် ဦးဘငြိမ်း၏ စီးပွားရေးလုပ်ငန်းကိုဆက်ခံ၍ မုန့်တိုက်နှင့် မုန့်ဖုတ်လုပ်ငန်းကို ဦးစီးလုပ်ကိုင်ပြီး ငွေကြေးပြည့်စုံကြွယ်ဝကြပါသည်။ ကြီးကြီးမြိုင်တို့၏ ခြံဝင်းအတွင်း ရောက်သည်နှင့် အဘိုးဦးဘငြိမ်းကို ဘူးစင်တစ်ခုအား ရေလောင်း ပေါင်းသင်နေသည်ကို တွေ့ရပါသည်။ ခြံထဲတွင် ချဉ်ပေါင်ပင်၊ ငရုတ်ပင်၊ ခရမ်းပင်၊ ဆူးပုပ်၊ ကင်ပွန်းချဉ်ပင်၊ သင်္ဘောပင်၊ သြဇာပင်စသော အပင်များစိမ်းစိုနေပြီး ဘိုးဘိုးငြိမ်းကိုယ်တိုင် ရေလောင်း၊ မြေသြဇာထည့်၊ ပေါင်းသင်ပေးနေသည်ကိုတွေ့ရသော ဖြူဖြူမှာအလွန်အံ့အားသင့် သွားပါသည်။

၆။ အိမ်ထဲသို့ရောက်သောအခါ ဧည့်ခန်းတွင်သိန်းပေါင်းများစွာတန်သော ဆိုဖာဆက်တီများ၊ ကော်ဇောခင်းများရှိမည်ဟု ဖြူဖြူထင်ထားသော်လည်း ကျွန်းသားလျှာထိုးကြမ်းခင်းသည် ပြောင်လက်သန့်ရှင်းနေပြီး ကြိမ်ကုလားထိုင်များကိုသာ ခင်းကျင်းထားသည်ကို တွေ့ရပါသည်။ ကြီးကြီးမြိုင်က အိမ်ဦးခန်းရှိဘိုးဘိုးငြိမ်း၏အခန်းကို ဖြူဖြူ့အားလိုက်ပြရာ၊ တန်ဖိုးကြီးမွေ့ရာနှင့် အဖိုးတန်ဗီရိုအသုံးအဆောင်များအစား၊ သဘာဝသင်ဖြူးဖျာ၊ ချည်သားစစ်စစ်ဖြင့်ရက်လုပ်ထားသော ပြည်တွင်းဖြစ်ခြုံစောင်၊ သဘာဝဝါဂွမ်းထည့်ထားသော ချည်သားမွေ့ရာ စသည်တို့ကိုသာတွေ့လိုက်ရပါသည်။ ထို့နောက် ကြီးကြီးမြိုင်သည် ဘိုးဘိုးငြိမ်းနှင့်အတူ ဧည့်ခန်းတွင်အတူတကွထိုင်ကြပြီး ဖြူဖြူ့အား ဦးစွာမုန့်ကျွေး၍ ဖြူဖြူ၏အံ့အားသင့်နေသောအကြည့်များအား အေးဆေးစွာရှင်းပြရာတွင်...

၇။ "ဘိုးဘိုးငြိမ်းသည် ခိုင်မာသောစီးပွားရေးလုပ်ငန်းရှိသဖြင့် ငွေကြေးဥစ္စာပြည့်စုံသော်လည်း တွေးခေါ်မြော်မြင်မှုဆင်ခြင်တုံတရားဖြင့် ဘဝ၏အခြေခံလိုအပ်ချက်များကို မများလွန်း၊ မနည်းလွန်း၊ မကောင်းလွန်း၊ မညံ့လွန်း သင့်တင့်မျှတရုံမျှအခြေအနေဖြင့် နေထိုင်ကြောင်း၊ အဘက်ဘက်မှ အသုံးစရိတ်ကိုချွေတာ၍ ဘဝအတွက်အသုံးဖြုန်းကြီးမှုတစ်ခုချင်းစီကို လျှော့ချနေထိုင်ကြောင်း၊ ချဉ်ပေါင်ရွက်တစ်စည်း၊ ဘူးသီးတစ်စိတ်သည် ငွေကြေးအားဖြင့်တန်ဖိုးမကြီးမားသော်လည်း၊ တစ်စက်ချင်း

ကျသည့်မိုးရေသည် တစ်ချိန်တွင်ရာဝင်အိုးပြည့်သကဲ့သို့ နေ့စဉ်စရိတ်ကုန်ကျ သက်သာမှုလေးများသည် နေ့စဉ်၊ လစဉ်၊ နှစ်စဉ်စုပေါင်းလိုက်ပါက အသုံးစရိတ်များစွာ ကုန်ကျသက်သာကြောင်း၊ ကိုယ်တိုင်လုပ်နိုင်သမျှ ရေလောင်းပေါင်းသင်ခြင်းအားဖြင့် ကိုယ်လက်လှုပ်ရှားကျန်းမာပြီး အလုပ်သမားငှားရမ်းခလဲသက်သာကြောင်း၊ ထို့ကြောင့် အလိုလောဘကြီးစွာဖြင့် ကျင့်ဝတ်ဖောက်ဖျက်၍ မတော်မတရား စီးပွားရှာရန်လဲမလိုတော့ကြောင်း၊ တစ်ဖက်ကလည်း လတ်ဆတ်၍ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး ကင်းစင်သည့် အသီးအရွက်များကို ကျန်းမာရေးအတွက် စားသုံးနိုင်ပြီး အခြားသူများကိုလည်း မျှဝေပေး၍အကျိုးပြုနိုင်ကြောင်း၊ ဘိုးဘိုးငြိမ်းငယ်စဉ်က မုန့်တိုက်နှင့် မုန့်ဖုတ်လုပ်ငန်းကို ဦးစီးလုပ်ကိုင်ခဲ့ချိန်က ဘဏ္ဍာရေးရှင်းတမ်းများရေးမှတ်ရာတွင်အသုံးပြုသည့် ဖောင်တိန်၊ ဘောပင်၊ ခဲတံများသည် အရည်အသွေးသင့်တင့်သော သာမန်တံဆိပ်၊ သာမန်ဈေးနှုန်းရှိ ပစ္စည်းများဖြစ်ပြီး ခဲတံတစ်ချောင်းချင်းကိုပင်လျှင် အလွန်တိုပြီး ဆက်လက်အသုံးပြုမရနိုင်တော့သည်အထိ အသုံးပြုခဲ့ကြောင်း၊ ခဲတံတစ်ချောင်းအတွက် ခဲဆံ၊ သစ်သားနှင့် ထုတ်လုပ်မှုစရိတ်များ ကုန်ကျခဲ့မည် ဖြစ်ရာ ခဲတံတစ်ချောင်းထုတ်လုပ်မှုသည် နိုင်ငံ၏ဝင်ငွေနှင့် အသုံးစရိတ်ကိုသက်ရောက်မှုရှိကြောင်း၊ အလဟဿမဖြစ်စေဘဲ စေ့စပ်သေချာစွာ ချွေတာသုံးစွဲခြင်းသည် ကုန်ကြမ်းတင်သွင်းစရိတ်ကို လျှော့ချရန်ဖြစ်သလို သဘာဝအရင်းအမြစ်များကို အကောင်းဆုံးအသုံးပြုခြင်းလည်းဖြစ်ကြောင်း၊ မိမိငွေကြေးကိုချွေတာခြင်းရှုထောင့် တစ်ခုတည်းကသာ ကြည့်ခြင်းမဟုတ်ဘဲ ခဲတံတစ်ချောင်းကို ထုတ်လုပ်ရန် အရင်းအမြစ်နှင့် စွမ်းအင်မည်မျှလိုကြောင်းရှုထောင့်မှလည်း ကြည့်မြင်ခြင်းဖြစ်ကြောင်း၊ ချွေတာခြင်းသည် လိုအပ်လျက် မသုံးစွဲခြင်းမဟုတ်ဘဲ အသိဉာဏ်ရှိရှိ ကျိုးကြောင်းညီညွတ်စွာသုံးစွဲခြင်း၊ ဖြုန်းတီးမှုမရှိခြင်းကိုဆိုလိုခြင်းဖြစ်ကြောင်း၊ မည်မျှငွေကြေးပြည့်စုံနေသည်ဖြစ်စေကာမူ ခဲတံတစ်ချောင်းကိုပင် မတိုမရှည်တွင်လွှင့်ပစ်ခြင်းမပြုကြောင်း၊ အလားတူ ဘိုးဘိုးငြိမ်းသည် မိသားစုဝင်အားလုံးအား သွားတိုက်ဆေးဘူးများမကုန်မှတကုန်တွင် အသစ်လဲလှယ်သုံးစွဲခြင်းမျိုးမပြုရန်နှင့် ဆေးဘူးအတွင်းမှ ဆေးများလုံးဝကုန်စင်သွားသည်အထိသုံးစွဲပြီးမှ သွားတိုက်ဆေးဘူးအသစ်ကိုလဲလှယ်သုံးစေကြောင်း၊ စသည်တို့ကို ကြီးကြီးမြိုင်က ဖြူဖြူ့အားပြောပြရာ ဘိုးဘိုးငြိမ်းကဖြည့်စွက်ပြောပြသည်မှာ မိမိတို့မိသားတစ်စုလုံး၏ သုံးစွဲပစ္စည်းအားလုံးသည် **မိမိတို့လိုအပ်ချက်ကို ကျိုးကြောင်းဆီလျော်စွာ အကဲဖြတ်၍ လိုအပ်ချက်နှင့်ကိုက်ညီပြီး ဈေးနှုန်းသင့်တင့်မျှတသည့်** ပစ္စည်းများကိုသာ ချင့်ချိန်သုံးစွဲကြောင်း၊ ၎င်းသည် လူတစ်ဦးချင်း၏ဘဝနေထိုင်ရန်လမ်းညွှန်ချက်ဖြစ်ပြီး ဤသို့**အစွန်းမရောက်**သည့် နည်းလမ်းကိုကျင့်သုံးခြင်းဖြင့် မိမိတို့သည် **အကျင့်ပျက်ခြင်း၊ လိမ်လည်ခြင်း၊ ခိုးယူခြင်း၊ အခြားသူများအားအခွင့်ကောင်းယူခြင်း၊ အခြားသူများအား ထိခိုက်စေခြင်းမျိုး မဖြစ်စေနိုင်တော့ကြောင်း၊** အလားတူ စီးပွားရေးလုပ်ငန်းကိုလည်း လောဘကြီးစွာဖြင့် အမြတ်အစွန်းကြီးမားအောင် ဆောင်ရွက်ရန်မလိုတော့ဘဲ ဖြောင့်မှန်စွာ၊ စိတ်ကောင်းစေတနာရှိစွာ၊ ကျင့်ဝတ်လိုက်နာစွာ ဆောင်ရွက်နိုင်ကြောင်း၊ စစ်မှန်သော၊ ကျန်းမာရေးနှင့်ညီညွတ်သော၊ ဒေသထွက်၊ ဈေးနှုန်းသင့်သဘာဝဂျုံ၊ နို့၊

ထောပတ်၊ သကြားများကိုသာသုံးပြီး မုန့်ဖုတ်နည်းလမ်းအသွယ်သွယ်ကို နည်းပညာအမျိုးမျိုးသုံး၍ စားသုံးမှုနှင့် ကိုက်ညီသော နည်းပညာသစ်များတီထွင်ထုတ်လုပ်ခြင်းဖြင့် အတွင်းအပြင်ပြောင်းလဲမှုနှင့် သက်ရောက်မှုများကို ခံနိုင်ရည်ရှိအောင်ဆောင်ရွက်ထားကြောင်း ယင်းသို့ဆောင်ရွက်နိုင်ရန် အသိပညာ ပြည့်စုံရန်လိုကြောင်း စသည်ဖြင့် ဘိုးဘိုးငြိမ်းက ၎င်းတို့မိသားစုကျင့်သုံးသည့် လုံလောက်သော စီးပွားရေးဒဿနနှင့် အလယ်အလတ်လမ်းကို ဖြူဖြူ့အားနားလည်နိုင်သမျှ နားလည်နိုင်ရန် စိတ်ရှည်စွာ ရှင်းပြလေသည်။

၈။ ကြီးကြီးမြိုင်က ဆက်လက်၍ရှင်းပြရာတွင် လူသားတိုင်းသည် ကိုယ့်ကိုယ်ကိုယ်ပြန်လည် သုံးသပ်ပြီး ပြုပြင်ရမည့်အရာများကိုသိရန်နှင့် လက်တွေ့ပြုပြင်ရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ လူတိုင်းသည် ပန်းတိုင်ကိုရောက်ရှိစေရန်အတွက် မှားယွင်းနေသောအရာများကိုပြင်ဆင်သင့်ပြီး အောင်မြင်လာပါကလည်း နိုင်ငံအတွက်၊ အများအကျိုးအတွက် ပြန်လည်ပေးဆပ်ရန်မမေ့သင့်ကြောင်း၊ ဘိုးဘိုးငြိမ်းထံမှ မိမိတို့မိသားစုဝင်များအားလုံး သင်ယူခဲ့ရသည့်အကြောင်းများမှာ ဘဝကိုရောင့်ရဲ တင်းတိမ်တတ်ခြင်းဖြင့် ပျော်ရွှင်မှုကိုရယူရန်နှင့် မိမိကိုယ်တိုင်ကြိုးစားအားထုတ်၍ ထုတ်ကုန်များ တိုးတက်စေရန်ဖြစ်ကြောင်း၊ စသည်တို့ကိုအေးဆေးစွာ တစ်ခွန်းချင်းရှင်းပြပါသည်။

၉။ ဘိုးဘိုးငြိမ်းနှင့် ကြီးကြီးမြိုင်တို့စကားအဆုံးတွင် ဖြူဖြူသည် ရောင့်ရဲတင်းတိမ်သည့်စိတ်ရှိလျှင် စိတ်ပျော်ရွှင်ချမ်းမြေ့မှုကို ရရှိနိုင်ကြောင်း၊ မိမိ၏အခြေခံကျသောလိုအပ်မှုများကို အမြော်အမြင်ရှိစွာ ဆင်ခြင်တုံတရားဖြင့်ဆုံးဖြတ်သတ်မှတ်၍ လုံလောက်ရုံ၊ သင့်တင့်မျှတသည့် အတိုင်းအတာဖြင့် ဘဝကိုနေထိုင်သွားပါက အခြားသူများအပေါ်လည်း အခွင့်အရေးမယူဘဲ စိတ်ချမ်းသာစွာနေထိုင် သွားနိုင်ကြောင်း သိမြင်သွားပါသည်။ ထို့ကြောင့် ဖြူဖြူသည် ကြီးကြီးမြိုင် ကိုယ်တိုင်လုပ်ထားပြီး ကျွေးသောမုန့်များကို အားပါးတရစားပြီး၊ အကြွေးမယူတော့ဘဲ အိမ်သို့ အေးချမ်းစွာပြန်ခဲ့ပါသည်။

အသိပညာပေးစာစောင်(၂)

အဂတိလိုက်စားမှုဖြင့်စွဲချက်တင်သွားမည့် သတင်းဖော်ပြချက်

ကြေးမုံ အောက်တိုဘာ ၁၆၊ ၂၀၁၈

နိုင်ငံတကာ

# အိုလံပစ်အားကစားပွဲတော် ရန်ပုံငွေအလွဲသုံးမှု ကင်ညာတာဝန်ရှိသူများကို အရေးယူမည်

**နိုင်ရိုဘီ အောက်တိုဘာ ၁၅**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ၂၀၁၆ ခုနှစ် အိုလံပစ်အားကစားပွဲတော်ကျင်းပစဉ်ကာလ အတွင်း အမေရိကန် ဒေါ်လာ ၅၀၀၀၀၀ ကျော် အလွဲသုံးစားပြုလုပ်ခဲ့သည်ဆိုသော စွပ်စွဲချက်များအရ ကင်ညာအထက်တန်း တာဝန်ရှိသူ ခုနစ်ဦးကို အဂတိလိုက်စားမှုဖြင့် စွဲချက်တင်သွားမည်ဖြစ်ကြောင်း ကင်ညာ အစိုးရရှေ့နေချုပ်ရုံးက ထုတ်ပြန်ကြေညာသည်။

ကင်ညာ အားကစားဝန်ကြီးဟောင်း ဟာဆန်ဝါရီယိုနှင့် အိုလံပစ်နှစ်ထပ်ကွမ်း ရွှေတံဆိပ်ဆုရှင် ကစ်ချီဂဲကေနိုတို့အပါအဝင် လူခုနစ်ဦးကို အဂတိလိုက်စားမှုဖြင့် စစ်ဆေး သွားမည်ဖြစ်ကြောင်း ရှေ့နေချုပ် နော်ဒင်း ဟာဂျီက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။ ကေနိုသည် ကင်ညာ



အိုလံပစ်ကော်မတီ၏ အကြီးအကဲအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။

ရီယိုအိုလံပစ်အားကစားပွဲတော်ကာလ အတွင်း အဆိုပါအားကစားပွဲတော်တွင် ပါဝင် ယှဉ်ပြိုင်မည့် အားကစားသမားများ၏ ကုန်ကျ စရိတ်များအတွက် ကျခံသုံးစွဲနိုင်ရန် ကင်ညာ နိုင်ငံသုံးငွေ ရှီလင် ၅၄၄ သန်း (အမေရိကန် ဒေါ်လာ ၄ သန်း)ကို အစိုးရက ခွဲဝေချထား ပေးခဲ့သည်။ ဖော်ပြပါ ရန်ပုံငွေမှ ငွေကြေး အချို့ကို အလွဲသုံးမှုပြုလုပ်ခဲ့ကြောင်း၊ ပြိုင်ပွဲ ဝင်အားကစားသမားများအတွက် ကျခံသုံးစွဲ ရမည့်ငွေကြေးများကို ဖြတ်စားလျှပ်စား လုပ်ခဲ့ ခြင်းကြောင့် ပြိုင်ပွဲဝင်အားကစားသမားများ၏ စွမ်းဆောင်ရည်မှာ ကျဆင်းခဲ့ရကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

**အရေးယူမည်**

စွပ်စွဲခံထားရသူ ခုနစ်ဦးစလုံးသည် အောက်တိုဘာ ၁၅ ရက်ထက် နောက်မကျဘဲ အဖမ်းခံရန်လိုအပ်သည်။ ၎င်းတို့ကို အာဏာ အလွဲသုံးမှုဆိုင်ရာ စွဲချက်ခြောက်ရပ်၊ ပြည်သူ့ ဘဏ္ဍာငွေကြေး စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေ ချိုးဖောက်မှုနှင့် သက်ဆိုင်နေသော စွဲချက် လေးရပ်ဖြင့်လည်းကောင်း အရေးယူသွားမည် ဖြစ်ကြောင်း ရှေ့နေချုပ် ဟာဂျီက ပြောကြား သည်။

ငွေကြေးအလွဲသုံးမှု၊ ခွင့်ပြုချက်မရှိဘဲ လေယာဉ်လက်မှတ်များ ဝယ်ယူမှု၊ အသုံး စရိတ်များထက် ကျော်လွန်၍ ငွေကြေး တောင်းခံမှု၊ ခွင့်ပြုချက်မရဘဲ အသုံးစရိတ် များကျခံသုံးစွဲမှု စသည့်စွဲချက်များဖြင့် စွဲချက် တင်ကာ စစ်ဆေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကင်ညာနိုင်ငံ၌ အကျင့်ပျက်ခြစားမှုများ ဖြစ်ပွားလေ့ရှိပြီး အဂတိလိုက်စားမှုများကြောင့် နှစ်စဉ်ပြည်သူ့ဘဏ္ဍာငွေ ဒေါ်လာ သန်းပေါင်း များစွာ ခိုးယူခံနေရကြောင်း သတင်းတွင် ဖော်ပြသည်။ **အေအက်ဖ်ပီ**

## အသိပညာပေးစာစောင် (၃)
## လုံလောက်သောစီးပွားရေးဆိုင်ရာ ဒဿန

၁။ လုံလောက်သောစီးပွားရေးဆိုင်ရာ ဒဿနသည် နိုင်ငံသားများအတွက် နေထိုင်ရေးနှင့် ပြုမူဆောင်ရွက်ရေးနည်းလမ်းတစ်ခုဖြစ်သည်။ Globalization(ကမ္ဘာအနှံ့ဖြစ်စဉ်)သို့ဦးတည်သည့်စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးတွင် -

(က) **လုံလောက်မှု**

(ခ) **တွေးခေါ်မြော်မြင်မှု** နှင့်

(ဂ) မည်သည့် ပြင်ပနှင့်အတွင်းပိုင်းပြောင်းလဲမှုများမဆို၏ သက်ရောက်မှုများမှ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရန် **ခံနိုင်ရည်**ရှိရန် လိုအပ်ကြောင်းဆိုလိုခြင်းဖြစ်သည်။

၂။ ဖွံ့ဖြိုးရေးကိုစီစဉ်ရေးဆွဲရာနှင့် အကောင်အထည်ဖော်ရာအဆင့်တိုင်း၌ **အသိပညာ**၊ **သတိ**နှင့် **ဂရုပြုမှု**တို့လိုအပ်သည်။

၃။ လျင်မြန်စွာပြောင်းလဲတိုးပွားနေသော ပစ္စည်းကိရိယာ၊ လူမှုအဖွဲ့အစည်း၊ သဘာဝပတ်ဝန်းကျင်နှင့် ပြင်ပကမ္ဘာယဉ်ကျေးမှုတို့အတွက် မိမိတို့ကိုယ်မိမိတို့ **ဟန်ချက်**နှင့် **အဆင်သင့်ဖြစ်မှု**ကို ဖန်တီးနိုင်ရန်မှာ **ကိုယ်ကျင့်တရား**၊ **ရိုးသားမှု**၊ **စိတ်ကောင်းစေတနာ**၊ **သတိရှိမှုနှင့် ဉာဏ်ပညာရှိမှု** တို့က လူများ၏အတွင်းစိတ်တွင် အခြေခံအုတ်မြစ်အဖြစ် ခိုင်မာနေရမည်ဖြစ်သည်။

၄။ လုံလောက်သောစီးပွားရေးဒဿနသည် အခြေအနေ (၂) ရပ်အပေါ်မူတည်နေသော အချင်းချင်းချိတ်ဆက်နေသည့် အရည်အသွေး / လက္ခဏာပုံစံ (၃) မျိုးပါဝင်သည်။

### လက္ခဏာပုံစံ / အရည်အသွေး (၃) မျိုး

၅။ (က) Moderation **အစွန်းမရောက်ခြင်း / အလွန်အကျွံမဖြစ်ခြင်း / ထိန်းချုပ်နိုင်ခြင်း/ အသင့်အတင့်**

အခြေခံကျသောလိုအပ်မှုများကို အလွန်လည်းမများ၊ အလွန်လည်းမနည်းဘဲ လုံလောက်ရုံသာရှိခြင်း၊ လုံလောက်ခြင်း၊ တစ်ဖက်ဖက်သို့လွန်ကဲသွားမှုမရှိခြင်းနှင့် အခြားသူများကို (မိမိကိုယ်ကိုအပါအဝင်) အခွင့်အရေးမယူသည့်အဆင့်ကိုဆိုလိုပါသည်၊

(ခ) Reasoning **ဆင်ခြင်တုံတရားရှိခြင်း / တွေးခေါ်မြော်မြင်မှုရှိခြင်း**

သက်ဆိုင်ရာအကြောင်းအချက်များ အကျိုးဆက်များအားလုံးကို ဂရုတစိုက်ထည့်သွင်းစဉ်းစားခြင်းပြုလုပ်သော ကျိုးကြောင်းဆီလျော်သည့် စိတ်ပိုင်းဖြတ်မှုကိုဆိုလိုပါသည်။ သာဓကအားဖြင့် ဆုံးဖြတ်ချက်ချခြင်း၊ ပြုမူဆောင်ရွက်ခြင်း၊ ဖြစ်သင့်ဖြစ်ထိုက်လျှင် ရင်းနှီးမြှုပ်နှံခြင်း၊ ဆက်စပ်တွေးခေါ်တတ်ခြင်းနှင့် ဖြစ်နိုင်သောအရာကို ခန့်မှန်းတတ်ခြင်း တို့ဖြစ်သည်၊

(ဂ) **Immunity ခံနိုင်ရည်ရှိမှု**

ဖြစ်ပေါ်လာနိုင်သောဆိုးကျိုးများအတွက် ကြိုတင်ပြင်ဆင်ထားခြင်း၊ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှု၊ ပြောင်းလဲမှု၊ အတွင်းဘက်၊ အပြင်ဘက်တို့မှ ဖြစ်ပေါ်လာနိုင်သောအပြောင်းအလဲများအတွက် ကိုင်တွယ်ဖြေရှင်းရန်၊ အဆင်သင့်ဖြစ်နေစေရန် ကိုယ့်ကိုယ်ကိုယ်ပြင်ဆင်ထားခြင်းဖြစ်ပါသည်။

**အခြေအနေ (၂) ရပ်**


၆။ (က) **အသိပညာရှိခြင်း (Knowledgeability)**

ပြည့်စုံသောပညာရေးဆိုင်ရာအသိပညာအပါအဝင် နှံ့နှံ့စပ်စပ်သိခြင်း၊ အသိရှိခြင်း (Cautiousness)နှင့် နည်းပညာများကိုအသုံးပြုရာတွင် စေ့စပ်သေချာမှုရှိခြင်း (Carefulness)တို့ ဖြစ်သည်၊

(ခ) **အကျင့်သိက္ခာရှိခြင်း (Ethics)**

ရိုးသားမှုရှိခြင်း၊ စိတ်ကောင်းစေတနာရှိခြင်း၊ သည်းခံမှု၊ လုံ့လဝီရိယ၊ သတိရှိမှုနှင့် ဉာဏ်ပညာတို့ကိုအသုံးပြု၍ ဘဝစီမံချက်များချမှတ်ခြင်းတို့ဖြစ်သည်။

**လုံလောက်သောစီးပွားရေး ဒဿန (Sufficient Economy Philosophy)**



၇။ ယင်းလုံလောက်သောစီးပွားရေးဒဿနၡ၏ ရည်ရွယ်ချက်ပန်းတိုင်မှာ မည်သည့်ဘေးအန္တရာယ်နှင့် အကျပ်အတည်းများမဆိုထံမှ ရှောင်ရှားသက်သာစေရန်နှင့် အရည်အသွေးပြည့်၊ တည်ငြိမ်ပြီး ရေရှည်တည်တံ့သောဘဝ ရရှိနိုင်ရန်အတွက် ယင်းဒဿနနှင့်အညီ ဘဝတစ်ခုကို ဦးဆောင်နေထိုင်သွားရန်ပင်ဖြစ်သည်။

၈။ လုံလောက်သောစီးပွားရေးအတွေးအခေါ်တွင် အစွန်းမရောက်ခြင်း၊ ဆင်ခြင်တုံတရားရှိခြင်း၊ ခံနိုင်ရည်ရှိခြင်းတို့ပါဝင်ပြီး ကောင်းမွန်သောအသိပညာရှိသည့်အခြေအနေ၊ စီးပွားရေးရှုထောင့်မှကြည့်လျှင် အကျင့်သိက္ခာကောင်းမွန်သောအခြေအနေများအပြင် လူ့အဖွဲ့အစည်း၏ ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုတို့လည်းပါဝင်သည်။ လုံလောက်ခြင်းဆိုသည်မှာ ဥပမာအားဖြင့် ဘဝအားရောင့်ရဲတင်းတိမ်တတ်ပြီး မိမိကိုယ်တိုင်ကြိုးစားအားထုတ်၍ ထုတ်ကုန်များ ထုတ်လုပ်တိုးတက်စေသည့်စနစ်ဖြစ်ပါသည်။

၉။ လုံလောက်ခြင်း၏အဓိပ္ပာယ်ကို အောက်ပါအတိုင်းလည်း ဖော်ပြနိုင်ပါသည် -

"လုံလောက်ခြင်းဆိုသည်မှာ အလွန်အကျွံမဟုတ်သော ဆင်ခြင်တုံတရားရှိခြင်းမှသည် ပြောင်းလဲမှုများ၏ အကျိုးဆက်များကို သင့်တင့်သည့်ခံနိုင်ရည်အားရှိခြင်းအထိ ပါဝင်ပါသည်။ လုံလောက်ခြင်းသည် အသိပညာနှင့်အကျင့်သီလရှိမှုအပေါ်မူတည်၍ လုပ်ဆောင်ရန်ကိစ္စတိုင်းအတွက် အစီအစဉ်ချပြီး စနစ်တကျဆောင်ရွက်ခြင်းဖြစ်သည်။"

၁၀။ လုံလောက်သောစီးပွားရေးဒဿနသည် အလယ်အလတ်လမ်းစဉ်ဖြင့် မိမိကိုယ်ကို အားကိုးအားထားပြုခြင်း၊ အသိပညာနှင့်ကျင့်ဝတ်အခြေခံများအပေါ်မူတည်၍ မိမိ၏လိုအပ်ချက်ကို ကျိုးကြောင်းဆီလျော်စွာအကဲဖြတ်ခြင်းတို့ဖြင့် လူတစ်ဦး၏ဘဝနေမှုအတွက် လမ်းညွှန်ချက်ပင်ဖြစ်သည်။ လုံလောက်သောစီးပွားရေးဆိုင်ရာအတွေးအခေါ်အား နေ့စဉ်ဘဝ လုပ်ငန်းကိစ္စများတွင် အသုံးပြုနိုင်ပြီး ထိုနည်းလမ်းသည် အဂတိလိုက်စားမှုကိုကာကွယ်ရန် အကောင်းဆုံးလက်နက်ဖြစ်ပါသည်။ ယင်းအတွေးအခေါ်သည် စီးပွားရေးကိုသာအလေးပေးထားခြင်းမျိုးမဟုတ်ဘဲ လူသားများငြိမ်းချမ်းစွာ အတူတကွနေထိုင်နိုင်ရန်အတွက် ဘဝနေထိုင်ပုံများပါ ပါဝင်ပါသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် အစွန်းမရောက်ပါက ကျွန်ုပ်တို့သည် အကျင့်ပျက်ခြင်း၊ လိမ်လည်ခြင်း၊ ခိုးယူခြင်း၊ အခြားသူများကို အခွင့်ကောင်းယူခြင်း၊ အခြားသူများအားထိခိုက်စေခြင်း စသည်တို့ကိုပြုလုပ်မည် မဟုတ်တော့ပါ။ ထိုအခါ လူ့အဖွဲ့အစည်းသည် ငြိမ်းချမ်းလာမည်ဖြစ်သည်။

## လုံလောက်မှုဆိုင်ရာအခြေခံသဘောတရား

၁၁။ လုံလောက်မှု၏အခြေခံအုတ်မြစ်သည် ကောင်းသောအရာများကို လူတစ်ဦးမှ တတ်နိုင်သလောက် အစွမ်းကုန်ပြုလုပ်ပြီး ယင်းသို့ပြုလုပ်သည့်အလျောက်ရလဒ်ကိုလည်း ကျေနပ်သည့်စိတ်ကောင်း

တစ်မျိုးပင်ဖြစ်သည်။ လူပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်ကျင့်တရား၊ စွမ်းဆောင်ရည်၊ ရာထူးနေရာ၊ ဥပဒေလိုက်နာမှုနှင့် အစွန်းမရောက်သည့်အသိဉာဏ်အပေါ်အခြေခံ၍ ထိုသူတွင်ရှိသောအရာ၊ ထိုသူလက်ခံရရှိသောအရာ၊ ထိုသူပိုင်ဆိုင်သောအရာနှင့်ဆိုင်သော စိတ်ကျေနပ်မှုဆီသို့ဦးတည်သော စိတ်ထားကောင်းတစ်ခုဖြစ်ပါသည်။ အဆိုပါစိတ်ထားမျိုးရှိသောသူများသည် မိမိကိုယ်တိုင်ရော၊ အခြားသူများကိုပါ အမြတ်ထုတ်မည့်အကြောင်းရင်းဖြစ်သည့် **မိမိအခွင့်မရှိသောအရာများကို လိုလားတောင့်တစိတ်မဖြစ်ပေ**။ အမြတ်ထုတ်ခြင်းမရှိသည့် လူ့အဖွဲ့အစည်းသည် ငြိမ်းချမ်းသောအဖွဲ့အစည်းတစ်ခုဖြစ်သည်။ **ကောင်းသောအရာကို လုပ်ဆောင်ခြင်းသည် လူတို့လိုအပ်သော စိတ်ကျေနပ်ဖွယ်လမ်းကြောင်းပေါ်ရောက်ရှိခြင်းဖြစ်သည်**။ (ကောင်းသောအရာကိုလုပ်ဆောင်ခြင်းဆိုသည်မှာ အများအကျိုးရှိမည့်ကိစ္စများအားဆောင်ရွက်ခြင်း၊ သူတစ်ပါး၏အသက်ကိုမသတ်ခြင်း၊ သူတစ်ပါး၏ဥစ္စာမခိုးယူခြင်း၊ မဟုတ်မမှန်အကျိုးမရှိသောစကားကို မပြောဆိုခြင်း အစရှိသော အခြေခံစောင့်ထိန်းခြင်းများအပါအဝင် သူတစ်ပါးအပေါ်အမြတ်ထုတ်ခြင်းအား ရှောင်ကြဉ်ခြင်း စသည်တို့ကို လုပ်ဆောင်ခြင်းဖြစ်ပါသည်။) **လုပ်ဆောင်ရန်ခက်ခဲပြီး ရလဒ်မြင်တွေ့ရန်ခက်ခဲသော်လည်း လုပ်ဆောင်ရန်လိုအပ်သည်။ မကောင်းမှုပြုလုပ်ခြင်းသည် လုပ်ဆောင်ရန်လွယ်ကူပြီး ကောင်းမွန်သောလုပ်ဆောင်မှုနေရာများတွင် လျင်မြန်စွာအစားထိုးဝင်ရောက်နိုင်သည်။ မိမိကိုယ်မိမိ သတိမပြုမိခင်မှာပင် ပြုလုပ်ခဲ့မိပြီးဖြစ်တတ်သည်**။

၁၂။ အကျင့်ပျက်မှုကိုဆန့်ကျင်သည့်ဝေ့၊ လုံလောက်မှုအသိ၊ စည်းကမ်း၊ ရိုးသားမှု၊ နိုင်ငံသားကောင်းစိတ်ဓာတ်နှင့် အများအကျိုးစိတ်ဓာတ်ကို အသက်အရွယ်အသီးသီးတွင် လက်ခံကျင့်သုံးခြင်းမှအစပြု၍ အကျင့်ပျက်မှုကိုလုံးဝဆန့်ကျင်သည့်လူ့အဖွဲ့အစည်းတစ်ခု တည်ဆောက်နိုင်ပါသည်။

## လုံလောက်သောစီးပွားရေးဒဿန၏ ရှုထောင့် (၄) ခု

၁၃။ လုံလောက်သောစီးပွားရေးဒဿနတွင် စီးပွားရေးရှုထောင့်၊ စိတ်ဓာတ်ရေးရာရှုထောင့်၊ လူမှုရေးရှုထောင့်နှင့် ယဉ်ကျေးမှုရှုထောင့်ဟူ၍ ရှုထောင့်(၄)မျိုးပါဝင်ပါသည် -

(က) **စီးပွားရေးရှုထောင့်**။ လုံလောက်သောစီးပွားရေးသည် အစွန်းမရောက်သည့်စီးပွားရေးပင်ဖြစ်သည်။ ဆင်းရဲမှုကိုမကြုံတွေ့ရစေရန်အတွက် လူတစ်ဦးသည် အစွမ်းကုန်**လုံ့လဝီရိယ**ရှိပြီး **ရိုးသား**သောအလုပ်များကို လုပ်ကိုင်ရမည်ဖြစ်သည်။ ဝင်ငွေတိုးပွားပြီး၊ ကိုယ်စိတ်ချမ်းသာမှုလည်း တိုးမြင့်လာကာ ကြွေးမြီများနှင့် ဆင်းရဲမှုများကိုလည်း ရှောင်ရှားနိုင်သလို အမှီအခိုကင်းပြီး ပျော်ရွှင်သော မိသားစုတစ်ခုကို ရရှိမည်ဖြစ်သည်၊

(ခ) **စိတ်ဓာတ်ရေးရာရှုထောင့်**။ လုံလောက်သောစီးပွားရေးအတွေးအခေါ်သည် အစွန်းမရောက်ခြင်း သို့မဟုတ် အလယ်အလတ်လမ်းစဉ်သဘောတရားဖြင့် လူတစ်ဦး၏စိတ်အတွင်း ခိုင်မာသောစိတ်အခြေတစ်ခု တည်ဆောက်ခြင်းအားဖြင့် စိတ်အတွင်း၌စတင်ခြင်းဖြစ်သည်။ အစွန်းမရောက်မှုကိုအလေးထားသည်ဆိုသည်မှာ

လူတစ်ဦးသည် မိမိလိုအပ်ချက်များကိုလျော့ချရန်နှင့် မိမိတွင်ရှိသည့်အရာအပေါ် ကျေနပ်သောအခါတွင် လုံလောက်မှုရှိနေပြီး ထိုအချက်ကိုနားလည်သိရှိရန်ပင်ဖြစ်သည်၊

(ဂ) **လူမှုရေးရှုထောင့်**။ လုံလောက်သောစီးပွားရေး၏ ရည်ရွယ်ချက်များထဲမှတစ်ခုမှာ လူတစ်ဦးနှင့်တစ်ဦးကူညီရိုင်းပင်း၍ မေတ္တာကရုဏာကြီးမားသော ငြိမ်းချမ်းသည့် လူ့အဖွဲ့အစည်းတစ်ရပ် ဖန်တီးရန်ပင်ဖြစ်သည်။ ၎င်းသည် လူအချင်းချင်းအမြတ် မထုတ်သော၊ အခွင့်ကောင်းမယူသော၊ ဖျက်ဆီးရန်မကြိုးစားသော လူ့အဖွဲ့အစည်းတစ်ခု၊ စည်းလုံးညီညွတ်သောလူ့အဖွဲ့အစည်း တစ်ခုပင်ဖြစ်သည်၊

(ဃ) **ယဉ်ကျေးမှုရှုထောင့်နှင့်လူများ၏ဘဝနေထိုင်နည်း**။ လုံလောက်သောစီးပွားရေးဆိုင်ရာအတွေးအခေါ်သည် ခြိုးခြံချွေတာပြီး၊ ရိုးရှင်းသော၊ ရုပ်ဝတ္ထုမဆန်သော၊ မူးယစ်ဆေးဝါးမသုံးသော၊ အရက်သေစာမသောက်သောဘဝနေထိုင်နည်းတစ်ခုပင်ဖြစ်သည်။ ရုပ်ဝတ္ထုဝါဒနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုတို့သည် နိုင်ငံ့လုံခြုံရေးကို ခြိမ်းခြောက်နေသော အရေးအကြီးဆုံးလူမှုပြဿနာများထဲမှတစ်ခုဖြစ်သည့် ကြွေးမြီနှင့် အကျင့်ပျက်မှုများဖြစ်ရာ အကြောင်းရင်းဖြစ်သောကြောင့်ဖြစ်သည်။ ၎င်းတို့သည် အချို့သောနိုင်ငံတွင် စီးပွားရေးနှင့် ဘဏ္ဍာရေးအကျပ်အတည်းကိုဖြစ်စေခဲ့သည့် အကြောင်းရင်းများထဲက တစ်ချက်ဖြစ်ခဲ့သည်။

၁၄။ အချုပ်မှာ လုံလောက်သောစီးပွားရေးဆိုင်ရာအတွေးအခေါ်သည် လူတစ်ဦး၏ဘဝကို နေထိုင်ရာတွင် စောင့်ထိန်းမှုများနှင့် အသိပညာကိုပေါင်းစပ်ခြင်းအကြောင်း ဖြစ်ပါသည်။ လူတစ်ဦးသည် မိမိ၏ အပြုအမူများကို မိမိဂရုစိုက်ပြီး မှားယွင်းသောအကျင့်များပြုလုပ်ခြင်းနှင့် အခြားသူများကိုအမြတ်ထုတ်ခြင်းကို ရှက်ကြောက်ရမည်ဖြစ်သည်။ ကောင်းမွန်ပြီးမွန်မြတ်သောစိတ်သည် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းမှုကို ဆောင်ကြဉ်းလာမည့် ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်ပေးသွားမည် ဖြစ်သည်။

## လုံလောက်မှုဖြင့်အဂတိလိုက်စားမှုကိုတိုက်ဖျက်ခြင်း

၁၅။ လုံလောက်သောစီးပွားရေးဆိုင်ရာအတွေးအခေါ်အပေါ် အခြေခံသည့် လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုများသည် ပြည်သူတို့အား အဂတိလိုက်စားမှုမှကင်းဝေးအောင် လမ်းကြောင်းပေးမည် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ယင်းယဉ်ကျေးမှုတို့တွင် အဂတိလိုက်စားမှုနှင့် မှားယွင်းသည့် အပြုအမူတို့ကို ရှက်ရွံ့ခြင်း၊ ရှောင်ကြဉ်ခြင်းအပေါ်တွင်အခြေခံထားသည့် ယဉ်ကျေးမှုတစ်ရပ်ရှိနေပြီး အဂတိလိုက်စား၍ မိမိ၏လူ့အဖွဲ့အစည်းကိုဖျက်ဆီးရန်ခွင့်ပြုမည်မဟုတ်ပါ။ ယင်းကိုအမှန်တကယ် ဖြစ်ပေါ်လာစေရန်အတွက် လုံလောက်သောစီးပွားရေးဆိုင်ရာအတွေးအခေါ်ကို အခြားသောအဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ စည်းမျဉ်းတို့နှင့် တွဲဖက်၍အသုံးပြုရန် အရေးကြီးပြီး **STRONG** နှင့်လည်း အညီဖြစ်ရမည်။ **STRONG** ကို အောက်ပါအတိုင်း ဖွင့်ဆိုထားပါသည် -

(က) **S – Sufficient (လုံလောက်သော)** ။ ပြည်သူများနှင့်အဖွဲ့အစည်းများ အနေဖြင့် အလုပ်လုပ်ကိုင်ရာတွင်ဖြစ်စေ၊ မိမိတို့၏ဘဝကိုဦးဆောင်ရာတွင်ဖြစ်စေ လုံလောက်သောစီးပွားရေးဆိုင်ရာ ဒဿနကို အဓိကစည်းမျဉ်းအဖြစ် ထည့်သွင်း အကောင်အထည်ဖော်ရန် ဆိုလိုခြင်းဖြစ်သည်၊

(ခ) **T – Transparent (ပွင့်လင်းမြင်သာသော)**။ ပြည်သူများနှင့်အဖွဲ့အစည်းများ အနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိသော အခြေခံပေါ်မှ ဆောင်ရွက် ရမည်ဖြစ်ပြီး အစစ်ဆေးခံနိုင်ရမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်၊

(ဂ) **R – Realization (အမှန်သိမြင်ခြင်း)**။ ပြည်သူများနှင့်အဖွဲ့အစည်းများ အနေဖြင့် လူ့အဖွဲ့အစည်းအတွင်းနှင့် နိုင်ငံအတွင်းရှိ မှားယွင်းသောအပြုအမူများနှင့် အဂတိလိုက်စားမှုပြဿနာရပ်များ၏ရင်းမြစ်ကိုနားလည်၍ အမှန်တကယ်သိမြင်ရမည် ဖြစ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ အဂတိလိုက်စားမှု၏ဘေးအန္တရာယ်ကို လေ့လာဆန်းစစ် နိုင်၍ ပုဂ္ဂလိကအကျိုးနှင့်အများပြည်သူ့အကျိုးကို ခွဲခြားနားလည်နိုင်ရမည်။ ပြည်သူတို့ အနေဖြင့် အကျိုးစီးပွားဆိုင်ရာပြဿနာများကို ဖြေရှင်းနိုင်သည့်အသိပညာလည်း ရှိသင့်ပါသည်၊

(ဃ) **O – Onward (ရှေ့သို့)**။ ပြည်သူများနှင့်အဖွဲ့အစည်းများသည် မိမိတို့အဖွဲ့အစည်းနှင့် နိုင်ငံအားပွင့်လင်းမြင်သာစွာ ဖွံ့ဖြိုးတိုးတက်စေလိုသည့် စိတ်ဆန္ဒရှိရမည်ဖြစ်ပြီး အဂတိ လိုက်စားမှုကို လုံးဝသည်းညည်းမခံသော ယဉ်ကျေးမှုတစ်ရပ်ကို အတူတကွတည်ဆောက် ရမည်ဖြစ်သည်။ အဂတိလိုက်စားမှုပြဿနာနှင့် မှားယွင်းသောအပြုအမူတို့ ပေါ်ပေါက်လာ ခဲ့လျှင် ထိရောက်အောင်မြင်စွာ ဖြေရှင်းမည့်လမ်းကြောင်းကို ဟန့်တားမှုမပြုရပါ၊

(င) **N – Knowledge (ဗဟုသုတ)**။ ပြည်သူများနှင့်အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏အသိဉာဏ်ပညာကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရမည်ဖြစ်ပြီး လက်ရှိ မိမိတို့လူ့အဖွဲ့အစည်းမှ အဂတိလိုက်စားမှုအခြေအနေများကိုလည်း ကောင်းမွန်စွာ သိရှိ နားလည်နေရမည်ဖြစ်သည်၊

(စ) **G – Generosity (ရက်ရောမှု)**။ ပြည်သူများနှင့်အဖွဲ့အစည်းများအနေဖြင့် အကျင့်စာရိတ္တနှင့်လုံလောက်မှုအပေါ်အခြေခံ၍ အများပြည်သူအကျိုးစီးပွားအတွက် ရက်ရောမှုသဘောတရားကို ကျင့်သုံးရန် ကြိုးစားရမည်ဖြစ်သည်။

## လုံလောက်မှုသဘောတရားကို လိုက်နာကျင့်သုံးခြင်း

၁၆။ လူတိုင်းလူတိုင်းသည် လုံလောက်မှုစီးပွားရေးဒဿနကို မိမိတို့ဘဝတွင် လိုက်နာကျင့်သုံး သင့်သည်။ မိသားစုအဆင့်၊ ရပ်ရွာအဆင့်၊ ပုဂ္ဂလိကစီးပွားရေးအဆင့်၊ နိုင်ငံအဆင့်အထိ လုံလောက်မှု သဘောတရားကို ယုံကြည်မှုရှိကာ တန်ဖိုးကိုသိမြင်၍ နေ့စဉ်ဘဝတွင် ဤဒဿနကို အတွင်းစိတ်မှ လိုလားတောင့်တမှုရှိရန် လိုအပ်ပါသည်။

၁၇။ **တစ်ဦးချင်းနှင့် မိသားစုအဆင့်လုံလောက်မှုသဘောတရားကို လိုက်နာကျင့်သုံးခြင်း။** လူတစ်ဦးချင်းနှင့် မိသားစုများအတွက် အန္တိမပန်းတိုင်မှာ စိတ်ရောကိုယ်ပါအတူတကွ ပျော်ရွှင်စွာနေထိုင်နိုင်ရန်၊ အမှီအခိုကင်းရန်၊ စိတ်ကျေနပ်မှုရှိစေရန်၊ အလွန်အကျွံသုံးစွဲခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းမပြုလုပ်ရန်၊ အခြားသူများအားအမြတ်မထုတ်ဘဲ နေထိုင်နိုင်စေရန်၊ ခံနိုင်ရည်ရှိရန်၊ ဆက်လက်သင်ယူလေ့လာပြီး ကိုယ့်ကိုယ်ကိုတိုးတက်စေရန်နှင့် အခြားသူများအား ကူညီနိုင်လောက်သော လူမှုဘဝဖူလုံမှုရှိနိုင်စေရန်ပင်ဖြစ်သည်။ သာဓကအားဖြင့် မိမိကိုယ်တိုင်နှင့်မိသားစုကိုထောက်ပံ့ရန် ရိုးသားသောအလုပ်မှ အခြေခံလိုအပ်ချက်များကိုရယူနိုင်ခြင်း၊ မိမိ၏ဝင်ငွေထွက်ငွေကို သိရှိခြင်း၊ ခြိုးခြံချွေတာသော်လည်း တစ်ကိုယ်ကောင်းမဆန်ခြင်း၊ အကျင့်ဆိုးများအားလုံးကို ငြင်းဆန်ခြင်း၊ အရင်းအမြစ်များ၏တန်ဖိုးကိုသိစေရန်နှင့် အကျိုးရှိရှိအသုံးပြုပုံကို လူငယ်များအားသင်ကြားပေးခြင်း၊ မိမိတို့၏ပိုင်ဆိုင်မှုများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကျန်းမာရေးကောင်းမွန်စေရန် စောင့်ရှောက်ခြင်း၊ မိသားစုဝင်များ ရပ်ရွာနှင့်လူ့အဖွဲ့အစည်းများကြား မျှဝေအသုံးပြုရန် တိုက်တွန်းအားပေးခြင်း၊ ယဉ်ကျေးမှုနှင့်ဓလေ့ထုံးတမ်းကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သဘာဝအရင်းအမြစ်များကို သင့်လျော်စွာသုံးစွဲခြင်း၊ တစ်ဦးတစ်ယောက်၏ပိုင်ဆိုင်မှုထက် အများပြည်သူအကျိုးကို ဦးစားပေးလျက် အားကောင်း၍အသိမြင့်မားသော စိတ်ထားတစ်ခုကို ခိုင်မာစွာတည်ဆောက်ခြင်း စသည်တို့ပါဝင်ပါသည်။ လူတစ်ဦးချင်းစီအတွက် တစ်ကိုယ်ရေလုံလောက်မှုကိုဖြစ်စေသော နည်းဥပဒေသ(၅)ရပ်ရှိပြီး အောက်ပါတို့ဖြစ်ပါသည် -

(က) **စိတ်ခံစားချက်။** လူတစ်ဦးချင်းစီတွင် အားကောင်းသောစိတ်ဓာတ်ရေးရာ အခြေခံရှိထားသင့်သည်။ ဆိုလိုသည်မှာ ရိုးသားမှုအပေါ် ခိုင်မာသောခံယူချက်နှင့် တာဝန်များကိုအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် စိတ်ပိုင်းဖြတ်မှုတို့ဖြစ်သည်၊

(ခ) **လူမှုရေး။** မိမိတို့အားလုံးသည် မိမိတို့၏အလုပ်များကို ကြိုးစားလုပ်ဆောင်ပြီး ကောင်းမွန်သောဆက်ဆံရေးများ ရှိထားရမည်ဖြစ်သည်။ သို့မှသာ မိမိတို့၏အလုပ်များ အချင်းချင်းကူညီပေးနိုင်မည်ဖြစ်သည်၊

(ဂ) **သဘာဝအရင်းအမြစ်များနှင့်ပတ်ဝန်းကျင်။** အများပြည်သူအတွက် အကျိုးအမြတ်အများဆုံးရရှိနိုင်ရန်အတွက် ရေရှည်တည်တံ့ခိုင်မြဲရေး နည်းဥပဒေသကိုလိုက်နာလျက် စီမံခန့်ခွဲရန်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို သင့်လျော်စွာ၊ ကောင်းမွန်စွာထိန်းသိမ်းပါက နှစ်ပေါင်းများစွာကြာမြင့်သောအချိန်တွင် ကျွန်ုပ်တို့၏ နောင်လာနောက်သား မျိုးဆက်သစ်များအတွက် လောကခံတရားကိုရင်ဆိုင်ဖြေရှင်းရန် နည်းလမ်းအသစ်များကို ရှာတွေ့ကောင်းတွေ့နိုင်မည်ဖြစ်သည်။ ဖြေရှင်းရန်တာဝန်မှာ ၎င်းတို့၏တာဝန်ဖြစ်သွားပြီး၊ ကျွန်ုပ်တို့၏တာဝန်မဟုတ်တော့ပေ။ ကျွန်ုပ်တို့လုပ်နိုင်သည့်အရာမှာ သင့်လျော်သော အရေအတွက်ကို ၎င်းတို့အတွက်ထိန်းသိမ်းထားပေးခဲ့ရန်ဖြစ်သည်၊

(ဃ) **နည်းပညာ**။ မြန်ဆန်သောပတ်ဝန်းကျင်အပြောင်းအလဲများမှ နည်းပညာအသစ်များသည် ကောင်းကျိုးရောဆိုးကျိုးပါဖြစ်နိုင်သည်။ အသိဉာဏ်ကိုအသုံးပြု၍ ၎င်းတို့ကို ခွဲခြားပြီး မိမိနိုင်ငံ၏ပထဝီ၊ ပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်း၏လိုအပ်ချက်များနှင့် ကိုက်ညီသည်များကိုသာ ရွေးချယ်ရန်အရေးကြီးပါသည်။ မိမိတို့၏တီထွင်ဖန်တီးမှုမှ ထွက်လာသော ကိုယ်ပိုင်နည်းပညာများကိုလည်း ဖော်ထုတ်သင့်ပါသည်၊

(င) **စီးပွားရေး**။ တစ်ချိန်က အချို့သောစီးပွားရေးလုပ်ငန်းရှင်များသည် ယုံဖိတ်ခြင်းကို လျှော့ချရန်မတွေးဘဲ ဝင်ငွေတိုးပွားရေးကို အလေးထားခဲ့သည်။ ယခုအချိန်သည် စဉ်းစားသည့်နည်းလမ်းကိုပြောင်းလဲရန် အချိန်ဖြစ်သည်။ ဆိုလိုသည်မှာ အသုံးစရိတ်ကို **ချင့်ချိန်သုံးစွဲမှု**ကို ဦးစွာအလေးပေးပြီး၊ **လုံလောက်မှု**နှင့် **မိမိကိုယ်ကိုမှီခိုအားထားမှု**ဆိုင်ရာ စည်းမျဉ်းကိုလိုက်နာရန်ဖြစ်သည်။ လူတိုင်းလူတိုင်း အသိပညာရှာဖွေပြီးဦးစွာပထမ အနေဖြင့် လူမှုဘဝလုံခြုံစိတ်ချရမှုရှိရေးအတွက် ကိုယ့်ကိုယ်ကိုတည်ဆောက်ရမည် ဖြစ်သည်။ ဒုတိယအနေဖြင့် ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နိုင်ရန်ဖြစ်သည်။ နိုင်ငံတွင်ကျွန်ုပ်တို့အားလုံးသည် ဤနည်းဥပဒေငါးရပ်နှင့်အညီ အတူတကွအလုပ်လုပ်ပါက ပဋိပက္ခများနှင့်အကျပ်အတည်းများကို ကျော်လွှားနိုင်မည်ဖြစ်သည်။

# GRADE - 9

၁ အသိဉာဏ်နှီးနှောခြင်း

၂ အဂတိလိုက်စားခြင်း

၃ ကိုယ်ကျိုးအတွက်အသုံးချခြင်း

# အသိဉာဏ်နိုးကြားခြင်း

## ရည်ရွယ်ချက်

၁။ (က) အသိဉာဏ်နိုးကြားခြင်း၏ အဓိပ္ပာယ်ကို နားလည်စေရန်၊

(ခ) အသိဉာဏ်နိုးကြားပြီး ဘေးအန္တရာယ်ကို သတိပြုမိစေရန်၊

(ဂ) အဂတိလိုက်စားမှုတိုက်ဖျက်ခြင်းနှင့်ပတ်သက်၍ အသိဉာဏ်နိုးကြားလာစေရန်။

## ပညာပေးလှုပ်ရှားမှုအဆင့်ဆင့်

၂။ ဆရာက **အသိပညာပေးစာစောင် (၁)**၊ **"နိုးကြားမှုရှိသည့် အသိဉာဏ်"**ခေါင်းစဉ်ဖြင့် ပုံပြင်ကို ကျောင်းသားများအား ဖြန့်ဝေပေးပြီး ဖတ်ရှုစေပါ။

၃။ ကျောင်းသားများ ပုံပြင်ကိုဖတ်ရှုပြီးနောက် ဆရာကဦးဆောင်၍ ကျောင်းသားများအား မေးမြန်းဆွေးနွေးခြင်း ဆောင်ရွက်ပါ-

(က) မောင်သော်သည် ပြဿနာကို မည်သို့မည်ပုံ ဖြေရှင်းပါသလဲ၊

(ခ) မောင်သော်နှင့် ဓားပြနှစ်ဦးအနက် မည်သူက အသိဉာဏ်ပိုရှိပါသလဲ၊

(ဂ) အကယ်၍ ကျောင်းသားများအနေဖြင့် ထိုပြဿနာမျိုးရင်ဆိုင်ရပါက မည်သို့ပြုမူဆောင်ရွက်မည်နည်း၊

(ဃ) ကျောင်းသားများအနက် မည်သူ့ထံတွင် ပြဿနာဖြေရှင်းရန် ပိုမိုကောင်းမွန်သည့် နည်းလမ်းရှိပါသလဲ။

၄။ ဆရာက မောင်သော်သည် အခက်အခဲပြဿနာကြုံတွေ့ချိန်၌ ၎င်း၏**အာရုံ**တွင် သတိဖြင့် **အသိစိတ်**ကပ်နေပြီး ပြဿနာကိုဖြေရှင်းရန်အတွက် **ဉာဏ်ပညာ**ရှိနေခြင်းကြောင့် ဤသို့ဖြေရှင်းရန်နည်းလမ်းကို စဉ်းစားအသုံးပြုနိုင်ခြင်းဖြစ်ကြောင်း၊ ဓားပြသည် လွယ်လွယ်ကူကူဖြင့် ငွေထုပ်ရတော့မည်ဟူသောအတွေးဖြင့် ပျော်ရွှင်နေပြီး **အသိစိတ်လွတ်**နေကြောင်း၊ ထို့ကြောင့် အာရုံတွင်အသိစိတ်ကပ်မှု၊ အသိဉာဏ်နိုးကြားမှုရှိရန် လိုအပ်ကြောင်းကို ကျောင်းသားများ နားလည်သဘောပေါက်အောင် ရှင်းပြပေးရမည်။

၅။ ဆက်လက်၍ **"အသိဉာဏ်နိုးကြားခြင်းနှင့် နိုင်ငံသားတို့အသိဉာဏ်"**ခေါင်းစဉ်ဖြင့် **အသိပညာပေးစာစောင် (၂)** ကို ကျောင်းသားများအား ဖြန့်ဝေပေးပြီး ရှင်းပြပေးရမည်။

၆။ ဆရာက အဂတိလိုက်စားခြင်းနှင့် ပတ်သက်သည့် နေ့စဉ်၊ အပတ်စဉ်ထုတ် သတင်းစာစောင်များတွင် ဖော်ပြထားသည့် သတင်းတစ်ခုစီကို ယူဆောင်လာပြီး ကျောင်းသားများအား ဖတ်ရှုနိုင်အောင် စီစဉ်ပေးရမည်။

၇။ ဆရာက ကျောင်းသားတို့ကို "ဘယ်သူ ဒီသတင်းဖတ်ဖူးလဲ"ဟု ဖတ်ဖူးသူ ရှိ/မရှိ မေးမြန်းရမည်။ "ဘယ်သူတွေ ဒီသတင်းကို မဖတ်ဖူးသေးဘူးလဲ"ဟု မဖတ်ဖူးသေးသော ကျောင်းသားများ အရေအတွက်/အခြေအနေကို မေးမြန်းရမည်။ ကျောင်းသားများထံမှ "ဖတ်ဖူးကြောင်း"၊ "မဖတ်ဖူးသေးကြောင်း" အဖြေရရှိပြီးပါက ဆရာက ကောက်ချက်ချပေးရမည်မှာ "ဒီသတင်းကို သိရှိပြီးသောသူသည် အဂတိလိုက်စားမှုနှင့်ပတ်သက်သော အကြောင်းအရာများကို သိသောသူဟုဆိုနိုင်ကြောင်း၊ ကျောင်းသားအများစုသည် ထိုသတင်းအား မကြားဖူးသေးသောသူများဖြစ်နိုင်ပါကြောင်း၊ ထိုသူများသည် အဂတိလိုက်စားမှုကိစ္စရပ်များနှင့် ပတ်သက်၍ အသိဉာဏ်မနိုးကြားသေးဘူးဟု ဆိုနိုင်ကြောင်း" ကောက်ချက်ချပေးရပါမည်။

၈။ ထို့နောက် ကျောင်းသားတို့အား **"အဂတိလိုက်စားခြင်းပုံစံအမျိုးမျိုးနှင့်ပတ်သက်သည့် သတင်းများ"** ခေါင်းစဉ်ဖြင့် **အသိပညာပေးစာစောင် (၃)** ကို ကျောင်းသားများအား ဖြန့်ဝေပေးပြီး ရှင်းပြပေးရမည်။

၉။ လေ့ကျင့်ခန်းအဖြစ် ကျောင်းသားတို့အား အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် ပြည်တွင်း ပြည်ပ အကြောင်းအရာများကို သတင်းစာ၊ စာစောင်များနှင့် အင်တာနက်တို့မှရှာဖွေ၍ ယူဆောင်လာစေကာ သိရှိသမျှကို အဖွဲ့အလိုက် တင်ပြဆွေးနွေးစေပါ။

## အသိပညာပေးစာစောင် (၁)

## ပုံပြင်ခေါင်းစဉ်-"နိုးကြားမှုရှိသည့် အသိဉာဏ်"

၁။ ဦးဘသည် ၎င်း၏မြေးဖြစ်သူ မောင်စိုးထိုက်မှာ အလယ်တန်းကျောင်းသားတစ်ဦး ဖြစ်သော်လည်း ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားပြီး အချိန်ရှိသမျှ ပျင်းပျင်းရိရိဖြင့် စားလိုက်၊ အိပ်လိုက်၊ ဖုန်းဆော့လိုက် လုပ်နေသည်ကို နေ့စဉ်တွေ့မြင်ရ၍ မြေးဖြစ်သူကောင်းစားရေးအတွက် ရည်ရွယ်ပြီး တစ်နေ့သော အခါ မောင်စိုးထိုက်ညအိပ်ရာဝင်ချိန်တွင် ပုံပြင်တစ်ခု ပြောပြရန်စီစဉ်လေသည်။

၂။ အဆိုပါပုံပြင်သည် ဦးဘငယ်စဉ်က ၎င်း၏မိခင်ကပြောပြခဲ့သော ရှေးခေတ်၊ မြန်မာပြည် လွတ်လပ်ရေးမရမီအချိန်က အဖြစ်အပျက်လေးတစ်ခုဖြစ်ပါသည်။

၃။ မောင်သော်ဟုအမည်ရသော လူငယ်လေးတစ်ယောက်သည် အညာဒေသရွာကလေးတစ်ရွာ၌ ဆင်းရဲနွမ်းပါးသောမိသားစုမှ မွေးဖွားလာပြီး အရွယ်ရောက်ချိန်တွင် မိသားစုကို ပြည့်စုံအောင် အလွန်ပင်ကျွေးမွေးပြုစု စောင့်ရှောက်လို၍ ဦးကြီးတစ်ယောက်၏အကူအညီဖြင့် မြို့သို့စွန့်စား သွားရောက်ကာ ကြိုးစား၍အလုပ်လုပ်ပြီး ဥစ္စာရှာလေသည်။ ၆ နှစ်ခန့် ပင်ပင်ပန်းပန်း ရုန်းကန် ကြိုးစား၍ လုံ့လဝီရိယဖြင့် အလုပ်လုပ်ရာ ကံကောင်းထောက်မစွာဖြင့် အလုပ်အကိုင်များလည်း အဆင်ပြေသဖြင့် ရွှေငွေဥစ္စာများကို အသင့်အတင့် ကုတ်ကုတ်ကျစ်ကျစ် စုဆောင်းမိလေသည်။ ထို့ကြောင့် အိမ်ပြန်ပြီး မိသားစုကို ထောက်ပံ့လုပ်ကျွေး၍ တော၌ပင် အခြေချနေထိုင်ရန် ဆုံးဖြတ်ပြီး ရွာသို့ပြန်လာလေသည်။

၄။ ထိုအချိန်က ခရီးလမ်းပန်းများ မဖွံ့ဖြိုးမချောမွေ့သေးချိန်ဖြစ်ပြီး သူခိုးဓားပြများလည်း သောင်းကျန်းမှုရှိသည့်ကာလဖြစ်ပါသည်။ အိမ်အပြန်လမ်း၌ရွာများ၊ တောအုပ်များကို ဖြတ်သန်း၍ လှည်း၊ လှေ၊ ခြေလျင်စသည်ဖြင့် ခရီးနှင်ရာ တစ်ခုသောတောအုပ်အတွင်း၌ ဓားပြတိုက်ခံရလေသည်။ ဓားပြသည် မောင်သော်အား သေနတ်ဖြင့်ချိန်ထားပြီး ပါသမျှရွှေငွေတို့ကိုထုတ်ပေးခိုင်းလေရာ မောင်သော်မှာ သေနတ်ဖြင့်ပစ်သတ်ခံရမည်စိုး၍ လွယ်အိတ်ထဲမှ ပုဆိုးဖြင့်ထုပ်ထားသော ရွှေငွေထုပ်ကို ထုတ်ပေးရလေသည်။

၅။ မောင်သော်သည် မိမိပင်ပင်ပန်းပန်းရှာထားသော ရွှေငွေများမဆုံးရှုံးရအောင် မည်သို့လုပ်လျှင် ကောင်းမည်နည်းဟု သတိကြီးစွာဖြင့် အဖန်ဖန်လျင်မြန်စွာ စဉ်းစားပြီး ဓားပြကို ပြောလိုက် သည်မှာ "နောင်ကြီးခင်ဗျာ ကျွန်တော်ဟာ နှစ်ရှည်လများ မိသားစုအတွက် အပင်ပန်းအဆင်းရဲခံပြီး အလုပ် လုပ်ခဲ့ရပါတယ်။ ကျွန်တော့်အိမ်ကို ငွေတွေအများကြီးရှာလာခဲ့မယ်လို့ ပြောမိခဲ့ပါတယ်။ အခုတော့ နောင်ကြီးက ကျွန်တော့်ငွေတွေကို အကုန်ယူသွားပြီဆိုတော့ ကျွန်တော် အိမ်ပြန်ရောက်ရင်တော့ အရှက်ရတော့မှာသေချာနေပါပြီ။ ရွာကလူတွေအားလုံးက ကျွန်တော် ချမ်းသာလာတဲ့အထိ အလုပ်လုပ်ခဲ့တယ်ဆိုတာကို ဘယ်သူမှယုံကြည်မှာမဟုတ်တော့ဘူး။ နောင်ကြီးက ကျွန်တော့်

ငွေတွေယူသွားတယ်ဆိုတာကို ကျွန်တော်ဘယ်လိုပြောပြရပါ့မလဲ။ ဒါကြောင့် ကျွန်တော့်ကို တစ်ခုကူညီပေးပါ။ ကျွန်တော့်ရဲ့ ငွေထည့်တဲ့လွယ်အိတ်ကို အပေါက်တွေဖြစ်သွားအောင် သေနတ်နဲ့ နှစ်ချက်လောက် ပစ်ပေးပါ။ ဒါမှ ကျွန်တော့်အိမ်က ကျွန်တော်ပြောတာကို ယုံကြည်လိမ့်မယ်။

၆။ ဓားပြသည်ရယ်ချင်သွားပြီး ရွှေငွေများကိုလည်း အလွယ်တကူရရှိလိုက်သောကြောင့် ပျော်ရွှင်နေသဖြင့် "ရတယ်လေ"ဟုပြောပြီး "ဒိုင်း ... ဒိုင်း"ဟု မောင်သော်၏ လွယ်အိတ်ကို အပေါက်များဖြစ်အောင် ပစ်လေသည်။

၇။ မောင်သော်က "ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျာ ဒါပေမဲ့ ဒီဦးထုပ်လေးကိုပါ ကျည်ဆန်ထိတယ်ဆိုရင် ပိုပြီးယုံကြည်သွားမှာပါနောင်ကြီး"ဟု ပြောပြန်လေသည်။

၈။ ဓားပြက "ရပါတယ်... ပြဿနာမရှိပါဘူး..."ဟု ဆိုကာ "ဒိုင်း...ဒိုင်း"ဟု ဦးထုပ်အား အပေါက်ဖြစ်အောင် လုပ်ပေးလေသည်။

၉။ မောင်သော်က "ကိုင်း... ကျွန်တော်ရွာကိုပြန်ရပါတော့မယ်။ နောက်ဆုံးအနေနဲ့ ကျွန်တော့်အင်္ကျီလေးကိုပါ သေနတ်နဲ့ နှစ်ချက်လောက်ပစ်ပြီး အပေါက်ဖောက်ပေးပါ"ဟု အင်္ကျီကိုချွတ်ပြပြီး တောင်းပန်ပြန်သည်။

၁၀။ ဓားပြသည် ပျော်ရွှင်ပြီး စိတ်လှုပ်ရှားနေသောကြောင့် **အသိစိတ်လွတ်ကာ** မောင်သော်၏အင်္ကျီကို သေနတ်ဖြင့် ထပ်မံပစ်ပေးပြန်သည်။ သေနတ်မှ ကျည်ဆန်များမှာ နှစ်တောင့် နှစ်ချက်နှုန်းဖြင့် နောက်ဆုံးတွင်ကုန်သွားလေသည်။ သေနတ်တွင် ကျည်ဆန်မရှိတော့ကြောင်း သိသောအခါ အကြံရှိထားသော မောင်သော်က ဓားပြကို လျှပ်တစ်ပြက် အားစိုက်ခွန်စိုက် ပြန်လည်တိုက်ခိုက်ကာ သူ၏ရွှေငွေများကို ပြန်လည်ရယူခဲ့လေသည်။

## ပုံပြင်မှရရှိသည့်အသိတရား

၁၁။ ဆရာတို့အနေဖြင့် ထိုပုံပြင်အား သင်ကြားသောအခါ ရှင်းပြရန်မှာ အာရုံတွင်သတိဖြင့် အသိစိတ်ကပ်ပြီး အသိဉာဏ်နိုးကြားနေသူသည် ပြဿနာဖြေရှင်းရန် ဉာဏ်ပညာကို အသုံးပြုနိုင်ကြောင်း၊ ဓားပြသည် ပျော်ရွှင်မှု၊ စိတ်လှုပ်ရှားမှုခံစားချက်များဖုံးလွှမ်း၍ အသိစိတ်လွတ်သွားသဖြင့် ဆင်ခြင်တုံတရား ကင်းမဲ့သွားကာ မောင်သော်ကိုလိုက်လျော၍ သေနတ်မှကျည်ဆန်ကုန်အောင် ပစ်ပေးမိသွားကြောင်း၊ အချို့သူများသည် ဓားပြနှင့်ရင်ဆိုင်ရသည့်အခါ ကြောက်စိတ်လွှမ်းမိုး၍ အသိစိတ်လွတ်ကာ ပြဿနာဖြေရှင်းရန် ဉာဏ်ပညာကင်းမဲ့သွားပြီး ဖြေရှင်းနိုင်ရန်နည်းလမ်းအား မတွေးခေါ်နိုင်သောကြောင့် ရွှေငွေအားလုံးဆုံးရှုံးရကြောင်း၊ ယင်းကို ကံအကြောင်းကြောင့်သာဖြစ်ရသည်ဟု ဆိုကြသော်လည်း အမှန်မှာ ဖြေရှင်းရန်နည်းလမ်းအား မတွေးခေါ်နိုင်ခဲ့သောကြောင့် ဖြစ်ကြောင်း ဆရာကရှင်းပြရန် ဖြစ်ပါသည်။

## အသိပညာပေးစာစောင် (၂)

## ခေါင်းစဉ် - “ အသိဉာဏ်နိုးကြားခြင်းနှင့် နိုင်ငံသားတို့ အသိဉာဏ်”

၁။ အသိဉာဏ်ဆိုသည်မှာ အတွင်းစိတ်သန္တာန်၌ ဆင်ခြင်တုံတရားအား အခြေခံလျက် ချင့်ချိန်ဆုံးဖြတ်တတ်ခြင်းကို ဆိုလိုသည်။ ၎င်းအသိဉာဏ်သည် အပြုအမူဆိုင်ရာ ထုတ်ဖော်ပြသမှုတွင် သက်ရောက်မှုများစွာရှိသည်။ ဥပမာအားဖြင့် "မည်သည့်အရာကို လုပ်သင့်သည်/ မည်သည့်အရာသည် မလုပ်ဆောင်သင့်သည့်အရာဖြစ်သည်ကို ရွေးချယ်နိုင်စွမ်း" ဖြစ်သည်။

၂။ ထို့ပြင်အသိဉာဏ်ဆိုသည်မှာ အခြေအနေတစ်ခုတွင် မည်သူမည်ဝါဖြစ်သည်၊ ဘယ်မှာနေသည်၊ ဘာကိုလိုချင်သည် သို့မဟုတ် မည်သို့ခံစားမှုရှိသည် စသည်တို့ကို သိရှိခြင်းဖြစ်သည်။

၃။ ကျွန်ုပ်တို့နေ့စဉ် တွေ့မြင်ကြားသိနေသည့် အရာများဖြစ်သည့် မည်သူသည် ဆရာ/ ဆရာမ တစ်ယောက်ဖြစ်သည်၊ နိုင်ငံ့သားကောင်းတစ်ယောက်ဖြစ်သည်၊ စစ်မှန်သောချစ်ခြင်းမေတ္တာဖြစ်သည်၊ ကောင်းသောပတ်ဝန်းကျင်ဖြစ်သည်၊ အစရှိသောအရာတို့ကို သိခြင်းသည်လည်း အသိဉာဏ်ပင် ဖြစ်သည်။ အသိဉာဏ်သည် လူတစ်ဦးတစ်ယောက်၏ လူ့ကျင့်ဝတ်သိက္ခာနှင့် ဆက်နွှယ်လျက်ရှိသည်။ ကောင်းမွန်သော အသိဉာဏ်ရှိသူသည် ကောင်းမွန်သည့် ကိုယ်ကျင့်တရားနှင့်ပြည့်စုံသူဖြစ်သည်။ ထိုအသိဉာဏ်ကို မိသားစုထံမှသော်လည်းကောင်း၊ ကောင်းမွန်သည့် လူ့အဖွဲ့အစည်းထံမှ အတွေ့အကြုံ အားဖြင့်သော်လည်းကောင်း၊ မှတ်သား၍သော်လည်းကောင်း၊ လေ့ကျင့်သင်ကြား၍သော်လည်းကောင်း ရရှိနိုင်ပါသည်။ သို့ရာတွင် ၎င်းအသိဉာဏ်ဖြစ်ထွန်းရန်မှာလည်း အလွန်ပင်ခက်ခဲလှပါသည်။

၄။ အသိဉာဏ်နိုးကြားခြင်းနှင့် အသိဉာဏ်မွေးမြူခြင်းတို့သည် လူသားတစ်ယောက်အနေဖြင့် လုပ်ဆောင်သင့်သည့် အရာဖြစ်သည်။

## နိုးကြားခြင်း

၅။ နိုးကြားခြင်းဆိုသည်မှာ မသိမှုအလွဲအမှားမှ နိုးထလာခြင်းဖြစ်သည်။ သာဓကအားဖြင့် မိမိရှေ့တွင်ရှိသောသူ၊ မိမိရှေ့ရှိအရာများ ဖြစ်ပေါ်လာမှုမှ **အသိရှိလာခြင်း**ဖြစ်သည်။

## သိရှိခြင်း

၆။ သိရှိခြင်းဆိုသည်မှာ မရေရာမသေချာသော၊ စိတ်တိုင်းကျမဖြစ်နိုင်သော၊ ပြည့်စုံမှုမရှိနိုင်သော၊ မခိုင်မြဲသော ဘဝ၏ အမှန်တရားကို သိရှိခြင်းဖြစ်သည်။ သိရှိခြင်း၏နောက်ထပ်အဓိပ္ပာယ်တစ်ခုမှာ မည်သည့်အရာက ဆင်းရဲခြင်းဒုက္ခ ဖြစ်သည်၊ မည်သည်က ထိုဆင်းရဲခြင်းဒုက္ခ၏ အကြောင်းတရား အရင်းအမြစ်ဖြစ်သည်၊ မည်သည်က ထိုဆင်းရဲခြင်း ဒုက္ခ ချုပ်ငြိမ်းရာဖြစ်သည်ကိုသိရှိပြီး ဒုက္ခငြိမ်းရန် နည်းလမ်းနှင့် ထိုဆင်းရဲဒုက္ခများကို စီမံရန်နည်းလမ်းများကို သိရှိခြင်း ဖြစ်သည်။

## အသိဉာဏ်နိုးကြားခြင်း

၇။ အသိဉာဏ်နိုးကြားခြင်းဆိုသည်မှာ အသိဉာဏ်ရှိပြီး အမှန်တရားကိုသိရှိက ဖြစ်ပေါ်လာသည့် အရင်းအမြစ်ကို သိရှိခြင်းဖြစ်သည်။

## အသိဉာဏ်နိုးကြားစေခြင်း

၈။ အသိဉာဏ်နိုးကြားစေခြင်းသည် လက်တွေ့တွင် ကိုယ်ကျင့်သိက္ခာတရားအတိုင်း ပြုမူပြောဆိုဆောင်ရွက်ရန် အသိနိုးကြားလာအောင် တိုက်တွန်းရာတွင် ကျင့်သုံးသည်။

## အသိဉာဏ်မွေးမြူခြင်း

၉။ အသိဉာဏ်မွေးမြူခြင်းဆိုသည်မှာ အနာဂတ် မြန်မာ့လူ့အဖွဲ့အစည်းအတွင်းရှိ ကလေးများနှင့် အရွယ်ရောက်နေဆဲလူငယ်များကို ကောင်းမွန်သည့် ပုဂ္ဂိုလ်များဖြစ်လာစေရန် အရေးပါသည့် ထိန်းကျောင်းမောင်းနှင်အားအဖြစ် အသုံးချသည့်အရာဖြစ်သည်။ လူ့အဖွဲ့အစည်းအား ပြုပြင်ရန် ထိုအရာနှစ်ခုလုံးကို အလေးထားရပါမည်။ ငယ်ရွယ်သူများအား အသိဉာဏ်မွေးမြူခြင်းကို ဦးစားပေးလုပ်ဆောင်ရမည်ဖြစ်သည်။

၁၀။ ယနေ့ခေတ်တွင် လူကြီးများက လူငယ်လူရွယ်များအား ကောင်းမွန်သည့် အပြုအမူကောင်းများအား ပြုစုပျိုးထောင်ခြင်း၊ ကောင်းမွန်သည့် စိတ်ကူးစိတ်သန်းများ ဖန်တီးပေးခြင်းတို့ကို မမေ့မလျော့ပြုသင့်ပါသည်။ ၎င်းအပြင် လူကြီးများသည် မရည်ရွယ်ဘဲသော်လည်းကောင်း၊ ရည်ရွယ်ချက်ရှိရှိဖြင့်သော်လည်းကောင်း လွဲမှားသောအပြုအမူများကို လူငယ်များရှေ့မှောက်တွင် ပြုမူလုပ်ဆောင်မိတတ်ကြပါသည်။ ထိုအပြုအမူတို့ကို လူငယ်များမြင်တွေ့ဖန်များလာသည့်အခါ အတုယူလုပ်ဆောင်တတ်လာကြသည်။ သာဓကအားဖြင့် ဥပဒေချိုးဖောက်ခြင်း၊ သဘာဝအရင်းအမြစ်များ၏တန်ဖိုးကို နားမလည်ဘဲ ဖြုန်းတီးဖျက်ဆီးခြင်း၊ အများအကျိုးထက် ကိုယ်ကျိုးကိုသာကြည့်ခြင်း၊ အဂတိလိုက်စားခြင်း၊ လုပ်ငန်းတာဝန်ထက် ငွေကြေးကိုသာမက်မောခြင်း စသည်တို့ဖြစ်သည်။ ထို့ကြောင့်လွဲမှားသော အပြုအမူများကို ရှေ့ဆောင်လမ်းပြဖြစ်သည့် လူကြီးများက လူငယ်များအတုမယူမိအောင် ဆင်ခြင်ကြရမည်ဖြစ်ပါသည်။

၁၁။ အထက်ဖော်ပြပါအကြောင်းအရာတို့သည် လူငယ်လူရွယ်များအတွက် အသိဉာဏ်မွေးမြူရေးအခြေခံအုတ်မြစ်ဖြစ်ပါသည်။ ယနေ့ခေတ်တွင် လူ့ကျင့်ဝတ်ထိန်းသိမ်းမှုများ အားနည်းလျက်ရှိခြင်းကြောင့် လူငယ်များ ကောင်းမွန်သည့်အရာများကို သိမြင်လာအောင် အရှိန်မြှင့်လုပ်ဆောင်ရမည်ဖြစ်ပြီး လွဲမှားသောအကျင့်ဆိုး အပြုအမူဆိုးတို့မှ ကင်းလွတ်အောင် မှန်ကန်သော လူ့အဖွဲ့အစည်းဖြစ်အောင် လျင်မြန်စွာ အားထုတ် လုပ်ဆောင်ကြရမည်ဖြစ်ပေသည်။

## အသိပညာပေးစာစောင် (၃)

## အဂတိလိုက်စားခြင်းပုံစံအမျိုးမျိုးနှင့်ပတ်သက်သည့် သတင်းများ

၁။ အဂတိလိုက်စားမှုသည် တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက်ဖြစ်စေပြီး အဘက်ဘက်တွင်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေသည်။ ငွေကြေးနှင့်ဆက်နွှယ်သည့် အဂတိလိုက်စားမှုတိုင်းတွင် အခွင့်အရေးရယူသူများ တိုးတက်ကြီးပွားကြပြီး အခွင့်အရေးဆုံးရှုံးသူများမှာ လူမှုရေး၊ ပညာရေးစသည်ဖြင့် အဘက်ဘက်တွင်ဆုံးရှုံးမှုများ များစွာဖြစ်ပေါ်လာရသည်။ ယနေ့ခေတ်တွင် ကမ္ဘာ့နိုင်ငံအချို့၌ တွေ့မြင်နေရသည်မှာ ကျေးရွာများထက်မြို့ပြတွင် ပို၍ဖွံ့ဖြိုး တိုးတက်သည်။ ကျေးလက်ပြည်သူများသည် နိုင်ငံသားများပင်ဖြစ်သော်လည်း မြို့ပြပြည်သူများနှင့် အခွင့်အရေးတန်းတူ မရရှိနိုင်သေးသည့် အဓိကအကြောင်းရင်းမှာ အဂတိလိုက်စားခြင်းပင်ဖြစ်သည်။ တိုင်းပြည်တိုးတက်ရေးအတွက် အသုံးပြုရမည့်ဘတ်ဂျက်များနှင့်စပ်လျဉ်း၍ အကျင့်ပျက်ခြစားမှု များပါကရင်းနှီးမြှုပ်နှံနိုင်မှုအားနည်းသွားပြီး အလုပ်သမားများ၊ ဝန်ထမ်းများအသုံးပြုမှုလည်း မတိုးမြှင့်နိုင်တော့ဘဲ ပြည်သူများအလုပ်အကိုင်ရရှိရန် အခွင့်အလမ်းနည်းပါးမည်ဖြစ်သည်။ ထို့ကြောင့် "**အဂတိလိုက်စားမှုနှင့်ပတ်သက်သည့်ဆိုးကျိုးအား ကိုယ်တိုင်တိုက်ရိုက်မခံစားရသော်လည်း သွယ်ဝိုက်သောအားဖြင့်ခံစားရမည်ကို ယုံကြည်ရမည်ဖြစ်သည်။**"အဂတိလိုက်စားမှုကိုတိုက်ဖျက်ရန်အတွက် ဥပဒေပြဋ္ဌာန်းထားရှိပြီးဖြစ်ပါသည်။ နိုင်ငံသားတို့၏အမြင်တွင် အဂတိလိုက်စားမှုအား တိုက်ဖျက်ရန်ကိစ္စသည် မိမိနှင့်မသက်ဆိုင်သောကိစ္စဖြစ်၍ ပတ်သက်ရန်မလိုဟုမမြင်သင့်ပေ။ အကယ်၍ အဖွဲ့အစည်းဌာနပေါင်းစုံက အဂတိလိုက်စားကြမည်ဆိုလျှင် ငွေကြေးပမာဏများစွာ ဆုံးရှုံးမည်ဖြစ်သည်။ ထို့ကြောင့်နိုင်ငံသားတို့က ထိုအကြောင်းအရာကိုနမူနာယူ၍ **အသိဉာဏ်နိုးကြားမှုရှိလာကာ** အဂတိလိုက်စားခြင်းကို ကာကွယ်တိုက်ဖျက်ရန် လက်တွဲဆောင်ရွက်ရမည်။ နိုင်ငံသားအားလုံး အသိဉာဏ်နိုးကြားမှုရှိလာကာ လက်တွဲဆောင်ရွက်၍ အဂတိလိုက်စားမှု ပြဿနာအား ဝိုင်းဝန်းဖြေရှင်းကြမည်ဆိုလျှင် ယင်းပြဿနာသည် နိုင်ငံအတွက်သေးငယ်သော ပြဿနာအဖြစ်သို့ ပြောင်းလဲသွားလိမ့်မည်။

၂။ မည်သို့ပင်ဖြစ်စေကာမူ အဂတိလိုက်စားမှုနှင့်ပတ်သက်နေသောအရာမှန်သမျှကို သတိပြုစောင့်ကြည့်ရမည်။ ထို့ကြောင့်အရေးကြီးဆုံးအချက်မှာ နိုင်ငံသားအားလုံး အဂတိလိုက်စားခြင်း၏ဆိုးကျိုးအားသိရှိနားလည်ပြီး အသိဉာဏ်နိုးကြားလာကာ အဂတိလိုက်စားခြင်းကို တိုက်ဖျက်ကြရန်နှင့် လူ့အဖွဲ့အစည်းမှလည်း အဂတိလိုက်စားမှုကို ဆန့်ကျင်ကြရန်လိုသည်။

၃။ နိုင်ငံမှနိုင်ငံသားအားလုံး အသိဉာဏ်နိုးကြားလာပြီးနောက် အဂတိလိုက်စားခြင်းကို **ဆန့်ကျင်**ခြင်းမှတစ်ဆင့် အဂတိ**တိုက်ဖျက်**ခြင်းကို လုပ်ဆောင်ရမည်။ သို့မှသာ အဂတိလိုက်စားနေသူများသည်လည်း ရှက်ရွံ့ခြင်းဖြစ်လာကာ ဆက်လက်၍ အဂတိလိုက်စားခြင်းပြုရဲတော့မည်မဟုတ်ပေ။ သာဓကအားဖြင့် အဂတိလိုက်စားမှုဖြစ်နေသည်ကို တွေ့မြင်လျှင် အဖြစ်အပျက်ကို

မှတ်သားထားပြီးနောက် အချက်အလက်ကို သက်ဆိုင်ရာသို့အသိပေးပြီး စစ်ဆေးမှုပြုလုပ်နိုင်ရန် လူထုဆက်သွယ်ရေးနည်းလမ်းအား အသုံးပြုရမည်ဖြစ်သည်။ နိုင်ငံသားတို့အသိဉာဏ်နိုးကြားလာပြီး အဂတိလိုက်စားမှုများကို ဆန့်ကျင်တိုက်ဖျက်ခြင်းမပြုလျှင် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးသည် အဘက်ဘက်တွင်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေမည်ဖြစ်သည်။ ဆက်လက်၍ နိုင်ငံခြားတိုင်းပြည်များတွင် ဖြစ်ပေါ်နေသောအခြေအနေများ၊ အဂတိလိုက်စားသူများအား ပြည်သူလူထုကဆန့်ကျင်နေပုံများ၊ လူ့အဖွဲ့အစည်းမှပေးသောအပြစ်ကိုလက်ခံရန်၊ ဥပဒေလမ်းကြောင်းမှပေးသောအပြစ်ကို ကျခံစေရန် လုပ်ဆောင်နေမှုများကို လေ့လာကြည့်ရန်လိုပါသည်။

## နိုင်ငံအချို့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအခြေအနေများ

### တောင်ကိုရီးယားနိုင်ငံ

၄။ တောင်ကိုရီးယားနိုင်ငံသည် အဂတိလိုက်စားမှုကာကွယ်တိုက်ဖျက်ရေးပိုင်းတွင် အောင်မြင်မှုရရှိပြီးသောနိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်နိုင်သော်လည်း အဂတိလိုက်စားမှုပြဿနာအချို့မှာ ကျန်ရှိနေဆဲဖြစ်ပါသည်။ သမ္မတ.........သည် နိုင်ငံ့တာဝန်ထမ်းဆောင်ရာ၌ ၎င်း၏မိသားစုနှင့် ရင်းနှီးကျွမ်းဝင်သည့် အခင်မင်ရဆုံးသောသူငယ်ချင်းမှ သမ္မတ၏ရင်းနှီးမှုကိုအခွင့်ကောင်းယူပြီး အဂတိလုပ်ရပ်များကိုကျူးလွန်ခဲ့သည်။ ကိုယ်ကျိုးစီးပွားအတွက် နိုင်ငံရေးကိုအသုံးချခဲ့သည်ဟု တောင်ကိုရီးယားတရားရုံးမှ စစ်ဆေးတွေ့ရှိခဲ့သည်။ ထိုအခြေအနေတွင် တောင်ကိုရီးယားနိုင်ငံသားတို့ စုပေါင်းကာဆန္ဒပြတောင်းဆိုခြင်းဖြင့် သမ္မတအား နိုင်ငံရေးရာထူးမှ နုတ်ထွက်စေခဲ့သည်။

၅။ အထက်ပါဖြစ်ရပ်ကဖော်ပြထားသည်မှာ နိုင်ငံသားတို့သည် နိုးကြားလာသောအသိဉာဏ်နှင့်အတူ အဂတိလိုက်စားမှုများကို ဆန့်ကျင်ကြောင်းဖော်ပြကြသည်ကိုတွေ့ရသည်။ အဂတိလိုက်စားမှုကို တွေ့မြင်ကြပြီးနောက် ဆန့်ကျင်ကြသည်။ မိမိတို့သဘောမတူကြောင်းကိုဖော်ပြပြီး စစ်ဆေးရန် အကြောင်းအရာများကို ပို၍တောင်းဆိုလာကြသည်။ စုရုံးပြီး မိမိတို့ဆန္ဒကိုပြကြသည်။

၆။ လူ့အဖွဲ့အစည်းတွင် အဂတိလိုက်စားမှုကို ဆန့်ကျင်သောလူ့အဖွဲ့အစည်း၊ အဂတိလိုက်စားမှုအား ရှက်ရွံ့တတ်သောလူ့အဖွဲ့အစည်းတို့ကို တည်ဆောက်နိုင်မည်ဆိုလျှင် အဂတိလိုက်စားမှုပြဿနာများ လျော့ကျသွားမည်ဖြစ်သည်။ တိုင်းပြည်လည်းဖွံ့ဖြိုးတိုးတက်လာလိမ့်မည်။

မြန်မာ့အလင်း

စနေ၊ ဇူလိုင် ၂၁၊ ၂၀၁၈

## ရာထူးမှဖယ်ရှားခံရသည့် ကိုရီးယားသမ္မတဟောင်း ပတ်ခ်ဂွမ်ဟေး ထောင်ဒဏ်အသစ် ချမှတ်ခံရ

**ဆိုးလ် ဇူလိုင် ၂၀**

ရာထူးမှ ဖြုတ်ချခံထားရသည့် တောင်ကိုရီးယား သမ္မတပတ်ခ်ဂွမ်ဟေးကို နိုင်ငံပိုင်ငွေများ အလွဲသုံးစားပြုမှု၊ ရွေးကောက်ပွဲတွင် ဝင်ရောက်နှောင့်ယှက်မှုတို့အတွက် ယခင်ပြစ်ဒဏ်များအပြင် နောက်ထပ် ထောင်ဒဏ် ရှစ်နှစ်ကျခံစေရန်တောင်ကိုရီးယားတရားရုံးမှ ချမှတ်ခဲ့ကြောင်း သိရသည်။

တခြားသော အကျင့်ပျက်ခြစားမှု စွပ်စွဲမှုများဖြင့် ပတ်ခ်သည် ထောင်ဒဏ် ၂၄ နှစ် ချမှတ်ခံထားရသူလည်း ဖြစ်သည်။ အမျိုးသားထောက်လှမ်းရေး အေဂျင်စီမှ ငွေများ လက်ခံမှုအတွက် တရား ရုံးမှ ပတ်ခ်ကို ထောင်ဒဏ် ခြောက်နှစ်ချမှတ်ခဲ့ပြီး ဒဏ်ငွေ ၃ ဒသမ ၃ ဘီလီယံပေးဆောင်ရန် ချမှတ်ခဲ့ကြောင်း ဆိုးလ်ဗဟိုတရားရုံး တရားသူကြီး ဆောင်ချန်ဟိုက ပြောသည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီလအတွင်း လာဘ်စားမှု ငွေသန်း ၂၀၀ လက်ခံမှုတို့အတွက် တရားရုံးမှ ၎င်းအား အပြစ်ရှိသည်ဟု ဆုံးဖြတ်ခဲ့သည်။ ပြည်သူ ရွေးကောက်ပွဲအက်ဥပဒေကို ချိုးဖောက်မှုဖြင့် တရားရုံးမှ ၎င်းအား ထောင်ဒဏ် နှစ်၃၆ ချမှတ်ခဲ့သည်။ ထို့ပြင် သမ္မတဟောင်းပတ်ခ်ဂွမ်ဟေးသည် သမ္မတ တာဝန်ထမ်းဆောင်စဉ်က နိုင်ငံ၏အမျိုးသားထောက်လှမ်းရေး အေဂျင်စီထံမှ ဒေါ်လာသုံးသန်း လက်ခံထားသည်ဟုလည်း တရားရုံးက ဆုံးဖြတ်ခဲ့သည်။

ယင်းလုပ်ရပ်သည် အမျိုးသားထောက်လှမ်းရေး အေဂျင်စီအတွက် ပုံမှန်ဖြစ်ရပ်တစ်ခုမဟုတ်ကြောင်း၊ ပတ်ခ်သည် လာဘ်စားထားသောငွေများကို ၎င်း၏အိမ်ပြင်ဆင်ရန်နှင့် ဆေးကုသမှု အစရှိသည့် ကိုယ်ပိုင်အသုံးစရိတ်များတွင် အသုံးပြုခဲ့ကြောင်း တရားသူကြီးက ပြောသည်။

ထို့ပြင် ပတ်ခ်သည် ၎င်းတို့ပါတီ၏ ကိုယ်စားလှယ်လောင်းရွေးချယ်ရေးတွင်လည်း ကြားဝင်နှောင့်ယှက်မှုများ ရှိနေသည်မှာလည်း ပြစ်မှုထင်ရှားသည်ဟု ဆိုသည်။ ပတ်ခ်ဂွမ်ဟေးသည် လွန်ခဲ့သောနှစ်က ရာထူးမှ ဖယ်ရှားခံထားရသူလည်း ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

DailyELEVEN

– ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက် (သောကြာနေ့)

# ဟောင်ကောင်ပြည်ထဲရေး ဝန်ကြီးဟောင်း လာဘ်ထိုးမှုဖြင့် အမေရိကန်တွင် စီရင်ချက်ချမှတ်ခံရ

ဟောင်ကောင်ပြည်ထဲရေးဝန်ကြီးဟောင်း ပက်ထရစ်ဟိုချီပင်းသည် အာဖရိကတွင် တရုတ်ထိပ်တန်းစွမ်းအင်ကုမ္ပဏီတစ်ခု၏ကိုယ်စား ဒေါ်လာသန်းချီသော လာဘ်ထိုးမှုတစ်ခုတွင် ပါဝင်ပတ်သက်မှုဖြင့် နယူးယောက်တရားရုံး၌ ဒီဇင်ဘာ ၅ ရက်တွင် စီရင်ချက် ချမှတ်ခံခဲ့ရသည်။ ရှန်ဟိုင်းအခြေစိုက် တရုတ်စွမ်းအင်ကုမ္ပဏီကြီး CEFC Chinna Energy ၏ စီမံကိန်းများအား ထောက်ပံ့ပေးရန်အတွက် ယူဂန္ဓာနှင့် ချဒ်တို့တွင် ထိပ်တန်းတာဝန်ရှိသူများကို လာဘ်ထိုးရန်အတွက် အသက် ၆၉ နှစ်ရှိ ဟိုသည် ပြည်ပ၌ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးဆိုင်ရာ အက်ဥပဒေ (FCPA) ကိုချိုးဖောက်မှုနှင့် လာဘ်ထိုးရန်အတွက် ငွေကြေးခဝါချမှုတို့အတွက် စွဲချက်ရှစ်ခုအနက် ခုနစ်ခုတွင် အပြစ်ရှိကြောင်း ဂျူရီအဖွဲ့က ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ထိုအပေးအယူအချို့ကို ကုလသမဂ္ဂ၏ခန်းမများတွင် စီစဉ်ခဲ့ခြင်းဖြစ်ပြီး အမေရိကန်က ၂၀၁၇ ခုနှစ် နိုဝင်ဘာတွင် ဟိုနှင့်၎င်း၏ကြံ့ရာပါ ဆီနီဂေါ်ထိပ်တန်းသံတမန်ဟောင်း ချက်ဂါဒီယိုတို့ကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ရေနံလုပ်ကိုင်ခွင့်ရရှိရန် ၎င်းတို့နှစ်ဦးသည် ချဒ်သမ္မတထံ ဒေါ်လာနှစ်သန်း လာဘ်ထိုးခဲ့ပြီး ယူဂန္ဓာနိုင်ငံခြားရေးဝန်ကြီးက သုံးစွဲရန်ဖွင့်ထားသော ဘဏ်စာရင်းထဲသို့ ဒေါ်လာငါးသိန်းထည့်သွင်းပေးခြင်းတို့ဆောင်ရွက်ခဲ့သည်ဟု အမေရိကန်က စွပ်စွဲခဲ့သည်။ ယခုကဲ့သို့ ဆုံးဖြတ်မှုကြောင့် ဟိုသည် FCPA ချိုးဖောက်မှုတစ်ခုစီအတွက် ထောင်ဒဏ်ငါးနှစ်အထိနှင့် ငွေကြေးခဝါချမှုအတွက် ထောင်ဒဏ် ၁၀ နှစ်အထိ ချခံရနိုင်သည်။ Ref: AFP

Daily ELEVEN
၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် (အင်္ဂါနေ့)

## ဗီယက်နမ်ရေနံလုပ်ငန်း အမှုဆောင်ချုပ်ဟောင်း ခြစားမှုအတွက် ထောင်ဒဏ်တစ်သက်ကို ဒုတိယအကြိမ် ချမှတ်ခံရ

ဂျာမနီတွင် ပြန်ပေးဆွဲဖမ်းဆီးခံခဲ့ရသည်ဟုသတင်းများထွက်ပေါ်ခဲ့သော ဗီယက်နမ်ရေနံလုပ်ငန်းအမှုဆောင်ချုပ်ဟောင်း ထရင်စွမ်သန်သည် ခြစားမှုအတွက် ဖေဖော်ဝါရီ၅ ရက်က ထောင်ဒဏ်တစ်သက်ကို ဒုတိယအကြိမ်မြောက်ထပ်မံချမှတ်ခံခဲ့ရသည်။ အိမ်နီးချင်းတရုတ်တွင် ခြစားမှုကို ပြင်းပြင်းထန်ထန်နှိမ်နင်းနေမှုအတိုင်း လိုက်လံဆောင်ရွက်ခဲ့သော ဗီယက်နမ်သည် စီးပွားရေးနှင့် နိုင်ငံရေးနယ်ပယ်မှ ထိပ်တန်းပုဂ္ဂိုလ်အများအပြားအား ခြစားမှုဖြင့် ပြစ်ဒဏ်များချမှတ်ခဲ့သည်။ PetroVietnam Construction (PVC) ၏ အမှုဆောင်ချုပ်ဟောင်းထရင်စွမ်သန်သည် အိမ်ခြံမြေစီမံကိန်းတစ်ခုမှပြည်သူ့ဘဏ္ဍာဒေါ်လာ၆၂၀၀၀၀ ကို ရယူခဲ့ကြောင်း ပြစ်မှုထင်ရှားခဲ့သည်။ ဗီယက်နမ်တွင်ခြစားမှုအတွက် အမြင့်ဆုံးပြစ်ဒဏ်သည် သေဒဏ်ဖြစ်သော်လည်း တရားရုံးနှင့်ပူးပေါင်းဆောင်ရွက်ခဲ့သောကြောင့် ထရင်စွမ်သန်သည် ထောင်ဒဏ်တစ်သက်ပြစ်ဒဏ်သို့လျှော့ပေါ့ပေးခံခဲ့ရကြောင်း အစိုးရပိုင်မီဒီယာ VNExpress က ဖော်ပြခဲ့သည်။ ဗီယက်နမ်နိုင်ငံပိုင် PetroVietnam ၏ ရင်းနှီးမြှုပ်နှံမှုတစ်ခုတွင်ဒေါ်လာ၅ဒသမ ၂သန်းဆုံးရှုံးစေခဲ့မှုအတွက် ထရင်စွမ်သန်သည် ပြီးခဲ့သည့်လက ထောင်ဒဏ်တစ်သက်ချမှတ်ခံထားရပြီးဖြစ်သည်။ Ref: AFP

မြန်မာအလင်း
ကြာသပတေး၊ နိုဝင်ဘာ ၂၃၊ ၂၀၁၇

## ဗင်နီဇွဲလား ရေနံကုမ္ပဏီမှ အမှုဆောင်အရာရှိ ၅၀ ကို အကျင့်ပျက်ခြစားမှုဖြင့် ဖမ်းဆီး

**ကရာကက်စ် နိုဝင်ဘာ ၂၂**

ဗင်နီဇွဲလားအမျိုးသား ရေနံကုမ္ပဏီ PDVSA မှ အမှုဆောင်အရာရှိ ၅၀ ထက်မနည်းကို အကျင့်ပျက်ခြစားမှုဖြင့် ဖမ်းဆီးလိုက်ပြီဖြစ်ကြောင်း နိုင်ငံတော်ရှေ့နေချုပ်တာရက် ဝီလီယံဆက်ဘ်က တနင်္လာနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ဗျူနိုအေးရီးစ်တွင် ကျင်းပသည့် Ibero- America ရှေ့နေချုပ်များ ထိပ်သီးအစည်းအဝေးတွင် စကားပြောဆိုခဲ့စဉ်ဆက်ဘ်က အမှုဆောင်အရာရှိ ၅၀ ဖမ်းဆီးမှုကို အသိပေးကြောင်း ပြောကြားခဲ့သည်။ ဖမ်းဆီးခံရသူများအနက် ခြောက်ဦးမှာ အကြီးတန်းမန်နေဂျာများ ဖြစ်ကြသည်ဟု ဆိုသည်။

ယခုဆောင်ရွက်ခဲ့သည့် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးလှုပ်ရှားမှုသည် ဗင်နီဇွဲလားနိုင်ငံ၏ ငွေကြေးလဲလှယ်မှုယန္တရားဟောင်းအတွင်း မှတ်ပုံတင်ခဲ့ သည့် ဆောင်ရွက်မှုဖြစ်ကြောင်း ဆက်ဘ်က ပြောကြားခဲ့သည်။

ဆင်ဟွာ

12 INTERNATIONAL NEWS DailyELEVEN ၂၀၀၈ ခုနှစ်၊ ဧပြီလ ၂၅ ရက် (ဗုဒ္ဓဟူးနေ့)

# ခြစားမှုအတွက် အင်ဒိုနီးရှားလွှတ်တော်ဥက္ကဋ္ဌဟောင်း ထောင်ဒဏ် ၁၅ နှစ်ချမှတ်ခံရ

အင်ဒိုနီးရှားတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်နေသော ခြစားမှုအား နှိမ်နင်းရေးလုပ်ငန်းစဉ်၏ အောင်မြင်မှုတစ်ခုအနေနှင့် ဧပြီ ၂၃ ရက်က လွှတ်တော်ဥက္ကဋ္ဌဟောင်းတစ်ဦးကို ခြစားမှုဖြင့် ထောင်ဒဏ် ၁၅ နှစ်ချမှတ်လိုက်နိုင်ခဲ့သည်။

တစ်ချိန်က သြဇာအကြီးဆုံး အင်ဒိုနီးရှားနိုင်ငံရေးသမားတစ်ဦးဖြစ်ခဲ့သော ဆက်ယာ နိုဗန်တိုသည် အစိုးရ၏သက်သေခံကတ်ပြားများအား နိုင်ငံအနှံ့ထုတ်ပေးခဲ့ရာတွင် ဖြတ်စားခြင်း၊ လာဘ်ယူခြင်းတို့ လုပ်ဆောင်ခဲ့သည်ဟု စွပ်စွဲခံခဲ့သည်။

အသက် ၆၂ နှစ်အရွယ် နိုဗန်တိုသည် ကားတိုက်မှုအတွင်း ဒဏ်ရာရခဲ့သည်ဟုလိမ်ခဲ့ခြင်းအပါအဝင် လှည့်ကွက် အမျိုးမျိုးလုပ်ဆောင်ပြီး ဖမ်းဆီးခံရမည့်အရေးကို ရှောင်ရှားရန် ကြိုးပမ်းခဲ့သူဖြစ်သည်။ ဖမ်းခံရပြီးနောက်တွင်လည်း ၎င်းအားကြားနာစစ်ဆေးခြင်းသည် လနှင့်ချီကြာမြင့်ခဲ့သည်။

အစိုးရရှေ့နေများက နိုဗန်တိုကို ထောင်ဒဏ် ၁၆ နှစ်နှင့် ငွေဒဏ်ဒေါ်လာ ၇ ဒသမ ၄ သန်းချမှတ်ရန်၊ ထိုငွေဒဏ်အားပေးရန် ပျက်ကွက်ပါက နိုဗန်တို၏များပြားလှသောပိုင်ဆိုင်မှုများအား သိမ်းယူရန်တောင်းဆိုခဲ့ကြသည်။

အစိုးရဘဏ္ဍာငွေထဲမှ ဒေါ်လာသန်း ၁၇၀ ပျောက်ဆုံးမှု၊ ဒေါ်လာသန်း၄၄၀တန်ဖိုးရှိသော အစိုးရ၏ သက်သေခံကတ်စီမံကိန်းမှ ငွေအလွဲသုံးစားပြုမှုများတွင် နိုဗန်တိုသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်ဟု စွပ်စွဲခံခဲ့ရသည်။ ထိုအရှုပ်တော်ပုံ နှင့်ပတ်သက်ပြီး အခြားသောနိုင်ငံရေးသမားများ၊ အစိုးရအရာရှိများ၊ စီးပွားရေးသမားများလည်း စွဲချက်တင်ခံခဲ့ရသည်။

ယင်းခြစားမှုစွဲချက်များသည် အင်ဒိုနီးရှားပြည်သူများအပြားကိုပင် ထိတ်လန့်တုန်လှုပ်စေခဲ့သည်။ လူ့အဖွဲ့အစည်း၏အလွှာစုံတွင် လာဘ်ပေး၊လာဘ်ယူမှုများ ထူပြောကာ ရဲတပ်ဖွဲ့အပါအဝင် အစိုးရဌာနအများအပြား၌ ခြစားမှုများကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်နေသည့် အင်ဒိုနီးရှားသည် ကမ္ဘာပေါ်တွင် ခြစားမှုအများဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံလည်း ဖြစ်သည်။

ခြစားမှုတိုက်ဖျက်ရေးအေဂျင်စီ၏ လပေါင်းများစွာ စစ်ဆေးမေးမြန်းခြင်းကို ခံခဲ့ရသော နိုဗန်တိုကို ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက ဆေးရုံတစ်ရုံတွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က နိုဗန်တိုသည် ယာဉ်တိုက်မှုဖြစ်ပြီး ဒဏ်ရာရသည်ဟုဆိုကာ ဆေးရုံရောက်နေခြင်းဖြစ်သည်။ မြို့တော်ထဲမှ လူကုံထံရပ်ကွက်တွင်ရှိသော နန်းတော်အလား ခမ်းနားသည့် နိုဗန်တို၏ နေအိမ်သို့ ရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းခဲ့သော်လည်း ၎င်းကို မဖမ်းမိနိုင်ဖြစ်ခဲ့ပြီးနောက် ထိုယာဉ်တိုက်မှုကိစ္စထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သည့်နှစ်အနည်းငယ်ကမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးမှ တရားသူကြီးချုပ်သည် ဒေသဆိုင်ရာရွေးကောက်ပွဲအငြင်းပွားမှုတွင် လာဘ်ယူကာ ဘက်လိုက်သည့် စီရင်ချက်ချမှတ်ခဲ့မှုဖြင့် ထောင်ဒဏ်တစ်သက် ချမှတ်ခံခဲ့ရသည်။ ယင်းအမှုသည် အင်ဒိုနီးရှား၌ခြစားမှုအတွက် ချမှတ်သော အကြီးလေးဆုံး ပြစ်ဒဏ်ဖြစ်လာသည်။

Ref: AFP

# အဂတိလိုက်စားခြင်း

## ရည်ရွယ်ချက်

၁။ (က) အဂတိလိုက်စားမှုအကြောင်းခြင်းရာကို သိရှိနားလည်ရန်၊

(ခ) အဂတိလိုက်စားမှုဖြစ်ပေါ်ရသည့် အကြောင်းရင်းနှင့်ဆိုးကျိုးများကို သိရှိနားလည်သဘောပေါက်ရန်၊

(ဂ) အဂတိလိုက်စားမှုကိုကာကွယ်တိုက်ဖျက်ရန် အရေးကြီးကြောင်း သိမြင်သဘောပေါက်စေရန်။

## ပညာပေးလှုပ်ရှားမှုအဆင့်ဆင့်

၂။ ဆရာက ကျောင်းသားများကို **အသိပညာပေးစာစောင် (၁) "ရောသုံးရင်ဖြစ်တာပါပဲလေ"**ကို အားလုံးဖတ်ရှုနိုင်အောင် ဖြန့်ဝေပေးပါ။ အားလုံးဖတ်ရှုပြီးပါက ဆရာက အောက်ပါမေးခွန်းများကို ကျောင်းသားများအား မေးမြန်းဆွေးနွေးပေးပါ -

(က) ဇာတ်လမ်းတိုပါ အကြောင်းအရာအဖြစ်အပျက်များကို အကျဉ်းချုံး၍ ကျောင်းသားများက ပြန်လည်ပြောပြပေးပါ၊

-----------------------------------------------------------------------------------

-----------------------------------------------------------------------------------

(ခ) ဦးမြင့်ဦးသည် ကုမ္ပဏီဝန်ထမ်းများ၏ညှိနှိုင်းမှုကို လက်ခံရန်ဆုံးဖြတ်ပါသလား၊ လက်မခံရန် ဆုံးဖြတ်ပါသလား၊

-----------------------------------------------------------------------------------

-----------------------------------------------------------------------------------

(ဂ) ယင်းသို့ဆုံးဖြတ်ရခြင်း၏ အဓိကအကြောင်းအရင်းကို ဘာကြောင့်ဟုထင်ပါသလဲ၊

-----------------------------------------------------------------------------------

-----------------------------------------------------------------------------------

(ဃ) ဦးမြင့်ဦးသည် ၎င်း၏တာဝန်ကိုထမ်းဆောင်ရာတွင် ထိုဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ပါက ဘယ်လိုအကျိုးဆက်များ ဖြစ်ပေါ်လာမည်လဲ၊

-----------------------------------------------------------------------------------

-----------------------------------------------------------------------------------

(င) ယင်းအကျိုးဆက်များသည် ကောင်းကျိုးလား၊ ဆိုးကျိုးလား၊

--------------------------------------------------------------------------------

--------------------------------------------------------------------------------

(စ) ယင်းအကျိုးဆက်ကို မည်သူတွေခံစားရမည်လဲ၊

--------------------------------------------------------------------------------

--------------------------------------------------------------------------------

(ဆ) ဦးမြင့်ဦး၏ လက်ရှိဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်မည့်အပြုအမူသည် ဘယ်လို အပြုအမူအမျိုးအစားလဲ၊

--------------------------------------------------------------------------------

--------------------------------------------------------------------------------

(ဇ) အဆိုပါအပြုအမူကို ဦးမြင့်ဦးဖြစ်စေ၊ အခြားမည်သည့်နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးဖြစ်စေ ပြုမူသင့်ပါသလား၊

--------------------------------------------------------------------------------

--------------------------------------------------------------------------------

(ဈ) ထိုအပြုအမူကို ကျောင်းသားများနှစ်ခြိုက်လက်ခံပါသလား၊ ဆန့်ကျင်တိုက်ဖျက်လိုပါသလား၊

--------------------------------------------------------------------------------

--------------------------------------------------------------------------------

၃။ ကျောင်းသားများနှင့် မေးမြန်းဆွေးနွေးပြီးနောက် ဆရာက အဖြေမှန်ကိုတစ်ပါတည်းရှင်းပြ၍ "**အဂတိလိုက်စားခြင်း**"သည် အများအကျိုးဆောင်ရွက်ရန်အပ်နှင်းထားသည့် အာဏာနှင့်လုပ်ပိုင်ခွင့်ကို ပုဂ္ဂလိကအကျိုးအမြတ်အတွက် အသုံးပြုခြင်းဖြစ်ကြောင်း၊ အဆိုပါဇာတ်လမ်းတိုတွင် ဦးမြင့်ဦးသည် ဌာနမှဝယ်ယူသောအရည်အသွေးအတိုင်းမဟုတ်သည့် ဘိလပ်မြေအိတ်များကို ၎င်း၏တာဝန်အရ လက်ခံခြင်းမပြုဘဲ ငြင်းပယ်ရမည်ဖြစ်ပါသည်။ သို့ရာတွင် တာဝန်ကိုအလွဲသုံးစားပြု၍ ၎င်း၏ ကိုယ်ကျိုးအဖြစ် ငွေအချို့ကိုလက်ခံရယူပြီး အရည်အသွေးညံ့သော ဘိလပ်မြေများပေးသွင်းခြင်းကို မသိသလိုဟန်ဆောင် လက်ခံခဲ့ပါက ယင်းအပြုအမူကို အဂတိလိုက်စားသည်ဟုခေါ်ဆိုကြောင်း၊ အရည်အသွေးညံ့သည့် ဘိလပ်မြေများသည် အိုးအိမ်တိုက်တာလမ်းတံတားအဆောက်အအုံမျိုးစုံ ဆောက်လုပ်ရာတွင်ပါဝင်သွားမည်ဖြစ်ကြောင်း၊ မိမိတို့စာသင်ကျောင်း၊ တက္ကသိုလ်၊ မိမိတို့ အလုပ်လုပ်မည့်ရုံးဌာန၊ ဈေးအဆောက်အအုံ၊ လမ်းကူးခုံးကျော်တံတား၊ မြစ်ကူးတံတားစသည်များသည် အရည်အသွေးမမှန်ကန်သည့်ပစ္စည်းများကို အသုံးပြုမိပါက အချိန်ကာလ၊ ရာသီဥတုနှင့် အသုံးပြုမှု အခြေအနေတို့အပေါ်မူတည်၍ သက်တမ်းမပြည့်မီ ပြိုကျပျက်စီးမှုများကြုံရနိုင်ကြောင်း၊ လူအများ၏

အသက်အိုးအိမ်စည်းစိမ်တို့ကို ထိခိုက်စေနိုင်ကြောင်း၊ ထို့ကြောင့် လူသား၏ကိုယ်ကျိုးကြည့်မှုကို အခြေခံသည့် အဂတိလိုက်စားမှုကြောင့် ဖြစ်ပေါ်သောဆိုးကျိုးတို့သည် ကိုယ်တိုင်သော်လည်းကောင်း၊ အခြားသူများအားလည်းကောင်း၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံ့အပေါ်လည်းကောင်း၊ အကျိုးသက်ရောက်မှု ရှိကြောင်း၊ မည်သည့်အပြုအမူကို လုပ်ဆောင်သင့်သည်၊ မလုပ်ဆောင်သင့်သည်ကို ကျောင်းသားများ ဆက်စပ်တွေးခေါ်တတ်စေရန် ကြိုးစားဆွေးနွေးပေးရမည်။

၄။ ဆရာက **အသိပညာပေးစာစောင် (၂) "အဂတိလိုက်စားခြင်း"**ကို ကျောင်းသားများဖတ်ရှုနိုင်ရန် ဖြန့်ဝေပေးပါ။ ကျောင်းသားများ ဖတ်ရှုပြီးပါက ရှင်းလင်းစွာနားလည်သဘောပေါက်နိုင်စေရန် ဆရာက ဥပမာများဖြင့်ရှင်းပြပေးပါ။

၅။ ကျောင်းသားများကို အဖွဲ့(၄) ဖွဲ့ခွဲပေးပြီး အသိပညာပေးစာစောင် (၁) ပါ ဇာတ်လမ်းတို နမူနာကဲ့သို့ အခြားသောအဂတိလိုက်စားသည့်အပြုအမူ နမူနာများကို ကျောင်းသားများဝိုင်းဝန်း စဉ်းစား ဆွေးနွေးကြစေပြီးနောက် အဖွဲ့(၄) ဖွဲ့က တစ်ဖွဲ့လျှင် နမူနာတစ်ခုစီ တင်ပြကြစေပါ။ ယင်းအပေါ် ဆရာက တည့်မတ်ဆွေးနွေးပေးပါ။

## အသိပညာပေးစာစောင် (၁)

### ဇာတ်လမ်းတို - "ရောသုံးရင်ဖြစ်တာပါပဲလေ"

၁။ ဦးမြင့်ဦးသည် အစိုးရဌာနကြီးတစ်ခု၏ ပစ္စည်းဝယ်ယူသိုလှောင်ရေးဌာနစိတ်မှ အရာရှိတစ်ဦးဖြစ်ပါသည်။ ယနေ့ တနင်္ဂနွေပိတ်ရက်ဖြစ်ပြီး မနက်ဖြန်ရုံးဖွင့်လျှင် ဌာနမှဝယ်ယူထားသော ဘိလပ်မြေအိတ်များကို ပစ္စည်းပေးသွင်းမည့်ကုမ္ပဏီက ဌာနသိုလှောင်ရုံသို့ အရောက်ပို့ဆောင်မှုကို စိစစ်လက်ခံရာ၌ ကြီးကြပ်ရန်တာဝန်ရှိပါသည်။

၂။ နေ့လယ်ပိုင်းတွင် မမျှော်လင့်ဘဲ ကုမ္ပဏီမှတာဝန်ရှိသူနှစ်ဦးသည် ဦးမြင့်ဦး၏နေအိမ်သို့ ဆက်သွယ်ရောက်ရှိလာပြီး ကုမ္ပဏီမှသွင်းမည့်ဘိလပ်မြေအိတ်များကို သယ်ဆောင်လာသည့်သင်္ဘောမှာ လိုအပ်သည့်တန်ချိန်ပြည့်မီအောင်ပါမလာသဖြင့် ပေးသွင်းရမည့်အရေအတွက်ပြည့်မီအောင် အခြားတံဆိပ်ဘိလပ်မြေအိတ်များအား အစားထိုးရောညှပ်ပေးသွင်းမည်ဖြစ်ကြောင်း၊ ယင်းကို စိစစ်လက်ခံချိန်တွင် မမြင်ယောင်ဆောင်၍ လျစ်လျူရှုပေးပါရန် လာရောက်ညှိနှိုင်းကြပါသည်။ စာချုပ်အရ သတ်မှတ်ရက်တွင် သတ်မှတ်အရေအတွက်ပြည့်မီအောင် မဖြစ်မနေပေးသွင်းရမည်ဖြစ်၍ မပေးသွင်းနိုင်ပါက စာချုပ်ပါ သတ်မှတ်ချက်အတိုင်း ကုမ္ပဏီကလျော်ကြေးပေးသွင်းရမည်ဖြစ်ပါသည်။ ဌာနက အရည်အသွေးပြည့်မီသော ဘိလပ်မြေအမျိုးအစားကိုသာ ရွေးချယ်ဝယ်ယူထားခြင်းဖြစ်သဖြင့် အခြားတံဆိပ်အမျိုးအစားများကို ရောညှပ် ပေးသွင်းပါက အရည်အသွေးမပြည့်မီ၍ အဆောက်အအုံ၊ လမ်းတံတားစသည်များ၏ခိုင်ခံ့မှုကို ထိခိုက်စေမည်ဖြစ်ပါသည်။

၃။ ထို့ကြောင့် ဦးမြင့်ဦးက မဖြစ်နိုင်ပါကြောင်းပြောကြားသော်လည်း လာရောက်ညှိနှိုင်းသူနှစ်ဦးသည် မေတ္တာရပ်ခံပါကြောင်း ထပ်လောင်းပြောကြား၍ ငှက်သိုက်ဘူးနှင့် ချောကလက်ဘူးများပါသည့် ခြင်းကလေးတစ်ခုကို ဘာမှတန်ဖိုးမရှိပါဘူးဟုပြောပြီး လက်ဆောင်အဖြစ် အတင်းထားခဲ့ကြပါသည်။

၄။ ဦးမြင့်ဦးသည် ဧည့်သည်များပြန်သွားသောအခါ မိမိအနေဖြင့် နိုင်ငံ့တာဝန်အပေါ်သစ္စာရှိစွာဖြင့် အမှန်အတိုင်းတာဝန်ထမ်းသင့်ပါသည်ဟုတွေးတောရင်း လက်ဆောင်ခြင်းလေးကို သေချာကြည့်လိုက်သောအခါ စက္ကူအိတ်ဖြူဖြူလေးဖြင့်ထုပ်ထားသော ငွေကျပ်သိန်း (၅၀)ထုပ်ကလေးကို မြင်တွေ့လိုက်ချိန်၌ "ဘိလပ်မြေခပ်ညံ့ညံ့လည်း ရောသုံးရင်ဖြစ်တာပါပဲလေ...."ဟု ဆုံးဖြတ်လိုက်ပါသည်။

## အသိပညာပေးစာစောင် (၂)

## အဂတိလိုက်စားခြင်း(CORRUPTION)

၁။ အဂတိလိုက်စားခြင်းဆိုသည်မှာ **အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန်အပ်နှင်းထားသည့် အာဏာနှင့်လုပ်ပိုင်ခွင့်ကို ပုဂ္ဂလိကအကျိုးအမြတ်အတွက် အသုံးပြုခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် လုပ်ပိုင်ခွင့်အာဏာအပ်နှင်းခံထားရသူတစ်ဦးက သူတရားဝင်ရရှိထားသော အဆင့် ၊ နေရာနှင့် ရာထူး ဌာနန္တရကို ပုဂ္ဂလိကအကျိုးစီးပွားအတွက် အသုံးပြုခြင်း**ဖြစ်ပါသည်။ အဂတိလိုက်စားခြင်းသည် **စာရိတ္တပျက်စီးခြင်း၊ အကျင့်ပျက်ခြင်း၊ ခြစားခြင်း**ဖြစ်ပါသည်။ **အကျင့်ပျက်ခြင်း သို့မဟုတ် စာရိတ္တ ခြစားခြင်း**ဟုလည်း ခေါ်ဝေါ်ပါသည်။ **အဂတိလိုက်စားခြင်း**ကို ကမ္ဘာ့ဘဏ်အုပ်စု၏ အဓိပ္ပာယ်ဖွင့်ဆိုမှုမှာ "**ပုဂ္ဂလိကအကျိုးစီးပွားအလို့ငှာ အများပြည်သူဆိုင်ရာရုံးဌာနတစ်ခုကို အလွဲသုံးစားပြုခြင်း**"ဟု ဖော်ပြထားပါသည်။ အပြည်ပြည်ဆိုင်ရာပွင့်လင်းမြင်သာမှုအဖွဲ့ (TI) က အဂတိလိုက်စားခြင်းကို "**ပုဂ္ဂလိကအကျိုးအမြတ်အလို့ငှာ ယုံကြည်အပ်နှံထားသောပါဝါကို အလွဲသုံးစားပြုခြင်း**"ဟု အဓိပ္ပာယ် ဖွင့်ဆိုပါသည်။

၂။ အဂတိလိုက်စားမှုသည် ကမ္ဘာ့နေရာအနှံ့အပြားတွင် အဓိကထား၍ဖြေရှင်းရမည့် ပြဿနာတစ်ရပ် ဖြစ်ပါသည်။ အဂတိလိုက်စားမှုက လူမှုရေးအားဖြင့်ဖြစ်စေ၊ စီးပွားရေးအားဖြင့်ဖြစ်စေ၊ နိုင်ငံရေး အားဖြင့်ဖြစ်စေ အနုတ်လက္ခဏာဆောင်သည့် အကျိုးသက်ရောက်မှုများဖြစ်စေပြီး လက်ရှိအချိန်တွင် အဂတိလိုက်စားမှု၏အတိုင်းအတာနှင့်ရှုပ်ထွေးမှု နှစ်ရပ်စလုံးသည် ပိုမိုဆိုးဝါးသည့်အခြေအနေသို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။ ထို့ကြောင့်အဂတိလိုက်စားမှုဆိုင်ရာ အလေ့အကျင့်များကို စူးစမ်းဖော်ထုတ် ရန်မှာ ပို၍ပို၍ခက်ခဲလာပါသည်။ အဂတိလိုက်စားမှုသည် နှစ်ပေါင်းများစွာကပင် နှစ်ဦးနှစ်ဖက် ဆောင်ရွက်မှုမှ ဘက်ပေါင်းစုံပါဝင်ဆောင်ရွက်လာမှု အခြေအနေသို့ တဖြည်းဖြည်းပြောင်းလဲလာကာ ပုံစံအမျိုးမျိုးဖြင့် ဘဝကိုလျှောက်လှမ်းနေကြသူများမှစ၍ အစိုးရဝန်ထမ်းများ၊ ပုဂ္ဂလိကကဏ္ဍတွင် အလုပ်လုပ်ကိုင်နေကြသူများ၊ နိုင်ငံရေးသမားများအထိ ပါဝင်လာကြသည်။ အဂတိလိုက်စားမှု အလေ့အကျင့်တွင်ပါဝင်သည့် ပုဂ္ဂိုလ်တို့၏ လုပ်ဆောင်ချက်များကိုကြည့်၍ အဓိကအုပ်စုကြီးနှစ်စု အဖြစ် ခွဲထုတ်နိုင်သည်။ ယင်းတို့ကို ပေးသူ (provider) နှင့် လက်ခံသူ (receiver) ဟု ခေါ်ဆိုနိုင်ပြီး ထိုသူနှစ်ဦးစလုံးသည် တစ်ဦးနှင့်တစ်ဦးအမှီသဟဲပြု၍ အကျိုးကျေးဇူးများမျှဝေနိုင်ရန်အတွက် အတူတကွပူးပေါင်းဆောင်ရွက်နေကြခြင်းဖြစ်သည်။ နှစ်ဖက်စလုံးမှ စိတ်ကျေနပ်ဖွယ်ရာ အပေးအယူ တစ်ခုကို ညှိနှိုင်းနိုင်သမျှကာလပတ်လုံး အဂတိလိုက်စားမှုသည် အခွန့်ရှည်နေပါသည်။ ပေးသူနှင့် လက်ခံသူတို့၏ အခန်းကဏ္ဍများကိုလည်း နေရာချင်းလဲလှယ်နိုင်ပါသည်။

၃။ လာဘ်ပေးသူများ (သာဓကအားဖြင့် ပုဂ္ဂလိကကဏ္ဍရှိပုဂ္ဂိုလ်များ)သည် အစိုးရဝန်ထမ်းများ သို့မဟုတ် လုပ်ပိုင်ခွင့်အာဏာရှိသူများကို လာဘ်ငွေ သို့မဟုတ် အခြားသောမက်လုံးများကဲ့သို့

အကျိုးအမြတ်များ ပေးသည့်သူများဖြစ်ပြီး၊ ယင်းသို့ပေးခြင်းဖြင့် အစိုးရဝန်ထမ်းများ သို့မဟုတ် လုပ်ပိုင်ခွင့် အာဏာရှိသူများ ပြုလုပ်ရန်တာဝန်ရှိသည့် လုပ်ငန်းဆောင်ရွက်ချက်တို့ကို ပျက်ကွက်စေရန် သို့မဟုတ် အချို့သော ဆောင်ရွက်ချက်များကို ပြုလုပ်စေရန်နှင့် ယင်းဆောင်ရွက်ချက်ဖြင့် ဥပဒေစိုးမိုးမှု သို့မဟုတ် စည်းမျဉ်းတို့ကို ချိုးဖောက်စေရန်ဖြစ်သည်။ လာဘ်ကိုလက်ခံသူများသည် အများအားဖြင့် အာဏာရှိပြီး အချို့သောလုပ်ငန်းဆောင်ရွက်မှုတို့ကို အကောင်အထည်ဖော်ရန်တာဝန်ရှိသည့် အစိုးရဝန်ထမ်းများ ဖြစ်လေ့ရှိသည်။ ၎င်းတို့သည် ပစ္စည်းဝယ်ယူမှု၊ ငှားရမ်းမှု/ကန်ထရိုက်ငှားရမ်းမှု (procurement) လုပ်ငန်းစဉ်များတွင် လာဘ်နှင့်အခြားသောအကျိုးအမြတ်များကို ပေးရန် တောင်းဆိုခြင်း/ လက်ခံခြင်း သို့မဟုတ် ၎င်းတို့နှင့်ရင်းနှီးသူများကို အကျိုးအမြတ်များသည့် ရာထူး နေရာတွင် ခန့်ထားနိုင်မည့် စည်းမျဉ်းနှင့်အရည်အချင်းတို့ကို ပြဋ္ဌာန်းချမှတ်ပေးခြင်း စသည့် အဂတိလိုက်စားသည့် ဆောင်ရွက်ချက်များ ပြုလုပ်ကြသည်။

၄။ အဂတိလိုက်စားမှုမှာ အစိုးရအဖွဲ့အစည်းများတွင်ဖြစ်စေ သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်း များတွင်ဖြစ်စေ မည်သည့်နေရာမဆိုဖြစ်နိုင်သည်။ ယင်းဖြစ်ရပ်များမှာ တစ်ဦးချင်းပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုအနေဖြင့် အကျိုးအမြတ်များကို သူတို့ရပိုင်ခွင့်ရှိ/မရှိကို မစဉ်းစားဘဲ ပြည်သူတို့၏ အကျိုးထက်စာလျှင် မိမိတို့အကျိုးကပို၍အရေးကြီးသည်ဟု မှတ်ယူခြင်းဖြစ်သည်။ အဂတိလိုက်စားမှု ဖြစ်ရပ်များတွင် ပြည်သူပိုင်ကဏ္ဍကိုသာ ကန့်သတ်ထားမှုမရှိပါ။ ပုဂ္ဂလိကကဏ္ဍမှ ပုဂ္ဂိုလ်များ အနေဖြင့် တင်ဒါအကျိုးအမြတ်များရရှိစေရန် သို့မဟုတ် သဘောတူညီချက်များကို ရယူရန်အတွက် အစိုးရ အမှုထမ်းများ သို့မဟုတ် အခြားလုပ်ပိုင်ခွင့်ရှိသူများကို လာဘ်ပေးခြင်းသည် ပုဂ္ဂလိကအဖွဲ့အစည်းတို့၏ ဆန္ဒက ၎င်းတို့၏ရပိုင်ခွင့်များထက်ပိုနေခြင်းဖြစ်ပါသည်။ ထိုအပြုအမူကို အစိုးရဝန်ထမ်းတို့က ပုဂ္ဂလိကကဏ္ဍအား ဆောင်ရွက်ခွင့်ပြုထားပါက ပုဂ္ဂလိကကဏ္ဍသို့ ကြီးမားသောအကျိုးကျေးဇူး ဖြစ်ထွန်းစေပြီး အများပြည်သူများကိုနစ်နာစေသည်။ ထို့ကြောင့် တရားဥပဒေနှင့် မညီညွတ်သည့် အကျိုးအမြတ်များတွင် နှစ်ဦးနှစ်ဖက်စလုံးက စိတ်ဝင်စားမှုသည် အဂတိလိုက်စားမှု၏တရားခံပင် ဖြစ်သည်။ သို့ပါ၍ အဂတိလိုက်စားမှုဟူသည် လာဘ်ပေးခြင်းနှင့် လာဘ်ယူခြင်းဖြင့် အကျိုးအမြတ် ရရှိရန်အလို့ငှာ အာဏာကိုလွဲမှားစွာကျင့်သုံးခြင်းနှင့် တစ်စုံတစ်ယောက်၏ မိတ်ဆွေများ အကျိုးရှိစေရန် အလို့ငှာ မူဝါဒကိုသတ်မှတ်ပြဋ္ဌာန်းခြင်းပင်ဖြစ်သည်။ တစ်စုံတစ်ယောက်၏ အကျိုးအမြတ် ဖြစ်ထွန်းရန်အတွက် ဥပဒေမှကယ်ပေါက်ရှာဖွေ၍ အကျိုးအမြတ်ယူခြင်းနှင့် မိမိမိတ်ဆွေတို့၏ အကျိုးအမြတ်အတွက် မိမိ၏အာဏာကို အသုံးပြုခြင်းတို့လည်းပါဝင်သည်။

၅။ နှစ်စဉ်ဒီဇင်ဘာလ(၉) ရက်နေ့ကို ကမ္ဘာ့အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ဟု သတ်မှတ်ပြီး အထိမ်းအမှတ်အခမ်းအနားများ ကျင်းပကြသည်။ လူအများကလည်း ထိုနေ့ကိုစိတ်ဝင်စားမှု မြင့်မား လာကြသည်။ အရွယ်ကြီးမားသောအဂတိလိုက်စားခြင်းတွင် မူဝါဒနှင့်အာဏာအား လွဲမှားစွာ အသုံးချခြင်း၊ နိုင်ငံ့သယံဇာတများကို ပုဂ္ဂလိကအကျိုးအတွက် အမြတ်ထုတ်ခြင်းတို့ ပါဝင်သည်။ သေးငယ်သောအဂတိလိုက်စားမှုတွင် အဆင့်အတန်းအမျိုးမျိုးမှ အရာရှိဝန်ထမ်းများမှသည် အောက်ခြေဝန်ထမ်းအထိပါဝင်ပြီး ကိုယ်ကျိုးရှာရန်လုပ်ဆောင်ကြသည်။ မိမိကိုယ်ကျိုးရရှိရန်အတွက်၊

ပေးအပ်ထားသောအာဏာအား မမှန်ကန်သောနည်းလမ်းများဖြင့် အသုံးချခြင်း၊ အရာဝတ္ထု/လာဘ်ငွေများအားရယူခြင်း၊ နိုင်ငံတော်၏ ငွေနှင့်ပစ္စည်းများကိုအလွဲသုံးစားပြုလုပ်ခြင်း၊ အလုပ်တာဝန်ထမ်းဆောင်နိုင်မှု အရည်အချင်းကို မကြည့်ဘဲ မိမိချစ်ခင်နှစ်သက်သောသူများအား မျက်နှာသာပေးခြင်းများ ပါဝင်ပါသည်။

၆။ အဂတိလိုက်စားမှုမြောက်သည့် အပြုအမူများတွင် လာဘ်ပေးလာဘ်ယူခြင်း (bribery)၊ ခြိမ်းခြောက်ငွေညှစ်ခြင်း(extortion)၊ လိမ်လည်ခြင်း(fraud)၊ အလွဲသုံးစားလုပ်ခြင်း(embezzlement)၊ ဆွေမျိုးမိတ်ဆွေကောင်းစားရေးဆောင်ရွက်ခြင်း(nepotism, cronyism)၊ အများပြည်သူပိုင်ပစ္စည်းကို ကိုယ်ပိုင်အဖြစ်သုံးစွဲခြင်း(appropriation of public assets and property for private use) နှင့် ဩဇာသုံးအကြံအဖန်လုပ်ခြင်း (influence peddling) အပြုအမူများ အကျုံးဝင်ပါသည်။

## အဂတိလိုက်စားခြင်းအမျိုးအစားများ

၇။ အဂတိလိုက်စားမှုကို အစိုးရဝန်ထမ်းနှင့် နိုင်ငံရေးပိုင်းဟူ၍ အဂတိလိုက်စားမှုအမျိုးအစား နှစ်မျိုးပိုင်းခြားနိုင်သည်။ တစ်ဖန် ဆောင်ရွက်ပုံနည်းလမ်းအားဖြင့်လည်းကောင်း၊ ဖန်တီးထားသည့် နည်းလမ်းများအားဖြင့်လည်းကောင်း၊ ပညာရှင်များ၏အမြင်အားဖြင့်လည်းကောင်း၊ လေ့လာဆန်းစစ်မှုရလဒ်အားဖြင့်လည်းကောင်း အဂတိလိုက်စားမှုကို အမျိုးအစားများပိုင်းခြားထားသည်။ သာဓကအားဖြင့် **ဆောင်ရွက်ပုံနည်းလမ်းများအားဖြင့်** အဂတိလိုက်စားမှုကို အောက်ပါအတိုင်း အမျိုးအစားပိုင်းခြား ဖော်ပြထားသည် -

(က) မိတ်ဆွေများ/ မိတ်ဖက်အဖွဲ့အစည်းများ၏အကျိုးအမြတ်ကို ဆောင်ကြဉ်းပေးနိုင်ရန်အတွက် အချို့သောဥပဒေ သို့မဟုတ် စည်းမျဉ်းများပြဋ္ဌာန်းခြင်းကဲ့သို့ စည်းမျဉ်းများနှင့် အခြေခံစည်းကမ်းများထုတ်ခြင်းဖြင့် အာဏာကိုအသုံးပြု၍ ဖြစ်ပေါ်လာသည့် အဂတိလိုက်စားမှုဖြစ်ရပ်များ၊

(ခ) လက်ရှိစည်းမျဉ်း၊ စည်းကမ်းတို့မှ အကျိုးအမြတ်ရရှိရန်အလို့ငှာ အာဏာကိုတလွဲအသုံးပြုရာမှ ဖြစ်ပေါ်လာသည့် အဂတိလိုက်စားမှုဖြစ်ရပ်များ (စည်းမျဉ်းစည်းကမ်းများ၏ အဓိပ္ပာယ်မပြတ်သားမှုသည် ထိုအရာရှိတို့အား ၎င်းတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်အသုံးပြုရန် ခွင့်ပြုလိုက်သကဲ့သို့ဖြစ်ပြီး ထိုအချက်က မမှန်မကန် သို့မဟုတ် မမျှမတ စီမံဆောင်ရွက်မှုဆီသို့ ဦးတည်စေနိုင်သည်။)

၈။ ယေဘုယျအားဖြင့်ပိုင်းခြားထားသော အဂတိလိုက်စားခြင်းအမျိုးအစားများကို အောက်တွင် ဖော်ပြပါသည် -

(က) **အသေးစားအဂတိလိုက်စားမှု (petty corruption)။** လုပ်ပိုင်ခွင့်အာဏာရှိသူသည် တာဝန်အရ အများပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း(public services) ဆောင်ရွက်ရာတွင် အကျိုးတစ်စုံတစ်ရာ စီမံဆောင်ရွက်ပေးရန်အတွက် တရားမဝင်မမှန်ကန်သည့် နည်းလမ်းဖြင့်

ငွေကြေးလက်ခံခြင်းဖြစ်သည်။ (သာဓကအားဖြင့် အခွန်ငွေပေးသွင်းသူထံမှ ငွေကြေးကို ပုဂ္ဂလိကအကျိုးအတွက်လက်ခံပြီး နိုင်ငံတော်သို့ အခွန်ဘဏ္ဍာငွေလျော့နည်းပေးသွင်းခြင်းအား ခွင့်ပြုပေးခြင်း၊ သတ်မှတ်စည်းမျဉ်းနှင့် မကိုက်ညီသည့်ပစ္စည်းများ နိုင်ငံအတွင်းသို့ တင်သွင်းလာခြင်းကို တင်သွင်းသူထံမှ ငွေကြေးလက်ခံ၍ခွင့်ပြုပေးခြင်း)

(ခ) **အကြီးစားအဂတိလိုက်စားမှု (grand corruption)။** လာဘ်ထိုးမှုအား လက်ခံသူသည် ရာထူးမြင့်မားသည့်အရာရှိကြီးများ/ လုပ်ပိုင်ခွင့်အာဏာမြင့်မားသူများ ဖြစ်လေ့ရှိပြီး လက်ခံသည့်ငွေကြေးပမာဏ၊ ပစ္စည်းတန်ဖိုးပမာဏ အလွန်ကြီးမား များပြားသည်။ (သာဓကအားဖြင့် ငွေ၊ ပစ္စည်း၊ အခြားဝန်ဆောင်မှုစသည်ကို ပမာဏ ကြီးမားစွာလက်ခံ၍ အလွန်ကြီးမားသည့်စီမံကိန်းကြီးများ၊ တင်ဒါများကို ခွင့်ပြုပေးခြင်း)

(ဂ) **လက်ဆောင်ပေးခြင်း (gift)။** အခြားအဂတိလိုက်စားမှုပုံစံတစ်မျိုးမှာ လက်ဆောင်အဖြစ် အရာဝတ္ထုပစ္စည်း ပေးခြင်းသော်လည်းကောင်း၊ အစားအသောက်ဖြင့် ဧည့်ခံကျွေးမွေးခြင်းသော်လည်းကောင်းပြုလုပ်၍ရင်းနှီးမှုရယူခြင်းကိုလက်ခံပြီး လုပ်ပိုင်ခွင့်အာဏာရှိသူမှ အကျိုးတစ်စုံတစ်ရာပြန်လည်စီမံ ဆောင်ရွက်ပေးခြင်းဖြစ်သည်။ (သာဓကအားဖြင့် နိုင်ငံခြားခရီးစဉ်များအတွက် လေယာဉ်လက်မှတ်စီစဉ်ပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းများကို လက်ခံခြင်းဖြစ်ပါသည်။)

## အဂတိလိုက်စားမှုဖြစ်ပေါ်စေသည့် အကြောင်းရင်းများ

၉။ အဂတိလိုက်စားမှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် များစွာဖြစ်ပေါ်လေ့ရှိပြီး အကြောင်းရင်းများမှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပြည်သူလူထု၏ ဝိသေသလက္ခဏာများသည် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ကွဲပြားနေခြင်းကြောင့်လည်းကောင်း၊ အဂတိလိုက်စားမှုရှင်သန်စေရန် ခွင့်ပြုထားသည့် သို့မဟုတ် တွန်းအားပေးနေသည့် နိုင်ငံအတွင်းရှိ အကြောင်းအမျိုးမျိုးကြောင့်လည်းကောင်း ဖြစ်နိုင်သည်။ အကြောင်းရင်းများတွင် -

(က) **နိုင်ငံအတွင်းရှိအကြောင်းရင်းများ**

(၁) ဆင်းရဲမွဲတေမှု၊ လုပ်ခလစာနည်းပါးမှု၊ မြင့်မားသည့်ဘေးအန္တရာယ်များ (ဥပမာ နာမကျန်းမှု၊ မတော်တဆဖြစ်မှု)

(၂) စည်းမျဉ်းများ၏အားနည်းမှု၊

(၃) ဥပဒေပြုမှုနှင့် တရားစီရင်ရေးစနစ်အားနည်းခြင်း၊

(၄) ခေတ်မီမှုမရှိတော့သည့် ဥပဒေများနှင့် ကျင့်ဝတ်စည်းကမ်းများ၊

(၅) နိုင်ငံအတွင်းရှိ ပြည်သူလူထုများစွာသည် သဘာဝသယံဇာတတို့အပေါ်မှီခိုနေရခြင်း၊

(၆) နိုင်ငံရေးစိတ်ဆန္ဒအားနည်းခြင်း၊

( ခ ) **ပုဂ္ဂိုလ်ရေးအကြောင်းရင်းများ**

အချို့သောအစိုးရအရာရှိများသည် ရပိုင်ခွင့်ထက်ကျော်လွန်၍လောဘကြီးကြသည်။ ၎င်းတို့၏ဝန်ဆောင်မှုကိုလိုအပ်သူများထံမှ လာဘ်ငွေ(သို့မဟုတ်) လက်ဖက်ရည်ဖိုးကို လက်ခံခြင်းသည် အလေ့အထဖြစ်လာပြီး အများကောင်းကျိုးအတွက်ဟူသည့်အသိဉာဏ် ကင်းမဲ့ခြင်း၊

( ဂ ) **ပြင်ပအကြောင်းရင်းများ**

(၁) **စီးပွားရေး**ဆိုင်ရာ အကြောင်းရင်းများတွင် အစိုးရအရာရှိတို့၏အလွန်နည်းပါးသည့် ဝင်ငွေအခြေအနေပါဝင်၍ ယင်းဝင်ငွေတို့က ပိုမိုမြင့်မားလာသည့် လူနေမှုစရိတ်၊ စားသုံးမှုကိုဖောင်းပေးသည့် အရင်းရှင်ဝါဒအားကောင်းလာခြင်းတို့နှင့် အချိုးမညီ ဖြစ်လာပြီး ရောင့်ရဲမှုမရှိသည့်အလေ့အကျင့်ကြောင့် ဝင်ငွေက ရလိုမှုကိုဖြည့်ဆည်းရန် မလုံလောက်သည်နှင့်တစ်ပြိုင်နက် သူတို့သည် အဂတိလိုက်စားမှုဘက်သို့ ဦးလှည့် လိုက်ခြင်း၊

(၂) **လူမှုရေး**ဆိုင်ရာ အကြောင်းရင်းများတွင် လူချမ်းသာတို့ကိုအထင်ကြီးသည့် လူ့အဖွဲ့အစည်း၏ တန်ဖိုးထားမှုပါဝင်ပါသည်။ ထိုချမ်းသာမှုကို မည်သို့ရရှိလာကြောင်း ထည့်သွင်းစဉ်းစားမှုမရှိဘဲ ချမ်းသာမှုနှင့် ချမ်းသာသူများတွင်ရှိကြသည့် အရာများကိုသာ တပ်မက်စိတ်ဖြစ်ပေါ်ကြသည်။ တပ်မက်စိတ်ဖြစ်ပေါ်သူတို့၏ဝင်ငွေသည် ယင်းရုပ်ဝတ္ထု ပိုင်းဆိုင်ရာ ချမ်းသာမှုကိုဝယ်ယူရန် မလုံလောက်သည့်အခါတွင် တရားမဝင်သည့် လုပ်ဆောင်မှုဘက်သို့လှည့်လာကြခြင်း၊

(၃) **ဗျူရိုကရေစီဆိုင်ရာအကြောင်းရင်း အချက်အလက်များ**

- စီမံအုပ်ချုပ်မှုစနစ်ရှိ အမှားများသည် ပြည်သူလူထုအား မရိုးမသားဖြစ်စေခြင်း၊
- အစိုးရအရာရှိများအား ကိုယ်ပိုင်ဆုံးဖြတ်ချက်ချခွင့် များစွာပေးထားခြင်း သို့မဟုတ် အာဏာအား တစ်ဦးတစ်ယောက်ချင်းကိုဖြစ်စေ၊ အုပ်စုတို့ကိုဖြစ်စေ ချုပ်ကိုင်ခွင့် ပေးထားခြင်းက အဂတိလိုက်စားမှုနှုန်းကို မြင့်မားစေနိုင်သည်။
- အလွန်ရှုပ်ထွေးသည့်စည်းမျဉ်းများသည် အများအားဖြင့် လုပ်ငန်းဆောင်ရွက်ချိန်ကို ကြာမြင့်စေသည်။ ထိုအခြေအနေက အစိုးရအရာရှိများနှင့် ပြည်သူများအား ဝန်ဆောင်မှုလုပ်ငန်းပြီးမြောက်အောင် အပေးအယူပြုလုပ်ရန် တွန်းအားပေးသည်။
- အဂတိလိုက်စားမှုမြင့်မားသည့်ပတ်ဝန်းကျင်တွင် သို့မဟုတ် အဂတိလိုက်စားသည့် ပုဂ္ဂိုလ်၏လွှမ်းမိုးမှုအောက်တွင်ရှိရခြင်းက ဝန်ထမ်းတစ်ဦးကို တရားမဝင်လုပ်ရပ်များ ဆောင်ရွက်စေနိုင်သည်။

- ပြည်သူ့ရေးရာစီမံခန့်ခွဲမှုသည် ဗဟိုချုပ်ကိုင်မှုအလွန်အမင်းရှိပြီး တိကျထိရောက်သည့် စာရင်းစနစ်ကင်းမဲ့ခြင်း၊
- တစ်ဦးချင်း၏ ရာထူးအနေအထားသည် မမှန်မကန်လုပ်ဆောင်နိုင်သည့် အခြေအနေရှိခြင်း (သာဓကအားဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရန်အာဏာရှိသူ၊ ပစ္စည်းဝှားရမ်းဝယ်ယူမှုဖြစ်ရပ်ကိုအတည်ပြုရန် အာဏာရှိသူဖြစ်ခြင်း) ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် အဆိုပါအစိုးရအရာရှိများအား မိမိလုပ်ငန်းပိုမိုချောမွေ့မြန်ဆန်စေရန် လာဘ်ပေးလေ့ရှိသည်။
- အဆင့်မြင့်အရာရှိများ၏ အဂတိလိုက်စားသည့်လုပ်ရပ်များကို ပြစ်ဒဏ်မချမှတ်ခြင်းက အဆင့်ငယ်အရာရှိများကို အတုခိုးရန်တွန်းအားပေးသကဲ့သို့ဖြစ်ပြီး အကျင့်ပါသွားနိုင်သည်။ အချိန်အတိုင်းအတာတစ်ခုပြီးနောက် ထိုသူတို့အနေဖြင့် ထိုသို့မမှန်မကန်ပြုမူမှုကို အဂတိလိုက်စားမှုအဖြစ် မြင်တော့မည်မဟုတ်ပါ။ သို့မဟုတ် မိမိတို့အားပေးသည့် လက်ဆောင်များကို အဂတိလိုက်စားမှုနှင့် မပတ်သက်သယောင်မြင်လာမည်ဖြစ်သည်။

(၄) **ဥပဒေနှင့်စည်းမျဉ်းဆိုင်ရာ အချက်အလက်များ**

- ဥပဒေအချို့၌ အဂတိလိုက်စားမှုပြုနိုင်သည့် ကယ်ပေါက်များပါရှိနေတတ်ပါသည်။
- အဂတိလိုက်စားမှုဟူသည် သက်သေ သို့မဟုတ် အထောက်အထား လွယ်ကူစွာစုဆောင်းနိုင်သည့် ရာဇဝတ်မှုပုံစံမျိုးမဟုတ်ပါ။ အဖွဲ့အစည်းများအနေဖြင့် မမှန်မကန်ပြုလုပ်နေသည်ဟု ဝန်ခံလေ့မရှိဘဲ အဖွဲ့တစ်ဖွဲ့က အမှန်ကိုထုတ်ဖော်ရန် ဆုံးဖြတ်လိုက်လျှင် ထိုကြိုးပမ်းမှုကို အသရေဖျက်မှုဥပဒေများဖြင့် အမြဲလိုပာန့်တားလေ့ရှိသည်။ ထို့ပြင် နိုင်ငံအားလုံး၌ လာဘ်ပေးသူသည် လာဘ်ယူသူကဲ့သို့ပင် တူညီသည့် စွပ်စွဲချက်ကို ခံရဖွယ်ရှိသည်။ ထို့ကြောင့် သာမန်အားဖြင့် လာဘ်ပေးသူက လာဘ်ယူသူကို တိုင်ကြားသည့် စွပ်စွဲချက် တွေ့ရခဲသည်။
- အဂတိလိုက်စားမှုလုပ်ရပ်ကို မျက်မြင်ကိုယ်တွေ့ သို့မဟုတ် ကြားသိသည့်ပုဂ္ဂိုလ်တို့က သတင်းပေးလေ့ရှိတတ်သည်။ ထို့ပြင် စစ်ဆေးကြားနာမှုဖြစ်စဉ်မှာ ခက်ခဲရှုပ်ထွေးပြီး လုပ်ထုံးလုပ်နည်းအဆင့်ဆင့် ပါဝင်သောကြောင့် ကျူးလွန်သူများအနေဖြင့် ကယ်ပေါက်မှ အခွင့်ကောင်းရယူနိုင်သည်။

(၅) **စာရင်းစစ်ဆေးမှုဆိုင်ရာအချက်အလက်များ**

ပြည်သူ့ institution များ အားကောင်းပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကြိုးပမ်းမှုများကို ပိုမိုအားရှိစေသည်။ ပြည်သူ့ institution များ အားနည်းပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကြိုးပမ်းမှုများကို ပိုမိုအားနည်းစေသည်။

(ဖ) **အခြားသောအချက်အလက်များ**

ခင်ပွန်းနှင့်အနီးကပ်ရှိသည့်ဇနီးသည် မိသားစုစီးပွားရေးတိုးတက်ရန်အတွက် အဂတိလိုက်စားရာတွင် ပါဝင်ရန်တွန်းအားပေးသည့် အဓိကပုဂ္ဂိုလ်ဖြစ်နိုင်သည်။ လောင်းကစားရှုံးသည့်အစိုးရဝန်ထမ်းသည် အဂတိလိုက်စားမှုပြုရန် ဖြစ်နိုင်ခြေရှိသဖြင့် လောင်းကစားပြုလုပ်ခြင်းသည်လည်း အဂတိလိုက်စားရန် ပံ့ပိုးပေးသည့် အချက်အလက်တစ်ရပ်ပင်ဖြစ်သည်။

## အဂတိလိုက်စားမှုများ၏ ဆိုးကျိုးအန္တရာယ်

၁၀။ အဂတိလိုက်စားမှုသည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် ရှုထောင့်ပေါင်းစုံမှနေ၍ အနုတ်လက္ခဏာဆောင်သည့် သက်ရောက်မှုများရှိသည်။ နိုင်ငံနှင့်ပြည်သူလူထုကိုကျော်၍ မိမိတစ်ဦးတည်း၏အကျိုးအမြတ်ကို ဦးစားပေးခြင်းက ပြည်သူတို့ရပိုင်ခွင့်ရှိသည့် ပြည်သူ့ရေးရာဝန်ဆောင်မှုနှင့်အခြေခံအဆောက်အအုံတို့၏ အရည်အသွေးနှင့် အရေအတွက်တို့ကိုကျဆင်းစေသည်။ အခွန်ထမ်းပြည်သူတို့၏ငွေများသည် နိုင်ငံ့အတွက်ထက်စာလျှင် အဂတိလိုက်စားသည့်သူတို့၏ ဘဏ်စာရင်းအတွင်းသို့ ဝင်ရောက်သွားသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် **အဂတိလိုက်စားမှုအကျင့်ကို ရင်းနှီးမြှုပ်နှံမှုတွင် တစ်စိတ်တစ်ပိုင်းအဖြစ်ပါဝင်နေသည့် ကုန်ကျစရိတ်တစ်ခုအဖြစ်** မှတ်ယူသည်။ ထို့ကြောင့် အဂတိလိုက်စားမှုအခြေအနေက ရင်းနှီးမြှုပ်နှံသူများအပေါ်တွင် ကြီးမားသည့်ကုန်ကျစရိတ်ရှိပါက သူတို့၏အာရုံစူးစိုက်မှုမှာ တခြားနိုင်ငံသို့ပြောင်းလဲသွားနိုင်သည်။ ယင်းက အလုပ်အကိုင်အခွင့်အလမ်းနှင့် ပြည်သူတို့၏ဝင်ငွေအပေါ်တွင် အနုတ်လက္ခဏာဆောင်သည့် သက်ရောက်မှု ဖြစ်ပေါ်စေပါသည်။ ဝင်ငွေလျော့သွားသည့်အတွက် အစိုးရ၏အဓိကဝင်ငွေဖြစ်သည့် အခွန်ပမာဏလည်းလျော့ပါးသွားမည်ဖြစ်သည်။ အပြန်အလှန်အားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်သုံးစွဲရမည့် အစိုးရ၏ဘတ်ဂျက်နည်းသွားမည်ဖြစ်သည်။

၁၁။ ပညာရှင်များက အဂတိလိုက်စားမှုကို အကြမ်းမဖက်ပြစ်မှု(white-collar crime)ဟု ခေါ်ဝေါ်သုံးစွဲကြသည်။ ၎င်းပြစ်မှုများကို ရာထူးအာဏာကြီးငယ်အလိုက် အောက်ခြေမှအကြီးအကဲအထိ ကမ္ဘာ့နိုင်ငံအများအပြား၏ နေရာဒေသ ဌာနအများအပြားတွင် ကျူးလွန်ချိုးဖောက်လျက်ရှိကြသည်။ ၎င်းတို့သည် ၎င်းတို့အကျိုးအတွက် တိုင်းသူပြည်သားများ၏အကျိုးကို ခေါင်းပုံဖြတ်အမြတ်ထုတ်ကြသည်။ အကျိုးရယူခြင်းသည် ပုံစံအမျိုးမျိုးရှိသည်။ အထူးသဖြင့် အစိုးရဌာနများတွင် ပြည်သူများသည် မိမိတို့၏လုပ်ငန်းကိစ္စများ လျင်မြန်စွာ၊ လွယ်ကူစွာ ပြီးမြောက်အောင် ငွေကိုလမ်းခင်းကြရသည်။ ဤကဲ့သို့သောကိစ္စမျိုးသည် နိုင်ငံသားတိုင်း နေ့စဉ်ကြုံတွေ့နေရသောအရာဖြစ်သည်။ အထူးသဖြင့် ပြည်သူ့ဝန်ဆောင်မှုပေးရသောဌာနများတွင် အတွေ့ရများသည်။ ၎င်းတို့သည်လွန်စွာရှုပ်ထွေးသော အဂတိသံသရာကြီးဖြစ်သည်။ ရာထူးကြီးမားအောင် နည်းမျိုးစုံဖြင့်လာဘ်ထိုးကာ ရယူမှုများလည်းရှိသည်။ ယနေ့ခေတ်တွင် အဂတိလိုက်စားမှုသည် ကမ္ဘာတစ်ဝန်းရှိ ပြစ်မှုကြီးတစ်ရပ်အဖြစ်သို့ပင် ရောက်ရှိနေပါသည်။

၁၂။ အဂတိလိုက်စားခြင်းများအတွက် ပေးဆပ်ရသည့်တန်ဖိုးတို့မှာ ပွင့်လင်းမြင်သာမှုနှင့်စပ်လျဉ်း၍ နိုင်ငံ၏ပုံရိပ်ဆိုးရွားသွားခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများထံမှ ရင်းနှီးမြှုပ်နှံမှုများ လျော့ကျသွားခြင်း၊ အပြန်အလှန်အဖြစ် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုကို နှေးကွေးစေခြင်း၊ နိုင်ငံတွင်း သာတူညီမျှမရှိသည့် ကွက်လပ်ကိုပိုမိုကွာဟသွားစေခြင်း၊ လူနည်းစုမှာချမ်းသာကြွယ်ဝပြီး နိုင်ငံအတွင်းဆင်းရဲမွဲတေမှုနှုန်း မြင့်မားလာခြင်း၊ ပြည်သူများရရှိခွင့်ရှိသည့် ပြည်သူ့ရေးရာဝန်ဆောင်မှုနှင့် အခြေခံအဆောက်အအုံတို့အား အရည်အသွေးအားဖြင့်လည်းကောင်း အရေအတွက်အားဖြင့်လည်းကောင်း လျော့ကျသွားစေခြင်း၊ ဘဏ္ဍာရေးအကျပ်အတည်းကို ပိုမိုဆိုးရွားသွားစေနိုင်ခြင်း စသည့်ဆိုးကျိုးများခံစားရစေပါသည်။

## အဂတိလိုက်စားမှုပုံစံများ

၁၃။ (က) **အရောင်းအဝယ်ပုံစံအဂတိလိုက်စားခြင်း။** သာဓကအားဖြင့် ထောက်ခံချက်၊ ခွင့်ပြုချက်ပေးခြင်း၊ ရာထူးခန့်အပ်ခြင်းတို့မှ လာဘ်လာဘငွေကြေးပစ္စည်းလက်ခံခြင်း၊ ပုံစံအမျိုးမျိုးဖြင့် အကျိုးတစ်စုံတစ်ရာအား လက်ခံခြင်းဖြစ်ပါသည်၊

(ခ) **နိုင်ငံတော်ပိုင်ပစ္စည်းများကို အလွဲသုံးစားပြု၍အဂတိလိုက်စားခြင်း။** သာဓကအားဖြင့် အစိုးရပိုင်ယာဉ်ကို အသုံးပြုသည့်အပြင် ခရီးစရိတ်ကိုလည်းထုတ်ယူခြင်း၊ ပုံမှန်ရုံးချိန်တွင် ပြီးစီးနိုင်သည့်အလုပ်ကို အချိန်ပိုအဆင်းပြု၍ အချိန်ပိုကြေးကို မမှန်မကန်ထုတ်ယူခြင်း၊ အမှန်တကယ်အိမ်ငှားရမ်းခြင်းမရှိဘဲ အိမ်ငှားခထုတ်ယူခြင်း စသည်တို့ဖြစ်ပါသည်၊

(ဂ) **ဝန်ထမ်းများ၏ရာထူးတိုးမြှင့်ရေး၊ ပြောင်းရွှေ့နေရာချထားရေးဆိုင်ရာကိစ္စရပ်များတွင် ငွေကြေးလက်ဆောင် ရယူဆောင်ရွက်ပေးခြင်း**

(ဃ) **ရွေးကောက်ပွဲတွင် ပုံစံအမျိုးမျိုးဖြင့်ကိုယ်ကျိုးရှာခြင်း။** သာဓကအားဖြင့် မဲပေးသူများအား ငွေကြေး/ပစ္စည်းပေး၍ မဲရအောင်ဆောင်ရွက်ခြင်း၊ မဲရရှိရန်အတွက် နိုင်ငံတော်ဘတ်ဂျက်ဖြင့် မိမိမဲဆန္ဒနယ်၏ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ပေးခြင်း။

## အဂတိလိုက်စားမှုပြဿနာ

၁၄။ အဂတိလိုက်စားမှုနှင့်ပတ်သက်သော ပုံရိပ်အားလုံးကိုပေါင်းစု၍ အကျင့်ပျက်ခြင်း သို့မဟုတ် စာရိတ္တခြစားခြင်း (Corruption) ဟုခေါ်သည်။ စာရိတ္တခြစားခြင်းဆိုသည်မှာ နိုင်ငံ့တာဝန်ရှိဝန်ထမ်းသည် ဌာန၏ဝန်ဆောင်မှုကိုပေးရန် လာရောက်တောင်းခံသူများထံမှ တရားမဝင်နည်းလမ်းဖြင့် အကျိုးတစ်စုံတစ်ရာအား လက်ခံယူခြင်းဖြစ်သည်။ စာရိတ္တခြစားခြင်းအပြုအမူ၏ အကျိုးဆက်များမှာ -

(က) အရာရှိဝန်ထမ်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်အရ ထမ်းဆောင်ရမည့်လုပ်ငန်းတာဝန်အပေါ် ပျက်ကွက်ခြင်း သို့မဟုတ် လုံလောက်သောတာဝန်ယူမှုမရှိခြင်း၊

(ခ) နိုင်ငံ့ဝန်ထမ်းအရာရှိသည် တာဝန်ထမ်းဆောင်ရာတွင် အကျင့်၊ သီလ၊ သိက္ခာစောင့်ထိန်းမှု မရှိသောကြောင့် နိုင်ငံသားတို့၏ယုံကြည်မှုကို ပျက်ပြားစေခြင်း၊

(ဂ) နိုင်ငံ့ဝန်ထမ်းအရာရှိက ကောင်းမွန်သောအုပ်ချုပ်မှုနှင့် အများအကျိုးဆောင်ရွက်ရန် တာဝန်ကို ပျက်ကွက်ခြင်း။

၁၅။ ထိုကဲ့သို့ အဂတိလိုက်စားမှုပုံစံ နောက်တစ်ခုမှာ **"ဖုံးကွယ်ခြင်း"**ဖြစ်သည်။ နိုင်ငံ၏ရသုံးမှန်းခြေငွေစာရင်း စီမံခန့်ခွဲမှုတွင် အာဏာဖြန့်ကြက်၍ ဖုံးကွယ်ခြင်းဖြစ်သည်။ နိုင်ငံ့အကျိုးစီးပွားကို ပျက်စီးစေသည်။

၁၆။ အောက်ပါအကြောင်းများဖြင့် "စာရိတ္တခြစားခြင်း" အဂတိလိုက်စားမှုများ ဖြစ်ပေါ်လာသည်-

(က) နိုင်ငံ့ဝန်ထမ်းသည် ၎င်း၏ခံယူချက်အရ ၎င်းတာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းအပေါ် လူ့ကျင့်ဝတ် သိက္ခာနှင့်ဆိုင်သောတာဝန်ယူမှုရှိရန် ပျက်ကွက်ခြင်း၊

(ခ) အရာရှိဝန်ထမ်းသည် လုပ်ငန်းဌာနအတွင်း ကောင်းမွန်သောထိန်းချုပ်မှုပေးရန် ပျက်ကွက်ခြင်းဖြင့် လုပ်ငန်းဌာနသို့ ဝန်ဆောင်မှုတောင်းခံရန်လာရောက်သူများထံမှ အကျိုးတစ်စုံတစ်ရာကို လက်ခံယူခြင်း၊

(ဂ) လုပ်ငန်းဌာနသို့ ဝန်ဆောင်မှုတောင်းခံရန်လာရောက်သည့် နိုင်ငံသားတို့ထံမှ အကျိုးတစ်စုံတစ်ရာကို လက်ခံခြင်းအား နိုင်ငံသားတို့အသိတွင် မှန်ကန်သည်ဟုနားလည်မှုလွဲခြင်း။

၁၇။ အောက်ပါအကြောင်းများဖြင့် "ဖုံးကွယ်ခြင်း"အဂတိလိုက်စားမှုများ ဖြစ်ပေါ်လာသည်-

(က) နိုင်ငံ့ဝန်ထမ်းသည် ၎င်း၏ခံယူချက်အရ ၎င်းတာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းအပေါ် လူ့ကျင့်ဝတ် သိက္ခာနှင့်ဆိုင်သော တာဝန်ယူမှုရှိရန်ပျက်ကွက်ခြင်း၊

(ခ) အရာရှိဝန်ထမ်းသည် ကိုယ်ကျိုးရှာလိုသောကြောင့် လုပ်ငန်းအားတာဝန်ယူခြင်း၊

(ဂ) နိုင်ငံ့ဝန်ထမ်း၏အမြင်တွင် အဂတိလိုက်စားသည့်အပြုအမူအား ကြီးမားသည့်ပြဿနာဟု မယူဆခြင်းကြောင့် စစ်ဆေးရန်ပျက်ကွက်ခြင်း။

## အဂတိလိုက်စားမှုပြဿနာများ၏ယိမ်းယိုင်မှု

၁၈။ ယနေ့ခေတ်တွင် ကြုံတွေ့နေရသော အဂတိလိုက်စားမှုပြဿနာအား **"စာရိတ္တခြစားခြင်း"**ဟု ခေါ်ဝေါ်ကြသည်။ ယခုအခါလုပ်ငန်းဌာနများတွင် ပြည်သူ့ဝန်ဆောင်မှု လာရောက်တောင်းခံသူ နိုင်ငံသားများကလည်း အဂတိလိုက်စားမှုနှင့်ဆိုင်သော အချက်အလက်များကို ပို၍သိရှိလာပြီဖြစ်သောကြောင့် စာရိတ္တခြစားခြင်းမှာလည်း အထိုက်အလျောက် လျော့နည်းကျဆင်းလာရတော့မည်ဖြစ်ပါသည်။ ဝန်ဆောင်မှုလက်ခံရာတွင် မမျှတခြင်း၊ အကျိုးထိခိုက်ခြင်းတို့ဖြင့် တရားမဝင်မမှန်ကန်သည့်ကိစ္စများပေါ်ပေါက်လာပါက တိုင်ကြားနိုင်သည်။ စာရိတ္တခြစားခြင်းအများစုသည် ဝန်ဆောင်မှုတောင်းခံသူများထံမှ အကျိုးတစ်စုံတစ်ရာလက်ခံခြင်းပုံစံဖြင့် ကျန်ရှိနေသည်။ အဂတိလိုက်စားခြင်းအန္တရာယ်ကို ယင်းစာရိတ္တခြစားခြင်းလက္ခဏာပုံစံတွင် ပိုမိုတွေ့ရှိရသည်။

၁၉။ နိုင်ငံ့ဝန်ထမ်းအရာရှိ၏ အာဏာ၊ တာဝန်အရဆောင်ရွက်ရမည့်လုပ်ငန်းများကို ထမ်းဆောင်ရန် ပျက်ကွက်လာခြင်းသည် အန္တရာယ်ရှိသောအခြေအနေအဖြစ်သို့ ယိမ်းယိုင်လာသည်။ လုပ်ငန်းတာဝန်ထမ်းဆောင်ရန် ပျက်ကွက်ခြင်း၊ လုံလောက်သောတာဝန်ယူမှုမရှိခြင်း၊ ကိုယ်ကျိုးထက်အများအကျိုး

ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊ ကောင်းမွန်သောအုပ်ချုပ်မှုပေးရန် ပျက်ကွက်ခြင်းများကြောင့် အောက်ပါ အကျိုးဆက်များ ဖြစ်ပေါ်လာပါသည်-

(က) နိုင်ငံ့ဝန်ထမ်းသည် ၎င်း၏ခံယူချက်အရ ၎င်းထမ်းဆောင်ရသည့်လုပ်ငန်းတာဝန်အပေါ် ကျင့်ဝတ် သိက္ခာနှင့်ဆိုင်သော တာဝန်ယူမှုရှိရန်ပျက်ကွက်ခြင်း၊

(ခ) လုံလောက်သောစီးပွားရေးစနစ်အတွေးအခေါ်ကို မကျင့်သုံးဘဲ သင့်လျော်မှုမရှိသည့် အကျိုးအားမျှော်လင့်ခြင်း၊

(ဂ) မိမိ၏အကျိုးတစ်စုံတစ်ရာရရှိရန်အတွက် အဂတိလိုက်စားသူအလိုရှိသည့် အရာများကို ဖြည့်ဆည်းပေး၍ တုံ့ပြန်ခြင်း၊

(ဃ) လုပ်ငန်းဌာနအတွင်း အဂတိလိုက်စားမှုပြဿနာများ မဖြစ်ပေါ်စေရန် ထိန်းချုပ်နိုင်ရန် အတွက် လုံလောက်သည့် စံသတ်မှတ်ချက်များမရှိခြင်း၊

(င) အဂတိလိုက်စားမှုအား ကာကွယ်တိုက်ဖျက်ရန်အတွက် လုံလောက်သည့် အရည်အချင်း စစ်ဆေးသည့် စနစ်မရှိခြင်း။

၂၀။ အချို့နိုင်ငံသားတို့သည်လည်း အသိပညာ၊ နားလည်နိုင်စွမ်းနည်းပါးခြင်းနှင့် နိုင်ငံ့ဝန်ထမ်းတို့၏ အဂတိလိုက်စားမှု ပြဿနာများကို သတိပြုစောင့်ကြည့်၍ အများအကျိုးဆောင်ရွက်ရန် ပျက်ကွက်ခြင်း ရှိနိုင်ပါသည်။



## အန္တရာယ်ပိုးကိုရှင်းကြစို့

စိမ်းစိုဝေဆာ သစ်ပင်မှာ၊
ပိုးပေါင်းများစွာတွယ်နေတာ။

အလကားစား အလကားသောက်၊
အလုပ်မလုပ်ဘဲ ဟို..ဒီ..လျှောက်၊
ပိုးကောင်ပျင်းတွေပွားလို့ပေါက်။

အရွက်တွေကို ခိုးကာစား၊
ကိုင်းနွယ်လေးတွေ ခိုးကာဝါး၊
ပင်စည်တွင်းထဲ ဖောက်ဝင်သွား၊
သစ်ပင်ကြီးမှာ ခေါင်းကိုက်လို့ဖျား၊
နေမကောင်းဖြစ်ကာသွား။

နိုင်ငံ့သားကောင်း တို့တစ်တွေ၊
အန္တရာယ်ပိုးကို လက်မခံပေ။

နည်းနည်းမှမချန် အပြတ်ရှင်း၊
သစ်ပင်ကြီးကိုရှင်သန်စေမင်း။



# ကိုယ်ကျိုးအတွက် အသုံးချခြင်း

## ရည်ရွယ်ချက်

၁။ (က) ကိုယ်ကျိုးအတွက်အသုံးချခြင်းအဓိပ္ပာယ်ကို နားလည်သိရှိနိုင်ရန်၊

(ခ) ကိုယ်ကျိုးအတွက်အသုံးချခြင်းအကြောင်းကို ဥပမာပေး၍ ပြောပြနိုင်ရန်၊

(ဂ) ကိုယ်ကျိုးအတွက်အသုံးချခြင်း(ကိုယ်ကျိုးကြည့်ခြင်း)မှ မိမိကိုယ်ကို ကိုယ်တိုင်ကာကွယ်ရန်အတွက် လုပ်ဆောင်ရမည့်အချက်များကို သိမြင်ရန်၊

(ဃ) ကိုယ်ကျိုးအတွက်အသုံးချခြင်းပုံစံများကို သိရှိနားလည်သဘောပေါက်ရန်၊

(င) အဂတိလိုက်စားမှုကိုကာကွယ်တိုက်ဖျက်ရန်အရေးကြီးကြောင်း တွေးခေါ်တတ်စေရန်။

## ပညာပေးလှုပ်ရှားမှု အဆင့်ဆင့်

၂။ ကျောင်းသားများကို "**ကလေးများအတွက်အစာအာဟာရ**" ခေါင်းစဉ်ဖြင့် ဇာတ်လမ်းတိုတစ်ပုဒ်ကို ဖတ်ရှုနိုင်အောင်စီစဉ်ပေးပါ။ ဇာတ်လမ်းတိုပါအကြောင်းအရာမှာ "**တာဝန်ရှိဝန်ထမ်းသည် ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချနေသော မုန့်ဆိုင်များအား စစ်ဆေးရာ၌ ဆိုင်ပိုင်ရှင်တစ်ဦးက အစစ်ဆေးမခံလိုသဖြင့် တာဝန်ရှိဝန်ထမ်းကို ငွေကြေးဖြင့် လာဘ်ပေးမှုပြုသော်လည်း တာဝန်ရှိဝန်ထမ်းက ထိုငွေကို လက်မခံပေ**"။

၃။ ဇာတ်လမ်းတိုကိုဖတ်ရှုပြီးနောက် ကျောင်းသားများကို ထိုဇာတ်လမ်းပါ အကြောင်းအရာအား စုပေါင်းဝေဖန် ဆွေးနွေးနိုင်ရန် အောက်ပါမေးခွန်းများ မေးပေးရန်ဖြစ်ပါသည် -

(မေး) - ဘယ်လိုအဖြစ်အပျက် ဖြစ်ပျက်ခဲ့လဲ။

(ဖြေ) - ကျောင်းမုန့်ဈေးတန်းမှမုန့်ဆိုင်အား တာဝန်ရှိဝန်ထမ်းက စစ်ဆေးရာတွင် အစစ်ဆေးမခံလိုသည့် ဆိုင်ပိုင်ရှင်က တာဝန်ရှိဝန်ထမ်းအား မမှန်ကန်သောနည်းလမ်းဖြင့် ငွေပေးသည်။

(မေး) - ဆိုင်ပိုင်ရှင်က ဆိုင်ကိုအစစ်ဆေးမခံရစေရန် ပြုသည့်အပြုအမူမှာ မည်သည့် အပြုအမူမျိုးဖြစ်ပါသနည်း။

(ဖြေ) - ဆိုင်ပိုင်ရှင်ကအစစ်ဆေးမခံရရန် တာဝန်ရှိဝန်ထမ်းအား လာဘ်ငွေပေးခြင်းဖြစ်ပါသည်။

(မေး) - တာဝန်ရှိဝန်ထမ်းက မည်သို့ ပြုမူပါသနည်း။

(ဖြေ) - ငွေကြေးလာဘ်ထိုးခြင်းကိုလက်မခံပါ။

(မေး) - ကျောင်းသား/ကျောင်းသူများအနေဖြင့် တာဝန်ရှိဝန်ထမ်း၏ လုပ်ရပ်မှာ မှန်ကန်သည်ဟု ထင်ပါသလား၊ မှားသည်ဟုထင်ပါသလား၊ ဘာကြောင့်လဲ။

(ဖြေ) - မှန်သည်ဟုထင်ပါသည်။ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းကို ခွဲခြားသိမြင်ပြီး ကိုယ်ကျိုးမရှာဘဲ အများအကျိုးကိုသာ ဆောင်ရွက်ခြင်းဖြစ်သဖြင့် မှန်သည်ဟု ထင်ပါသည်။

(မေး) - အကယ်၍ တာဝန်ရှိဝန်ထမ်း၏နေရာတွင် ကျောင်းသား/ကျောင်းသူသာ ဖြစ်ခဲ့မည်ဆိုပါက မည်သို့ပြုလုပ်မည်နည်း။

(ဖြေ) - ငွေကြေး/ပစ္စည်းများကို လက်ခံခြင်းမပြုဘဲ မှန်ဆိုင်အားသေချာစွာ စစ်ဆေးသည့် တာဝန်ကို တိတိကျကျထမ်းဆောင်ပြီး အပြစ်ရှိပါက မှန်မှန်ကန်ကန်ဆောင်ရွက်ပါမည်။ အဘယ်ကြောင့်ဆိုသော် ငွေကြေး၊ ပစ္စည်း လက်ခံခြင်းသည် မမှန်ကန်သော လုပ်ရပ်ဖြစ်ပြီး စာရိတ္တပျက်စီးသော လုပ်ရပ်ဖြစ်သည်။

(မေး) - တာဝန်ရှိဝန်ထမ်း၏ အပြုအမူကို မည်သို့ထင်မြင်မိပါသနည်း။

(ဖြေ) - တာဝန်ရှိဝန်ထမ်းသည် ကိုယ်ကျိုးထက် အများအကျိုးကိုသာ ကြည့်သည်။ ကိုယ်ကျိုးနှင့် အများအကျိုးကို သိသာထင်ရှားစွာ ခွဲခြားနိုင်ပြီး လုပ်ငန်းတာဝန်ကို မှန်ကန်စွာ ထမ်းဆောင်သည်။

၄။ (က) ဆရာက ကျောင်းသား/ကျောင်းသူတို့ကို အုပ်စု(၃)စုခွဲပါ၊

(ခ) အကယ်၍ တာဝန်ရှိဝန်ထမ်းက အများအကျိုးထက် ကိုယ်ကျိုးကိုသာ ကြည့်ခဲ့မည်ဆိုလျှင် ဖြစ်ပေါ်နိုင်သည့်ရလဒ်ဆိုးကျိုးကို အုပ်စု(၃)စုလုံးကို တွေးတောစဉ်းစားပါစေ၊

(ဂ) ရလဒ်ဆိုးကျိုးကို အုပ်စုတစ်စုချင်း အတန်းရှေ့ထွက်၍ တင်ပြဆွေးနွေးပါစေ၊

(ဃ) "**ကိုယ်ကျိုးကြည့်ခြင်းကြောင့်ဖြစ်ပေါ်လာနိုင်သောအကျိုးဆက်များ**"ကို ဆရာနှင့် ကျောင်းသား/ ကျောင်းသူများ စုပေါင်းစိစစ် အဖြေရှာပါ။

၅။ ဆရာက ကျောင်းသား/ကျောင်းသူများလေ့လာရန် "**ကိုယ်ကျိုးအတွက်အသုံးချခြင်း**" ခေါင်းစဉ်ဖြင့် **အသိပညာပေးစာစောင်(၁)**ကို ဝေငှပါ။

၆။ ဆရာက ကျောင်းသား/ကျောင်းသူတို့အား ကိုယ်ကျိုးအတွက်အသုံးချခြင်း၏ အဓိပ္ပာယ်ကို ရှင်းပြပါ။ တာဝန်ရှိနိုင်ငံ့ဝန်ထမ်းအဖြစ်အပျက်မှရရှိသော ဆန့်ကျင်ဘက်လေ့လာတွေ့ရှိချက် (၂)မျိုးကို ရှင်းပြပါ။

၇။ ကျောင်းသား/ကျောင်းသူများအား ကိုယ်ကျိုးအတွက် အသုံးချခြင်းနှင့် ပတ်သက်သော ထင်မြင်ချက်ပေးစေရန်၊ ကိုယ်ကျိုးအတွက် အသုံးချခြင်းကြောင့် ဖြစ်လာနိုင်သည့် အကြောင်းအရာများ၊ အဖြစ်အပျက်များမှရရှိလာမည့် ဆိုးကျိုးများအကြောင်းကို ထင်မြင်ချက်ရေးသားပြီး ဆွေးနွေးတင်ပြစေရန် ဆောင်ရွက်ပါ။

၈။ ဆရာက ကျောင်းသား/ကျောင်းသူတို့အတွက် နောက်ထပ် ဥပမာတစ်ခု ထပ်ပေးပါ။

**ဥပမာ**

ဝန်ထမ်းတစ်ဦးသည် ရုံးမှစာရွက်များကို ထုတ်ယူလာပြီး သားဖြစ်သူ စာစီစာကုံး ရေးသား လေ့ကျင့်ရာတွင် အသုံးပြုစေသည်။

၉။ ဆရာနှင့် ကျောင်းသားများစုပေါင်း၍ ဥပမာပေးထားသော အကြောင်းအရာကို လေ့လာတွေ့ရှိချက် (၁)နှင့် (၂) ခွဲ၍ စိစစ်ပါ။

**လေ့လာတွေ့ရှိချက် (၁)** ဝန်ထမ်းသည် ရုံးတွင် အစိုးရလုပ်ငန်း၌အသုံးပြုရန် စာရွက်များ ထုတ်ယူလာခြင်း ဖြစ်သည်။

**လေ့လာတွေ့ရှိချက် (၂)** ဖခင်သည် သားအတွက် သင်ထောက်ကူပစ္စည်းများ ရှာပေးသည်။

**ကိုယ်ကျိုးအတွက်အသုံးချမှု။** နိုင်ငံပိုင်ပစ္စည်းကို ကိုယ်ကျိုးအတွက် အသုံးပြုသည်။

၁၀။ ပေးထားသော ဥပမာအရ ကိုယ်ကျိုးအတွက် အသုံးချခြင်းကြောင့် ဖြစ်လာသော အဖြစ်အပျက်များနှင့် ဖြစ်ပေါ်လာနိုင်သောဆိုးကျိုးကို ကျောင်းသားများစုပေါင်းဆွေးနွေးပါစေ။

၁၁။ ကျောင်းသား/ကျောင်းသူတို့အား "**လေ့လာတွေ့ရှိချက်များ၏ကွဲပြားချက်**" ခေါင်းစဉ်ဖြင့် **လေ့ကျင့်ခန်း** ဆောင်ရွက်ပါစေ။ **(လေ့ကျင့်ခန်း-၁)**

၁၂။ ကိုယ်ကျိုးအတွက်အသုံးချခြင်းမှ မိမိကိုယ်ကိုကာကွယ်ရန်အတွက် လုပ်ဆောင်ရမည့်အချက်များကို ကျောင်းသားများအား လေ့ကျင့်ပေးပါ။ **(လေ့ကျင့်ခန်း-၂)**

၁၃။ **အသိပညာပေးစာစောင်(၂) "ကိုယ်ကျိုးအတွက်အသုံးချခြင်းပုံစံများ"**ကို ကျောင်းသားများအား ဖြန့်ဝေပေးပြီး ဖတ်ရှုစေ၍ ဆရာက ကျောင်းသားများကို ကူညီရှင်းပြပေးပါ။

၁၄။ ကျောင်းသားများကို အဖွဲ့(၉)ဖွဲ့ခွဲ၍ စက္ကူချပ်နှင့် မင်တံတို့ကိုဝေပေးပါ။

၁၅။ အဖွဲ့တစ်ဖွဲ့ချင်းစီမှ အောက်ဖော်ပြပါ ကိုယ်ကျိုးအတွက်အသုံးချခြင်း ပုံစံအမျိုးအစား (၁)မျိုးစီကို ပြန်လည်ရှင်းလင်းတင်ပြခြင်းခေါင်းစဉ်ဖြင့် ဆွေးနွေးမည့်အချက်များအား အကျဉ်းချုပ်၍ စက္ကူချပ်ပေါ်တွင် ရေးသားကာ အတန်းရှေ့တွင် တင်ပြဆွေးနွေးစေပါ-

(က) အကျိုးရလဒ်အမျိုးမျိုးကို လက်ခံခြင်း၊

(ခ) ကိုယ်ကျိုးအတွက်စီးပွားရေးလုပ်ခြင်း (သို့) သဘောတူစာချုပ် ချုပ်ဆိုခြင်း၊

(ဂ) အငြိမ်းစားယူပြီးနောက်/ တာဝန်မှနုတ်ထွက်ပြီးနောက် အလုပ်လုပ်ခြင်း၊

(ဃ) အစိုးရလုပ်ငန်းအပြင် အခြားအပြင်အလုပ်လုပ်ခြင်း၊

(င) ရုံးတွင်းအချက်အလက်၊

(စ) ကိုယ်ကျိုးအတွက် အစိုးရပိုင်ပစ္စည်းများကိုအသုံးပြုခြင်း၊

(ဆ) နိုင်ငံရေးအကျိုးရလဒ်အတွက် ရွေးကောက်ခံနယ်မြေတွင် စီမံကိန်းထည့်သွင်းခြင်း၊

(ဇ) ဆွေမျိုးသားချင်းတို့အတွက် ရာထူးအာဏာအသုံးချခြင်း၊

(ဈ) ဆုံးဖြတ်ချက်အာဏာလွှမ်းမိုးမှုကို အသုံးချခြင်း။

၁၆။ **အသိပညာပေးစာစောင်(၃) "အဂတိလိုက်စားမှု အကြောင်းအရာနှင့်အတွေးအခေါ်ပြောင်းလဲခြင်း"**ကို ကျောင်းသားများအား ဖြန့်ဝေပေးပါ၊ အသိပညာပေးစာစောင်ကို ကျောင်းသားများဖတ်ရှုပြီးနောက် ဆရာနှင့်ကျောင်းသားများ စုပေါင်းဆွေးနွေး ထင်မြင်ယူဆချက်ပေးရာတွင် လူတို့၏အတွေးအခေါ် ပြုပြင်လိုက်သည်နှင့် အပြုအမူပြောင်းလာမည်၊ လူ့အဖွဲ့အစည်းပြောင်းလဲလာမည်၊ ကမ္ဘာကြီးလည်း မည်သို့ပြောင်းလဲလာမည် စသည်ဖြင့် ဆက်စပ်တွေးခေါ်ဆွေးနွေးကြရန်ဖြစ်ပါသည်။

ဇာတ်လမ်းတို- “ကလေးများအတွက်အစာအာဟာရ”

၁။ ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်ကြီးသည် ကျောင်းသားကျောင်းသူများ နေ့စဉ်စားသုံးနေသည့် ကျောင်းမုန့်ဈေးတန်းမှ အစားအသောက်များအား ကျန်းမာရေးနှင့် ညီညွတ်မှုရှိ/မရှိ လတ်ဆတ်သန့်ရှင်းပြီး အာဟာရပြည့်ဝမှုရှိ/ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ စီမံဆောင်ရွက်သွားရန် ကျောင်းကျန်းမာရေးကော်မတီကို ညွှန်ကြားခဲ့ပါသည်။

၂။ သို့ပါ၍ ကျောင်းကျန်းမာရေးကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် နိုင်ငံတော်အစိုးရ၏ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ကျအရာရှိ ဦးမြတ်ကျော် ခေါင်းဆောင်သော ဝန်ထမ်းများပါဝင်သည့် စစ်ဆေးရေးအဖွဲ့သည် ကျောင်းမုန့်ဈေးတန်းအား ရှောင်တခင် ကွင်းဆင်းစစ်ဆေးကြပါသည်။ ကောက်ညှင်းပေါင်း၊ အသုပ်စုံ၊ မုန့်ဟင်းခါး၊ ငှက်ပျောပေါင်း အချိုစုံ၊ အကြော်စုံ၊ ကြာဆံကြော်၊ ရေခဲမုန့်စသည်ဖြင့် တစ်ဆိုင်ပြီးတစ်ဆိုင် သန့်ရှင်းသပ်ရပ်မှု၊ ယင်မနားအောင် ဖုံးအုပ်ထားသိုမှု၊ လတ်ဆတ်မှု၊ အထားအသို၊ အကိုင်အတွယ်၊ ပါဝင်ပစ္စည်း စသည်တို့ကို စစ်ဆေးခြင်း၊ လိုအပ်သည်များညွှန်ကြားခြင်း၊ အစားအသောက်နမူနာများကို နည်းစနစ်တကျ ခွတ်ခွဲစစ်ဆေးရန် အသီးသီးထုပ်ပိုး မှတ်သားယူဆောင်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၃။ ဒေါ်မြချစ်၏ ကြာဆံဟင်းခါးနှင့် ရှောက်သီးသုပ်ဆိုင်အား စစ်ဆေးပြီး စစ်ဆေးရေးအဖွဲ့က လက်အိတ်အသုံးပြုမှုစနစ်ကျစေရန် မှာကြားနေချိန်တွင် ဈေးဆိုင်တန်းအတွင်းလမ်း၏ တစ်ဖက်ရှိ တုတ်ထိုးအသားချောင်းကင်များရောင်းချသည့် ဆိုင်ဘက်သို့ အရာရှိဦးမြတ်ကျော်က ဦးစွာရောက်ရှိသွားပါသည်။ ဦးမြတ်ကျော်က စစ်ဆေးရေးမစတင်ရသေးမီ ဈေးသည်ဦးပွက နေရာမှထ၍ ဆိုင်ရှေ့ထွက်ပြီး ဦးမြတ်ကျော်အနားကပ်ကာ စကားသံတိုးတိုးဖြင့်-

ဦးပွ (ဈေးသည်) - ဆရာရယ် ဒီအစားအစာတွေကို ကလေးတွေက တအားကြိုက်ကြတယ်၊ မစစ်ဆေးဘဲနဲ့ကို သင့်တော်တယ်ဆိုတာ သိလောက်ပါတယ်၊ နမူနာယူပြီး စစ်တာတော့မလုပ်ပါနဲ့တော့ဆရာရယ်၊ ဆရာလည်း မပင်ပန်းတော့ဘူးပေါ့။

ဦးမြတ်ကျော် (စစ်ဆေးရေးအရာရှိ) - ကလေးတွေသိပ်ကြိုက်တဲ့ အစာမျိုးဆိုတော့ ပိုပြီး အရေးကြီးတာပေါ့ဗျာ၊ ကျန်းမာရေးနဲ့ညီခဲ့ရင် မစိုးရိမ်ပါနဲ့ဗျာ၊ တာဝန်အရတော့ နမူနာယူပြီး စစ်ပါမယ်။

ဦးပွ (ဈေးသည်) - ဟာ.. ဆရာရယ် တကယ်လို့ နမူနာစစ်မယ်ဆိုရင် နောက်နေ့ကျ ကျွန်တော် ဆရာတို့ဌာနကို နမူနာစစ်ဖို့ အသစ်လာပို့ပါ့မယ်။ အဲဒီနမူနာကိုပဲ စစ်ပေးဖို့ တောင်းပန်ပါတယ်ဆရာ။ တစ်မျိုးတော့မထင်ပါနဲ့နော်ဆရာ ဒီစာအိတ်ကလေး ဆရာ့အိတ်ထဲထည့်လိုက်ပြီ။ နမူနာလာပို့ရင် ထပ်ပြီးဂါရဝပြုပါ့မယ်ဆရာ။

ဦးမြတ်ကျော် (စစ်ဆေးရေးအရာရှိ) - အံ့အားသင့်သွားပြီး..“ဟာ...ဒီလိုမလုပ်ရဘူး”ဟုပြော၍ ချက်ချင်း ၎င်း၏ တိုက်ပုံအင်္ကျီအိတ်ထဲသို့ ဦးပွထည့်လိုက်သည့် စာအိတ်ကိုဆွဲထုတ်၍ ဈေးဆိုင်ခုံပေါ်တင်လိုက်ပြီး လူကိုခွာရပ်လိုက်ပါသည်။ ဆက်၍ ကျန်အဖွဲ့ဘက်သို့ မျက်နှာလှည့် လှမ်းကြည့်ပြီး “ကဲ..ဒီဘက်မှာဆက်ပြီးစစ်ကြစို့”ဟု လှမ်းခေါ်လိုက်ပါသည်။

၄။ ထို့နောက် ဦးမြတ်ကျော်သည်အဖွဲ့နှင့်အတူ စစ်ဆေးရေးလုပ်ငန်းကို တိတိကျကျ မှန်မှန်ကန်ကန် ဆက်လက်ဆောင်ရွက်ပြီး ဆိုင်ပေါ်ရှိ အသားချောင်းနမူနာ၊ အချဉ်ရည်နမူနာ စသည်များကို စစ်ဆေးရန် ၎င်း၏အဖွဲ့အား ထုပ်ပိုးသိမ်းဆည်းစေပါသည်။ ဆက်လက်၍ ဆိုင်ရှင်အား အဖွဲ့ရှေ့တွင် ပြောဆိုမှာကြားသည်မှာ-

ဦးမြတ်ကျော် (စစ်ဆေးရေးအရာရှိ) - "ဒီအသားချောင်းကင်တွေကို ကလေးတွေသိပ်ကြိုက်ကြတယ်။ ဒီတော့ ဒီအသားချောင်းမှာပါတဲ့ အသားတွေဟာ စစ်မှန်ဖို့လိုတယ်။ ရက်လွန်ပုပ်သိုးခြင်း မရှိဖို့လိုတယ်၊ ဗက်တီးရီးယားနဲ့ ရောဂါပိုးမွှားများ ကင်းစင်အောင်ပြုလုပ်ထားသိုဖို့လိုတယ်၊ လူ့ကျန်းမာရေးကို ထိခိုက်စေတဲ့ တာရှည်ခံဆေးတွေ အစားအစာထဲ မထည့်ဖို့လိုတယ်။ အချဉ်ရည်မှာလည်း တားမြစ်ထားတဲ့ ဓာတုဆိုးဆေး၊ အနံ့နဲ့အရောင်တွေမသုံးဖို့၊ သဘာဝ အချဉ်ဓာတ် မဟုတ်ဘဲ ကျန်းမာရေးနဲ့မညီတဲ့ ဓာတုအချဉ်မျိုး မသုံးဖို့ လိုတယ်၊ မလတ်ဆတ်တော့ဘဲ အချဉ်ပေါက်နေတာမျိုးမဖြစ်အောင် ထားဖို့ လိုတယ်။ ကင်တဲ့အခါလည်း မကျက်တကျက်မဟုတ်ဘဲ နူးနပ်ပြီး ကျက်တဲ့ အနေအထားရောက်အောင် ကင်ဖို့လိုတယ်၊ သန့်ရှင်းတဲ့လက်နဲ့ ကိုင်တွယ် ထားသိုဖို့ ယင်မနားဖို့ လိုအပ်ပြီး ဒီအချက်တွေ မညီညွတ်ရင် ကလေးတွေ ရောဂါမျိုးစုံရနိုင်တယ်။ ကလေးတွေရဲ့ ဘဝရှေ့ရေးနဲ့ မိသားစုဘဝအထိ ဆိုးကျိုးသက်ရောက်စေနိုင်တယ်။ ဒါကြောင့် မိမိအကျိုးတစ်ခုတည်း မကြည့်ဘဲ အများအကျိုး၊ မိမိအကျိုး မျှတစွာကြည့်ပြီး အသက်မွေး ဝမ်းကျောင်းဖို့လိုပါတယ်။ ကျွန်တော်တို့အဖွဲ့အနေဖြင့် တာဝန်အရ စနစ်တကျ စစ်ဆေးပြီး စားသုံးရန်သင့်/မသင့် အဖြေမှန် ထုတ်ပေးသွားမှာ ဖြစ်ပါတယ်" ဟု စိတ်ရှည်လက်ရှည် ရှင်းပြမှာကြားသွားလေသည်။

## အသိပညာပေးစာစောင်(၁)

## ခေါင်းစဉ် - ကိုယ်ကျိုးအတွက် အသုံးချခြင်း

၁။ တာဝန်ရှိ နိုင်ငံ့ဝန်ထမ်းများ ကိုယ်ကျိုးရှာခြင်းသည် အများအကျိုးဆောင်ရွက်ခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်ပါသည်။ ထို့ပြင်တာဝန်ရှိနိုင်ငံ့ဝန်ထမ်းက ကိုယ်ကျိုးရှာပါက ရှေ့ဆက်ရမည့် လုပ်ငန်းများတွင် အဂတိကင်း၍ တရားမျှတမှုရှိရန် ခက်ခဲပါသည်။ တာဝန်ရှိနိုင်ငံ့ဝန်ထမ်းသည် တာဝန်အာဏာဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် အများအကျိုးကိုသာ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ သို့ရာတွင် ရာထူးတာဝန်ကိုအသုံးချ၍ ရိုးသားဖြောင့်မတ်မှုမရှိဘဲ မိမိနှင့် မိမိ မိသားစုအကျိုးအတွက် စီမံလုပ်ဆောင်မှုကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးနစ်နာမှုများသည် တိုင်းပြည်အတွက်၊ ပြည်သူပြည်သား အားလုံးအတွက် ဆုံးရှုံးနစ်နာမှုပင် ဖြစ်သည်။

၂။ တာဝန်ရှိ နိုင်ငံ့ဝန်ထမ်းအဖြစ်အပျက်မှ ရရှိသော ဆန့်ကျင်ဘက် လေ့လာတွေ့ရှိချက် (၂)မျိုးမှာ-

**လေ့လာတွေ့ရှိချက် (၁)** တာဝန်ယူထားသည့်အတိုင်း တာဝန်ယူဆုံးဖြတ်ရသည်။

**လေ့လာတွေ့ရှိချက် (၂)** ကိုယ်ကျိုးရှာရန် ဆုံးဖြတ်ချက်ချလျှင် (ဥပဒေနှင့်ဆန့်ကျင်ခြင်းမရှိသည့်တိုင်အောင်) ထိုဆုံးဖြတ်ချက်မှ အမှားအယွင်းများ၊ ပြဿနာများဖြစ်နိုင်သည်။

### ကိုယ်ကျိုးအတွက် အသုံးချခြင်း ဥပမာများ

### ဥပမာ(၁)

၃။ ဆရာသည် ကျောင်းသားကျောင်းသူတို့အား မိမိဘာသာရပ်အတွက်သင်ခန်းစာ (တီထွင်မှုလုပ်ငန်း)ပြုလုပ်ရန် **မိမိဆိုင်တွင်သာ ရရှိနိုင်သော** ပစ္စည်းကို ဝယ်ခိုင်းသည်။

**လေ့လာတွေ့ရှိချက်** (၁) ဆရာက လက်တွေ့သင်ခန်းစာအတွက် လိုအပ်သောပစ္စည်းဝယ်ရန် တာဝန်ပေးစေခိုင်းခြင်းဖြစ်သည်။

**လေ့လာတွေ့ရှိချက်** (၂) မိမိကိုယ်ပိုင်စီးပွားရေးလုပ်ငန်းအတွက် အကျိုးရရန် လုပ်ဆောင်ခြင်းဖြစ်သည်။

**ကိုယ်ကျိုးအတွက်အသုံးချမှု** ။ ဆရာက ကျောင်းသား/ကျောင်းသူတို့အား မိမိဆိုင်တွင်သာရှိသော ပစ္စည်းကို ဝယ်ခိုင်းစေခြင်းဖြင့် ရရှိမည့်အကျိုးကို လက်ခံလိုခြင်းဖြစ်သည်။

**ဥပမာ(၂)**

၄။ ××××××××× ရုံးမှ အရာရှိကြီးတစ်ဦးသည် ရုံး၏ လုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၎င်း၏အစ်ကိုမိသားစုပိုင်ဆိုင်သော ဟိုတယ်၌ ကျင်းပရန် စီစဉ်သည်။

လေ့လာတွေ့ရှိချက် (၁) မိမိတာဝန်အရ အလုပ်ရုံဆွေးနွေးပွဲကျင်းပရန် စီစဉ်ဆောင်ရွက်သည်။

လေ့လာတွေ့ရှိချက် (၂) မိမိဆွေမျိုး၏ စီးပွားရေးလုပ်ငန်းအတွက် အကျိုးရအောင်လုပ်ဆောင်သည်။

**ကိုယ်ကျိုးအတွက်အသုံးချမှု။** မိမိဆွေမျိုး၏ အကျိုးစီးပွားအတွက် အကျိုးရရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပြီး ရုံးဌာနအတွက် စရိတ်အသက်သာဆုံးနှင့် အကျိုးအရှိဆုံးနေရာအဖြစ် ရွေးချယ်ခြင်း မဟုတ်သဖြင့် အများအကျိုး ဆောင်ရွက်ခြင်းမဟုတ်ပါ။

-----------------------------------------

## လေ့ကျင့်ခန်း(၁)

## ခေါင်းစဉ် - လေ့လာတွေ့ရှိချက်များ၏ ကွဲပြားချက်

၁။ ဖော်ပြပေးထားသော ဥပမာများကိုဖတ်ပြီး ကွက်လပ်များတွင် အကြောင်းအရာ ပြည့်စုံအောင် ဖြည့်ပါ။

**ဥပမာ (၁)**

၂။ သူနာပြုသည် ၎င်းနှင့်ရင်းနှီးသောသူအား ဆရာဝန်၏ စမ်းသပ်ခန်းအတွင်းသို့ တိုကင်ကျော်ပြီး အရင်ဝင်ရောက်နိုင်ရန် ဆောင်ရွက်ပေးသည်။

**လေ့လာတွေ့ရှိချက်(၁)** လူနာများ စမ်းသပ်ခန်းအတွင်းသို့ တစ်ဦးပြီးတစ်ဦး ဝင်ရောက်နိုင်ရန် စီမံဆောင်ရွက်သည်။

**လေ့လာတွေ့ရှိချက် (၂)** မိမိနှင့်ရင်းနှီးသူအား အလှည့်ကျ မစောင့်ဆိုင်းရအောင် ဆောင်ရွက်ပေးသည်။

**ကိုယ်ကျိုးအတွက်အသုံးချမှု။** အလှည့်ကျစနစ် ကျင့်သုံးရမည့်အစား ရင်းနှီးသူအား အခွင့်အရေးပေးပြီး ကိုယ်ကျိုးဆောင်ရွက်သည်။

**ဥပမာ (၂)**

၃။ ဆရာသည် စာမေးပွဲအတွက် ကျူရှင်တက်သော ကျောင်းသားများကို စာမေးပွဲအတွက် အထူးလေ့ကျင့်ပေးသည်။

**လေ့လာတွေ့ရှိချက် (၁)** ----------------------------------------------------------------------------

----------------------------------------------------------------------------

**လေ့လာတွေ့ရှိချက် (၂)** ----------------------------------------------------------------------------

----------------------------------------------------------------------------

**ကိုယ်ကျိုးအတွက်အသုံးချမှု။** ------------------------------------------------------------

**ဥပမာ (၃)**

၄။ မြို့နယ်ရုံးမှ တာဝန်ခံအရာရှိသည် လစ်လပ်နေသော ရုံးအကူ(နေ့စား) တစ်နေရာတွင် လျှောက်ထားသူ (၇)ဦးအနက်မှ သူငယ်ချင်း၏သားဖြစ်သူကို ရွေးချယ်ခန့်ထားသည်။

**လေ့လာတွေ့ရှိချက် (၁)** ----------------------------------------------------------------------------

----------------------------------------------------------------------------

**လေ့လာတွေ့ရှိချက် (၂)** ----------------------------------------------------------------------------

----------------------------------------------------------------------------

**ကိုယ်ကျိုးအတွက်အသုံးချမှု။** ------------------------------------------------------------

## လေ့ကျင့်ခန်း(၁)အတွက် အထောက်အကူပြု နမူနာအဖြေများ

### ဥပမာ (၂)

၁။ ဆရာသည် စာမေးပွဲအတွက် ကျူရှင်တက်သော ကျောင်းသားများကို စာမေးပွဲအတွက် အထူးလေ့ကျင့်ပေးသည်။

**လေ့လာတွေ့ရှိချက် (၁)** ဆရာသည် ကျောင်းသားများကို စာမေးပွဲအတွက် အထူးလေ့ကျင့် ပေးသည်။

**လေ့လာတွေ့ရှိချက် (၂)** ဆရာသည် ကျူရှင်တက်သော ကျောင်းသားများကိုသာ စာမေးပွဲအတွက် အထူးလေ့ကျင့်ပေးသည်။

**ကိုယ်ကျိုးအတွက်အသုံးချမှု။** ကျောင်းသားတိုင်းကို လေ့ကျင့်ပေးရမည့်အစား ဆရာသည် သူ့ထံ ကျူရှင်တက်သူများကိုသာ အထူးအခွင့်အရေးပေးပြီး ကိုယ်ကျိုးအတွက် ဆောင်ရွက်သည်။

### ဥပမာ (၃)

၂။ မြို့နယ်ရုံးမှ တာဝန်ခံအရာရှိသည် လစ်လပ်နေသော ရုံးအကူ(နေ့စား) တစ်နေရာအတွက် လျှောက်ထားသူ (၇)ဦးအနက်မှ သူငယ်ချင်း၏သားဖြစ်သူကို ရွေးချယ်ခန့်ထားသည်။

**လေ့လာတွေ့ရှိချက် (၁)** တာဝန်ခံအရာရှိသည် လစ်လပ်နေသော ရုံးအကူ(နေ့စား)ခန့်ထားရေး တာဝန်ကို ဆောင်ရွက်သည်။

**လေ့လာတွေ့ရှိချက် (၂)** တာဝန်ခံအရာရှိသည် သူငယ်ချင်း၏သားဖြစ်သူကို အလုပ်ရရှိအောင် ဆောင်ရွက်ပေးသည်။

**ကိုယ်ကျိုးအတွက်အသုံးချမှု။** သင့်တော်သည့် အရည်အချင်းရှိသူကိုသာ ရွေးချယ်ခန့်ထားရမည့် အစား သူငယ်ချင်း၏သားဖြစ်သူကို ရွေးချယ်ခန့်ထားခြင်းဖြင့် ကိုယ်ကျိုးဆောင်ရွက်သည်။

## လေ့ကျင့်ခန်း (၂)

အောက်ဖော်ပြပါ အခြေအနေများတွင် ကိုယ်ကျိုးအတွက်အသုံးချခြင်း ကင်းရှင်းရန် လုပ်ဆောင်ရမည့် နည်းလမ်းများကို ဖော်ပြပါ။

| စဉ် | အခြေအနေ | ကိုယ်ကျိုးအတွက် အသုံးချမှု (ကိုယ်ကျိုးကြည့်မှု) ဖြစ်ပွားရခြင်းအကြောင်းရင်း | ကျောင်းသား/ ကျောင်းသူများ လိုက်နာလုပ်ဆောင်ရန် နည်းလမ်း |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | ကျောင်းသားများသည် ကျောင်းတွင် မုန့်ကိုအလှည့်ကျော်၍ ဝယ်သည် | ကျောင်းသားများသည် မုန့်ဝယ်လျှင် တန်းစီရသောအခါ အချိန်ကြာသည်ဟု ထင်သောကြောင့် ၎င်း၏အချိန် မကုန်ဆုံးစေရန် ဆောင်ရွက်ခြင်းဖြစ်သည်။ | ပစ္စည်းဝယ်လျှင်တန်းစီ၍ ဝယ်ယူရမည် |
| ၂ | စုစုသည် စာမေးပွဲအတွက် စာကို လေ့လာ ဖတ်မှတ်ခြင်း မရှိဘဲ သူငယ်ချင်းထံမှခိုးချရန် စိတ်အား သန်သည်။ | | |
| ၃ | ဆရာက မနီအား သူငယ်ချင်းကို အိမ်စာကူလုပ်စေသည်။ သို့ရာတွင် မနီသည် ပစ္စည်းသိမ်းပြီး ပြန်သွားသည်။ | | |
| ၄ | မောင်မောင်သည် စာသင်ခန်း သန့်ရှင်းရေး လုပ်နေသော အခြားသူငယ်ချင်းများကို မကူညီပါ။ | | |
| ၅ | မြမြသည် အင်္ဂလိပ်စာ ဘာသာရပ်ကို ကောင်းစွာမဖြေနိုင်သောကြောင့် ဆရာက အမှတ်တိုးပေးရန်အတွက် မုန့်ဝယ်၍ လာပေးသည်။ | | |
| ၆ | အောင်အောင်သည် သင်္ချာဘာသာရပ် သင်ယူရခြင်းကို မနှစ်သက်သောကြောင့် ဖျားနာဟန်ဆောင်ကာ ဆေးခန်းတွင် သွားအိပ်နေသည်။ | | |

## လေ့ကျင့်ခန်း(၂)အတွက် အထောက်အကူပြု နမူနာအဖြေများ

| စဉ် | အခြေအနေ | ကိုယ်ကျိုးအတွက် အသုံးချမှု (ကိုယ်ကျိုးကြည့်မှု) ဖြစ်ပွားရခြင်းအကြောင်းရင်း | ကျောင်းသား/ကျောင်းသူများ လိုက်နာလုပ်ဆောင်ရန် နည်းလမ်း |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၁ | ကျောင်းသားများသည် ကျောင်းတွင် မုန့်ကို အလှည့်ကျော်၍ဝယ်သည်။ | ကျောင်းသားများသည် မုန့်ဝယ်လျှင် တန်းစီရသောအခါ အချိန်ကြာသည်ဟု ထင်သောကြောင့် ၎င်း၏အချိန် မကုန်ဆုံးစေရန် ဆောင်ရွက်ခြင်း ဖြစ်သည်။ | ပစ္စည်းဝယ်လျှင်တန်းစီ၍ ဝယ်ယူရမည် |
| ၂ | စုစုသည်စာမေးပွဲအတွက် စာကို လေ့လာဖတ်မှတ်ခြင်း မရှိဘဲ သူငယ်ချင်းထံမှ ခိုးချရန် စိတ်အား သန်သည်။ | စာမေးပွဲအတွက် စာဖတ်ပါက ပင်ပန်းမည်ဟု စဉ်းစား၍ လုံ့လ ဝီရိယမစိုက်ထုတ်ဘဲ သူငယ်ချင်း၏ ကြိုးစားဖြေဆိုမှုကို ကိုယ်ကျိုးအတွက် ခိုးချရန် ရည်ရွယ်ခြင်းဖြစ်သည်။ | ကျောင်းစာကို လုံ့လဝီရိယ စိုက်ထုတ်၍ လေ့လာဖတ်မှတ် ပြီး စာမေးပွဲတွင် ကိုယ်ပိုင် အရည်အချင်းဖြင့်ဖြေဆိုရမည်။ |
| ၃ | ဆရာက မနီအား သူငယ်ချင်းကို အိမ်စာကူလုပ်စေသည်။ သို့ရာတွင် မနီသည် ပစ္စည်းသိမ်းပြီး ပြန်သွား သည်။ | မနီကသူငယ်ချင်းကို အိမ်စာကူလုပ် ပေးလျှင် သူ့အတွက် အချိန်ကုန်မည် လူပင်ပန်းမည်ဟုစဉ်းစားပြီး အိမ်သို့ စောစောပြန်လိုခြင်းကြောင့် ဖြစ်ပါ သည်။ | သူငယ်ချင်းအား အိမ်စာကို နားလည်သိရှိ၍ ၎င်းကိုယ်တိုင် လုပ်ဆောင် ပြီးစီးသည်အထိ အကူအညီပေးရမည်။ |
| ၄ | မောင်မောင်သည် စာသင်ခန်း သန့်ရှင်းရေးလုပ်နေသော အခြား သူငယ်ချင်းများကို မကူညီပါ။ | မောင်မောင်သည် သူ့အတွက် အချိန် ကုန် လူပန်းမှာစိုး၍ဖြစ်သည်။ | စာသင်ခန်း သန့်ရှင်းရေးသည် မိမိအပါအဝင် အများအကျိုး အတွက်ဖြစ်၍ပါဝင်ကူညီရမည်။ |
| ၅ | မြမြသည် အင်္ဂလိပ်စာ ဘာသာရပ် ကို ကောင်းစွာမဖြေနိုင်သောကြောင့် ဆရာက အမှတ်တိုးပေးရန်အတွက် မုန့်ဝယ်၍ လာပေးသည်။ | မကြိုးစားဘဲ စာမေးပွဲအောင်သည့် ရလဒ်ကို လာဘ်ထိုးပြီး ရယူလို သောကြောင့် ဖြစ်သည်။ | မိမိအရည်အချင်းမပြည့်မီသဖြင့် စာမေးပွဲကျသည့် ဘာသာရပ်ကို နောက်တစ်ကြိမ် ပို၍ကြိုးစား အားထုတ်ရမည်။ |
| ၆ | အောင်အောင်သည် သင်္ချာဘာသာရပ် သင်ယူရခြင်းကို မနှစ်သက်သော ကြောင့် ဖျားနာဟန်ဆောင်ကာ ဆေးခန်းတွင်သွားအိပ်နေသည်။ | မိမိမနှစ်သက်သော ဘာသာရပ်ကို နားလည်တတ်မြောက်သည်အထိ သင်ယူရသည်မှာ ခက်ခဲပင်ပန်းသဖြင့် အားစိုက်ထုတ်မှု မပြုလို၍ဖြစ်သည်။ | မိမိအတွက်ခက်ခဲသော ဘာသာရပ်ကို ပို၍ကြိုးစားပြီး သင်ယူရမည်။ |

## အသိပညာပေးစာစောင်(၂)

## "ကိုယ်ကျိုးအတွက်အသုံးချခြင်းပုံစံများ"

၁။ နိုင်ငံ့တာဝန်ရှိဝန်ထမ်း/ စီမံအုပ်ချုပ်သူ/ အစိုးရဝန်ထမ်းဆိုသည်မှာ အစိုးရအာဏာအား အသုံးပြုသူပင်ဖြစ်ပါသည်။ အစိုးရဝန်ထမ်း၏အပြုအမူသည် ဥပဒေစည်းမျဉ်းအရ သတ်မှတ်ထားသော တာဝန်၊ အာဏာဘောင်အတွင်းတွင် ရှိရမည်ဖြစ်ပြီး ရိုးသားမှုရှိရမည်။ နိုင်ငံ့ဝန်ထမ်း၏ တာဝန်ထမ်းဆောင်ခြင်းနှင့် ဒွန်တွဲနေသောအရာမှာ အာဏာဖြစ်ပြီး တာဝန်ထမ်းဆောင်သည်နှင့် အာဏာမှာ ကပ်၍ပါလာသည်။ တာဝန်ရှိဝန်ထမ်းအား ဥပဒေနှင့်အညီ ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန် အမျိုးမျိုးအတွက် လိုအပ်လျှင်လိုအပ်သလို အသုံးပြုနိုင်ရန် အာဏာကျင့်သုံးခြင်းကို သတ်မှတ်ပေးထားပါသည်။ နိုင်ငံ့တာဝန်ရှိဝန်ထမ်းသည် အမှန်တကယ်တာဝန်ထမ်းဆောင်ရာ၌ အာဏာအသုံးပြုရာတွင် တာဝန်ယူမှုရှိစွာ၊ သတိရှိစွာ အသုံးပြုရမည်။ အာဏာကိုအသုံးပြုရာတွင် အများအတွက်အကျိုးရှိစေရမည်ဖြစ်ပြီး ကိုယ်ကျိုးရှာခြင်းနှင့်အများအကျိုးဆောင်ရွက်ခြင်းကြား သဘောကွဲလွဲခြင်းမဖြစ်စေရန် ကိုယ်ကျိုးစီးပွားရှာခြင်း/ ကိုယ်ကျိုးအတွက်အသုံးချခြင်း ပုံစံအမျိုးမျိုးကို ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၂။ Conflict of interest ဟူသည့်စကားကို အဓိပ္ပာယ်ဖွင့်ဆိုပါက အကျိုးစီးပွားချင်း ပဋိပက္ခဖြစ်ခြင်း၊ ကိုယ်ကျိုးရှာခြင်းနှင့် အများအကျိုးဆောင်ရွက်ခြင်းအကြား သဘောကွဲလွဲခြင်း၊ ကိုယ်ကျိုးစီးပွားရှာဖွေခြင်း၊ ကိုယ်ကျိုးအတွက်အသုံးချခြင်း၊ ဆန့်ကျင်ဘက် အကျိုးရလဒ်၊ ကိုယ်ကျိုးရှာခြင်းနှင့် အများအကျိုးဆောင်ရွက်ခြင်းရလဒ်တွင် သဘောကွဲလွဲခြင်း စသည်တို့ကို တွေ့ရှိရမည်ဖြစ်ပါသည်။

၃။ ကိုယ်ကျိုးအတွက်အသုံးချခြင်းသည် လူသားတို့မချိုးဖောက်သင့်သည့် ကျင့်ဝတ်သိက္ခာ အမျိုးအစားတစ်ခုဖြစ်ပါသည်။ သို့ရာတွင် ချိုးဖောက်မှုများလာသောအခါ အကြောက်တရား၊ အရှက်တရားမရှိတော့ပါ။ လူ့အဖွဲ့အစည်းမှ ထိုအပြုအမူကို တားမြစ်ခြင်း၊ အပြစ်ပေးခြင်းမရှိလျှင် ကိုယ်ကျိုးအတွက်အသုံးချခြင်းများ ပိုမိုများပြားလာပြီး လူ့အဖွဲ့အစည်းတွင် ဆိုးကျိုးများ များပြားလာမည်ဖြစ်သည်။

၄။ ကိုယ်ကျိုးအတွက်အသုံးချခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံ့တာဝန်ရှိဝန်ထမ်းသည် တာဝန်နှင့် အာဏာအရ မည်သို့ပြုမူသည်ဖြစ်စေ အများအကျိုးအတွက်သာ ဖြစ်ရမည်။ ကိုယ်ကျိုးရှာရန်၊ မိတ်ဆွေ အကျိုးရှာရန်အတွက် တာဝန်အာဏာဖြင့် ဆောင်ရွက်ခြင်းသည် အကျင့်ပျက်မှု၊ စာရိတ္တပျက်ပြားမှု အပြုအမူဖြစ်ပြီး နိုင်ငံအတွက်အကျိုးမရှိပါ။ နိုင်ငံ့တာဝန်ရှိ ဝန်ထမ်းသည် ကိုယ်ကျိုးရှာခြင်းနှင့် အများအကျိုးဆောင်ရွက်ခြင်းကြား သဘောထားကွဲလွဲခြင်းကြောင့် အပြုအမူတစ်စုံတစ်ရာဖြင့် လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် ကျင့်ဝတ်ဖောက်ဖျက်ခဲ့ပါလျှင် ထိုဝန်ထမ်းကို လုပ်ငန်းတာဝန် အတွက် ကျင့်ဝတ်ပျက်ကွက်သူအဖြစ် သတ်မှတ်နိုင်သည်။ **ကိုယ်ကျိုးအတွက်အသုံးချခြင်း**သည် "**အဂတိလိုက်စားမှု**"နှင့် "**ကျင့်ဝတ်**"ကြားရှိ အပြုအမူဖြစ်သည်။ "**အဂတိလိုက်စားမှု**" ဆိုသည်မှာ

အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် အပ်နှင်းထားသည့် အာဏာနှင့်လုပ်ပိုင်ခွင့်ကို ပုဂ္ဂလိက အကျိုးအမြတ်အတွက် အသုံးပြုခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းထားခြင်းခံရသူတစ်ယောက်က သူတရားဝင်ရရှိထားသော အဆင့်၊ နေရာနှင့်ရာထူးဌာနန္တရကို သူ့ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုခြင်းပင် ဖြစ်ပါသည်။ အဂတိလိုက်စားမှုကို အကျင့်ပျက်ခြစားမှု၊ စာရိတ္တပျက်စီးမှုဟုလည်း အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ **အဂတိလိုက်စားခြင်း**သည် သိသာထင်ရှားသည့် မှားယွင်းသောအပြုအမူဖြစ်ပြီး ဥပဒေကို တိုက်ရိုက်ချိုးဖောက်သည့် အပြုအမူဖြစ်သည်။ လူ့အဖွဲ့ အစည်းအများစုတွင် အပြစ်ပေးရန်ထင်ရှားသော စည်းမျဉ်းဥပဒေများရှိပါသည်။ **ကျင့်ဝတ်**ဆိုသည်မှာ နိုင်ငံ့တာဝန်ရှိဝန်ထမ်းများ ထိန်းသိမ်းရမည့် အဓိကအရေးကြီးသည့် အပြုအမူဖြစ်ပြီး ဝန်ထမ်းတို့ ယုံကြည်လုပ်ဆောင်ရမည့် အခြေခံအုတ်မြစ်လည်း ဖြစ်ပါသည်။ နိုင်ငံ့တာဝန်ရှိဝန်ထမ်းများ လိုက်နာ လုပ်ဆောင်ရန် နည်းလမ်းများမှာ-

(က) ဥပဒေလိုက်နာခြင်း

( ခ ) အကျင့်သိက္ခာရှိခြင်း/ ဖြောင့်မတ်တည်ကြည်မှုရှိခြင်း

( ဂ ) ပွင့်လင်းမြင်သာမှုရှိခြင်း

(ဃ) အများအကျိုးဆောင်ရွက်လိုစိတ်ရှိခြင်း

( င ) တာဝန်ယူတတ်ခြင်း

( စ ) တန်ဖိုးထားတတ်ခြင်း

၅။ နိုင်ငံ့တာဝန်ရှိဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာတွင် အာဏာအသုံးပြုခြင်းနှင့် ပတ်သက်၍ အဓိကအရေးကြီးသော သတိပြုရန်အချက်(၄)ချက်မှာ -

(က)ပြဋ္ဌာန်းထားသော တရားဝင်ဥပဒေ စည်းမျဉ်းစည်းကမ်း နည်းလမ်းအတိုင်းဖြစ်ခြင်း၊

( ခ ) ရိုးသားဖြောင့်မတ်ခြင်း၊

( ဂ ) ခွဲခြားဆက်ဆံမှုမပြုခြင်း၊

(ဃ)တရားနည်းလမ်းကျခြင်းတို့ဖြစ်ပါသည်။

၆။ ကိုယ်ကျိုးအတွက်အသုံးချခြင်းပုံစံအမျိုးမျိုးရှိပါသည် -

## အကျိုးရလဒ်အမျိုးမျိုးကို လက်ခံခြင်း (Accepting Benefits)

၇။ (က)နိုင်ငံ၏ ကြီးမားသောစီမံကိန်းprojectများ ရရှိရေးအတွက် ပုဂ္ဂလိကကုမ္ပဏီများကို အကူအညီပေးရန် ကုမ္ပဏီကပေးသောလက်ဆောင်ကို နိုင်ငံ၏တာဝန်ရှိဝန်ထမ်းက လက်ခံခြင်း၊

(ခ)နိုင်ငံ၏တာဝန်ရှိဝန်ထမ်းသည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်သည့်အပြင် ပုဂ္ဂလိကကုမ္ပဏီ၏ အစုရှယ်ယာရှင်တစ်ဦးဖြစ်သောကြောင့် ကုမ္ပဏီအကျိုးအတွက် ဆုံးဖြတ်ချက်ချပေးခြင်း၊ အကြံပေးခြင်းဖြင့် ထိုကုမ္ပဏီများမှ လာဘ်ပစ္စည်းများကို ပုံစံအမျိုးမျိုးဖြင့်လက်ခံခြင်း၊

(ဂ)နိုင်ငံ့တာဝန်ရှိဝန်ထမ်းကို ပုဂ္ဂလိကကုမ္ပဏီက ဂေါက်ရိုက်ပစ္စည်းတစ်စုံ လက်ဆောင်ပေးသည်။ ထိုအခါ ထိုဝန်ထမ်းက ကုမ္ပဏီနှင့်ပတ်သက်သည့် အလုပ်အတွက် အကူအညီများပေးပြီး မိမိသဘောဖြင့် စည်းကမ်းများကို လျှော့ပေါ့ဆောင်ရွက်ပေးခြင်းဖြင့် ၎င်း၏လက်ဆောင်ရရှိမှုကို အစားပြန်လည်ဆောင်ရွက်ပေးသည်၊

(ဃ)နိုင်ငံတော်ဘတ်ဂျက်ဖြင့်ပစ္စည်းဝယ်ယူရာတွင် ရရှိသော အပိုလက်ဆောင်ပစ္စည်းကို တာဝန်ခံဝန်ထမ်းက လက်ခံရယူလိုက်ခြင်း၊

(င)အစိုးရဝန်ထမ်းက ဌာန၏စီးပွားရေးလုပ်ဖော်ကိုင်ဖက်များ သို့မဟုတ် ကုမ္ပဏီများထံမှ ရုံးအဆောက်အအုံအသစ် ဆောက်လုပ်ပေးသည့် လှူဒါန်းမှုကိုလက်ခံခြင်း၊

(စ)အစိုးရဌာနမှတာဝန်ရှိဝန်ထမ်းသည် ဆေးကုမ္ပဏီ သို့မဟုတ် ဆရာဝန်သုံးကိရိယာများရောင်းချသည့်ကုမ္ပဏီထံမှ လက်ဆောင်ပစ္စည်းများကို လက်ခံခြင်း၊ နိုင်ငံခြားသို့ အစားအသောက်နှင့်ဆေးဝါးဆိုင်ရာညီလာခံတက်ရောက်ရန်အတွက် ခရီးစရိတ်ထောက်ပံ့မှုကို လက်ခံခြင်း။

## ကိုယ်ကျိုးအတွက် စီးပွားရေးလုပ်ခြင်း(Self-dealing) သို့မဟုတ် သဘောတူစာချုပ်ချုပ်ဆိုခြင်း (Contracts)

၈။ (က)တာဝန်ရှိဝန်ထမ်းသည် တာဝန်အရ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရာတွင် မိမိ တာဝန်ထမ်းဆောင်နေသော ရုံးဌာနအတွက် မိမိ မိသားစုပိုင်ကုမ္ပဏီမှ ကွန်ပျူတာကို ဝယ်ရန်ချုပ်ဆိုသည်၊

(ခ) မိမိပိုင်အဆောက်အအုံကို ဆွေးနွေးပွဲကျင်းပရန်နေရာအဖြစ် ငှားရမ်းသည်၊

(ဂ) မိမိပိုင်မြေကွက်ကို ရုံးဆောက်ရန် ဌာနငွေဖြင့်ဝယ်ယူသည်။ တစ်ချိန်တည်းမှာပင် ရောင်းချသူနှင့်ဝယ်သူနှစ်ဖက်လုံးမှာ တစ်ဦးတည်းဖြစ်နေသည်၊

(ဃ) ဌာနတစ်ခု၏စီမံခန့်ခွဲသူသည် လုပ်ငန်းကြည့်ရှုလေ့လာရန်နှင့် ဆွေးနွေးရန်အတွက် ခရီးထွက်ရန် ကားငှားရမ်းသည့်ကုမ္ပဏီတစ်ခုနှင့် ကားငှားစာချုပ် ချုပ်ဆိုသည်။ ထိုကုမ္ပဏီသည် စီမံခန့်ခွဲသူ၏ကုမ္ပဏီ သို့မဟုတ် စီမံခန့်ခွဲသူ၏ အသိကုမ္ပဏီဖြစ်သည်၊

(င) ငွေစာရင်းစစ်ဆေးသူသည် ၎င်းငွေစာရင်းစစ်ဆေးရမည့်ကုမ္ပဏီတွင် အတိုင်ပင်ခံ အဖြစ် အထူးလုပ်ငန်းကိုရရှိသည်။

## အငြိမ်းစားယူပြီးနောက်/ တာဝန်မှနုတ်ထွက်ပြီးနောက် အလုပ်လုပ်ခြင်း(Post-Employment)

၉။ (က) အစိုးရဌာနမှ အရာရှိကြီးတစ်ဦးသည် သက်ပြည့်ပင်စင်ယူပြီးနောက် ဆေးရောင်းဝယ် ကုမ္ပဏီ၏ အတိုင်ပင်ခံအဖြစ် အလုပ်ဝင်သည်။ သူသည် အစိုးရဌာနတွင် အလုပ်လုပ်ခဲ့သော အချိန်က အဆင့်မြင့်စီမံခန့်ခွဲရသူတစ်ဦး ဖြစ်သောကြောင့် မိမိအား အတိုင်ပင်ခံအဖြစ် ခန့်ထားသော ကုမ္ပဏီမှဆေးများကို ဌာနမှဝယ်ရန်ဆောင်ရွက်ပေးသည်၊

(ခ) စီမံခန့်ခွဲသူ သို့မဟုတ် ဌာနဆိုင်ရာတာဝန်ရှိ ဝန်ထမ်းတစ်ဦးသည် ပင်စင်ယူပြီးနောက် ၎င်းရရှိခဲ့ဖူးသည့်ရာထူးကို အသုံးပြု၍ ဝန်ထမ်းဘဝတွင် ဆက်သွယ်ဆောင်ရွက်ခဲ့ဖူးသော ကုမ္ပဏီ၌ အတိုင်ပင်ခံအဖြစ်ဝင်လုပ်သည်။ ယင်းသို့အလုပ်ဝင်သဖြင့် ကုမ္ပဏီသည် အစိုးရနှင့် ပတ်သက်သော လုပ်ငန်းများတွင် အဆင်ပြေနိုင်သည်။

## အထူးလုပ်ငန်းလုပ်ဆောင်ခြင်း (အစိုးရလုပ်ငန်းအပြင် အခြားအပြင်အလုပ်လုပ်ခြင်း) (Outside Employment or Moonlighting)

၁၀။ (က) --------ပြည်နယ်၊ -----------ဒေသ အခွန်ရုံးမှ အခွန်တာဝန်ရှိဝန်ထမ်းကို ကုမ္ပဏီတစ်ခုမှ စာရင်းပြုစုရန်နှင့် အခွန်ထမ်းဆောင်ခြင်းကိစ္စရပ်များနှင့်ပတ်သက်၍ တိုင်ပင်ဆွေးနွေးရန် အလုပ်ခန့်အပ်သည်။ ထိုဝန်ထမ်းတာဝန်ကျသောနယ်မြေ၌ အခွန်ဆောင်ရန် အစီအစဉ် များနှင့် စာရင်းပြုစုရန် ကိစ္စရပ်အတွက် ငှားရမ်းခြင်းဖြင့် ကုမ္ပဏီအတွက် အကျိုးရှိစေရန် ဖြစ်သည်။ ထို့ပြင် အခွန်တာဝန်ရှိဝန်ထမ်းသည် အမှန်တကယ်ပေးဆောင်ရမည့် အခွန်နှုန်းထက် ထိုကုမ္ပဏီအား ပိုနည်းသောငွေပမာဏကို ပေးဆောင်စေခြင်းဖြင့် အခွန်ဆောင်ရာတွင်ကူညီသည်။ (ရာထူးအာဏာအသုံးချ၍ ကိုယ်ကျိုးရှာသောဝန်ထမ်း ဖြစ်သည်)

(ခ) နိုင်ငံ့တာဝန်ရှိဝန်ထမ်းသည် ၎င်း၏ရာထူးအာဏာအပေါ်မူတည်၍ စီမံကိန်းအတိုင်ပင်ခံ အဖြစ် ပုဂ္ဂလိကကုမ္ပဏီမှ တရားဝင်ငှားရမ်းခြင်းကို ခံရသည်။ ထိုသို့ ငှားရမ်းခြင်းသည်

အခြားယှဉ်ပြိုင်လုပ်ကိုင်နေသော ကုမ္ပဏီများထက် ပိုမို၍ယုံကြည်မှုရရှိနိုင်ရန် ဖြစ်သည်။ ယင်းစီမံကိန်းကို ထိုဝန်ထမ်း၏ ဌာန/ အဖွဲ့အစည်းက အတည်ပြုပေးမည်ဖြစ်ကြောင်း ပြင်ပမှအလုပ်ရှင်အား အာမခံပေးရန်အလို့ငှာ မိမိ၏ ပြည်သူ့ဝန်ထမ်းဟူသည့် ရာထူးကို အသုံးပြုခြင်းဖြစ်သည်။

(ဂ) နိုင်ငံ၏တာဝန်ရှိဝန်ထမ်းသည် အလုပ်ဌာနမှပေးအပ်ထားသောတာဝန်ကို အချိန်ပြည့် ထမ်းဆောင်ခြင်းမပြုဘဲ အခြားပြင်ပမှအထူးလုပ်ငန်းများတွင် မိမိအား အစိုးရဌာနမှ ပေးအပ်ထားသည့် ရာထူးအာဏာကို အသုံးချ၍အလုပ်လုပ်သည်။

## လျှို့ဝှက်သတင်းများအား အသုံးချခြင်း/ ရုံးတွင်းအချက်အလက်ကိုသိခြင်း (Inside Information)

၁၁။ (က) Telecommunication Network Generation မှ တာဝန်ရှိဝန်ထမ်းသည် Network တပ်ဆင်ရာတွင် အသုံးပြုသောပစ္စည်းများ၏ စံသတ်မှတ်ချက် (Spec)အား ပုဂ္ဂလိက ကုမ္ပဏီသို့ အချက်အလက်များသိစေရန် အကြောင်းကြားပေးပြီး လေလံပွဲတွင် ယှဉ်ပြိုင်၍ အနိုင်ရစေရန် ဆောင်ရွက်သည်။

(ခ) နိုင်ငံ့တာဝန်ရှိဝန်ထမ်းသည် ရွာသို့လမ်းဖောက်မည့် စီမံကိန်းကိုသိသောကြောင့် ဆွေမျိုး သားချင်းများကို ထိုပတ်ဝန်းကျင်တွင်မြေဝယ်စေပြီး အစိုးရသို့ ဈေးမြင့်မြင့်ဖြင့် ပြန်လည် ရောင်းချပြီး အမြတ်ရစေရန်ဆောင်ရွက်သည်။

## ကိုယ်ကျိုးအတွက် အစိုးရပိုင်ပစ္စည်းများကို အသုံးပြုခြင်း(Using Government's Property for Private Advantage)

၁၂။ (က) ××××× တက္ကသိုလ်မှ ဌာနမှူးတစ်ဦးသည် ကျောင်းတာဝန်ခံအား အမိန့်ပေးစေခိုင်းပြီး ကျောင်းမှ ကုလားထိုင်အဖုံးအစွပ်၊ ဗီဒီယိုအောက်စက်၊ အပေါ်စက်၊ ကင်မရာ၊ လိုက်ကာ များကို သူ၏သမီး မင်္ဂလာဆောင်တွင် အသုံးပြုသည်။ ထို့ပြင် မင်္ဂလာဆောင် လာမည့် သူများအတွက် ဧည့်ကြိုကား၊ နေထိုင်မည့်အိမ်သို့ ပစ္စည်းများရွှေ့ရန်ကားနှင့် ဟိုတယ်တွင် ပါတီပွဲကျင်းပရန်၊ အခမ်းအနားသို့သွားရန် ကားများကိုအသုံးပြုသည်။ ထိုပစ္စည်းများသည် အစိုးရပိုင်/ အများပိုင် ပစ္စည်းများဖြစ်သဖြင့် ထိုအပြုအမူကို အဂတိလိုက်စားမှုအဖြစ် သတ်မှတ်နိုင်သည်။ အာဏာအသုံးပြု၍ ကိုယ်ကျိုးအတွက် အဂတိလိုက်စားခြင်းဖြစ်သည်။ နိုင်ငံ့တာဝန်ခံဝန်ထမ်း၏တာဝန်သည် နိုင်ငံအတွက်အသုံးပြုရန် ဝယ်ယူထားသည်ကို ထိန်းသိမ်းရမည်ဖြစ်ပြီး အာဏာသုံး၍ ပစ္စည်းများကို ထိန်းသိမ်းရမည့်အစား အာဏာ အသုံးပြု၍ အဂတိလိုက်စားသဖြင့် နိုင်ငံအတွက် ပျက်စီးဆုံးရှုံးစေသည်။

(ခ) ဝန်ထမ်းကြို/ပို့ ယာဉ်မောင်းသည် ကားမှဆီများ ထုတ်ယူရောင်းစားပြီး ရရှိသည့် ငွေကို ကိုယ်ကျိုးအတွက်သုံးသောကြောင့် စက်သုံးဆီပိုဝယ်ရကာ အစိုးရဘတ်ဂျက်ကို ထိခိုက်စေသည်။ ထိုအပြုအမူသည် အများအကျိုးထဲက ကိုယ်ကျိုးရှာခြင်း၊ အဂတိလိုက်စားခြင်းပင် ဖြစ်သည်။

(ဂ) နိုင်ငံ့တာဝန်ထမ်း အရာရှိသည် အစိုးရကားများကို အသုံးပြုရန်ခွင့်ပေးနိုင်သည့် အာဏာရှိသောကြောင့် အမှန်တကယ်အသုံးမပြုသော အများအကျိုးနှင့် မသက်ဆိုင်သော လုပ်ငန်း/ လမ်းကြောင်းများအတွက် ခွင့်ပြုမိန့်ချပေးပြီး လောင်စာဆီဖိုးငွေကိုထုတ်ယူ၍ ကိုယ်ကျိုးအတွက်အသုံးပြုခြင်းသည် ကိုယ်ကျိုးရှာခြင်းပင် ဖြစ်သည်။

## နိုင်ငံရေးအကျိုးရလဒ်အတွက် ရွေးကောက်ခံနယ်မြေတွင် စီမံကိန်းထည့်သွင်းခြင်း (Pork-Barreling)

၁၃။ (က) ပြည်နယ်ဒေသမှ နိုင်ငံရေးသမားတစ်ဦးသည် ပြည်နယ်တွင်တံတားဆောက်သည့် စီမံကိန်းအတွက် အစိုးရထံမှဘတ်ဂျက်ဖြင့်ဆောင်ရွက်ပြီးနောက် ၎င်း၏ ပရဟိတဆောင်ရွက်မှုအဖြစ် အများသိစေသည်။

(ခ) ဝန်ကြီးက စီမံကိန်းများကို သူ၏မွေးရပ်မြေအတွက် ခွင့်ပြုပေးသည်။

(ဂ) ရွေးကောက်ပွဲ မဲဆွယ်မှုအတွက် နိုင်ငံ့ဘတ်ဂျတ်ကို အသုံးပြုသည်။

## ဆွေမျိုးသားချင်းတို့အကျိုးအတွက် ရာထူးအာဏာအသုံးချခြင်း (Nepotism)

၁၄။ (က) တာဝန်ရှိဝန်ထမ်းသည် အပြစ်ရှိသူအားစစ်ဆေးရန် ဖမ်းဆီးရာတွင် အဖြစ်အပျက်အကြောင်းအရာမှတ်တမ်းကို ခြွင်းချန်ထားခြင်း၊ ပြောင်းလဲပစ်ခြင်း၊ ပြင်ဆင်ခြင်းဖြင့် အဖမ်းခံရသောဆွေမျိုးတော်စပ်သူအား အပြစ်ပေါ့လျော့စေရန် ကူညီသည်။

(ခ) နိုင်ငံ့တာဝန်ရှိဝန်ထမ်းသည် ရာထူးအာဏာကိုအသုံးချ၍ မိမိမောင်နှမသားချင်းတို့၏ ကုမ္ပဏီနှင့် အစိုးရဌာနတို့ စာချုပ်ချုပ်ဆိုစေသည်။

## ဆုံးဖြတ်ချက်အာဏာလွှမ်းမိုးမှုကိုအသုံးချခြင်း (ဩဇာလွှမ်းမိုးခြင်း) (Influence)

၁၅။ နိုင်ငံ၏တာဝန်ရှိဝန်ထမ်းသည် မိမိအကျိုးဖြစ်ထွန်းစေရန်သော်လည်းကောင်း၊ မိတ်ဆွေတို့၏ အကျိုးအတွက်သော်လည်းကောင်း မိမိ၏လုပ်ပိုင်ခွင့်အာဏာကိုသုံး၍ တာဝန်ယူ အဆုံးအဖြတ်ပေးခြင်း ဖြစ်ပါသည်။

(က) သာဓကအားဖြင့် တာဝန်ရှိဝန်ထမ်းက ရာထူးအာဏာကိုအသုံးပြု၍ မိမိမိတ်ဆွေကုမ္ပဏီအားစစ်ဆေးသည့် လက်အောက်ငယ်သားတို့ကို စစ်ဆေးမှုရပ်တန့်စေခြင်းဖြစ်ပါသည်။

(ခ) ဦးဘသည် ပြည်နယ်တစ်ခု၏ အစိုးရဌာနတစ်ခုတွင် အကြီးအကဲတစ်ဦးဖြစ်သည်။ သူသည် ယင်းပြည်နယ်ရှိ အခြားအစိုးရဌာနအကြီးအကဲတစ်ဦးဖြစ်သည့် ဦးလှနှင့် ရင်းနှီးသည်။ ထို့ကြောင့် ဦးဘ၏သားဖြစ်သူမောင်မြအား ဦးလှက ၎င်း၏ဌာနတွင် အလုပ်ခန့်အပ်သည်။

## အခြားသော အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခများ (ကိုယ်ကျိုးနှင့်အများအကျိုးအကြားသဘောထားကွဲလွဲခြင်းများ)

၁၆။ (က) အစိုးရလုပ်ငန်းကိစ္စဖြင့် အခြားဒေသသို့ခရီးသွားရာတွင် လူအရေအတွက်၊ လုပ်ငန်းအခြေအနေ၊ ကြာမြင့်မည့်ကာလနေ့ရက်များကို စနစ်တကျကြိုတင်တွက်ချက် လျာထားဆောင်ရွက်မှုမပြုခြင်း။ သာဓကအားဖြင့် အစိုးရလုပ်ငန်းကိစ္စဖြင့် ခရီးသွားခြင်းကို (၁၀)ရက်ကြာသတ်မှတ်ဆောင်ရွက်၍ လုပ်ငန်းကုန်ကျစရိတ်များ ထုတ်ယူသော်လည်း အမှန်အလုပ်လုပ်ရက်မှာ (၆)ရက်သာဖြစ်ပြီး (၄)ရက်ကို အခြားဒေသများသို့ အလည်အပတ်ခရီးသွားသည်။

(ခ) လုပ်ငန်းလုပ်ဆောင်သူတာဝန်ခံသည် အစိုးရအလုပ်အား တာဝန်ချိန်တွင် အပြည့်မလုပ်ဆောင်ဘဲ သတ်မှတ်အလုပ်ချိန်ကျော်လွန်မှ လုပ်ငန်းတာဝန်များကို ဆက်လက်လုပ်ဆောင်သည်။ အကြောင်းမှာ ဌာနမှအချိန်ပိုကြေးကို ထုတ်ယူသုံးစွဲရန်ဖြစ်သည်။

(ဂ) တာဝန်ရှိဝန်ထမ်းသည် အလုပ်ချိန်တွင် လုပ်ငန်းခွင်၌ ရှိမနေဘဲ အလုပ်ချိန်ပြင်ပရောက်မှ အစိုးရအလုပ်လုပ်သည်။ အမှန်တကယ် အလုပ်လုပ်ချိန်တွင် မိမိ၏ ကိုယ်ပိုင်စီးပွားရေးအတွက် အလုပ်လုပ်နေသောကြောင့်ဖြစ်သည်။

## အသိပညာပေးစာစောင်(၃)

## အဂတိလိုက်စားမှုအကြောင်းအရာနှင့် အတွေးအခေါ်ပြောင်းလဲခြင်း

၁။ အဂတိလိုက်စားမှုသည် တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် စိုးရိမ်နေရသော အကြောင်းအရာတစ်ခုဖြစ်ပြီး ကိုယ်ကျိုးစီးပွားရှာဖွေခြင်းပြဿနာမှ စတင်လာကာ နေရာဌာနများစွာနှင့် ပတ်သက်နေသဖြင့် စီမံဖြေရှင်းရန်ခက်ခဲသည့် အကြောင်းအရာဖြစ်ပါသည်။ အဂတိလိုက်စားမှုသည် တိုင်းပြည်၊ နိုင်ငံအသီးသီးတွင် ဖြစ်ပေါ်လျက်ရှိနေသောကြောင့် အပြည်ပြည်ဆိုင်ရာပြဿနာအဖြစ် သတ်မှတ်နိုင်သည်။ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် တိုင်းပြည်အဆင့်၊ ပြည်နယ်အဆင့်အလိုက် ပရဟိတအဖွဲ့အစည်းများ၊ ဆင်းရဲချို့တဲ့သူများကို အကူအညီပေးသော အဖွဲ့အစည်းများတွင်ပင် အဂတိလိုက်စားမှုများ ရှိနေသောကြောင့် အမှုတိုင်ကြားခြင်း၊ တရားစွဲဆိုခြင်းများကို ယနေ့ခေတ်တွင် တွေ့မြင်နေရသည်။ အဂတိလိုက်စားမှုများသည် ယခင်အချိန်များကထက် နိုင်ငံရေးပိုင်းတွင် အရေးတကြီးဖြေရှင်းရန် တာဝန်တစ်ရပ်ဖြစ်လာသည်။ ကမ္ဘာ့အဆင့် အဖွဲ့အစည်းများ၊ များပြားလှစွာသော အဖွဲ့အစည်းများ နာမည်ပျက်ရှိရခြင်းသည် ပွင့်လင်းမြင်သာမှု မရှိခြင်းကြောင့်ဖြစ်ပါသည်။ ပွင့်လင်းမြင်သာမှုရှိသည့် အဖြစ်အပျက်များကိုလည်း တစ်ကမ္ဘာလုံးကစောင့်ကြည့်နေကြပြီး သတင်းခေါင်းစဉ်အဖြစ် တင်ပြကြသည်။ လူ့ကျင့်ဝတ်ပျက်ပြားသည့် အပြုအမူဖြစ်သည့် အဂတိလိုက်စားမှုများအား မည်သည့်အချိန်တွင် စစ်ဆေးခြင်းခံရလိမ့်မည်လဲဟု စောင့်ကြည့်ကြသည်။ အဂတိလိုက်စားမှုသည် အမြင့်ဆုံးအခြေအနေဖြစ်စေ၊ အနိမ့်ဆုံးအခြေအနေဖြစ်စေ နောက်ဆက်တွဲဆိုးကျိုးများကို သိသာထင်ရှားစွာ တွေ့မြင်ရနိုင်သည်။ သာဓက အားဖြင့် အဂတိလိုက်စားမှုများရှိနေသော တိုင်းပြည်တွင် ပွင့်လင်းမြင်သာမှုအားနည်းနေပြီး နိုင်ငံခြားမှလာရောက်ရင်းနှီးမြှုပ်နှံသူ နည်းပါးသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား နှောင့်နှေးစေပါသည်။ အဂတိလိုက်စားမှုမှ တိုင်းပြည်လူဦးရေနှင့် မညီမျှသော ဟာကွက်များစွာကို ဖြစ်ပေါ်စေပြီး ဆင်းရဲချို့တဲ့မှုမြင့်တက်လာမည်ဖြစ်သည်။ ထိုအချိန်တွင် လူချမ်းသာအုပ်စုလူနည်းစုသည် အုပ်စုတစ်စုတည်းလိုဖြစ်နေလိမ့်မည်။ ထို့နောက်တွင် အဂတိလိုက်စားမှုကြောင့် တိုင်းပြည်၏ ဓာတ်ငွေ့၊ ရေ၊ မီး အထောက်အပံ့ပြုသည့် အဖွဲ့အစည်း (Public Utility)များအား တည်ဆောက်ပြုပြင်ခြင်း၌ အရည်အသွေး အရည်အချင်း ကျဆင်းမှုများ ဖြစ်ပေါ်လာမည်ဖြစ်သည်။ ခြုံငုံ၍ပြောရလျှင် တိုင်းပြည်ကို ငွေကြေးအခက်အခဲသို့ရောက်အောင် တွန်းပို့လိမ့်မည်ဖြစ်သည်။ ထို့ကြောင့် အဂတိလိုက်စားမှုသည် တိုင်းပြည်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အနှောင့်အယှက်ဖြစ်စေသော ပြဿနာကြီး တစ်ခုပင်ဖြစ်သဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရာတွင် အရေးကြီးသည့် ပထမဦးဆုံးအချက်မှာ အဂတိလိုက်စားမှုကို နှိမ်နင်းရန်ဖြစ်ကြောင်း သိရှိသင့်သည်။

## အတွေးအခေါ်ပြောင်းလဲခြင်း

၂။ အတွေးအခေါ်ပြောင်းလဲခြင်းသည် အဂတိတိုက်ဖျက်ရေး စီမံမှုအတွက် အလွန်အရေးကြီးသော အကြောင်းအရာဖြစ်သည်။ ၂၀၁၄ ခုနှစ်က အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင်ကျင်းပသော ကုလသမဂ္ဂအစည်းအဝေးတစ်ခုမှ ကြိုဆိုနှုတ်ဆက်စကားတွင် "အဂတိလိုက်စားမှုသည် ၂၁ရာစု တွင် အလွန်အရေးကြီးသည့် စိန်ခေါ်မှုတစ်ရပ် ဖြစ်သောကြောင့် ကမ္ဘာ့ခေါင်းဆောင်များက အဂတိလိုက်စားမှုအား အမြစ်ပြတ်ချေမှုန်းနိုင်သည့် နည်းလမ်းများဖန်တီးခြင်းကို နှစ်ဆတိုး၍ ထပ်ဖြည့်ကြိုးစားသင့်ကြောင်း" ပြောကြားခဲ့သည်။ ထိုကိစ္စနှင့်ပတ်သက်၍ အမှန်တကယ်အားဖြင့် ကမ္ဘာ့ခေါင်းဆောင်များသာမက လူသားအားလုံးက အဂတိလိုက်စားမှုကိုဆန့်ကျင်ရမည်။ အဂတိလိုက်စားမှုသည် အမှန်တကယ်ပင် လူ့အဖွဲ့အစည်းမှ လူသားအားလုံးနှင့် ဆက်စပ်မှုရှိသောကြောင့် "**အတွေးအခေါ်**"နည်းလမ်းမှာ လွန်စွာအရေးကြီးသည်။ **"တွေးခေါ်ပေးရမည်၊ အတွေးကောင်းရမည်၊ တွေးခေါ်တတ်ရမည်**"ဖြစ်သည်။ လူ့အဖွဲ့အစည်းတွင် အများအကျိုးဆောင်ရွက်ခြင်းကိစ္စ၌ ကိုယ်ကျိုးရှာခြင်းမှာ အမြဲခွဲထွက်နေသောကြောင့် လူတိုင်းတွင်ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် လူတိုင်း "မည်သည့်အပြုအမူက အများအတွက် အကျိုးယုတ်စေသည်၊ မည်သည့်အပြုအမူက အများအကျိုးနှင့် ကိုယ်ကျိုးကြား ကိုယ်ကျိုးစီးပွားရှာဖွေခြင်း/ ကိုယ်ကျိုးအတွက်အသုံးချခြင်းဖြစ်စေလိမ့်မည် "ကို နားလည်သဘောပေါက်ရန်လိုပါသည်။ ထို့ကြောင့် လူတိုင်း**အသိတရား**ရှိရန်မှာ တိုင်းပြည်နှင့် နိုင်ငံသားများ၏အကျိုးသာလျှင် ပထမဦးစားပေးဖြစ်ပြီး ၎င်းနောက်မှ မိမိအကျိုး၊ ဆွေမျိုး မိတ်ဆွေတို့၏အကျိုးကို စဉ်းစားသင့်ပါသည်။

၃။ အဂတိလိုက်စားမှုများ၏ မူလပုံစံမှာ (ကိုယ်ကျိုးစီးပွားရှာဖွေခြင်း/ကိုယ်ကျိုးအတွက် အသုံးချခြင်း မပာတ်သည့်) တိုက်ရိုက်အဂတိလိုက်စားခြင်းဖြစ်သည်။ သာဓကအားဖြင့် လာဘ်လာဘပစ္စည်း လက်ခံခြင်းဖြစ်သည်။ ယနေ့ခေတ်တွင် အဂတိလိုက်စားမှုသည် ကိုယ်ကျိုးစီးပွားရှာဖွေသည့် ပုံစံမျိုး ဖြစ်လာသည်။ သာဓကအားဖြင့် လုပ်ပိုင်ခွင့်အာဏာအသုံးပြု၍ စစ်ဆေးရေးစနစ်များကို ဟန့်တား/ ဖျက်ဆီးခြင်းဖြင့် အဂတိလိုက်စားခြင်း၊ ကိုယ်ကျိုးအတွက် အသုံးချသည့်ပုံစံဖြင့် အဂတိလိုက်စားခြင်း နှင့် မူဝါဒများမှ အဂတိလိုက်စားခြင်းတို့ဖြစ်သည်။

၄။ အဂတိလိုက်စားမှုကို ကာကွယ်ရန်နှင့်တိုက်ဖျက်ရန်အတွက် ဥပဒေသတ်မှတ်ထားပြီး ဖြစ်သည်။ ထို့ပြင် လူ့အဖွဲ့အစည်းရှိလူများက ဖြောင့်မတ်တည်ကြည်သည့် အပြုအမူများမွေးမြူကြရန် သိရှိ နားလည်ကြရမည်။ အဂတိလိုက်စားမှုကိုဖြေရှင်းရန် အတွေးအခေါ် ပြောင်းလဲခြင်းမှသည် အပြုအမူပြောင်းလဲခြင်း၊ လူ့အဖွဲ့အစည်း/ နိုင်ငံသားတို့၏ အပြုအမူကို ပြောင်းလဲခြင်းနှင့် ကမ္ဘာပြောင်းလဲခြင်းထိ ဆောင်ရွက်ကြရမည်။

## တွေးခေါ်ပေးရမည်၊ အတွေးကောင်းရမည်၊ တွေးခေါ်တတ်ရမည်

| | | |
|---|---|---|
| **တွေးခေါ်ပေးရမည်** | ၁။ | မလုပ်ခင်စဉ်းစားပါ။(အဂတိလိုက်စားမှုမပြုမီ စဉ်းစားပါ။) |
| | ၂။ | နိုင်ငံအတွက်ဆိုးကျိုးရှိနိုင်သည်ကို သတိရပါ။ |
| | ၃။ | အဂတိလိုက်စားသည့်အပြုအမူကြောင့် အပြစ်ပေးခံရသည့် ဖြစ်ရပ်များကို သတိရပါ။(သင်ခန်းစာယူပါ) |
| | ၄။ | မိမိအတွက်လည်းဆိုးကျိုးသာရှိမည်ကို သတိပြုပါ။ (တိုင်ကြားခံရခြင်း၊ အပြစ်ပေးခံရခြင်း၊ မောင်းထုတ်ခံရခြင်းနှင့် ထောင်ဒဏ်စသည်တို့နှင့် ရင်ဆိုင်ရလိမ့်မည်။) |
| **အတွေးကောင်းရမည်** | **၁။** | **ရောင့်ရဲတင်းတိမ်သည့်ပုံစံကို တွေးတောပါ။ (မိမိကိုယ်ကိုလည်းကောင်း၊ အခြားသူများနှင့် ပြည်သူများကိုလည်းကောင်း အသုံးမချပါနှင့်)** |
| | ၂။ | ဥပဒေ၊ စည်းကမ်းလိုက်နာရန် တာဝန်နှင့် အလုပ်တာဝန်များကို တာဝန်ယူမှုရှိရပါမည်။ |
| | ၃။ | ကိုယ်ကျင့်တရားအနေဖြင့် ကောင်းတာလုပ်ရင်ကောင်းတာဖြစ်မယ်၊ ဆိုးတာလုပ်ရင် ဆိုးတာဖြစ်မယ်ဟုတွေးပါ။ |
| **တွေးခေါ်တတ်ရမည်** | ၁။ | ကိုယ်ကျိုးရှာခြင်းနှင့်အများအကျိုးဆောင်ရွက်ခြင်းကို ခွဲခြားသိမြင်ပါ။ |
| | ၂။ | ရာထူးတာဝန်နှင့် ကိုယ်ရေးကိုယ်တာကို ခွဲခြားတွေးတောပါ။ |
| | ၃။ | ကိုယ်ကျိုးရှာခြင်းနှင့် အများအကျိုးဆောင်ရွက်ခြင်းကို ရောထွေးမပစ်ပါနှင့်။ |
| | ၄။ | အများအကျိုးဆောင်ရွက်ခြင်းမှ ကိုယ်ကျိုးရှာမှုမပြုပါနှင့်။ |
| | ၅။ | အများအကျိုးဆောင်ရွက်ခြင်းကို ကိုယ်ကျိုးနှင့် အစားမထိုးပါနှင့်။ |
| | ၆။ | ကိုယ်ကျိုး၊ ဆွေမျိုးသူငယ်ချင်းများ၏အကျိုးထက် အများအကျိုးကို သတိရပါ။ |

# သီချင်း

ဖြောင့်မတ်တည်ကြည်မှုသည် တစ်ခုတည်းလမ်းဖြစ်သည်

ဖြောင့်မတ်တည်ကြည်မှုသည် တစ်ခုတည်းလမ်းဖြစ်သည်

ဖြောင့်မတ်တည်ကြည်မှုသည် တစ်ခုတည်းလမ်းဖြစ်သည်

ဖြောင့်မတ်တည်ကြည်မှုသည် တစ်ခုတည်းလမ်းဖြစ်သည်

ဖြောင့်မတ်တည်ကြည်မှုသည် တစ်ခုတည်းလမ်းဖြစ်သည်

ဖြောင့်မတ်တည်ကြည်မှုသည် တစ်ခုတည်းလမ်းဖြစ်သည်

ဖြောင့်မတ်တည်ကြည်မှုသည် တစ်ခုတည်းလမ်းဖြစ်သည်

## ဖြောင့်မတ်တည်ကြည်မှုသည် တစ်ခုတည်းလမ်းဖြစ်သည် (သီချင်း)

မိမိတွေးသမျှ - မိမိပြောသမျှ - မိမိလုပ်သမျှ

အားလုံးအပေါ်တာဝန်ယူပါသည်.......

မိမိခံစားတွေးမြင်မိသမျှ....တာဝန်ယူပါသည်..

ဖြောင့်မတ်တည်ကြည်မှုသည်...ကိုင်တွယ်ဖြေရှင်းမှုအစစ်ဖြစ်သည်...

တွေးတဲ့အတိုင်းပြောနိုင်သလို

ပြောတဲ့အတိုင်းလုပ်ပါမည်...

လုပ်ရပ်များနဲ့အပြောများသည် တူရမည်


ရည်ရွယ်သည့်အတိုင်း အမြဲပြောကာ


အပြောတိုင်းလဲ စိတ်ထဲကဖြစ်သည်...

ဖြောင့်မတ်တည်ကြည်မှုသည်...တစ်ခုတည်းလမ်းဖြစ်သည်။

# ဖြောင့်မတ်တည်ကြည်မှုသည် တစ်ခုတည်းလမ်းဖြစ်သည်




ဖြောင့်မတ်တည်ကြည်မှုသည်...
ကိုင်တွယ်ဖြေရှင်းမှုအစစ်ဖြစ်သည်...
တွေးတဲ့အတိုင်း...
ပြောနိုင်သလို..
ပြောတဲ့အတိုင်း...
လုပ်ပါမည်..


လုပ်ရပ်များနဲ့ ...
အပြောများသည့်တူရမည်...
ရည်ရွယ်သည့်အတိုင်း
အမြဲပြောကာ..
အပြောတိုင်းလဲ
စိတ်ထဲကဖြစ်သည်..
ဖြောင့်မတ်တည်ကြည်မှုသည်...
တစ်ခုတည်းလမ်းဖြစ်သည်။

# လေ့လာ၊ မှီငြမ်းပြုစာရင်း

၁။ "အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပညာရေးသင်ရိုးညွှန်းတမ်း"
ထိုင်းနိုင်ငံ အမျိုးသားအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
(National Anti - Corruption Commission – NACC)

၂။ "Formation and Application of Values"
တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ၊ အဂတိလိုက်စားမှုဆန့်ကျင်ရေးလွတ်လပ်သောကော်မရှင် ( Independent Commission Against Corruption – ICAC) ၏ Life and Society Teaching Package for Junior Secondary Students

၃။ "ပြည်သူ့နီတိ"
(နိုင်ငံတော်ဆရာအတတ်သင်သိပ္ပံကျောင်းအုပ်ကြီး ဦးဘဖေ)

၄။ "Academic Integrity"
Go! Animate

ဤပုံနှိပ်စာအုပ်ကို ဆွီဒင်အစိုးရ၏ငွေကြေးပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ကုလသမဂ္ဂမူးယစ်ဆေးဝါး နှင့် ပြစ်မှုဆိုင်ရာရုံး (United Nations Office on Drugs and Crime, Myanmar) မှ ပုံနှိပ်ထုတ်ဝေသည်။

ဤပုံနှိပ်စာအုပ်ကို ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးမှ ပြင်ဆင်တည်းဖြတ်ထားခြင်း မရှိပါ။ စာအုပ်တွင်ပါဝင်သော အကြောင်းအရာများမှတစ်ဆင့် ကုလသမဂ္ဂမူးယစ်ဆေးဝါး နှင့် ပြစ်မှုဆိုင်ရာရုံး သို့မဟုတ် အခြားအထောက်အကူပြုအဖွဲ့အစည်းများ၏ မူဝါဒအမြင်အား ဖော်ပြခြင်း၊ အားပေးထောက်ခံမှု တစ်စုံတစ်ရာကို ဖော်ညွှန်းခြင်း မပြုလုပ်ပါ။

အခြေခံပညာအလယ်တန်း

ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်

ပညာရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းစီစဉ်သည်